မြူးခေသာစာပေ

# လှိုင်းကြာမြူ (ဝတ္ထုရှည်)

## ချစ်ခြင်းရဲ့တွေ့တောက်မျဉ်း



တာချုပ်

ချုပ်ဝဏ္ဏသစ်

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၅၊ အောက်တိုဘာလ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျီတော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - ၁၅၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅.၈၃

လှိုင်းကြာဖြူ (လားရှိုး)

ချစ်ခြင်းရဲ့ကျေ့ကောက်မျဉ်း /လှိုင်းကြာဖြူ (လားရှိုး) - ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။

၃၃၆ - စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။

(၁) ချစ်ခြင်းရဲ့ကွေ့ကောက်မျဉ်း

# ချစ်ခြင်းရဲ့ကွေ့ကောက်မျဉ်း

---

## လှိုင်းကြာဖြူ (လားရှိုး)

# အခန်း (၁)

"ကူးကူး"

လအတာ မီးဖိုချောင်နောက်ဘက်ကနေ တက်လာပြီး အသံတိုးတိုးနဲ့ ခေါ်ပေမယ့် ပေါက်ကျော်ကလေး လတန်ရှူးရဲ့ထူးသံကို ကြားရချေ။

သိပ်တော့ ယုံရသည်မဟုတ်။ တစ်ခါတလေ ခေါ်သံကြားသျှက်နဲ့ ထူးချင်မှထူးသည်။ ပေကပ်ကပ်၊ ဂျစ်တစ်တစ်နေသော သူမ၏ဒဏ်ကို အိမ်သားတိုင်းခံကြရသည်။

ထပ်ခေါ်ကြည့်သော်လည်း တကယ်ပင်ပြန်မထူးပါ။

"ဟာ ... ဒီကောင်မလေး ဘယ်ရောက်နေတာလဲ"

မီးဖိုဆောင်ဘက်မှတစ်ဆင့် ညှိခန်းထဲဝင်လာစဉ်မှာတော့-

“ဟာ”

သူ့မှာ ပြန်ဝင်ရခက်၊ ထွက်ရခက်။ မေလေးဆီ ဧည့်သည် ရောက်နေပါလား။ သူပြန်လှည့်ထွက်မည်ပြင်စဉ်။

“သား ... ခဏလာဦး”

မေလေးရဲ့ခေါ်သံကြောင့် သူ့အကြံ မအောင်မြင်တော့ဘဲ လွတ်နေသောခုံမှာ ဝင်ထိုင်ကာ မေလေးကို လှမ်းကြည့်မိသည်။ ပြီးတော့ သူ့ကိုကြည့်နေသော ဧည့်သည် (၂) ဦး၊ မေလေးအရွယ် အမျိုးသမီးကြီးရယ်၊ သူ့ထက် (၃) နှစ်ခန့်ကြီးနိုင်သော ယောကျ်ားပျို တစ်ယောက်။ ရှူးရှူသော မျက်ဝန်းတွေက အရာရာမှာ နှိုက်နှိုက်ချွတ်ချွတ် သိနိုင်သော ဟန်။

“သူက”

အမျိုးသမီးကြီးက သူ့ကိုကြည့်၍ မေးလေသည်။ မေလေးက ပြုံး၍ –

“အဲဒါ ခင်ခင်ရဲ့သားလေ မျိုးရဲ့”

“ဟုတ်လား ... ခင်ခင့်မှာ ဒီအရွယ်သားရှိမှန်း မကြားမိဘူး ရင်ရင်ရေ၊ တကယ့်လူချောပဲ”

“မကြားဆို (၂၅) နှစ်နီးပါး အဆက်အသွယ်ပြတ်သွားတာကိုး မျိုးရဲ့။ တို့တောင် သားအောင်ကိုတွေ့တော့ လုံးဝမမှတ်မိဘူး အဟုတ်၊ သားအောင်က ညီမလေးကိုတွေ့ရင် မှတ်မိပါ့မလား”

“သူက အရင်လို ဆော့သေးလား အန်တီ၊ လက်တော်





လောက်အရွယ်တောင် ဆော့နေတာ အခုဆို ဆော့နေတော့မှာထင်တယ်”

“ဟယ် ... သားက မှန်းတတ်လိုက်တာ။ မြင်ရင် မင်းထင် ဘာထက်တောင် ပိုနေဦးမယ်”

“ဒါနဲ့ နင့်သမီးကော”

တကယ်တော့ သူက သူစိမ်းသက်သက်။ မေလေးက ထိုင်ဆိုလို့သာ ထိုင်နေရသည်။

“ကဲ သားရေ ... မင်းညီမလေးကို သွားခေါ်ပေးဦး။ ဧည့်သည်ရောက်မယ်လို့ သေချာပြောထားတာကို”

“ဟုတ်ကဲ့”

သူ မတ်တတ်ထရပ်ကာ အိမ်ပြင်ဘက်ထွက်လာစဉ် –

“သမီးက ဘယ်အရွယ်ရှိပြီလဲ ရင်ရင်”

“၁၉–နှစ်ပြည့်တော့မယ်။ သားက (၂၅) နှစ်လေ။ EP နဲ့ ဘွဲ့ရပြီးပြီ။ အခု ငါတို့ညီမတွေ စုပေါင်းဖွင့်ပေးထားတဲ့ အထည်ချုပ်စက်ရုံမှာ ဦးစီးနေတာလေ။ သိပ်အားကိုးရတဲ့သား”

သူ့ကျောနောက်မှာ ကပ်လာသည့်စကားတွေကြောင့် သူ ဝမ်းသာပီတိ ဖြစ်မိသည်။

ကျေးဇူးတင်ပါတယ် မေလေးရယ်။ မေလေးတို့ကျေးဇူးတွေကြောင့် ကျွန်တော် လူကြားထဲမှာ မျက်နှာမငယ်ရတာပါ။

သူဟာ မေလေးတို့နဲ့ ဘာမှမတော်စပ်ပေမယ့် သူ့မိခင်ဟာ မေလေးရဲ့ညီမ မေငယ် (ဒေါ်ခင်ခင်) ၏ယောင်းမ။ မေငယ်နဲ့သူ့မိခင်

ဟာ သမီးယောင်းမဖြစ်သလို သိပ်ချစ်ကြတဲ့ သူငယ်ချင်းလည်း ဟုတ်သည်။

သူ့မိခင်နဲ့ မေငယ်ခင်ပွန်း ဦးဦးနဲ့က မောင်နှမအရင်း။ နိုင်ငံခြားမှာ ကုမ္ပဏီစပ်တူထောင်သည်။ ဘယ်တုန်းကမှ သွေးမကွဲခဲ့ပါ။ သူ (၁၀) နှစ်သားအရွယ်တွင် ဖေဖေနဲ့မေမေ နိုင်ငံခြားသို့အသွား လေယာဉ်ပျက်ကျ၍ ဆုံးခဲ့သည်။ ထိုထဲမှာ ဦးဦးလည်း အပါအဝင်။ ထိုနေ့က မလိုက်ဖြစ်ခဲ့သော မေငယ်သည် ကံကောင်းလျက်။

ထိုချိန်မှစ၍ သူဟာ မေငယ်ရဲ့သားဖြစ်ခဲ့ရပြီး နိုင်ငံခြား၌ရှိသော ကုမ္ပဏီကို လူယုံနဲ့ထားကာ သူ့ကို သားအရင်းကဲ့သို့ စောင့်ရှောက်ခဲ့သော မေငယ်။ မေတ္တာနဲ့ပတ်သက်၍ ဘယ်တော့မှ မျက်နှာမငယ်ခဲ့ရသောသူ။

လင်ယောကျ်ားလည်း မရှိ မိန်းမသားတစ်ဦးထဲ နေ၍မသင့်တော်ဟုဆိုကာ မေကြီးက ခေါ်၍ သူတို့ မေကြီးတို့အိမ်ရောက်ခဲ့သည်။

ထိုစဉ်က –

''မေငယ် ... သားတို့ အဲဒီမှာသွားမနေလို့ မရဘူးလား။ သား မသွားချင်ဘူး''

''သားရယ် ... ဟိုရောက်ရင် သားအရမ်းပျော်မှာပါ။ ဟိုမှာ သားကိုရိုက်မယ့်သူ၊ ဆူမယ့်သူ မရှိပါဘူး။ ဟိုမှာရှိတဲ့ မေကြီးနဲ့မေလေးက သားလေးကို အရမ်းလိုချင်တာ။ ပြီးတော့ ... သား ညီမလေး တစ်ယောက်လည်း ရဦးမှာ''





တကယ်လည်း မေငယ်တို့အိမ်ရောက်သွားတော့ သူ့အတွက် ငြိမ်းသက်မနေတဲ့ ဘိုမရုပ်လို ချစ်စရာကောင်းသော (၄) နှစ်အရွယ် ကလေးသေးသေးလေးကို ပြေးမွေ့ကာ –

''မေငယ် ... ဒါ သားရဲ့ညီမလေးလား။ မေငယ်ပြောတဲ့ ညီမလေးလား။ ချစ်စရာလေး''

ညီမလေးကလည်း အကြောက်အလန့်မရှိ တွန်းထိုးရုန်းကန်ခြင်းမရှိဘဲ သူ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ မျက်လုံးဝိုင်းတွေနဲ့ မော့ကြည့်၍ –

''မီးမီးရဲ့ကိုကို လုပ်မှာလား''

တဲ့။ ချစ်စရာကောင်းတဲ့ ညီမလေး။ သူ့မှာ စိုးရိမ်သောက စိတ်တွေ လွင့်ပျယ်သွားရသည်။ နောက်ပြီး အံ့ဩစရာကောင်းတာက ညီမလေးနဲ့သူ မွေးနေ့မွေးရက်တူသော ဖေရယ်လဖွားတွေ။ မေလေးက သူ့နာမည်နှင့် ညီမလေးနာမည် ဆင်တူဖြစ်အောင် 'လအတာနဲ့ လတန်ခူး' ဆိုပြီးပြောင်းခဲ့ပေးသည်။

ကူးကူးက တစ်အိမ်လုံးရဲ့ အလိုလိုက်မှုကို ခံရသောကြောင့် ခပ်ဆိုးဆိုးကောင်မလေးဖြစ်နေသည်။

ဆိုးသည်ဟုဆိုရာတွင် စကားနားမထောင်၊ မိုက်ရိုင်းနေသောသူ မဟုတ်ပေမယ့် တစ်ဖွတ်ထိုးဆန်သောဉာဏ်၊ ဒါဆိုဒါမှ စိတ်မှတ်ကြီးသော ကောင်မလေး။ သို့သော် ထိုကောင်မလေးသည် သူချစ်သောညီမလေးဖြစ်လေသည်။

"ကူးကူး"

ခြံထဲဘက်ဆင်းလာရင်း နှုတ်မှလည်း အသံပြုရသေးသည်။ အိမ်ပေါ်မှာတော့ မရှိနိုင်ချေ။ သူမဟာ အခန်းအောင်း၍ ငြိမ်ငြိမ်သက်သက် နေဖို့ မုန်းတီး၍ အမြဲတမ်း လှုပ်လှုပ်ရွရွနဲ့ active ဖြစ်နေတတ်သည်။ ယခုလည်း ငြိမ်နေ၍ အကောင်းမမှတ်နှင့်၊ တစ်ခုခု အဆိုးနဲ့ ကြုံတွေ့ရဖို့သာမှတ်တော့။

"ကူးကူး"

မာလကာပင်အောက်ရပ်၍ ဟိုဒီကြည့်မိသည်။ မြို့ထဲမကျ မြို့စွန်မရောက်သော ဤအိမ်သည် သီးပင်စားပင် စုံလင်စွာနှင့် တိတ်ဆိတ်အေးချမ်းသော နေရာတစ်ခုဖြစ်သည်။ ကျယ်ဝန်းသောခြံထဲ၌ စပယ်၊ နှင်းဆီ၊ သစ်ခွတို့ကို စီးပွားဖြစ်စိုက်သည်။ မင်္ဂလာဆောင်ခံပွဲရှိလျှင် ကြို၍မှာရသည်။ ဒါက ဘယ်သူဘယ်သူအတွက်ဟု ရည်ရွယ်သော လုပ်ငန်းမဟုတ်။ မိသားစုပိုင်လုပ်ငန်း ဖြစ်သည်။

"ဘုတ်"

"ဗုဒ္ဓေါ"

ခေါင်းပေါ်သို့ အရှိန်ပြင်းစွာလာမှန်သောအရာကြောင့် အလန့်တကြား ဘုရားတကာ အပင်ပေါ်သို့ မော့ကြည့်မိတော့ –

"ဟင် . . . ကူးကူး"

"ဟဲ ဟဲ"

သူ့ကို မာလကာသီးနဲ့ပေါက်ပြီး မျက်နှာချိုသွေးနေသော





လတန်ခူးကြောင့် စိတ်ဆိုးရခက်၊ ခွင့်လွှတ်ရခက်။ ဒီကောင်မလေး တော်တော်ဆိုးသည်။ သူ ဒီလောက်ခေါ်နေတာကို ထူးသံလေးမျှ မပေးဘဲ ငြိမ်နေသည်။

အဖြူရောင်တီရှပ်နဲ့ ကွာတားပန် အဝါနုရောင်ကို ဝတ်ထားပြီး တင်ပါးဖုံးသောဆံပင်ကို နှစ်ဖက်ခွဲ၍ ခပ်မြင့်မြင့်စီးထားသည်။ ဘယ်လိုပဲပြင်ပြင် ညီမလေးက သူ့မျက်စိထဲမှာတော့ ကလေးလေးပင်။ သို့သော် မျက်နှာကို တမင်တကာ တင်း၍ –

"မေလေးက အခုချက်ချင်းလာခဲ့တဲ့"

"ဟင် . . . ဘာလုပ်မလို့လဲ"

"ဘယ်သိပါ့မလဲ၊ ယောကျ်ားလေးစားမှာမဟုတ်တာတော့ သေချာတယ်"

"ဟယ် . . . ကိုကို အစုတ်ပလုတ်"

အပင်ပေါ်ကမဆင်းဘဲ မြဝတီလို အမေးအမြန်းထူနေသောကြောင့် သူ စိတ်မရှည်စွာဘဲ ပြောပစ်လိုက်၏။

မျောက်မလေးလိုပဲ သစ်ပင်[illegible] ကျွမ်းကျင်စွာ ဆင်းလာပြီး မြေပြင်ပေါ်ရောက်ခါမှ –

"အ"

"ဘာဖြစ်တာလဲ"

စိုးရိမ်မိတော့လည်း သူပဲ၊ ခြေထောက်ကိုကိုင်၍ ရှုံ့မဲ့နေသဖြင့် သူ စိတ်ပူစွာမေးလိုက်သည်။ သူမက မျက်နှာကို ချစ်စဖွယ်

ရှုံ့မဲ့၍ –

“ဘာဖြစ်ရမှာလဲ၊ ခြေထောက်မျက်သွားတာပေါ့။ အဲဒါ ကိုကို့ကြောင့် ကူးကူးဘာသာနေတာ လာခေါ်ပြီး”

“ဩော် ... ကျုပ်က ခင်ဗျားကို အလကားခေါ်စရာလား။ မေလေးက ညည့်သည်ရောက်နေတယ်ဆိုလို့”

မေလေးဆိုတာနဲ့ ကောင်မလေးတိတ်သွားသည်။ အိမ်မှာ သူမ ကြောက်ရသူဆိုလို့ မေလေးသာရှိသည်။ မေလေးကလွဲ၍ အားလုံးက အငယ်ဆုံးလေးမို့ အလိုလိုက်ထားပေမယ့် မေလေးကတော့ ကူးကူးကို မျက်နှာသာသိပ်မပေးချေ။ ချစ်တာကို သိသာသိစေ မမြင်စေခဲ့။ ရိုက်ပြီး အိပ်ပျော်မှ နမ်းရှိုက်သူဖြစ်ပေ၏။

“သွားမယ် လာ”

“လမ်းမှ မလျှောက်နိုင်တာ”

ဂျစ်တစ်တစ်ဖြစ်နေသော ကောင်မလေးကို အလျှော့ပေး၍ မဖြစ်သဖြင့် –

“မလျှောက်နိုင် နေခဲ့ဟာ”

ကူးကူးက ချစ်စရာကောင်းအောင် လုပ်တတ်သလို မုန်းဖို့လည်းကောင်းပါသည်။

“ကိုကို”

“ဘာလဲဟ”

“လမ်းမလျှောက်နိုင်ပါဘူးဆို၊ လာတွဲပေးလေ”





ဒီနေ့ မေလေးဆီရောက်မည့်လမ်းမမြင်။ မေလေးဒေါ်သကအကြောင်းသုံးပါးမရွေး ဒီကောင်မလေး အရိုက်ခံရမှာကိုလည်း မလိုလားသောကြောင့် သူ နောက်ပြန်လှည့်ရသည်။

ဒါတွေကို ဒီကောင်မလေးကမသိ။

* * *

## အခန်း (၂)

ကိုကို့ကို ဗိုလ်ကျရလို့ ကူးကူးမျက်နှာ ပြုံးသွားရ၏။

ဟွန်း။

ဒီညီမလေးရဲ့ဆန္ဒကို မလွန်ဆန်နိုင်ဘဲ ကိုကို အထွန့်တက်ချင်နေသေးတယ်။

"ဟင် ... နင်က အဝတ်အစားသွားမလဲတော့ဘူးလား"

အိမ်ရှေ့ကဝင်မည်ပြင်တော့ ကိုကိုရဲ့ခပ်ကြိတ်ကြိတ်အသံကြောင့် –

"ဘာရှိလဲရမှာလဲ၊ မင်းသား ရောက်နေလို့လား"

"မေလေး ဆူလိမ့်မယ်"

မေမေနဲ့ လှည့်ပြီးခြိမ်းခြောက်လိုက်သော ကိုကို့ကြောင့်





ကူးကူး မျက်လုံးထောင့်ကပ်သွားရသည်။

"ဆူရင် လက်ဖက်ခြောက်ခပ်မယ်"

"အေးပါ ... ပြီးမှ ကိုကိုရေ လာမလုပ်နဲ့"

"ဘာမှလာမပြောဘူး စိတ်ချ"

"ကြည့်ကြသေးတာပေါ့"

မနိုင်,နိုင်အောင် လိုက်ပြောနေသဖြင့် ဆံပင်လေးတွေ ယမ်းခါသွားအောင် မျက်စောင်းထိုးလိုက်သည်။

နာနေသောခြေထောက်ကို ဖွဖွလေးထောက်ကာ ကိုကို့လက်ကို အားပြုပြီး ဧည့်ခန်းထဲဝင်လာသည်။

"ဒါက ဘာဖြစ်လာရတာလဲ"

မျက်နှာတည်တည်နဲ့ မေလေးကမေးလာသည်။ ကူးကူး ဧည့်သည်တွေကို မသိမသာ လှည့်ကြည့်မိသည်။

ကူးကူးကို တည်တည်တင်းတင်းနဲ့ စိုက်၍ကြည့်နေသော ထိုလူကို မျက်စောင်းထိုးပစ်ကာ ဆောင့်အောင့်ထိုင်ချမိပြီး –

"အ ... အမယ်လေး ... ဘာလို့လွှတ်ချရတာလဲ"

ကိုယ့်ဘာသာ ထိုင်ချတာကို မမြင်မိဘဲ ကိုကို့ကို လှည့်နေ့လုပ်မိ၏။ ကိုကိုက ဘာမှမပြောဘဲ ကူးကူးဘေးမှာ ဝင်ထိုင်သည်။

"ကူးကူး ဘာလို့ အတော့ကို ရှန်လုပ်နေတာလဲ။ မေမေမေးတာကို မဖြေသေးဘူး"

"ဟို ဟို"

လက်ညှိုးလေး ဟိုဒီထွေယမ်းလျက် တဟိုဟိုဖြစ်ကာ အကူအညီရလိုရငြား ကိုကို့ဘက်ကို လှည့်ကြည့်မိတော့ ကိုကို မသိချင်ယောင်ဆောင်နေသည်။

"မာလကာပင်ပေါ်က ပြုတ်ကျတာ"

"ကောင်းတယ်"

"မေလေးကလဲ"

မေမေ့ရဲ့ပြောတာကို ကိုကိုက မပြောစေချင်သလိုနဲ့ ကန့်ကွက်တော့ ကူးကူး မျက်နှာလေး ပြုံးသွားရသည်။ သိတာပေါ့ ကူးအပေါ် ကိုကို ဒီလိုမရက်စက်တတ်မှန်း။

"ရင်ရင့်သမီးလား"

"ဟုတ်တယ် မျိုး။ လတနိုးလေ မှတ်မိလား"

"မှတ်မိတာပေါ့ . . . သာလီကာမလေးလေ"

အွန်း။

လူကို တိရစ္ဆာန်နဲ့ လာနှိုင်းသော အန်တီကြောင့် ကူးကူး စကားမပြောနိုင်ဘဲ လည်နင်သွားသည်။

"သမီး . . . အန်တီတို့ကိုမှတ်မိလား"

ကူး ခေါင်းညိတ်ပြကာ ရှုပုတ်ပုတ်မျက်နှာကြီးကို လှည့်ကြည့်၍ –

"အန်တီ့ကို မှတ်မိတယ်။ ဒီဦးလေးကိုတော့ မမှတ်မိဘူး။ သူ ဘယ်သူနဲ့ စိတ်ကောက်လာတာလဲဟင်"





မှတ်ကရော။

မည်းခနဲ ဖြစ်သွားသော မျက်နှာကို စိမ်ပြေနပြေ ကြည့်ပစ်လိုက်သည်။

"ကူး"

ကိုကိုက မျက်မှောင်ကုတ်ကာ တားဆီးသည့် ကူး။ မသိချင်ယောင်ဆောင်ကာ အန်တီမျိုးကိုပဲ ကြည့်နေသည်။ အန်တီမျိုးက–

"ဟုတ်သားပဲ . . . သားက ဘာဖြစ်နေတာလဲ အဲဒါ။ ညီမလေးကို နှုတ်ဆက်လေ"

"သမီးနော် . . . မေမေ မကြိုက်ဘူး။ မောင်တို့မှာအောင်ကို ဘယ်လိုခေါ်လိုက်တာလဲ။ အစ်ကိုအရွယ်ပဲ အစ်ကိုခေါ်ပေါ့။ ဘာဦးလေးလဲ။ မျိုးရေ . . . မင်းမြင်တဲ့အတိုင်းပဲနော်၊ အဲဒါသာကြည့် . . . သားအောင် စိတ်မဆိုးနဲ့နော်"

သူက ကူးကို ခပ်လှောင်လှောင်ပြုံးကြည့်၍ ကိုယ်ကိုမတ်ကာ

"စိတ်မဆိုးပါဘူး အန်တီရယ်။ ကျွန်တော်က လူငယ်တွေကို နားလည်တတ်ပါတယ်။ ဒါပေမဲ့ ဒီကောင်မလေးငယ်ငယ်တုန်းက ဒီအတိုင်းပဲနော်။ တော်တော် စွာတယ်။ ကျွန်တော်က နှစ်တွေကြာပြီး ဆိုတော့ ရင့်ကျက်မယ် ထင်ထားတာ"

"ဟင်"

ဖျင်းခနဲ ဒေါသဖြစ်သွားကာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ဤပုံစံသည် ကူး၏ပထမဆုံးပုံစံ။ လတန်ခူးက ငုတ်တုတ် မေ့ကျန်ခဲ့ရိုးထုံးစံမရှိ။ ဒီလူနဲ့ကျမှ ကူး ဖြစ်နေတာကို ရိပ်မိပုံရသော ကိုကိုက ကူးရဲ့လက်သီးဆုပ်ထားသောလက်ကို ဆွဲယူ၍ –

"မေလေး ... ကူးနဲ့သား ထမင်းသွားစားလိုက်ဦးမှာနော်။ အန်တီတို့ခွင့်ပြုပါဦး ခင်ဗျာ"

"အေး ... အေး"

"အင်း ... ဒီသမီးတစ်ယောက်နဲ့ တို့စိတ်ညစ်ပါတယ် မျိုးရယ်။ သားအောင်ပြောသလို သမီးက ဘယ်တော့မှ မရင့်ကျက်ဘူး။ တစ်နေ့နေ့ အိမ်ထောင်ပြုရင် ဒါကိုပဲ ပစ်ချက်အနေနဲ့ တစ်သက်လုံး အနိုင်ယူခံရမှာကိုလည်း မလိုလားဘူး။ တစ်အိမ်လုံးက သူ့ကို ဗိုင်းအလိုလိုက်ထားကြတာ မဟုတ်လား"

ရဲထိုက်အောင်ကတော့ ဒေါ်ရင်ရင်ပြောတဲ့စကားတွေကို မကြား။ လအတာပခုံးကိုမှီ၍ ထမင်းစားခန်းထဲ ဝင်သွားသော လတန်ခူးကိုသာ ကြည့်လျက် သူ့စိတ်ထဲ သူသာသိလိမ့်မည်။

"ပြောစမ်း ... ညှိသည်ကို ဘာလို့ ရန်စကားသွားပြောတာလဲ"

ကိုကိုက ကူးကို ထမင်းဝိုင်းရှေ့မှာ ဝင်ထိုက်စေကာ မတ်တတ်ရပ်ရင်းမေးသည်။ ပြီးတော့ မျက်နှာကလည်း မှုန်ကုတ်လျက်။

"ကိုကိုကလဲ ... ကူးကို အပစ်တင်ချင်နေတယ်။ အဲဒီလူအကြောင်း ဘာသိလဲ"





"ဘာသိသိ ပြန်မမေးနဲ့၊ ငါ မေးတာဖြေ"

ကူးမျက်နှာလေး စူပွပွ ဖြစ်သွား၏။

"ဟွန့် ... ဒါလေးနဲ့ ကူးကို နင်နဲ့ငါ ပြောစရာမလိုပါဘူး။ မေမေနဲ့ အန်တီမျိုးတို့နေတဲ့ ပြင်ဦးလွင်သွားလည်တုန်းက ကူးကို ညာလာပြထားတာ သိလား။ အဲဒါကို ကိုကို ကူးဘက်မပါဘဲ သူ့ဘက်ပါစရာလား။ ကိုကို့ကိုလည်း မကျေနပ်ဘူး။ မေငယ်နဲ့တိုင်မှာ"

❋ ❋ ❋

## အခန်း (၃)

♬ အိုးလေးလှုပ်ပါလေ၊ အိုးလေးလှုပ်ပါလေ ××× ကောင်လေးတွေ ××× ဟိတ်ကောင်တွေ ××× ဟိတ်ကောင်တွေ ××× မပြေးနဲ့ သူကြီးကလိုက်တယ် ××× တစ်ရွာလုံးထက်ငါ ဗိုပြီးမိုက်တယ် ××× မူယာတွေ မာယာတွေမလိုပါ ××× ပျော်ရွှင်ချင်တော့ လိုက်နဲ့ ××× ကြိုက်တယ် ××× နင်ဟာ အလှကွမ်းတောင်ကိုင် ××× ယောင်ယောင်ပေ လုပ်ပြီးနေတော့ ငါလွမ်းအောင်ထိုင် ♬

တစ်ယောက်တည်း စိုင်းစိုင်းခမ်းလှိုင်၏တောဂေါ်လီသီချင်းကို အပြတ်ဟဲ့ပစ်လိုက်သည်။

ဟဲ့တယ်ဆိုတာကလည်း ရည်ရွယ်ချက်နဲ့ ပေါက်ကွဲသံငြင်လုပ်ပစ်ခြင်းသာ။





မေလေးက ကူးကို အဝတ်အစားမီးပူတိုက်ခိုင်းသတဲ့။

အရင်တုန်းကဆို ဘာမှမလုပ်ရဘဲ ကျောင်းပိတ်ရက်တွေကအိပ်တွင်းရေးထရိန်နင်ဆင်းခဲ့ရသည်။

"အား . . . စိတ်ရှုပ်လာပြီနော်"

အသံကုန်ထည့်အော်၍ ခုန်ပေါက်ပစ်လိုက်သည်။

မေလေး တကယ်ရက်စက်တယ်။

မနက်ဆိုလည်း ဘာအလုပ်မှမရှိဘဲ လာနှိုး၏။ ဒါကြောင့်ကူးက မေလေး ခရီးထွက်နေပါစေလို့ ဆုတောင်းတယ်။ ဒါမှ ကူးနေချင်သလို လွတ်လွတ်လပ်လပ် နေခွင့်ရမှာလေ။ မေကြီးဆိုတာကူး တစ်ခါချုပဲ။ မေငယ်ဆိုပိုဆိုး။ ကူးကိုဆို ဘာမှမပြောရက် မဆိုရက်။ မေလေးဆူရင် အမြဲတမ်း ကာကွယ်ပေးခဲ့သူ။

သို့သော် အခုလို မေလေးခိုင်းထားတာကိုကျတော့ မလုပ်နဲ့လို့ မတား။ မေကြီးတို့ကို ကလေးကို မဖျက်ဆီးကြပါနဲ့ဟု တားထားသလေရဲ့။

"ဟွန့် . . . ကောင်းတယ်၊ လာမတားနဲ့"

တိုက်ရတဲ့အဝတ်အစားက ကူးအဝတ်အစားတွေပါ။ (၃) (၄)ကို (၃) (၄) နာရီကြာအောင် တိုက်နေတာ ကြားဖူးကြသလား။

မကျေပ်နပ်သမျှ သီချင်းတွေပဲ အော်ဆိုပစ်လိုက်သည်။

အဝတ်ခေါက်လိုက် မီးပူတိုက်လိုက်နဲ့ အကျီက ကူးလက်ထဲမှာ ချာချာလည်နေသည်။ အချိန်တော်ကြာမှ ပြီးသည်။ နာရီကို

ငုံ့ကြည့်တော့ (၄) နာရီ။

ဒိုကော။

အလုပ်လည်းပြီးပြီဆိုတော့ ဒီနေ့အတွက် ကူး ဘာလုပ်လုပ် ဘယ်သူမှ တားလိမ့်မည်မဟုတ်။

"ဖျောက်"

ကိုယ့်အကြိုကို သဘောကျစွာ လက်ဖျစ်တီး၍ အိမ်အောက် ဘက် အသာလေးပြေးဆင်းခဲ့သည်။ ဒီနေ့ စနေ တနင်္ဂနွေ ရုံးပိတ်ရက် မို့ ကိုကို ဘယ်မှသွားမည်မဟုတ်။ အခန်းပြင်ဘက်မှ ကုန်းကုန်းကိုင်း ကိုင်းနှင့် ကိုကို့အခန်းပြတင်းပေါက်ဆီသို့ အသာလေး ချောင်းကြည့် ကာ –

"ကိုကို ... ဝါး"

အယ် ...

ကြည့်စမ်း။

ခြောက်လှန့်ရသူတောင် ဖီလင်အောက်သွားသလိုပင်။

ပြတင်းပေါက်နဲ့ကပ်လျက်တွင်ရှိသော စာကြည့်စားပွဲမှာ ထိုင် ၍ ကူးခေါ်သံကို မကြားသလို၊ မလန့်သလိုနှင့် မှန်းဖို့ကောင်းလိုက်တာ။

ထိုင်နေရင်း ငုတ်တုတ်မေ့နေသလား။ ဘယ်ရမလဲ ကူး အကြောင်းသိလျက်နဲ့ ပြတင်းပေါက်ဘောင်ပေါ် တက်ထိုင်၍ –

"ကိုကိုရေ"

"ဟာ"





ရှိသမျှအသံကို မိုင်ကုန်လွှတ်ပေးကာ အော်ပစ်လိုက်တော့ ကိုကို အလန့်တကြား မော့ကြည့်သည်။

"ဟား ဟား"

ကူး ကိုကိုဖြစ်နေပုံကို သဘောကျသဖြင့် အော်ရယ်ပစ်လိုက် သည်။ ကိုကိုက မကျေနပ်သလိုနှင့် –

"ဘာလဲ"

"ကူးနဲ့ အပြင်ခဏလိုက်ခဲ့ပါ"

"ဘာလဲ"

"ဟာ ... ကိုကိုကလည်း"

ဒီလောက်ကပ်ပြောနေတာကို တစ်ဘာဘာ လုပ်နေသဖြင့် ကူး စိတ်မရှည်တော့ချေ။

ကူး နှုတ်ခမ်းစူနေမှ ဘာကိုသတိရသွားလဲမသိ။ လက်ပေါ် ရောက်လာသောအရာတွေကိုကြည့်ပြီးမှ နားကြပ်တပ်ထားမှန်း ကူး သဘောပေါက်သွားသည်။

"ဘာလဲ ... ဘာလာရှုပ်ဦးမလို့လဲ။ နင် သိပ်အာမပြဲနဲ့နော် ကူး။ ကိုယ့်ကိုယ်ကိုယ် မိန်းကလေးမှန်းကော သတိရသေးလား။ သီချင်း အော်ဆိုလို ဆိုနဲ့၊ နင့်အသံကြောင့် အသက်တိုတော့မယ်ထင်တယ်။ ညီမရယ် မိန်းကလေးပီပီသသ ငြိမ်ငြိမ်လေးနေပါလား"

"အမယ်လေး လေး"

နောက်ဆုံးမှာ အသံပျော့လေးနဲ့ ဆုံးမသွားသည့် ကိုကို့ကို

ကြည့်၍ ကူး ရယ်ပစ်လိုက်ချင်သော်လည်း မရယ်ရဲပါ။ သို့သော် 'အမယ်လေး လေး' ဆိုတာက ထွက်သွားသည်။

''ပြီးတော့ ဖြတ်သွားဖြတ်လာ အိမ်နီးချင်းပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ''

''ဂရုစိုက်စရာမှတ်လို့ ကိုကိုရာ။ ပတ်ဝန်းကျင်ကို ဂရုစိုက်နေရင် နေစရာကျဉ်းတယ် သိလား''

ကိုကို ဆုံးမလည်း မရပါလားဆိုသည့် ပုံစံနဲ့ စာအုပ်ကိုချကာ အထဲလှည့်ဝင်သွား၏။ ကူးလည်း ဘာမှမပြောဖြစ်ဘဲ ကြည့်နေလိုက်၏။

သူငယ်ချင်းတွေက ကူးကို ယောင်းမလို့စကြသည်။ သူတို့က ပြောသည်၊ ကိုကိုက ယောကျ်ားပီပီသသ ချောတာတဲ့။ သတင်းကတော့ –

''ကိုအတာကလေ အသားညိုပေမယ့် မမည်းဘူး။ အရပ်ကလည်း အရှည်ကြီး။ လူကလည်း စွဲဆောင်မှုရှိတယ်။ ပြီးတော့ စက်ရုံမှာလည်း ဦးစီးနေတဲ့သူဆိုတော့ ငါ့အမေကို ပူဆာထားတယ် သိလား။ အမေရေ ••• ဒီလို ခန့်ချောကြီးရရင် သေပျော်ပါပြီလို့''

''ကောင်မစုတ်''

ပြောမနာ ဆိုမနာတွေမို့ စနောက်ပြီး ပါးစပ်ကသာ စပဲ၊ နောက်ပဲ ပြောနေကြတာ။ ကူးတို့ သူငယ်ချင်းလေးယောက်ထဲမှာ အားလုံးသန့်သန့်လေးတွေ။ အချစ်ရေးဆိုတာ ကိုယ်နဲ့မဆိုင်ဘူးဟု





တွေးထားသူတွေ။

ဒါပေမဲ့ ဗရုတ်ကျမယ်ဆို လာခဲ့။ အဖော်မပါလည်း တစ်ယောက်တည်း ဟဲရဲသူတွေ။ ဒီထဲမှာ ကူးက ပိုဆိုးသည်။ ရည်းစားစာများ လာပေးလျှင် သူများတွေလို စွဲ၍ မယူဖို့ ဘာညာမပြော။ ယူပြီး သူငယ်ချင်းတွေစု၍ နေ့မကူးခင် ထိုစာကို ဆန့်ကျင်ဘက်ရုတ်သုတ်ခစာ ပြန်ပြောင်းရေး၍ နံတစ်ဘုတ်မှာ သွားကပ်ထားတတ်သည်။ ဥပမာ –

''ရင်ထဲမှာ ဖော်မပြနိုင်အောင် ချစ်တယ်ဆိုရင် ရင်ထဲက ရောဂါဟောင်းတွေကို ဖော်ပြဖို့ရုက်ထယ်''

''ကူးအတွက် အရာရာအဆင်သင့်ပါဆိုလျှင် ကိုယ်ဟာ သေဖို့အတွက် အဆင်သင့်ပြင်ထားပါပြီ ••• ရူလွှတ်''

ထိုကပ်ထားသော စာရွက်တွေကို သဇင်က ကျယ်ကျယ်အောင် ဖတ်ပြ၍ ဒီစာတွေ ကိုယ်ပဲမရေးခဲ့သည့်အတိုင်း ထိုကဲ့သို့ လက်စွမ်းထက်သူတွေ။

ကိုကို ကူးသိပြန်လျှောက်လာတော့ ဆေးလိပ်ဖွာရှိုက်လာသည်။ ကူး နှာခေါင်းရှုံ့က ဖေယယ်ပြောတာကို သတိရမိသည်။

''တို့သားများ လိမ္မာအောင် ဆုံးမစရာမလိုတဲကို လိမ္မာခဲ့တာ။ ဆိုးတာတစ်ခုက ဒီဆေးလိပ်သောက်တာပဲ မသောက်နဲ့လို့ တားတော့လည်း ယောကျ်ားပီသအောင်လို့တဲ့လေ။ ဖြေပုံကိုက။ ဒါပေမဲ့ ပြောလို့ သာပြောရတာ တို့သား ဆေးလိပ်ကြော်ငြာရိုက်ရင် ပေါက်မှာသိလား။

သူက မင်းသားနဲ့တူတာကိုး"

တဲ့။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်လိုက်သေးသည်။ ဘယ်သူတွေ ဘယ်လိုပြောပြော ကူးအမြင်မှာ ကိုကိုဟာ သာမန်လူတစ်ယောက်သာ။

"ကဲ ပြော . . . ဘာရှုပ်ဦးမလို့လဲ"

"ကြည့် . . . ပြောပုံက"

"ကဲ . . . ကျုပ်ပဲမှားပါတယ် ဆရာမရဲ့။ လိုရင်းကိုသာ ပြောတော်မူပါ"

"ကျုပ်တဲ့၊ ဟား ဟား . . . ခွေသွားအပ်မလို့၊ စက်ဘီးနဲ့ သွားမယ်"

"ဘာ . . . စက်ဘီးနဲ့သွားမှာလဲ။ ခွေဆိုင်က ဒီလောက်နီးနီးလေးကို လမ်းလျှောက်သွားမယ်။ ဘာစက်ဘီးနဲ့မှ မသွားဘူး။ ဒါပဲ"

"ဟာ . . . စက်ဘီးစီးချင်လို့ပါဆို"

"ကူးနော် . . . ဂျစ်စရာမဟုတ် ဂျစ်မနေနဲ့"

"အဲဒါ ကိုကို စိတ်ပုတ်တာ။ ကူး စက်ဘီးစီးတာ မနာလိုလို့ ကူးလုပ်သမျှ ကိုကို ကန့်ကွက်တာ။ မောင်နှမတဲ့၊ ဘာမောင်နှမလဲ။ ကူးကိုဆို ဘယ်တော့မှ အလိုမလိုက်ဘူး"

"ဟိတ် . . . မေလေးဆူမှာဆိုးလို့ ပြောနေတာ။ ကူးပြောမှ ကိုကို တော်တော်အကျင့်ပုတ်မှန်း သိတော့တယ်"

"မရဘူး . . . မရဘူး။ စီးမှာပဲ။ ဆူချင်တဲ့လူဆူ၊ သူများ





အဝတ်အစားမီးပူတိုက်ရတော့ မနိုင်းပါနဲ့မေလေးရယ်လို့ လာတားလို့လား။ အဲဒီတုန်းက ကြိတ်ပျော်နေတယ် မဟုတ်လား"

"ကူးကလည်းကွာ"

"ကိုကိုမလိုက်ချင်နေနဲ့"

ပြတင်းပေါက်မှ ခုန်ဆင်း၍ ကူး ကားဂိုထောင်ဘက် လျှောက်လာခဲ့သည်။

"အဲဒါပဲ ညီမလေးတစ်ယောက်တည်းရှိတာ အလိုတော့ မလိုက်ဘူး။ အမြဲတမ်း ကန့်ကွက်နေတာ လူပျိုကြီးဖြစ်ပါစေ၊ ကြိုက်မယ့်သူ မရှိပါစေနဲ့"

"ဟိတ် . . . ပွစိ ပွစိနဲ့ ဘာတွေရွတ်နေတာလဲ"

ကိုကိုက ကူး တွန်းထုတ်လာသည့်စက်ဘီးကို ဆွဲယူရင်း ပြုံးစိစိနဲ့ စနေသည်။ ကူး မဖယ်ပေးဘဲ လက်ကိုင်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားတော့ –

"ဘာလဲ စိတ်ကောက်နေတာလား။ ကိုကို လူပျိုကြီး ဖြစ်ပါစေလို့ ဆုတောင်းနေတာ မဟုတ်လား"

ကူး ပြောနေကျကိုသိနေသော ကိုကိုက မေးလာတော့ ကြာကြာစိတ်မဆိုးတတ်သော ကူး စက်ဘီးကယ်ရီယာခုံပေါ် ခွတက်ထိုင်လိုက်သည်။ မနက်ပိုင်း စတိုင်လ်ကျကျနဲ့ စက်ရုံကိုသွားရသော ကိုကို ညနေရောက်လျှင် ကူးနှိပ်စက်သမျှကိုခံရသည်။

"ကူး . . . နင်တော့ ကျောင်းဖွင့်မှပဲ ငါလည်း သက်သာမှာ"

"အဲဒီကျမှ ငါ့ညီမလေး လိုက်ပို့ချင်လို့ပါဆိုပြီး လာမပြောနဲ့"

"မပြောပါဘူး။ ကိုကိုကတော့ နားအေးတယ်လို့ထင်မှာ"

"မှန်းဖို့ကောင်းတာ"

＊＊＊



## အခန်း (၄)

"ဒါက မနေ့ကပို့လိုက်တဲ့ ဒီဇိုင်းအသစ်ပါ ကိုတာ။ ကြိုက်တာရွေးကြည့်ပါ"

ဦးမြင့်မော်က သူ့ရှေ့သို့ ကတ်သလောက်ကို ချပေးသည်။ သူ တစ်ခုချင်းကြည့်ကြည့်သည်။ နိုင်ငံခြားကတ်သလောက်မို့ မြန်မာနိုင်ငံ ရာသီဥတု၊ ဝတ်စားဆင်ယင်မှုနဲ့ ကိုက်ညီသော ပုံစံကိုရှာရသည်။

ကိုယ့်အကြိုက်ထက် အများကြိုက်ကို ဦးစားပေးရသည်။

လုပ်ငန်းတွေက အပြိုင်အဆိုင်ပေါ်လာတာတွေ၊ ပျောက်သွားတာတွေ အများအပြား။ "မြန်မာဂုဏ်" ကတော့ မှန်တိုင်းဒဏ်ကိုပဲ ခံခဲ့ရပြီးပြီ။ ထူမတ်နေပြီဖြစ်သော လုပ်ငန်းကိုလည်း မလဲရအောင် ဂရုစိုက်ရသေးသည်။

ထို့ပြင် ဒီအထည်ချုပ်လုပ်ငန်းက မေကြီးတို့ရဲ့ ပင်မလုပ်ငန်း ဆိုလျှင်လည်း မမှားချေ။

သူကိုယ်တိုင်ကလည်း နိုင်ငံခြား၌ လူယုံနှင့်လွှဲထားသော ရေနံတူးဖော်ရေးလုပ်ငန်းထက် ဤလုပ်ငန်းကိုသာ ပို၍ စိတ်ဝင်စားသည်။

ထိုလူယုံကလည်း အခြားမဟုတ်။ ဖေဖေရဲ့ညီဝမ်းကွဲဖြစ်ပြီး အင်မတန်မှ သစ္စာရှိကာ တစ်လတစ်လ စာရင်းအတိအကျနှင့် လချုပ် နှစ်ချုပ် ပို့၏။ လိုအပ်မှ အန်ကယ်လာရင်လာ၊ မလာရင် သူ သို့မဟုတ် မေငယ်သွားသည်။

"ဦးမော်ရွေးထားတာ ကျွန်တော့်ကိုပြကြည့်လေ။ ရွေးထားတာရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

ဦးမော်က သေချာမှတ်ထားသော ကတ်သလောက်နံပါတ် အတိုင်းရှာ၍ –

"ဒီပုံစံက မဆိုးဘူးလို့ ကျွန်တော် ထင်တယ်။ ဒါပေမဲ့ ... လည်ပင်းကိုတော့ ယောကျ်ားလေးအတွက် လည်ပိတ်၊ မိန်းကလေးအတွက် လည်ကပ်။ အရောင်ကိုတော့ အဖြူစွတ်စွတ်နဲ့ အနက်ရောင် ရွေးထားတယ် ...၊ ပြီးတော့ ဆောင်းဝင်တော့မှာဖြစ်တဲ့အတွက် အနွေးထည်ပုံစံ ပြောင်းထားတယ်။ ကိုတာ အကြိုက်တွေ့ရင် ပြန်စဉ်းစားပါ"





"မဆိုးပါဘူး ... အခုက မိုးနှောင်းရောက်လာပြီဆိုတော့ အဆင်ပြေပါတယ်။ နောက်ထပ်စဉ်းစားတာတွေကော ရှိသေးလား"

သူ စာအုပ်ကို လက်ညှိုးနဲ့ခံကာ ပိတ်၍ မော့မေးလိုက်၏။ ဦးမြင့်မော်က ခေါင်းညိတ်ကာ –

"ဟုတ်ကဲ့ ... တစ်ခုတင်ပြစရာရှိပါတယ်။ အဲဒါကတော့ ကိုတာ ပြန်စဉ်းစားပြီးမှ ဆုံးဖြတ်ပါ"

"ဘာမို့လို့လဲ၊ ကျွန်တော် လက်မခံနိုင်တဲ့ကိစ္စပါနေလို့လား"

"ဒီတစ်ခေါက်ထုတ်မယ့်အကျီတွေကို အမျိုးအစား (၃) မျိုး ခွဲဖို့ စဉ်းစားမိပါတယ်"

သူ နားမလည်ဖြစ်သွားသည်။

မြန်မာဂုဏ်ရဲ့ ဆောင်ပုဒ်က အရည်အသွေးကောင်းရမည်၊ အလေအလွင့်နည်းရမည် မဟုတ်လား။

"ကျွန်တော် နားမရှင်းဘူး။ ဘာကိုဆိုလိုချင်တာလဲ။ ကျွန်တော့်ကို ရှင်းရှင်းလင်းလင်းပြောပါ။ ဘာကြောင့် အမျိုးအစား (၃) မျိုးထုတ်ဖို့ စဉ်းစားမိတာလဲ"

"အခုဆို 'ခေတ်မီ'က ကျွန်တော်တို့ဆီက ဖော်မြူလာ ခိုးဖူးတာလည်း ကိုတာအသိပါ။ အကျင့်ပျက်ဝန်ထမ်းတစ်ယောက်ကြောင့် လုပ်ငန်းတွေ ကမောက်ကမဖြစ်ခဲ့ရတယ်။ နောက်ပြီး ခေတ်မီက ဒါနဲ့ရပ်မသွားဘူး။ ကျွန်တော်တို့စက်ရုံတစ်ခုထဲကို အတင်းတိုက်ခိုက် နေတယ်။ မြန်မာဂုဏ်ရဲ့နာမည် ဒီထက်မြှုပ်သွားလို့ မဖြစ်ဘူး။ သူတို့

မမျှော်လင့်တဲ့လှည့်ကွက် ကျွန်တော်တို့ ဖန်တီးမှုဖြစ်မယ်။ လူတန်းစား မရွေး ဝတ်ဆင်နိုင်မှ မြန်မာဂုဏ်ကို လူသိများလိမ့်မယ်”

“ဟုတ်ပြီ ... ဦးမော်ဆိုလိုရင်းကို ကျွန်တော် သဘောပေါက်ပြီ။ ကျွန်တော်လည်း စဉ်းစားဖူးတယ်။ ဒါပေမဲ့ ဖော်မြူလာခိုးခံရတဲ့ ကိစ္စက တော်တော်ကို မွှေသွားခဲ့တယ် မဟုတ်လား။ မြန်မာဂုဏ်ဟာ ဒီလောကမှာ နာမည်တစ်လုံးနဲ့ နေခဲ့တာ။ လူတွေ စောင့်ကြည့်နေတဲ့ ကြားက ဒီလိုဖြစ်သွားတယ်ဆိုတော့ ကျွန်တော်ညံ့လို့ပါ”

“မဟုတ်တာ”

“ကဲ ... ဒါတွေထားပါတော့။ ဦးမော်ကို ကျွန်တော် ကျေးဇူးတင်တယ်ဗျာ”

“ရပါတယ် ... ကိုတာရာ”

“ဟုတ်ပြီ ... အကောင်အထည်ဖော်ဖို့ ဦးမော် အဆင်သင့်ဖြစ်ပြီလား။ ကွန်ပျူတာဌာနနဲ့ကော ချိတ်ပြီးပြီလား”

“ချိတ်ပြီးပါပြီ ကိုတာရာရဲ့။ လက်မှတ်ပဲလိုပါတော့တယ်”

“ကလင် ကလင်”

စာရွက်တွေကို လှည့်ကြည့်၍ လက်မှတ်ထိုးဖို့ပြင်စဉ် ဖုန်းက မြည်လာသည်။ ဖုန်းကိုမကာ –

“ဟယ်လို”

“-----”

“ဟုတ်တယ် ... အခြေအနေကောင်းရဲ့လား”





“-----”

ဦးမော်ကို ငြိမ်သက်စွာရပ်နေသည်။

“ဘယ်လို ... စက်ရုံထဲ သူတို့လူထည့်ဖို့ အစီအစဉ်ရှိနေတယ် မဟုတ်လား”

“-------”

“ကောင်းပြီ၊ ငါကိုယ်တိုင် စီစဉ်မယ်။ မင်းလည်း ပိရိပါစေ။ သတင်းမပြတ်ဖို့ ကြားလား”

“တောက်”

စားပွဲကိုထု၍ သူ တောက်ခေါက်လိုက်မိသည်။ သမုဒ္ဒရာရေ ဘယ်သူသောက်သောက် ရလျက်သားနဲ့ ခေတ်မီသည် ဘာကြောင့် ဒီလောက်ထိ လိုက်ဖျက်ဆီးနေရသလဲ။

“ကိုတာ ဘာဖြစ်လို့လဲ”

စိုးရိမ်တကြီး ဦးမော်မေးမှ သူတစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် ဒေါသဖြစ်မိတာကို သတိရ၏။

“ဩော် ... ဦးမော်၊ ကျော်အောင်ဆီက”

“တစ်ခုခုထူးတယ်ထင်တယ်”

“သိပ်ဟုတ်တာပေါ့၊ ခေတ်မီက ခြေလှမ်းသွက်နေတယ်လေ။ လာမယ့်လဆန်းပိုင်းမှာ ဝန်ထမ်းတွေ ခေါ်ထားတာ ရှိတယ် မဟုတ်လား”

“ရှိပါတယ်၊ စက္ကူထွက်ရှိ ကွန်ပျူတာနဲ့ စာရင်းကိုင်။ စုစုပေါင်း

ခန့်မှာက (၅) ဦး"

"ဟုတ်တယ်၊ အဲဒီ စက္ကူထွက်နေရာမှာ လျှောက်ထားတဲ့လူကို ပယ်၊ နောက်ပြီ မနက်ဖြန် အတွင်းရေးမှူးရာထူးအတွက် ခေတ္တဆိုင်း ဆိုတာ သတင်းစာမှာသွားထည့်ပေးပါ"

"ဟုတ်ကဲ့"

သူ လက်မှတ်ထိုးပြီးသောဖိုင်တွေယူပြီး ဦးမော် အခန်းအပြင် ထွက်သွားသည်။

အမှန်တကယ် သူလိုချင်တာ အတွင်းရေးမှူးမိန်းကလေး မဟုတ်။ သို့သော် မေကြီးတို့က –

"ယောက်ျားလေးဆိုတာ ငွေစာရင်းတွေကို မိန်းကလေး လောက် အလေအလွင့်မရှိ လုပ်နိုင်တာမဟုတ်ဘူး။ စည်းစနစ်လည်း မရှိဘူး။ မိန်းကလေးဆိုတာ ရုံးခန်းလေးကို အမြဲတမ်း ကြည့်ပျော် ရှုပျော်ဖြစ်အောင် အနည်းဆုံးထားမယ်။ အဆုံးစွန် ညှိသည်လာရင် ကော်ဖီကအစ ပါပြီသား"

"အဲဒီစက္ကူထွက်နဲ့ သား ငြိသွားရင်ကော"

ဟု မေကြီးကို စနောက်မေးတော့ မေငယ်က မျက်စောင်း ထိုးသည်။ မေကြီးကတော့ အပြုံးမပျက်။

"သားကိုယုံလို့ လုပ်ငန်းတစ်ခုလုံးကို နောက်လှည့်မကြည့် ခဲ့တာပေါ့။ သားအပေါ်ကောင်းနိုင်မယ့်သူဆို ဘယ်သူမဆို မေကြီးတို့ ဆီ ခေါ်လာခွင့်ရှိတယ်။ အဓိကတော့ လူမှာအမျိုး ကြက်မှာအရိုးဆိုတဲ့





အတိုင်း မျိုးရိုးကောင်းရမယ်၊ ဗိုင်းကောင်းကျောက်ဖိ လိမ္မာရမယ်"

ဟုပြောခဲ့သည်။ အခုတော့ ဒီရာထူးရဲ့မူလက ဦးမော်၊ သခုလည်း ဦးမော်က အတွင်းရေးရာထူးနဲ့ စက်ရုံလုပ်ငန်းတချို့မှာ ရှုပ်လည်နေလို့ အတွင်းရေးမှူးခေါ်ဖို့ ဖြစ်လာတာ။ ဒီပုံစံအတိုင်း ဆို မခေါ်ဖြစ်ဖို့က သေချာပြီ။

"ကလင် ကလင်"

ဖုန်းက နောက်တစ်ခေါက် ထပ်မြည်လာပြန်သည်။

"ဟယ်လို"

"ကိုလအတာနဲ့ ပြောချင်လို့ပါ"

ကူးကူးအသံကြောင့် သူ မျက်မှောင်ကုတ်သွားရ၏။ မဆက် ရေး အဆက်ထူးလို့ ဘာအရေးကြီးသလဲ။ သိပ်တော့ယုံရတာမဟုတ်။ ဒီကောင်မလေးက သူရစ်စရာလူ အိမ်မှာမရှိရင် သူ့ကိုရစ်တာများ သည်။

"ကူးကူးလား"

"ဟုတ်တယ် ကိုကို၊ စောစောက တစ်ခါဆက်သေးတာ။ ဖုန်းမအားဘူးဆိုလို့ အခုပြန်ဆက်တာ။ ဒီမှာ မေကြီးက ဆက်ခိုင်း တာလေ"

"ဟုတ်လို့လား"

မယုံသင်္ကာသလိုမေးတော့ ကူးဘက်က အသံတိတ်သွားပြီး ပြီးမှ –

"လူကိုများ အားလို့ဖုန်းဆက်တယ်များ ထင်နေလား။ ကိုကို့ ဆီဆက်မယ့်အစား ကူးရဲ့သူငယ်ချင်း သဇင်တို့ နွယ်ဝေတို့ဆီဆက်ပြီး ပျော်စရာတွေ ပြောမှာပေါ့။ လျှောက်လည်ဖို့ date လုပ်မှာပေါ့။ ကိုကို့ ကို သတိရရင် ကံကောင်းတယ်မှတ်"

"မိကျောင်းမရေ တော်ပါတော့။ မေငယ်က ဘာတဲ့လဲ"

"ဟွန်း ... လူကိုများ မိကျောင်းလေးဘာလေးနဲ့။ ကိုကိုက ပုတ်သင်ညိုစိမ်းစိမ်းနံ့နံ့ကြီး"

"ဒီမှာ ကိုကို အလုပ်ရှုပ်နေတာ နည်းနည်းလေး အလိုက်သိ ဦး ကူး"

ဒီကောင်မလေး မထင်ရင်မထင်သလို ရစ်နေမှာစိုးလို့ စကား စပြန်ဖော်နေရသည်။ မေလေးကတော့ အဲဒါ မင်းတို့ အလိုလိုက်လွန်း ၍တဲ့။ ဟုတ်မှာပါ၊ နောက်ဆုံးတော့ သူတို့အပြစ်တွေပါပဲ။

"မေငယ်က အုန်းထမင်းချက်တယ်။ ဘာအလုပ်တွေပဲ အရေးကြီးနေနေ စောစောပြန်ခဲ့ပါတဲ့။ ကူးဆန္ဒကတော့ ကိုကိုမလာ လေ ကောင်းလေ၊ နားညည်းသက်သာတယ်"

"ဂျောက်"

ငါပြောရမယ့်စကားကို သူက ဦးအောင်ပြောပြီး အနိုင်ပိုင်း သွားသေးတယ်။ ကူးရေ ညည်းတော့နော်။

❋ ❋ ❋



## အခန်း (၅)

"ကျောင်းပိတ်တာတောင် မလာနိုင်အောင် နင်က ဘာတွေ အလုပ်များနေလို့လဲ ဒေါ်ကူးကူးရဲ့"

စက်ဘီးဒေါက်ထောက်ရုံရှိသေး သဇင်ရဲ့စကားကြောင့် ကူး မျက်နှာလေး ချစ်စဖွယ်လေး ရှုံ့သွားကာ –

"နင်ဘာသိလဲ သဇင်ရဲ့။ ငါ့မှာ ဘာအပြစ်မှမလုပ်ဘဲ အကျယ်ချုပ်ဖြစ်နေလေရဲ့"

"ဟာ ဟ လင်းစမ်းပါဦး"

"(၂၄) နာရီစောင့်ကြည့်ခံနေရတာလေ။ စားတော့ စား ပြန်ပြီ၊ သွားတော့ သွားပြန်ပြီ။ ပြီးတော့ ... cooking ထရိန်နင်နဲ့ cleaning တဲ့"

"တယ်မိုက်ပါလား။ ဒါဆို အိမ်ထောင်ထဲထည့်ဖို့ပေါ့"

"သွားသေလိုက်ပါလား။ ဒီမှာနေ့ နာတင်းနေပါတယ်ဆိုတာ ငါ့မှာ အပြင်ထွက်ချင်တာ တစ်ပိုင်းသေလို့။ ဒီကျောင်းကလည်း ဘာကြောင့် (၂) လဆိုတဲ့ ပိတ်ရက်တွေထည့်ပေးထားသလဲ မသိဘူး"

"ကိုကိုကကော"

ကိုကို့ကွယ်ရာမှာ အမြဲတမ်း ကိုကိုလို့ စနောက်ခေါ်ရင်း သဇင်လည်း ကိုကိုဖြစ်နေပြီ။

"ဟင်း ... သူကမှ ပိုတောင်ဆိုးသေး။ ကူမပြောပေးတဲ့ အပြင် အပြင်မသွားရေး ချောက်တွန်းချင်နေတာလေ။ သူပါမှသွားရမှာမို့ ခေါ်တာကို ခေါ်ချင်လို့ ခေါ်တယ်များ မှတ်နေသလားမသိဘူး။ အထာကိုင်သေး။ ငါ့သူငယ်ချင်းနဲ့တောင် သဘောမတူချင်တော့ဘူး"

"မလုပ်လိုက်ပါနဲ့ရှင့်၊ ကျွန်မကို သူကလွဲရင် ကြိုက်မယ့်သူ မရှိလို့ပါ"

"အာလူးကြော်မ"

"ကြွပ်ကြွပ်လေးပါ"

"ရွှရွှလေး လုပ်စမ်းပါ"

နှစ်ယောက်သားရဲ့ ရယ်သံဟာ အတော်လေး ကျယ်လောင်သွားသည်။

သဇင်အိမ်က ကူးအိမ်လိုပဲ အင်မတန်မှ ရင်းနှီးနေသဖြင့်





ကူးအတွက် အားနာစရာ၊ ရှက်စရာ ဘာမှမရှိ။ သဇင့်အဖေက နှလုံးအထူးကုဖြစ်ပြီး အမေက ရန်ကုန်တက္ကသိုလ်က ပါမောက္ခ ဖြစ်သည်။

သဇင့်အစ်ကိုကတော့ နိုင်ငံခြားမှာ ပါရဂူဘွဲ့ယူတုန်း။ အမိအဖတွေ တော်သလောက် သဇင်ကျမှ ရှိုးရှိုးမေ့ဂျာနဲ့ ငလောင်မ ဖြစ်နေတာကတော့ သမီးပေါက် တစ်ယောက်ထွန်းသည်ဟု ဆိုရမလား။

ကူးတို့သူငယ်ချင်းအားလုံးကတော့ ဘာထူးလို့လဲ။ တစ်ယောက်တစ်မျိုးနဲ့ ဆိုးနေကြတာပဲလေ။ ဒီ (၄) ယောက်သာပေါင်းမိလျှင် တစ်ခုခုဖြစ်ပြီသာမှတ်။

"ဒါနဲ့ မိတိုးတို့ဆီကကော အဆက်အသွယ်ရရဲ့လား"

စားပွဲပေါ်မှာ အလှတင်ထားသော ပန်းသီးကို ကိုက်စားရင်း မေးလိုက်တော့ သဇင်ကလည်း အိမ်ရှင်ပီပီ သူပါ လိမ္မော်သီးခွာစားရင်း။

"ရနေဦးမယ် စောင့်နေ။ သူက ငါတို့လို sample လေး မဟုတ်တော့ဘူး"

"Why"

သဇင်ရဲ့စကားကို နားမလည်သဖြင့် စကားတောက်လိုက်သည်။

"သူ့မှာ ဂတ်ဂတ်ကြီးရှိနေပြီလေ"

"ဟာ ... အဟွတ် ဟွတ်"

စားနေရင်း တစ်စုံတစ်ရာ အံ့သြစရာ၊ ထိတ်လန့်စရာ ကြုံလျှင် အစာတွေ သီးကာ မျက်နှာပါရဲလာကာ သီးနေတာလည်း တော်တော်နဲ့မပျောက်။

"အဟွတ် ဟွတ်"

"ရေသောက် ... ရော့"

သဇင်လည်း ကပျာကယာ ရေထခပ်ပေးကာ တိုက်လေသည်။ ရှူးအောင့်သောရင်ဘတ်ကို လက်ဖြင့် ခပ်ပြင်းပြင်းဖိကာ တစ်စက္ကန့်လောက် အသက်အောင့်လိုက်မှ နေသာထိုင်သာ ဖြစ်သွားတော့သည်။

"အဲဒီလောက် အံ့သြစရာကောင်းနေလို့လား"

အံ့သြစရာကောင်းတယ်လို့ ကူးကတော့ သတ်မှတ်သည်။ သူငယ်ချင်း (၄) ယောက်မှာ အတွဲမညီဘဲရှိနေတာက တိုးတိုးဝေ။

စကားနည်းသလောက် ကြောက်တတ်တဲ့နေရာမှာလည်း နှစ်ယောက်မရှိချေ။ အခုတော့ ဘယ့်နှယ် မတွေ့လိုက်ရတဲ့ (၂) ပတ်အတွင်းမှာ ...

"ငါတော့ နားမလည်တော့ဘူး ရှင်းဦး"

"ဩော် ... ငါက လိမ်စရာလား။ ကျောင်းမပိတ်ခင်ကတည်းကတဲ့။ အဲဒါတောင် ငါက ပြီးခဲ့တဲ့အပတ်ကမှ သိရတာ"

"Wonderful"

ကြည့်ပါဦး။





မိတိုး လျှို့ဝှက်ချက်က ဒီလောက်ပါးနပ်သည်။ ကူးတို့ မသိလိုက်ရတာက နာလိုက်သည့်ဖြစ်ခြင်း။

ကောင်မစုတ်၊ ကျောင်းဖွင့်မှ အမှုန့်ထောင်းပြီး ဒုဋ္ဌဝတီမြစ်မှာ သွားမျှောပစ်လိုက်ဦးမယ်။

"အဲဒီထက် အံ့သြစရာကောင်းတာက သူ့ကောင်က သိပ်မွဲတယ်ဆိုပဲ"

"ဟင် ... အဲဒါတော့ ဘယ်ဖြစ်မလဲနော်။ ငါတို့သူငယ်ချင်းလေးက ယင်ဖိုတောင်သန်းဖူးတာ မဟုတ်ဘူး၊ မတန်မရာ"

သဇင်က ခေါင်းညိတ်၍ စလောင်းလိုင်းဖွင့်ကာ –

"ဟုတ်တယ် ... နင်မှမဟုတ်ဘူး အန်တီခိုင်တို့လို အဆင့်အတန်းမခွဲတဲ့သူကအစ သဘောမတူဘူး။ ငွေမရှိတာ ရှာလို့ရတယ်။ အကျင့်စာရိတ္တမကောင်းတာက ပြင်လို့မရဘူးတဲ့။ မိတိုးကျတော့လည်း သူ့ကောင်လေးကို သိပ်ယုံပုံရတယ်။ သူ့ကို တကယ်ချစ်တာပါပဲ"

"ဟယ် ... မိတိုးကတော့ မျက်မှန်တပ်ရတော့မယ်။ ဘာမှမက်စရာမရှိတာများ သူက ယောက်ျားလေးတွေအကြောင်း ဘာသိတာမှတ်လို့။ တကယ်ချစ်တာပါ ပြောနေရတာလဲ။ ယောက်ျားဆိုတာ ရှေ့မှာသာ ကိုယ့်အတွက်ဖြစ်နေတာ ကွယ်ရာမှာ နောက်တစ်ယောက်နဲ့"

"အယ် ... ဒေါ်ကူးကူး။ ရှင်က သိလာချည်လား။ ဘယ့်နှယ် အချစ်မှီကာ ဆရာမနဲ့ လာတွေ့နေရတာလဲ။ ရှင်က ဒီလောက်

ပြောပုံရတာ ဆိုရင်''

"No No ...ထင်ချင်သလို ထင်မနေနဲ့။ ကျုပ်က ရည်းစားမထားဖူးပေမယ့် ဒါက Experiment အရသိခဲ့တာ''

''အတွေ့အကြုံအရ ပြောရအောင် ရှင်က ရည်းစား ဘယ်နှစ်ခါထားဖူးလို့လဲ''

"Hear a way"

''အစုတ်ပုံမ၊ ကဲ ...ဒါထားပါတော့၊ ရှင်ပြောနေတဲ့ အခက်အခဲ cooking and cleaning"

''မေလေးပေါ့၊ ဘာတွေဖြစ်နေလဲမသိပါဘူး။ ဘယ်မှကိုပေးမသွားချင်ဘူး''

''အင်း ...အရွယ်ရောက်နေတဲ့ သမီးလေးဆိုတော့ ဘယ်စိတ်ချနိုင်တော့မလဲ။ ဖြစ်နိုင်မယ်ဆိုရင် တစ်ဖက် (၄) ယောက် ဘော်ဒီဂတ်ထားပေးဖို့ အကြံတောင်ရှိနေသလားမသိ။ ကိုယ်ဖိရင်ဖိ စောင့်ရှောက်ဖို့ဆိုပြီးလေ''

သဇင်က လူကြီးလေသံဖမ်းကာ ပြောသဖြင့် ကူး ပန်းသီးနဲ့ ပေါက်ပစ်လိုက်သည်။

''လာ ...ထ အပြင်သွားပြီး ရခိုင်မုန့်တီသောက်ရအောင်။ ငါ ငတ်နေတာကြာပြီ။ ဒီလို အပြင်ထွက်ရဖို့ဆိုတာ ငါ့အတွက် ဘုရားပေးတဲ့ဆုပဲ''

''ခဏနေဦး''





သဇင်က အပေါ်ထပ်တက်သွားသည်။ ကူး တီဗီကိုပိတ်ပစ်လိုက်ကာ ဧည့်ခန်းမှာချိတ်ထားသော ကိုယ်လုံးပေါ်မှန်ရှေ့မှာရပ်ပြီး ဆံပင်ရှည်ကို သပ်လိုက်သည်။

ရှပ်အင်္ကျီလက်ရှည်နဲ့ သရီးကွာတား ဂျင်းပန်ကို ဝတ်ထားသဖြင့် ကိုကိုမြင်ရင် ဆူချင်မှာ။ တစ်ခါတစ်ရံ ကူးဆံပင်တွေဖြီးပေးရတိုင်း –

''ငါ့ညီမမှာ အပြစ်မပြောနိုင်တာဆိုလို့ ဒီဆံပင်ရှည်တာတစ်ခုပဲရှိတယ်။ အကျင့်က ရှပ်ပြာပြာ၊ စိတ်က ကောက်တတ်သေး''

သဇင်ဆင်းလာတော့ သူမစက်ဘီးနဲ့ပဲ ထွက်လာဖြစ်သည်။ ဒီလမ်းထိပ်က ရခိုင်မုန့်တီဆိုင်သည် မုန့်လည်းကောင်းသလို လူလည်းစည်သည်။ ကိုကိုကတော့ –

''ပူစပ်ပူလောင်ကြီး မကြိုက်ပါဘူး''

တဲ့။

ကူးကတော့ (၂) ပွဲကို အသာလေးစားနိုင်သည်။ ဒါပေမဲ့ ကိုကိုနဲ့လိုက်စားလျှင် ငရုတ်သီး အဲဒီလောက်မထည့်နဲ့။ မိန်းကလေးတစ်ပွဲ တော်ရောပေါ့။ ဟိုဟာတား ဒီဟာတားနဲ့ ပွစိ လုပ်နေတတ်သည်။

အခုတော့ စားချင်သလို စားလို့ရပြီ။

''ဒေါ်ကြီး ...ပဲကြော်များများလေထည့်ပေးနော်။ ငရုတ်သီး ကိုယ့်ဘာသာ ထည့်မယ်''

''ဘယ်တုန်းကတည်းက ဝတ်နေတာလဲ''

''နှစ်တစ်ရာကြာပြီ၊ စာနာစမ်းပါဟယ်၊ နင့်သူငယ်ချင်း ဒီအစားအစာတွေ စားချင်လို့ နင့်ဆီ လစ်လာတာ''

''တော်တော်ကို ချစ်ဖို့ကောင်း''

* * *



## အခန်း (၆)

''ငါတို့တူမလေးက သိပ်လိမ္မာတယ်''

''ဟုတ်ပါဘူး မေကြီးကလည်း။ မေလေးဆို ကူးကို အရမ်း ဆိုးတယ်တဲ့''

''ဘာဆိုးလို့လဲ၊ ဒီလောက် လူကြီးမိဘပေါ် သိတတ်တာ''

မေကြီးရဲ့ခြေထောက်တွေကို နှိပ်ပေးကာ ဆေးလူးပေးတော့ မေကြီးက ချီးကျူးရသည်။

ကူးက ဖင်ပေါ့သည်။ ခိုင်းရင်ခိုင်းသလို လုပ်ပေးတတ်သည်။ စိတ်မပါလျှင်တော့ ဘာမှလာမခိုင်းနဲ့။

ပြီးတော့ အားရင်အားသလို မေကြီးနားကပ် ဆေးလိမ်းပေး။ မေကြီးပြောသမျှ နားထောင်လျှင် မေကြီးချစ်တာလည်း ခံရသည်၊

မုန့်ဖိုးလည်း ရသည်။

“မေကြီး”

“ဟင် … ဘာလဲ သမီး”

“ဟို … ကိုသာဗျော့တို့လင်မယားအကြောင်း ပြန်ပြောပြဦးလေ”

ကူး မေကြီးနားရောက်တိုင်း အဲဒီပုံပြင်လေးကို ခဏခဏ မေးတတ်သည်။ ဒါကြောင့် မေကြီးက ပြုံး၍ –

“ဘယ်နားကနေ သိချင်တာလဲ”

“သူ့မိန်းမ တခြားရွာကိုသွားတဲ့အချိန်ကစပြောပြ”

“အဟမ်း”

မေကြီးက လည်ချောင်းရှင်းနေသဖြင့် ကူး ရေနွေးထယူပေးသည်။

မေကြီး ရေနွေးသောက်ပြီးအောင် စောင့်ကာ မော့ကြည့်မိသည်။

မေလေးတို့ညီအစ်မ (၃) ယောက်ထဲမှာ မေကြီးအချောဆုံးဖြစ်ပြီး ဘာကြောင့် အပျိုကြီးဖြစ်နေရတာလဲ မသိချေ။ ထွန်းအိန္ဒြာဗိုလ်လို မှည့်လေးနဲ့ အရပ်ရှည်ရှည်နဲ့ မေကြီးက ခုထိ အရွယ်တင်နုပျိုဆဲ။

“ကဲ … ဒီလောက်ထိ ကြည့်မနေနဲ့လေ”

“အဟင်း”

“မအေးက အနောက်ရွာဘက်ကိုသွားနေချိန်မှာ သူ့





ယောကျ်ား ကိုသာဗျော့ကို မှာခဲ့တယ် …၊

ကိုသာဗျော့ ကောက်ညှင်းအိုး မီးထိုးထားလိုက်ဦးပေါ့။ ဒါနဲ့ ကိုသာဗျော့က သူ့မိန်းမခိုင်းတဲ့အတိုင်း မီးထိုးပါတယ်။ ဒါပေမဲ့ … ကောက်ညှင်းက တစ်နာရီလည်း ကျက်မလာ၊ နှစ်နာရီလည်း ကျက်မလာဆိုတော့ သူလည်း စိတ်တိုတာပေါ့ …၊

ဒီမအေး ပြန်လာရင်သိမယ်၊ မြုံနေတဲ့ကောက်ညှင်းဝယ်ပေါင်းတယ်ပေါ့။ အဲဒါနဲ့ မအေးပြန်လာတော့ ရန်လုပ်ပါလေရော …၊

မအေးလည်း ကောက်ညှင်းအိုး ပြေးမကြည့်တော့ အောက်ခံရေမှ ထည့်မထားပဲလေ”

“မေကြီး”

ဒီနေရာရောက်တိုင်း ဖြတ်ဖြတ်မေးတတ်တာက ကလေးဘဝတတည်းက။ မေကြီးက စကားရပ်လိုက်သလို သူမကလည်း –

“အဲဒီပုံပြင်က အဓိပ္ပာယ်မရှိတာနော်။ မီး ဒီလောက်ထိုးနေတာ အိုးမပေါက်ဘူးလား”

“နင်ကလေ သိပ်လျှာရှည်တာပဲ။ ပုံပြင်ပဲ ဘယ်လိုပြောတာလဲ”

ကိုကိုက အပေါ်ထပ်မှဆင်းလာကာ သူမကို အပြစ်တင်ရသည်။ ကူး နှာခေါင်းရှုံ့ကာ –

“ကိုကိုကလဲ ကူးက Physics ကျောင်းသူပဲ။ အရာရာကို

လက်တွေ့စမ်းသပ်ပြီး ယုံသင့်မှ ယုံရတာ။ ကိုကိုပဲ စဉ်းစားကြည့်လေ၊ ပုံပြင်ဆိုတာ ဖြစ်နိုင်တာကိုပဲ ထားခဲ့သင့်တာပေါ့။ အခုတော့"

"တော်ပါတော့ ကျောင်းအစ်မရယ် ... ကျွန်တော် ခင်ဗျားကို နိုင်အောင် မပြောနိုင်ပါဘူး"

"သားကော စက်ရုံမှာ အဆင်ပြေရဲ့လား"

ကိုကိုက ကူးနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်၍ မေကြီး ခြေထောက်တွေ နှိပ်ပေးကာ –

"ပြေပါတယ် မေကြီး။ ဒါပေမဲ့ နေရာတိုင်းမှာ သူ့အခက်အခဲနဲ့သူ ရှိနေတာပဲလေ။ အခုလည်း အခြားစက်ရုံတစ်ခုက အတင်းလိုက်ပြီး ဖျက်လိုဖျက်ဆီး လုပ်နေတယ်"

"ဪ သမီး ... တော် တော်၊ သားရယ် အလုပ်တစ်ခုဟာ လွယ်လွယ်နဲ့ အထက်ရောက်ရင် ဘယ်တာရှည်ခံမလဲကွယ်။ အဲဒီစက်ရုံကို သား ကျေးဇူးတင်သင့်တယ်။ သူတို့ ပြိုင်ဆိုင်လေ သားမှာ သူတို့ထက် ပိုမြင့်အောင် နည်းလမ်းရှာရလေပဲ ...၊

လုပ်ငန်းတိုးတက်မှုနည်းလမ်းကို အဖက်ဖက်က စဉ်းစားလာတတ်တယ်။ ဒါမျိုးဟာ အခြေအနေတစ်ခုကြောင့် စက်ရုံယိမ်းယိုင်သွားရင်တောင် သားမှာ အလွယ်တကူ လက်မလျှော့တတ်တဲ့ ဖွဲ့ရသွားပြီ"

"သားနားလည်ပါတယ် မေကြီး"

"ဒါနဲ့ မနေ့က မောင်ကျော်အောင် ဖုန်းဆက်လာတယ်





ဟုတ်လား"

ကျော်အောင်ဆိုတာ နိုင်ငံခြားမှာ လူယုံထားထားသော သူ့ရဲ့ဦးလေးဖြစ်သည်။

"အန်ကယ်ဖုန်းဆက်တာက ဒီလအတွက် ငွေတစ်ဝက်ပဲ ပို့လိုက်တဲ့အကြောင်းပဲ။ ရှယ်ယာထပ်ဝယ်ထားဖို့တဲ့။ အဲဒါ သားက စဉ်းစားဦးမယ်လို့ ပြောထားတာ"

"ဘာစဉ်းစားစရာရှိလဲ သားရယ်။ အလုပ်တစ်ခုမှာ ငွေမြှုပ်ထားတော့ မလေတော့ဘူးလေ"

"အဲဒီ လေတာ, မလေတာထက် သား စဉ်းစားတာ ဒီလိုကြီးမေ။ အဲဒီမှာ ရှယ်ယာတွေဝယ် နောက်ဆုံး ကိုယ် အဲဒီမှာ သွားနေရဖို့ဆိုတာ သား လုံးဝမစဉ်းစားခဲ့ဘူး။ နိုင်ငံခြားဆိုတာ ပညာသင်တာတို့၊ အတည်တကျနေမယ့်သူတို့အတွက်ပဲ ကောင်းတာလေ။ အဲဒီကရသမျှ အကျိုးအမြတ်တွေကိုစုပြီး ဒီမှာပဲ တစ်ခုခု ပြန်ထောင်မလားလို့ပါ"

"ဒါလည်း ကောင်းပါတယ်။ လိုတော့ လိုပါသေးတယ်လေ။ အေးအေးစဉ်းစားပေါ့"

ကူးက လက်သွားဆေးပြီး မေကြီးနားမှာ ကပ်ထိုင်ကာ –

"မေကြီး ... သမီးလည်း ပြောစရာရှိသေးတယ်"

"ပြောလေ"

"သမီးဘွဲ့ရရင်ကော ဘာလုပ်ခိုင်းမှာလဲ"

ကိုကိုက ရယ်၍ –

"အိမ်ရှင်မ"

"ကိုကိုနော် ... ကိုကိုသာ အိမ်ရှင်မလုပ် သိလား။ ကူးက တော့ ဘွဲ့ရရင် ကုမ္ပဏီထောင်မှာ"

"ကုမ္ပဏီထောင်မှာ ဟုတ်လား ... ဟား ဟား"

ဘာရယ်စရာမှမပါဘဲ ဒီလောက်ထိ အဆက်မပြတ် ရယ်စရာလား။

ကူးအနားမှာရှိသော လိမ်းဆေးဘူးနဲ့ ကောက်ပေါက်ပစ်ရင်း ...

"အဲဒါ ကူးကို လှောင်နေတာလား။ မကြီး တွေ့လား ... ဒီအိမ်မှာ ကိုကိုကအစ ကူးကိုလူရာသွင်းချင်တာ မဟုတ်ဘူး ကလေး, ကလေးဆိုပြီး ချောင်ထိုးထားချင်တာ"

"မဟုတ်ပါဘူး။ တည့်တည့်ပြောနေတာပါ။ အဲဒီငွေတွေကို ရေထဲထည့်လိုက်တာကမှ ပလုံခနဲမြည်ဦးမယ်"

"ကြည့် ... ဒီလောက်ပြောနေတာကို ... ကဲ အဲဒါ ပြောချင်ဦး၊ စချင်ဦး"

ကိုကို့လက်မောင်းကို ကိုက်လည်း ကိုက်၊ ထုပစ်မိသည်။

"ဟာ ... လူမ,လေးမှတ်နေတာ ခွေးလေးပါလား"

"ကူးကို ခွေးလို့ပြောရင် ကိုကို မေလေးတို့ကို စော်ကားတာပဲ"





"ဒါဆို ... အင်း ဒီကောင်မလေးတော့ ဘာမှပြောလို့မ ...အောင် ငါ့ကို ချောင်ပိတ်ပြောတော့တာပဲ။ ဟော့ ဟော့ .. တော်ပြီ ...နော်"

"ကိုကိုပဲ ဘာလို့ ကူးမကြိုက်တာကို ပြောလဲ"

"စတာကို မသိဘူးလား ညီမလေးရယ်။ ကိုကိုတို့ရှာသမျှ ...တွေက ကူးအတွက်ချည်းပါ"

"ဟုတ်ပါဘူးနော်"

ကူးက ကိုကို့ပခုံးကို ခိုတွဲ၍ မူနွဲ့နွဲ့ ပြောလိုက်တော့ –

"မယုံရင် မေကြီးကို မေးကြည့်ပါလား"

"ဒါဆို ကိုကို မိန်းမယူရင် ဘယ်လိုလုပ်မလဲ"

"အဲဒီတော့လည်း ကူးအိမ်မှာ ကပ်နေရမှာပေါ့၊ မဟုတ်ဘူး ...ား"

"ကိုကို"

ကူး ကိုကို့ဘက်လှည့်ထိုင်ကာခေါ်တော့ ကိုကိုက လှည့် ...ကြည့်သည်။

ကူး ကိုကို့လက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ကာ ကြည့် ...င်း –

"ကိုကို့ကို ကူး ပြောစရာရှိတယ်။ တကယ်လို့ ကိုကို ... ...ကို မိန်းမယူရင်လေ ကူးကို အလိုလိုက်မယ့်သူ၊ ကူးကို ညီမလေး ...စ်ယောက်လိုချစ်မယ့်သူကိုပဲ ယူရမယ်နော်"

"ဘာများလဲလို့"

ကိုကိုက ဘာမှ အရေးမကြီးသလိုနဲ့ ပြန်လှည့်သွားသည်၊ မကြီးကတော့ သူမတို့ပြောသမျှကို နားထောင်ရင်း ရယ်စရာရှိလျှင် လိုက်ရယ်၍ ဘယ်ဘက်မှ ဝင်မပါချေ။

"ကူး အကောင်းပြောနေတာနော်။ ကူးမချစ်တဲ့သူကိုယူရင် ကိုကို့ကို အစ်ကိုအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာပစ်မှာ"

သူမ အတည်ပြောမှန်း သဘောပေါက်သွားသော ကိုကိုက သူမပခုံးကို အသာပွေ့ဖက်၍ –

"မဖြစ်သေးတာကို ဘာလို့ စိတ်ပူနေရတာလဲ ညီမလေး ရယ်။ ယောကျ်ားယူရင် ညီမလေးတောင် အရင်ယူရင် ယူဦးမှာ"

"ဟင် . . . ယူပါဘူး။ ကူးအသက်က ငယ်ငယ်လေးပဲရှိသေး တာ။ မကြီးတို့ မလေးတို့ကို လုပ်ကျွေးရဦးမှာ"

"တွေ့လား မကြီး။ စားကောင်း သောက်ကောင်းအောင် ဒီနေ့ ဘာနေ့လဲ။ ရက်စွဲ, နေ့ရက်, အချိန်, နာရီ အတိအကျ မှတ်သား ထားရမယ်။ သာဓု သာဓု . . . နှစ်ခါပဲ ခေါ်ထားမယ်နော်"

ကူး ကော်လံထောင်ပြရင်း –

"ကြည့်ထားပါ ကိုကိုရာ၊ လတန်ရှူးပါ။ အဲဒီချိန်မှာ ဟာခနဲ ဖြစ်သွားမယ်"

"ညည်း သိပ်ကိုစကားတတ်နေ"

"ကူးလေး ဖုန်းလာတယ်၊ သဇင်တဲ့"





ခေါ်ကြီးပုစိန်အသံကြောင့် ကူး ထရပ်ကာ အပြေးလေး

"လာပြီလို့ပြောပေးပါ ခေါ်ကြီး။ မကြီး ခဏလေးနော်"

"သွား သွား"

❋ ❋ ❋

# အခန်း (၇)

ကူး စက်ဘီးကိုတွန်းလာရင်း ကိုကို့ကို လိုက်ရှာနေမိသည်။ ဒီနေ့ ရုံးပိတ်ရက်မို့ ဘယ်မှမသွားတာ ကူးသိတာပေါ့။

ပြောစရာတွေ သိပ်များနေလို့ ကိုကို့ကို ပြောပြချင်နေတာ အိမ်သို့ စက်ဘီးကို ခပ်မြန်မြန်နင်းခဲ့လေသည်။ ခြံထဲ စက်ဘီးကို အရှိန်မသတ်ဘဲ ကွေ့ကာ ဂိုထောင်ထဲမသွင်းနိုင်အားပဲ။

"ကိုကို"

"ကိုကို"

အိမ်ထဲမှ အပြေးထွက်လာသော မေငယ်ကြောင့် –

"မေငယ် ကိုကိုကော"

"ကြည့်ဦး ... ချွေးတွေကလည်း ရွှဲလို့။ ဘာတွေအရေးကြီး





နေတာလဲ ကလေးရဲ့"

ကူး နဖူးမှာစိုနေသောချွေးတွေကို အသာတို့သုတ်၍ မေငယ်ကို ပြုံးပြကာ –

"အရေးကြီးတာပေါ့ မေငယ်ရ။ ကူး ကိုကို့ကို ပြောစရာရှိလို့ ကိုကိုရှိလား"

"ရှိပါ့ ... ရှိပါ့"

"ဒါဆို ... ကူး ကိုကို့ဆီ ခဏသွားလိုက်ဦးမယ် မေငယ်။ ထမင်းစားမှ မေငယ်တို့ကို ပြောပြမယ်နော်"

"ကဲ ... သွားပါ"

မေငယ်က နောက်မှပြောပြရကောင်းလားပုံစံနဲ့ ချစ်မျက်စောင်းထိုး၏။

ကူး ရယ်ရင်း အပေါ်ထပ်အပြေးတက်လာခဲ့သည်။

အပေါ်ထပ်မှာက ဘုရားခန်း၊ ကိုကို့အိပ်ခန်း၊ ဘယ်ဘက်ခြမ်းမှာ မေကြီးရယ်၊ ကူးရဲ့အိပ်ခန်းရှိသည်။

မေငယ်တို့ကတော့ အပေါ်တက်လိုက် ဆင်းလိုက် မလုပ်နိုင်ဆိုကာ အောက်ထပ်မှာပဲနေသည်။

ကိုကို့အခန်းရှေ့ရောက်တော့ အသာနားစွင့်ကြည့်သည် ဘာသံမှမကြားရ။

"ကိုကို"

"ဒေါက် ဒေါက်"

နွတ်ကလည်းခေါ်သလို လက်ကလည်း အော်တိုမတ်တစ် တံခါးခေါက်ပြီးသား။

"ကိုကို ... ကျွတ် အရေးကြီးပါတယ်ဆိုမှ"

အခန်းက ဘာလှုပ်ရှားသံမှ မကြားရသဖြင့် တံခါးကို တွန်းဖွင့်ကြည့်သည်။ အထဲမှာ လော့ချထားပုံရသည်။

"ကိုကိုရေ ... ဗျို့ ကိုကိုလအတာရေ၊ ဦးလအတာရေ ... ကပ်စေးနည်းလူပျိုသိုးကြီးရေ ကိုကို"

"တော်ပြီလား"

"အယ်"

မျက်စိမှိတ်၍ ပါးစပ်ထဲမှာရှိသမျှ စကားလုံးတွေထည့်၍ စိတ်ရှိလက်ရှိ အော်နေစဉ် ကိုကို့အသံကြောင့် ကူး မျက်လုံးဖွင့်ကြည့်လိုက်တော့ ...

"ဟော ... ကိုကိုက ရေချိုးနေတာကိုး"

"ဟုတ်တယ်၊ မထူးရင် အလိုက်သိတာမဟုတ်ဘူး"

ကူးက မချိုမချဉ်ပြုံးကာ –

"ဩော် ... မခေါ်လို့ ဘယ်ဖြစ်မလဲကိုကိုရဲ့၊ တော်ကြာ အထဲမှာ ကိုယ့်ကိုယ်ကိုယ် suicide လုပ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"အောင်မာ ... ငါက ဘာကြောင့် ကိုယ့်ကိုယ့်ကိုယ် သတ်သေရမှာလဲ"

ကိုကိုက ခေါသနှင့် တရှူးရှူး တဒိုင်းဒိုင်း ပြောလေသည်။





ကူးက လက်ညှိုးလေးကိုယမ်းကာ ...

"ပြောနိုင်ဘူးလေ၊ လောကမှာ တစ်ယောက်တည်း လူပျိုကြီး ဖြစ်နေရတာမလိုလားလို့ဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"မိန်းမများ အပိုဒုက္ခမခံချင်လို့ ထားစမ်းပါ။ အရေးတကြီး ခေါ်နေတဲ့ကိစ္စက"

"လုပ်ပါ ကိုကို၊ အဝတ်အစား အရင်လဲပါဦး"

အခန်းထဲဝင်၍ ဟိုဒီလှည့်ပတ်ကြည့်မိသည်။ ကိုကို့အခန်းက သူမအတွက် လာစရာအကြောင်း သိပ်မရှိသဖြင့် တစ်လတစ်ခါတောင် မဝင်ဖြစ်ချေ။

ယောက်ျားလေးအခန်းပေမယ့် ပစ္စည်းပစ္စယတွေက သူ့ဟာနဲ့သူ သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း။ ဒါတောင် မေကြီးက ကိုယ့်အခန်း သန့်ရှင်းရေးကိုယ်လုပ်ဖို့ စည်းကမ်းထုတ်ထားသည်။

ကူးတောင် အယူခံများစွာနဲ့ အကြောင်းပြထားသဖြင့် စနေ၊ တနင်္ဂနွေမှာ ရှင်းရတာ။ ကျန်တဲ့ရက်တွေမှာတော့ ဒေါ်ကြီးပုစိန်တို့ မိုင်ယ်တို့ အားရင်အားသလို ဝင်ရှင်းပေးသွားလို့။ ဒါတောင် မနက်ရှင်းလျှင် ညနေဆို ပစ္စည်းတွေက ဟိုရောက် ဒီရောက်။

ကိုကိုက မှန်ရှေ့မှာ အင်္ကျီကြယ်သီးတပ်နေရင်း ကူးကို လှည့်ကြည့် လှည့်ကြည့်နှင့် ဖြစ်နေသည်ကို ကူးသိတာပေါ့။ ကူးကို problem girl လို့ အားလုံး သမုတ်ထားသည်။

"ဟာ ... ဒါကြီးက ဘာကြီးလဲ"

"ဟာ ... ကူး အဲဒါသွားမကိုင်နဲ့"

ကူး ကိုင်မလိုပြင်လိုက်တော့ အရာဝတ္ထုရှေ့ လွှားခနဲ အော်တိုမတ်တစ်ရောက်လာကာ ကိုကိုက တားဆီးလေသည်။ ပြီး ထိုအရာဝတ္ထုနဲ့ ကူးရှေ့ကြားမှာ ရပ်လိုက်သည်။

မကိုင်နဲ့ဆိုမှ ကိုင်ချင်သော လူ့သဘာဝအတိုင်း ကူး ကိုကို ကျော်၍ နောက်ဘက်မှာ အရာဝတ္ထုကို ကျော်၍ ကြည့်သည်။

ထိုအရာက ကတ္တီပါအနက်ရောင်နှင့် အုပ်ထားသော ပြားပြား ရှည်ရှည်ကြီး။ ကူး ခြေဖျားအနည်းငယ်ထောက်ပြီး ကြည့်ပေမယ့် မမြင်ရချေ။

"အဲဒါ ... ဘာလဲ ကိုကို"

"ဘာမှမဟုတ်ဘူး။ ကဲ ... ဘာပြောမှာလဲ"

ကိုကိုက သူမရဲ့ပခုံးကို ဆွဲကိုင်ကာ ထိုအရာဝတ္ထုရှေ့ စားပွဲဆီသို့ ခေါ်လာကာ ထိုင်စေသည်။

ဒီလောက်ထိ ဖြစ်နေရအောင် ဘာမို့လိုလဲ။ ရအောင်ကြည့် ပြမယ်။ ကူး မလုပ်နိုင်တဲ့အရာ ဘာမှမရှိပါဘူးဟု စိတ်ထဲမှာ တေးမှတ် ထားကာ –

"ဟုတ်တယ် ... ပြောစရာရှိလို့ မေ့တော့မှာပဲ။ ကူး ကျောင်းနောက်တစ်ပတ်ကျရင် ဖွင့်တော့မယ်"

ကိုကိုက ဘာမှ မထူးဆန်းသလိုပုံစံနဲ့ ပခုံးတွန့်သည်။ ပြီး နောက် စားပွဲပေါ်မှာ စာအုပ်တွေထပ်ရင်း –





"အဲဒါ ဆန်းလား။ ကျောင်းသူက ကျောင်းတက်ရမှာ သဘာဝပဲ"

"ဆန်းတာပေါ့၊ ကူးအိမ်မှာ ဒီလောက်ပျင်းနေတာကို မေလေးက ခရီးထွက်တာတောင် အေးဆေးမထွက်ဘူး။ ကူးကို ဟို မသွားနဲ့ ဒီမလာနဲ့ တားနေတာ"

ကိုကိုက ကူးရဲ့နဖူးကို လက်သီးနဲ့မနာအောင်ထုပြီး –

"ဒါတောင် မထွက်ဘဲ တကယ်နေလို့လား။ ဒီနှစ် နောက် သုံးနှစ်နေ၊ ပေါ့မနေနဲ့။ ကျောင်းတက်ရလို့လည်း လည်ရမယ်မထင် နဲ့"

ကူး နှာခေါင်းလေးရှုံ့ရင်း ကိုကို့ကိုမော့ကြည့်၍ –

"ကိုကိုကလည်း ကူး ဖိုင်နယ်ကျောင်းသူဖြစ်နေပြီလေ။ အဲဒီ လောက် မချုပ်ချယ်ပါနဲ့"

"ဘာချုပ်ချယ်တာလဲ။ မေလေးကြားရင် ဘယ်လောက် ဒေါသဖြစ်နေမလဲ။ အဲဒီလိုပြောစရာလား။ မေယ်တို့ ဘယ်လောက် အလိုလိုက်ထားသလဲ မဆိုးချင်နဲ့"

"အလိုမလိုက်ပါဘူး။ ကိုကိုကျတော့ ကိုယ်တိုင် ကားမောင်း ပြီး သွားရတယ်။ ကူးကိုဆို ပို့ကြိုတာကအစ အတိအကျ"

"မိန်းကလေးတစ်ယောက်တည်း နေရာတကာ သွားလို့ တင့်တယ်တယ်များ မှတ်နေသလား"

"အလကား အပိုတွေ"

ကူး ကိုကို့လက်ကို တွန်းဖယ်ကာ မတ်တတ်ထရပ်တော့ ကိုကိုက ခေါင်းငိုက်စိုက်ကျရသည်။

မျက်စိက ကိုကိုမကြည့်နဲ့ဆိုသောအရာကို ပြင်းပြစွာ ကြည့်ချင်မိ၍ လုစ်ခနဲ ပြေးသွားမိသည်။ ကိုကို လှည့်ကြည့်တားပေမယ့် မမီတော့ချေ။

"ကူး"

"ဟယ်"

ကူး မျက်တောင်ပင်မခတ်မိတော့ချေ။

အရမ်းကို အသက်ဝင်လှသောပန်းချီကားတစ်ချပ်သည် ကူး အရပ်ခန့်ပင်ရှိသည်။

ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားသော ရှည်လျားသော ဆံနွယ်ကို ထုံး၍ ရှေ့ကိုချထားသည်။ မျက်နှာသည် အသဲပုံကဲ့သို့ မေးအနည်ငယ် ချွန်၍ ကကြီးပုံနဖူးနဲ့ မျက်နှာလေးသည် အေးချမ်းသည့် အငွေ့သန်းနေသည်။

ပြီးတော့ ဖက်ဖူးရောင်ဝတ်စုံသည် သူမ၏အသားရောင်ကို ပို၍ လင်းလက်သွားစေသည်။ အပြုံးသည် အသက်ဝင်လှသည်။ ကူး ကိုကို့ကို လှည့်မကြည့်ဖြစ်ဘဲ –

"ကိုကို . . . သူ တကယ်ပဲ အပြင်မှာရှိတယ်လား"

"အင်း"

ကိုကိုက ကူးကို စိတ်ပျက်လက်ပျက်နဲ့ကြည့်ကာ –





"ကိုကိုမကြည့်နဲ့လို့ ပြောထားတာကိုကွာ"

ဟု ညည်းညူကာ ပန်းချီကားကို ကတ္တီပါစအနက်နဲ့ ပြန်ဖုံးကာ လှည့်ထွက်သွားသည်။ သိချင်မှုတွေများနေသဖြင့် –

"ကိုကို"

"– – – –"

"ကိုကိုလို့"

"ဘာလဲ"

စိတ်မရှည်သလို ထူးနေတာကို ခါတိုင်းလိုစိတ်နဲ့ဆိုရင် စိတ်ထိမိမှာ မုန်ပေမယ့်

"အဲ အဲဒါ ကိုကိုရဲ့"

ကိုကို့ခြေလှမ်းတွေ တန့်သွားကာ ခေါင်းယမ်းသည်။

"ဒါဆို . . . ဘယ်လိုဖြစ်ပြီး ကိုကို့ဆီရောက်နေရတာလဲ။ ဒီလိုမျိုးကားတွေ ဘယ်မှာရောင်းလို့လဲ။ တစ်စုံတစ်ယောက်က ဒီပိုင်ရှင်ကို မော်ဒယ်ထိုင်ခိုင်းပြီး အလှဆွဲတာပဲနေမှာ ဟုတ်လား"

"အဲဒါ ဝင်းရွှေဆွဲပြီး သူ့ဆိုင်မှာ တင်ထားတာ"

ဝင်းရွှေဆိုတာ ကိုကို့သူငယ်ချင်း ပန်းချီဆရာဒီဇိုင်းနာ ဖြစ်သည်။ ကူးအတွက်တောင် ကြောင်ကလေးခုန်နေပုံ ဆွဲပေးဖူးသည်။

"သူ ဘယ်သူလဲဆိုတာ ကိုကိုမသိဘူး။ ဝင်းရွှေတော့ သိချင်သိမှာပေါ့။ အသက်ဝင်လွန်းလို့ ဝယ်ခဲ့တာ။ ဒါပေမဲ့ . . . ဝင်းရွှေက ဒီမိန်းကလေးကို မော်ဒယ်ထိုင်ခိုင်းပြီး ဆွဲထားတာတဲ့"

"ကိုကို မိတ်ဆက်လိုက်ပါလား"

"အပိုတွေ ... မခင်ချင်ပါဘူး။ အလကား ဖွန်ကြောင်လို့ ထင်ခံရမှာ"

"ဘယ်လိုကြီးလဲ"

ကူး မေးတာမဖြေဘဲ ကိုကိုက အပြင်ထွက်သွားသည်။ ကူး တစ်ယောက်တည်းသာ ကြောင်တောင်တောင်နှင့်။

* * *



## အခန်း (၈)

အိပ်ခန်းထဲ ဟိုထိပ် ဒီထိပ်လျှောက်နေသည်မှာ ဘယ်လောက်ပင်ကြာလဲမသိ။ ခေါင်းကမူးလာသည်။ ဘာအကြံဉာဏ်မှ ထွက်မလာချေ။

အိမ်မှာ ကိုကိုလည်းမရှိ၊ မေမေ့ကိုသွားကြိုသည်။ မေလေး ...းနေ့ပြန်လာမည်တဲ့။

ပြတင်းပေါက်ကနေ အောက်ဘက်လှမ်းကြည့်တော့ လူတစ် ... တစ်ယောက်ရဲ့ အရိပ်အယောင်မှ မတွေ့ရ။

မှန်ရှေ့ပြန်ပြေး၍ ဆံပင်ရှည်နှစ်ဖက်ကို ဘီးနဲ့သပ်၍ အဝတ် ...လဲလိုက်သည်။ ပြီးနောက် တံခါးကို အသာဟ၍ ခြေလှမ်းတွေကို ...လေးလှမ်းသည်။

မေကြီး အခန်းရှေ့ရောက်တော့ အသာနားစွင့်ကြည့်မိသည်။

အိုကေ။ မီးဖိုချောင်ထဲမှာ ကြော်လှော်နေသံကို ကြားရသည်။ အသံမထွက်အောင် ခုန့်၍ ဂိုထောင်ဘက်ပြေးလာခဲ့သည်။

သော့ခပ်ထားသော ပြိုင်ဘီးအဝါလေးကို တယုတယပွတ်၍ သော့ဖွင့်ကာ တွန်းထွက်လာခဲ့သည်။

ပန်းပင်တွေနှင့်ပုန်းကာ၊ ကွယ်ကာ ထွက်၍ ခြံပြင်ကို ရောက်မှ . . .

"လွတ်ပြီ ။။။ဟား ဟား"

ပြန်လာလျှင် ဆူခံရမည်ကို ကြိမ်းသေသိနေသော်လည်း ကူ အပြုံးမပျက်ချေ။

နောင်ခါလာ နောင်ခါရေး။

လေလေး မတောက်တစ်ခေါက်ချွန်ရင်း စက်ဘီးကို အသာ လိုမ့်နင်းလိုက်သည်။

ပတ်ဝန်းကျင်က တိတ်ဆိတ်၊ လေလေးက တဖြူးဖြူးနဲ့ ရင်ထဲမှာ ပျော်သလိုလို။ ဒီလို လွတ်လွတ်လပ်လပ်သွားချင်ပေမယ့် ကိုကိုမပါဘဲ ကူးတစ်ယောက်တည်း ဘယ်မှသွားခွင့်မရ။

ဒါတောင် အခုတလော မေမေ မိုးကုတ်ဆင်းနေလို့။ ထို့အတွက် ကူးမှာ့ အိမ်မကပ်စမ်း လည်ခွင့်ရသည်။

ဒါပေမဲ့ အချိန်တန်နေစောင်းပြီဆိုလျှင် ကူး ဘယ်သူငယ်ချင်း ဆီရောက်ရောက် ကိုကို တွေ့အောင်လာခေါ်နိုင်သည်။





တစ်ခါတစ်ရံ ကိုကို့ကို သနားမိသည်။ သူမ ညှဉ်းဆဲသမျှ ခံနေရသည်လေ။

စက်ဘီးလေးကို အာရုံစိုက်၍ နင်းလာစဉ် –

"ဟိတ်"

"ရှတ် ရှတ်"

"ဟိတ်"

တရှတ်ရှတ်နဲ့ အနောက်ဘက်က ပြေးလိုက်လာသော အသံကြောင့် စက်ဘီးအရှိန်ကိုလျော့ပြီး နောက်သို့ ဖျတ်ခနဲလှည့်ကြည့်ပေမယ့် ကူးနဲ့သိသော သူတစ်ယောက်မှ မတွေ့ရ။

ရှေ့သို့ ပြန်လှည့်လိုက်တော့ –

"ဟာ . . . ကျွန်တော်ခေါ်တာ ဟို ဟိတ် အစ်မကြီး"

အစ်မကြီးတဲ့။ ခွေးနာတွေက။

စက်ဘီးပေါ်မှ ခုန်ဆင်း၍ ဒေါက်ထောက်ကာ အနောက်ဘက်သို့လှည့်ပြီး ခါးထောက်ပစ်လိုက်သည်။

"ဟာ . . . ရန်တွေ့တော့မယ်ထင်တယ်"

"ဘာ . . . အစ်မကြီးလဲ၊ ဦးလေးကြီးတွေရဲ့"

ဒီအနီးတစ်ဝိုက်ဟာ လူနေအိမ်တွေရှိပေမယ့် တိတ်ဆိတ်သည်။ တစ်နေရာနဲ့တစ်နေရာ၊ တစ်အိမ်နဲ့တစ်အိမ် လှမ်းခေါ်ဖို့လည်း ဝေးသွယ်။

ကူးတို့နဲ့ မတိမ်းမယိမ်းအရွယ် စတိုင်လ်မိမိနဲ့ ကောင်လေး

(၂) ယောက်။ တစ်ယောက်က နောက် အနည်းငယ်ချန်ရပ်၍ ကျန်ရစ်ခဲ့သလို နောက်တစ်ယောက်က ကူးရှေ့၌ လာရပ်သည်။

ထိုတစ်ယောက်ပုံစံက အရပ်ကလန်ကလားနဲ့ အသားကဖြူဆွတ်ဆွတ်၊ ဆံပင်က ဝါကျင်ကျင်။

ကိုရီးယားကားထဲက F4 မင်းသား ဂျီဟိုနဲ့ ရုပ်ဆင်သည်။ ဂျီဟိုက အရပ်ပုပြီး သူက အရပ်ရှည်တာ တစ်ခုပဲ။

ကူးဘေးနားမှာ ဘောင်းဘီအိတ်ကပ်ထဲ လက်ထည့်၍ ငြိမ်ငြိမ်လေးရပ်နေပုံက မော်ဒယ်ဘွိုင်းတစ်ယောက်လို ကြည့်ကောင်းလှသည်။

ကူးဘဝ၌ ကြည့်ကောင်းယောကျ်ားအဖြစ် သတ်မှတ်ခြင်းသည် ပထမဆုံးပင်။ ကူး ထိုလူအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး မျက်နှာကို မော့ပစ်ကာ –

"ဒီက ကိုခေါ်တာလား ဘာကိစ္စလဲ"

"ဟုတ်ပါတယ် ... မေးစရာရှိလို့ပါ။ ဒီလိပ်စာရှင်က မကြာခင်ကမှ ပြောင်းလာတာလေ။ အဲဒါ ဘယ်နားမှာလဲမသိဘူး။ ကျွန်တော်တို့လည်း ယောင်လည်လည်ဖြစ်နေလို့"

ကူး မျက်မှောင်ကုတ်ကြည့်ကာ သူ ကမ်းပေးသောစာရွက်ကို ငုံ့ကြည့်မိသည်။

ကူးတို့နဲ့တစ်လမ်းကျော် စကားဝါလမ်း။ ကူးကို ငေးကြည့်နေသော လူ (၂) ယောက်ကို လှည့်ကြည့်ကာ –





"ဒီလိပ်စာအတိုင်းဆို ရှေ့ဘက်လမ်းကနေဝင်သွားပြီးတော့ (၁) အိမ်မြောက်၊ (၂) ထပ်တိုက်အဖြူရောင်နဲ့ သံတံခါးအပြာရောင်၊ အဲဒီအိမ်ပဲ"

"ဟုတ်လား ... ကျွန်တော်တို့ အဲဒီဘက်ရောက်ခဲ့သေးတယ်။ ဒါဆို ပြန်သွားကြည့်လိုက်ဦးမယ်၊ ကျေးဇူးပဲနော်"

"ရပါတယ်"

ကူး ထိုမျှသာပြော၍ စက်ဘီးပေါ်တက်ကာ မြန်မြန်နင်းရတော့သည်။

"ဒီက အိမ်က လစ်ထွက်ခဲ့ပါတယ်ဆိုခါမှ"

"ကျီ"

"အမယ်လေး"

ကူး စက်ဘီးရှေ့မှာလာရပ်သောကားကြောင့် စိတ်တိုသွားကာ မော့ကြည့်ပစ်လိုက်တော့ –

"မေလေး"

မေမေက ကားပေါ်က ဆင်းလာသည်။ ပြီးတော့ ဒေါသဖြစ်နေမှန်းလည်း သိသာသည်။

ကားပေါ်လှမ်းကြည့်မိတော့ ပြုံးစိစိနဲ့ ဖြစ်နေသော ကိုကို။ ကူး နှုတ်ခမ်းလေး မသိမသာ စူသွားရင်း ခေါင်းငုံ့မိသည်။

မေမေက ကူးရှိရာသို့ လျှောက်လာပြီး –

"အဲဒါ ဘယ်သွားမလို့လဲ လတန်ခူး ... မေမေ မနေ့က

ဖုန်းဆက်ထားတာ မေ့သွားပြီလား''

မေမေ ဒေါသဖြစ်နေသဖြင့် ကူး ပျက်ချော်ချော်မလုပ်ရဲချေ

ခေါင်းငုံ့နေရင်း ...

''မမေ့ပါဘူး။ ဟို ... အခု သဇင်က ဖုန်းဆက်ထားလို့ ခဏသွားမယ်နော်''

''မသွားရဘူး။ မေမေ ပြန်လာတာ မတွေ့ဘူးလား။ ပြန်''

''မေမေ''

လှည့်ထွက်သွားသော မေလေးကို မရဲတရဲခေါ်မိတော့ မေမေက လှည့်မကြည့်ဘဲ –

''လတန်ရူး ... မေမေ နှစ်ခါမပြောချင်ဘူးနော်''

မောင်းထွက်သွားသော ကားလေးကိုကြည့်ပြီး ကူး ငိုချင် သွားသည်။ မေလေးရယ် ... သမီးလေးတစ်ယောက်တည်းရှိတာ။

တစ်ခါမှ ငိုကြွေးခြင်းမရှိခဲ့ဖူးပေမယ့် ကူး မျက်ရည်ဝဲလာ သည်။ အသွားနဲ့အပြန် တခြားစီဖြစ်ကာ ကူး စက်ဘီးကို အားမပါစွာ တွန်းလာသည်။

ကိုကို့ကိုလည်း မုန်းမိသည်။ ကူးဘက်လိုက်ပြီး တစ်ခု ပြောပေးပါတော့လား။ ဘာမှမပြောဘဲ သူက ရယ်နေသည်။ အဲ ကူးကိုလှောင်တာ။

***



## အခန်း (၉)

''ကူးလေး ... ထမင်းစားရအောင်''

စောင်ခေါင်းမြီးခြုံထားရာမှ ကူး ဒေါ်ကြီးပုစိန်အသံကြောင့် လှည့်ကြည့်မလိုဖြစ်သွားသည်။ ပြီးမှ –

''မစားဘူး''

''ကလေး ... ဒီမှာ ယူစားမလား''

''မစားဘူး''

''ဒီနေ့ ကလေးအကြိုက် ကတ်ကြေးကိုက်လုပ်ထားတယ်။ ဒေါ်ကြီး ယူလာခဲ့ရမလား''

''မစားဘူး။ သွား ... မလာနဲ့။ ဘယ်တော့မှမစားဘူး''

ပြန်ထွက်သွားသံကိုကြားရတော့ တွေးရင်းတွေးရင်း

တလိုက်လိုက်ဖြစ်ကာ ငိုချင်လာသည်။ တကယ်ပင် အသံထွက်အောင် ငိုမိတော့သည်။

ကူးအပြစ်က အဲဒီလောက်ထိ ကြီးလို့လား။

သဇင်ဆီသွားလည်ဖို့ကြံမိတာ ရည်းစားနဲ့ချိန်းဖို့ သွားတာမှ မဟုတ်ပဲ။

ညနေက မေမေ ကူးအခန်းထဲလိုက်လာပြီး ဆူသည်၊ မျက်နှာကလည်း တင်းမာလို့။

"သမီး နေပုံထိုင်ပုံတွေကို မေမေ လုံးဝသဘောမကျဘူး သမီး။ ဘာလို့ အဲဒီလောက်ထိ လည်ပတ်ချင်နေရတာလဲ။ အိမ်လည်တယ်ဆိုတာ မိန်းမကောင်းတွေရဲ့အလုပ် မဟုတ်ဘူး။ အိမ်အလုပ်မလုပ်လို့ သမီးကို မေမေ ဘာမှမပြောဘူး။ အိမ်ထဲမှာ သမီးနေချင်သလိုနေတာ မေမေ ဘာပြောလို့လဲ။ လည်တယ်ဆိုတာ တစ်ခါတလေပဲ ကောင်းတာ"

"ကူး အမြဲမသွားပါဘူး"

"တော်စမ်း ... သမီးကို မေမေ ဘာမှမမေးသေးဘူး။ လူကြီးတွေအလိုလိုက်တိုင်း မရောင့်တက်ရဘူး။ မေမေ မပြောချင်လို့ ကြည့်နေတယ် ... မရဘူး။ ကြာလေ ဆိုးလေပဲ ...၊

သားအူတာက မေမေတို့နဲ့ ဘာမှမဆိုင်ဘူး။ ဒါပေမဲ့ ဘယ်အရာကိုမဆို မျက်နှာလွှဲလို့ရတယ်။ ဒါ နိုင်းလိုက်ရင် ဒါ၊ ဘာမှ အထွန့်မတက်ဘူး။ သမီးကတော့ မဟုတ်ဘူး၊ တောင်ဆိုရင်





မြောက်ရောက်တယ်၊ လုပ်သမျှက တလွဲ။ ဘယ်မှာလဲ မိန်းကလေးစရိုက် ...၊

သမီးအရွယ်ကတည်းက အတာ ... သူငယ်ချင်း အပေါင်းအသင်း မမင်ဘူး။ အလုပ်တွေကို စိတ်ဝင်စားရှိနေပြီ။ သမီးကတော့ မေမေ့သမီးဖြစ်နေလျက်နဲ့ ဘာမှ အားမကိုးရဘူး။ ရှေ့လျှောက် သမီးလျှောက်လှမ်းရမယ့်အချိန်တွေ အများကြီးရှိသေးတယ်။ ဒီလိုပုံစံနဲ့ သမီး ဘယ်လိုလုပ်မလဲ။ မေမေကလည်း နေရာတကာမှာ လိုက်မပြောချင်ဘူး။ ဒါပေမဲ့ ... မရဘူး။ အကယ်၍ မေမေသေသွားရင် သမီးကို ဒီလိုပုံစံနဲ့ ဘယ်လိုစိတ်ချထားသွားရမလဲ"

မေမေ အရမ်းရက်စက်တယ်။

ကူးကို သူများနဲ့နှိုင်းရင် အရမ်းနာတယ်ဆိုတာ သိလျက်နဲ့ လာနှိုင်းရက်သည်။

ကူးက တားနေရင် ပိုလုပ်ပြ၊ အရွဲ့တိုက်လိုက်ချင်ပေမယ့် မေမေဖြစ်နေလို့ ကူး ငြိမ်နေရတာ၊ သက်သာတယ်များ မှတ်နေလား။ ကူး အရမ်းခံစားရသည်။

သူမ စောင်ကိုခွာကာ အိပ်ရာထဲမှ ထထိုင်ပစ်လိုက်သည်။ အောက်ထပ်မှ စကားပြောသံနဲ့ တီဗီသံကို ကြားနေရသည်။

ဗိုက်ထဲက အသံစုံအောင် မြည်ကာ စစ်ပွဲဖြစ်နေသည်။ ဗိုက်ဆာလျှင် မည်သို့မျှ အိပ်မပျော်တတ်ခြင်းကြောင့် အိပ်ရာပေါ်က ဆင်းလိုက်သည်။

အိပ်ခန်းထဲက ရေခဲသေတ္တာအသေးလေးကို ဖွင့်သည်။

အစားနဲ့ပါးစပ် မပြတ်နေရမှာ ကျေနပ်သူမို့ ကိုယ့်အကြောင်း ကိုယ်သိ၍ မုန့်တွေ၊ စားစရာတွေစုံအောင် ထည့်ထားသည့် ရေခဲသေတ္တာထဲ ငုံ့ကြည့်မိတော့ –

"ဟင်"

ပန်းသီးတစ်လုံးနဲ့ ကွတ်ကီးတစ်ထုပ်သာ ကူးကို လှောင်ပြောင်ရယ်မောပြနေသည်။

ဗိုက်ဆာနေပေမယ့် မေမေ့ကို ဆန္ဒပြနေသူမို့ ထိုပန်းသီးနဲ့ ကွတ်ကီးကိုသာ စားလိုက်ရသည်။ အာမနပ် လျှာမနပ်စားပြီး အိပ်ပစ်လိုက်သည်။ ခဏလေးနဲ့ ကူး အိပ်ပျော်သွားသည်။

အိပ်မက်ထဲထိ ကူးကို မေမေဆူနေသည်။ မေမေ့ ထွက်သွားမှ ကူး ရှိုက်ကြီးတငင် ငိုချလိုက်တော့ –

"ဟင်"

အိပ်မက်ထဲကနေ အပြင်မှာပါ တကယ်ငိုမိလိုက်သည်။

နာရီကိုမော့ကြည့်မိတော့ (၁) နာရီထိုးတော့မည်။ ဗိုက်ဆာသည့်ကိစ္စက တော်တော်ဒုက္ခပေးနေသည်။ မှောက်နေလို့မရ၊ စောင်းနေလို့မရနဲ့။ ပြီးတော့ မီးမဖွင့်ဘဲ အိပ်ပျော်သွားသည့်အတွက် အခန်းက မှောင်မည်းနေသည်။

ကူး စမ်းတဝါးဝါးနဲ့ မီးခလုတ်ကို ဖွင့်လိုက်သည်။ အိပ်ထဲမှာ လှုပ်ရှားနေသူဆိုလို့ ကူးတစ်ယောက်တည်းပဲရှိပြီး မည်သည့်အသံ





သံမှ မကြားရချေ။

အောက်ထပ်ဆင်းလာကာ ထမင်းစားခန်းထဲဝင်၏။ စားပွဲပေါ်မှာ မှောက်ထားသော ဟင်းပန်းကန်တွေကို လှပ်ကြည့်၍ နှာခေါင်းရှုံ့မိသည်။

ပန်းကန်လုံးထဲ ready made coffee ကိုဖောက်ထည့်၍ ရေနွေးနှင့်ဖျော်ကာ မုန့်ဘုံးကိုချ၍ စားလိုက်သည်။

မုန့်လေးငါးခုစားပြီး ဗိုက်က အတန်ငယ်ငြိမ်သက်သွားသည်။ ကော်ဖီကို ဇိမ်ခံပြီးသောက်နေတုန်း –

"ဟင် ... ကူးလေး"

ထမင်းစားခန်းထဲဝင်လာသော အရိပ်နဲ့အသံက ကူးကို ည့်နင်သွားစေသည်။

စားလက်စမုန့်နဲ့ကော်ဖီပန်းကန်က ချရခက်၊ ကိုင်ရခက်။ ကိုကိုက ထမင်းစားခန်းထဲကို အံ့ဩတကြီး ဝင်လာသည်။

"မီးရောင်မြင်လို့ ဆင်းလာတာ။ ကူး ဗိုက်ဆာနေလို့လား"

ကူး မကြားချင်ယောင်ဆောင်ကာ မုန့်ပုံးကို ပိတ်လိုက်သည်။ ကော်ဖီပန်းကန်ကို ဘေစင်မှာသွားတင်ပြီး ထမင်းစားခန်းထဲမှ ထွက်လာတော့ –

"ကူး"

"----"

"ကိုကို ဘာလုပ်မိလို့လဲ"

ကိုကိုက သူမနောက်မှ လိုက်လာကာ ပန်းလေးကို ဆွဲလှည့်ခေါ်သည်။ ကိုကို့လက်ကို ပုတ်ချကာ မြန်မြန်လျှောက်ပစ်သည်။

"ကူး . . . အဲဒါ ဘာဖြစ်နေတာလဲကွာ"

သူမ အိမ်ပေါ်မတက်ဖြစ်တော့ဘဲ မီးဖိုမှတစ်ဆင့် ဧည့်ခန်းထဲ ဝင်လာသည်။

"ကိုယ့်အပြစ်ကိုသိလျက်နဲ့ မသိချင်ယောင်ဆောင်မနေနဲ့"

"မဟုတ်တာ . . . ကူး ဘာပြောချင်လဲ၊ ကိုကိုမှမသိတာ"

"ကူးဆူခံရတာ ကိုကို့ကြောင့်"

လအတာ ငေးခနဲဖြစ်သွားသည်။ လတန်ရူးဆိုတာ ထိုသူ ပါတည်း။ ကိုယ့်အပြစ်ကို သူများအပြစ်လုပ်၍ စိတ်ဆိုးတတ်သူ။

"ညီမလေးဆူခံရအောင် လုပ်ပုံမလာ။ သဖင်ဆီသွားလည် မယ်ဆိုတာလည်း ကိုကို လုံးဝမသိဘူး"

"ညာတာ . . . ညာတာ"

ကိုကိုကချော့သလိုပြောလာတော့လည်း ကူး ပို၍ ဝမ်းနည်းကာ ငိုမိသည်။

ကိုကိုက ထိတ်ထိတ်ပျာပျာနဲ့ ကူးအနားကပ်လာကာ။

"ကူး မငိုနဲ့လေ၊ ထားပါတော့ ကိုကိုကြောင့်ဆိုလည်း ကိုကို တောင်းပန်ပါတယ်။ ညီမလေးငိုရင် ကိုကို မနေတတ်လို့ပါ"

ပြောလည်းပြော ကူးမျက်ရည်တွေကိုလည်း သုတ်ပေးသည်။ ကူး ကိုကို့လက်မောင်းကို ဆုပ်ကိုင်၍ မော့ကြည့်ကာ –





"နောက်ဆို မေမေဆူရင် မသိသလိုနေမှာလား"

"မနေတော့ပါဘူး"

"မေမေကလေ ကူးကိုမချစ်တော့ဘူး"

"မဟုတ်တာ ကူးရယ်"

* * *

# အခန်း (၁၀)

"ကူးကူး ... လက်ဖက်ရည်လာသောက်"

လောလောနဲ့ ဖိနပ်စီးနေစဉ် မေမေ့အသံကြောင့် ကူး မော့ကြည့်ပြီး –

"ကျောင်းနောက်ကျနေပြီ မေလေး"

"ကျောင်းက ဘယ်အချိန်တက်တာမို့လဲ"

"(၉း၀၀) နာရီ"

"နောက်မကျဘူး။ အခုမှ (၇း၃၀) ပဲ ရှိသေးတယ် လာခဲ့"

"အွ"

ကူး စိတ်ပျက်လက်ပျက်နဲ့ ရှုံ့မဲ့ကာ ဆံပင်တွေ ယမ်းခါသွားအောင် ခြေဆောင့်မိလိုက်သည်။





"အဲဒါ ဘယ်လိုပုံစံလဲ ... ပြန်ပြင်စမ်း။ နင့်မျက်နှာ ကျောင်းခွင့်လိုက်တာနဲ့ ညည်းကို လွတ်လပ်ရေးပေးလိုက်တယ်လို့ ထင်နေသား"

မျက်နှာစူပုပ်ပုပ်နဲ့ ခေါင်းငုံ့ကာ ဖိနပ်ကို ဖြစ်သလိုချွတ်ကာ အိမ်ထဲပြန်ဝင်လာရသည်။

ထိုင်ခုံမှာ မထိုင်ဘဲ မုန့်ချပ်တစ်ချပ်ကို တစ်ခါတည်း ချိုးခေါက်၍ ပါးစပ်ထဲ ပလုတ်ပလောင်းသွင်းကာ အတင်းမျိုချပြီး ကော်ဖီသောက်လိုက်တော့ –

"အား ... ပူလိုက်တာ"

ခွက်ကို ဆောင့်ချလိုက်သလိုဖြစ်ကာ ကော်ဖီတွေ အပြင်ဘက်သို့ လွင့်စဉ်ကုန်သည်။

ပါးစပ်ကို ယက်ခပ်သလိုလုပ်၍ တစ်ရှူးနဲ့နှုတ်ခမ်းတစ်ဝိုက် သုတ်ပစ်တော့ မေလေးက မျက်မှောင်ကုတ်ကြည့်သည်။

ကိုကိုက ထလာပြီး –

"ပူပြီ မဟုတ်လား။ ဖြည်းဖြည်းသောက်ပေါ့၊ လုသောက်မယ့်သူလည်း ရှိတာမဟုတ်ဘူး"

ကူး ဘာမှ ရန်မတွေ့အားဘဲ ပေါင်မုန့်တစ်ချပ်ကို ယူပြီး စားကာ လက်ဆေး၊ ပါးစပ်သုတ်လိုက်သည်။

"လတန်ရူး ... ငါ ကြည့်မရတော့ဘူးနော်"

"ရင်ရင် ကလေးကိုပဲ ဘာလို့ဆူနေတာလဲ။ နင့်ကြည့်ရတာ

ဟိုကပြန်လာကတည်းက ဘာမှန်းကိုမသိဘူး။ ဘယ်သူနဲ့မှ ပြေလည်တယ်ကို မရှိဘူး''

''ဟုတ်တယ် ရင်ရင်၊ နင် ဘာတွေဖြစ်နေတာလဲ။ ကူးကူး အရင်ကတည်းက ဒီလိုနေလာတာ၊ အခုမှ ဘာကြောင့် မျက်စိစပါး မွေးဆူးနေရတာလဲ''

''ခင်ခင်နဲ့မကြီး၊ ခဏနေကြဦး မကြီးတို့ သူ့ရှေ့က ကာဆီး ကာဆီး လုပ်နေလို့ ဒီကောင်မလေး အချိုးမပြေတာ။ ပြောမရ ဆိုမရနဲ့ ထောင့်ကိုမကျိုးဘူး။ နေဦး ... ဒီနှစ်ပြီးရင် ငါကိုယ်တိုင် သူ့ကို ချုပ်မှဖြစ်တော့မယ်''

ဒေါ်တင်တင်နဲ့ဒေါ်ခင်ခင် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ သက်ပြင်းချမိတော့သည်။ ကူး ဖိနပ်ပြန်ဝတ်ကာ ကားပေါ် တက်ထိုင်တော့ ကိုကို့ခမျာ အင်္ကျီကိုပင် ကောင်းစွာမဝတ်နိုင်ဘဲ ပြေးလာရသည်။ ကားပေါ်ရောက်ခါမှ ...

''ဟူး ... မလွယ်ပါလား ဒေါ်ကူးကူးရေ''

လက်တစ်ဖက်က ကားကိုထိန်းမောင်း၍ ကျန်လက်တစ်ဖက် နဲ့ ချွေးသုတ်သည်။

''ကူးတို့က (၈း၀၀) နာရီအတိ ချိန်းထားတာ ကိုကို ရေ လမ်းမှာ မီးပွိုင့်မိတာနဲ့ ဘာနဲ့ နောက်ကျဦးမှာလေ''

''ညည်းတို့က ကျောင်းမှာ မတွေ့တော့မယ့်သူတွေ ကျနေ တာပဲ''





''ဒါတော့ ... ဒါပေါ့၊ ကူးတို့ခေတ်နဲ့ ကိုကိုတို့ခေတ်က တခြား း၊ ကိုကိုတို့က အိမ်ကထွက် ကျောင်းတန်းသွား။ စာသင် ပြန်လာ။ ဒီလို စာအုပ်ကြီးအတိုင်းနေတာ ကူးတို့ကျတော့ အဲဒီလို မနေနိုင်ပေါင်။ ုပ်သဖို့အတွက် စက်ရုပ်မဟုတ်လေတော့ အနားပေးရမယ်။ အပန်း ဖြေရမယ်။ နည်းနည်းပါးပါး ဆိုးကြည့်မယ်။ ကိုကို့လို ဒီကလေး တော်လိုက်တာလို့ အပြောမခံရလည်းနေပါ''

''အောင်မယ် ... ညည်းက ကျုပ်ကိုတောင် ခလုတ်လာတိုက် နေသေး။ ကျုပ်နဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့၊ မေလေးက ဆူစရာရှိတိုင်း ကူးကို ကိုကိုနဲ့ နှိုင်းပြီး ဆူတယ်။ ကိုကို လိမ္မာသမျှ ကူး ဆူခံရဖို့ချည်းပဲ။ တစ်ခါတလေ ုငယ်ဆန်ဆန် နေစမ်းပါ ကိုကိုရာ။ ကိုကို့ကိုကြည့်ရတာ မွမ်းကျပ် ွန်းလို့။ တစ်နေ့တစ်နေ့ အလုပ်နဲ့အိမ်၊ အိမ်နဲ့အလုပ်''

''ဟုတ်ပါ့ ... ငါ့အပြစ်ကိုး''

စကားစပြတ်သွားကာ ကူး နာရီကိုငုံ့ကြည့်မိသည်။ ပြီးတော့ ကိုကို့ဘက် လှည့်ကြည့်၍ လွယ်အိတ်ထဲထည့်ယူလာသော ကွတ်ကီး နဲ့ထုပ်ကို ဖောက်သည်။

''နင့်လောက် အစားနဲ့ပါးစပ် ပြတ်တယ်ဆိုတာမရှိဘူး။ လူက ည်း ထွားလာတယ်လို့လည်း မရှိဘူး''

''ဘာလဲ မနာလိုဖြစ်နေလား။ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပါ''

''ဟုတ်ပါတယ်၊ ဒါကို အိမ်မှာကျတော့ ဗိုက်ပဲမဆာလို့

မစားဘဲကျောင်းသွားသလိုလိုနဲ့''

''အစားမစားဘဲနေတဲ့ထုံးစံ ကူးမှာ မရှိပါဘူး''

ကိုကိုက ယောက်ျားတန်မဲ့ ကူးကို မျက်စောင်းထိုးကြည့်သည်။

ကူး ပါးစပ်တွေ၊ လက်တွေကို တစ်ရှူးနဲ့သုတ်ကာ ရေသောက်နေစဉ် –

''တီ တီ''

သံစုံမြည်လာသော ဖုန်းကို ကောက်ကိုင်လိုက်သော ကိုကိုက ...

''အထောက်တော်တွေ ပျော်နေပြီထင်တယ်''

ကူး ရယ်၍ –

''ဟုတ်တယ် ... ဟုတ်တယ်''

''ဘာတွေဟုတ်နေတာလဲ ယောင်းမ''

''အမယ်လေး''

စပီကာဖွင့်ထားသဖြင့် ဟိုဘက်ကပြောသမျှကို အတိုင်းသားကြားရသည်။

ယောင်းမဆိုသောအသံကြောင့် ကူး ကိုကို့ကို ငရှည့်ပြီးပြီးကာ စပီကာပိတ်၍ –

''ပြော''

''ခုထက်ထိ ထွက်မလာသေးဘူးလား။ ဒီမှာ ငါတို့





သစ်ကုလားအုတ်တွေဖြစ်နေပြီ''

''ဟုတ်လား ... ဒါဆို တရုတ်ပြည်က ဂရိတ်ဝေါကို ကြည့်သို့ရပြီပေါ့''

''အစုတ်ပဲ့မ ... အခု ဘယ်ရောက်နေပြီလဲ''

''ကျောင်းထဲမှာ ... ဟေ့''

စွယ်တော်ပင်အောက်မှာ ထိုင်နေကြသော သဇင်တို့က ကူးတို့ကားကိုမြင်သည်နှင့် ထွက်လာသည်။ ကူး ကားပေါ်ကဆင်းတော့ ...

''အတန်းတွေလစ်ပြီး လျှောက်မလည်နဲ့နော် ကူး။ ကိုကို ညနေ လာကြိုမယ်''

''အင်းပါ''

ကိုကိုက ကားကို ကွေ့နေစဉ် သဇင်မက ပြောင်ချော်ချော်နဲ့ အသံညောင်နာနာလုပ်ကာ –

''ကိုကို ကားဖြည်းဖြည်းမောင်းနော်'' တဲ့။

တစ်ဖွဲ့လုံး တအုန်းအုန်းရယ်ကြသည်။ ကူးက သဇင့်ပခုံးကို တော်ခနဲရိုက်ကာ –

''တော်တော်အူမြူးနေ''

''မြူးတာပေါ့။ ကိုကိုနဲ့မတွေ့ရတာ ဘယ်လောက်တောင်ကြာပြီလဲ။ ငါ့မှာ အိပ်မပျော် စားမဝင်ဖြစ်နေတာကြာပြီ။ သွေးပေါင်ချိန်တွေကျလို့''

"ဟဲ့ ဟဲ့ မိန်းမ ... ရိုးရဲ့လား။ နှလုံးရောဂါရနေတာ ဖြစ်မယ်။ ငါတို့လမ်းထိပ်မှာ နှလုံးရောဂါအထူးကုသည်ဆိုတဲ့ ဒေါက်တာ တစ်ယောက်ရှိလေရဲ့၊ ဘယ့်နှယ်လဲ ပြကြည့်မလား"

"ကောင်မစုတ်"

သဇင်နဲ့နွယ်ဝေ ပြောနေသမျှကို နားမလည်သဖြင့် –

"ဘာလဲ သဇင်မ၊ နွယ်ဝေ ဘာပြောတာလဲ။ အဲဒီ ဒေါက်တာဆိုတာ အသစ်လား။ အရင်တုန်းက သူတို့လမ်းထိပ်မှာ ဘာဆေးခန်းမှ မရှိပါဘူး"

"ဘယ်ရှိမလဲ၊ မိန်းကလေးမြင်တိုင်း ဟဲ ဟဲ ဖြစ်နေတဲ့အရူးကို ပြောနေတာလေ။ ကောင်မစုတ်က"

"ဩော် ဟော ... ဒီလိုတွေတောင်ဖြစ်နေပြီလား နွယ်ဝေရေ။ စောစောကတည်းက ပြောပါတော့လား။ ငါ့မှာ ကိုကိုနဲ့ကိုစ္စအတွက် စဉ်းစားသင့်ရင် စဉ်းစားရအောင်လို့"

သဇင်က ရှုပုတ်ပုတ်ဖြစ်သွားကာ တိုးတိုးဝေနဲ့ နွယ်ဝေတို့က ရယ်လေသည်။ ကူးက တိုးဝေလက်ကိုဆွဲကာ –

"တိုး ... နင့်မှာ ဂတ်ဂတ်ကြီးရှိနေပြီဆို"

"ဟမ်"

မိတို့ မျက်နှာရဲခနဲဖြစ်သွားကာ ကူးကို ဆွဲဆိတ်သည်။ ဘာမှမသိရသေးသော သတင်းအတွက် တအံ့တသြဖြစ်လျက်။

သဇင်က အသားညိုသော မိတိုးမျက်နှာကို လက်ညှိုးနဲ့





ထိုး၍ –

"တိုး ကြည့်စမ်း ... နင့်မျက်နှာ မည်းတက်လာပြီ"

"သဇင် အစုတ်ပဲ့မ။ ငါ့ကိုဆို ဖဲ့ဖို့ ရွဲ့ဖို့ပဲသိတယ်။ နင်နော် ... နင်"

"ဟိတ် ... ဒီလို သတင်းအမှောင်ချလိုက်လို့ ဘယ်ဖြစ်မလဲ၊ ပြောပြော"

နွယ်ဝေက (၄) ယောက်ထဲမှာ သူတစ်ယောက်သာ မသိရသေးသဖြင့် အစာမကြေဖြစ်ကာ မရမက အပြင်းထန်ဆုံး မေးလေသည်။

ကူးနဲ့သဇင်ကလည်း ရိုးတိုးရိပ်တိတ်သာသိထားရသဖြင့် အလားတူသဘောနဲ့ ကြည့်နေတော့ တိုးမျက်နှာလေးငယ်သွားပြီး–

"ပြောပြပါ့မယ်ဟယ်၊ မပြောလို့လည်း ဖြစ်မှမဖြစ်တာ။ နင်တို့ အကူအညီ ငါ့အတွက် အရမ်းလိုအပ်နေတာ"

"ဟင်"

"ဘာလို့"

"ကဲ ကဲ ... ဒီမှာ ပြောရတာမကောင်းဘူး။ ကန်တင်းထဲရောက်တော့ ပြော။ ကူညီသင့်၊ မကူညီသင့် ဆုံးဖြတ်မယ်"

သဇင်က ဆရာကြီးလေသံနဲ့ ပြောကာ ကန်တင်းဆီသို့ ချီတက်လေသည်။

❋ ❋ ❋

# အခန်း (၁၁)

"နင်တို့ ငါ့ကို တစ်ခုခု မကူညီနိုင်ကြဘူးလားဟာ"

တိုးရဲ့မျက်နှာလေးကို သနားမိပေမယ့် ဘယ်သူကမှ ယော
ခေါင်းမညိတ်မိကြချေ။

နောင်နောင်ဆိုသောကောင်လေးမှာ ပညာအရည်အချင်း
(၁၀) တန်း အောင်တောင်မအောင်ချေ။

ငွေကြေးချမ်းသာသော်လည်း ဘာအလုပ်အကိုင်မှ မရှိသော
တရော့ကိုးတစ်ရော့တစ်ဆယ်တဲ့။

ဒီလို ဂုဏ်ထူးဝိသေသလက္ခဏာများစွာနဲ့ လူကို ဘယ်
လုပ် ကိုယ့်ချစ်သူငယ်ချင်းလေးနဲ့ မျက်စိစုံမှိတ် သဘောတူပေးရမလဲ

တိုးရဲ့မိဘတွေဘက်မှ အပြတ်အသတ် ထောက်ခံနေမိသည်





သော် တိုးကိုလည်း ထင်ရာလုပ်သွားမည်ဆိုးသဖြင့် အပြတ်မတား
ချေ။

သဇင်ကတော့ စိတ်မကောင်းသလိုနဲ့ မုန့်ဟင်းခါးတွေ တစ်
ပြီးတစ်ဖွန်း စားနေသည်။

"အန်တီက ဘာပြောလဲ"

နွယ်ဝေက ဘာမှမသိသဖြင့် လှမ်းမေးလိုက်သည်။

"သဘောမတူဘူးတဲ့။ သူ့ကိုယူမယ်ဆိုရင် ငါ့ကိုသတ်သွား
မေမေကပြောတယ်။ ဒီအတောအတွင်း ငါတို့အိမ်မှာ တော်တော်
လေး ရှုပ်နေတယ်"

"အဲဒီကိစ္စကြောင့်ပဲလား"

"အင်း . . . ဟုတ်တယ်ဆိုတာကလည်း သူနဲ့မယူရင် ကိစ္စက
ပြတ်မသွားဘူး။ ငါ့ကို လူတစ်ယောက်နဲ့ သဘောတူနေတာက အဓိက
ပါ"

"ပလုတ်တုတ်"

"အဲဒီလူက ဘယ်ကလဲ"

"သူ့မိဘတွေက အောင်ပန်းက"

"သူကကော"

တိုးက ဝမ်းနည်းသွားဟန်တူသည်။ မျက်ရည်တွေကျလာ
သည်။

သဇင်က မုန့်ဟင်းခါးဖွန်း ပြုတ်ကျသွားကာ အသစ်

တစ်ချောင်း ပြန်လှမ်းတောင်းပြီး ဆက်မစားဘဲ ကူးကို မေးဆတ်ကြည့် သည်။

ကူး ခေါင်းယမ်းပြလိုက်သည်။

"သူက အကောက်ခွန်က ဒုဦးစီးမှူးတဲ့။ သူ့မိဘတွေက မေမေတို့နဲ့ ကျေးဇူးမကင်းရှိခဲ့ဖူးတယ်"

"အင်းလေ . . . ရာထူးလေးလည်းရှိတော့ နင့်အမေက နင့် အတွက် စိတ်ချချင်မှာပေါ့။ နင့်ထက်ကြီးတယ် မဟုတ်လား"

"အင်း . . . (၇) နှစ်လောက်ကြီးမယ် ထင်တယ်"

"ဟိုတစ်ယောက်က နင့်ထက်ငယ်တယ်။ ရခဲ့ရင် နင် ဦး ဆောင်ရမှာ။ ဒီတစ်ယောက်နဲ့ကျတော့ သူ ဦးဆောင်သွားမှာ။ ဒီ နင့်အမေက တွေးတာနေမယ်ပေါ့"

ငြိမ်သက်နေသော နွယ်ဝေက –

"နင် အဲဒီအကြောင်း နင့်မိဘ သဘောတူနေတဲ့လူ့ အကြောင်း နောင်နောင်ကို မပြောဘူးလား"

"ပြောတာပေါ့ဟာ"

"ဘာတဲ့လဲ"

အားလုံးက အားတက်သရော မေးတော့ တိုး ငြိမ်သက်သွား သည်။ အတန်ကြာမှ –

"ငါ့ဘဝမှာ ခိုးရာလိုက်ပြေးဖို့ ဘယ်တော့မှ မစဉ်းစားခဲ့ ဘူး။ ပြီးတော့ ချစ်သူတွေပေမယ့် သူ့ကိုငါ မယုံရဲဘူး။ သူနဲ့





ကြာခဏ ဖြစ်နေရတဲ့ ပြဿနာကလည်း အဲဒါပဲ။ ကောင်းကောင်း ဆိုးဆိုး သူ့ကိုယုံ၊ သူပြောတာလက်ခံမှ သူက သဘောကျတာ . . . ၊

သူ့အမြင်နဲ့ ငါ့အမြင် တူမှမတူဘဲ နွယ်ဝေရယ်။ တစ်ခါ တစ်ရံ ဒီလို ပဋိပက္ခရှိတာ ချစ်သူတွေရဲ့သဘာဝပဲ။ သူပြောတိုင်း ငါ လက်မခံလို့ စိတ်ဆိုးရရင် ငါက စချော့ရတယ်"

"မဟုတ်သေးပါဘူး"

"အေးလေ . . . မှားမှားမှန်မှန် သူကတောင် ချော့ရဦးမှာ"

"ငါက ချော့ရတာ ဘာမှမဖြစ်ဘူး။ ငါ ပြောချင်တာက တစ်စိတ်ရှိ စိတ်ကောက်၊ အရွဲ့တိုက် ဒီလို ကလေးဆန်ဆန်လုပ်နေ သမျှ ငါ သူ့ကို ဘယ်လိုယုံကြည်မှုနဲ့ သူ့နောက်လိုက်ပြေးရမလဲ"

"ဒါပေမဲ့"

"နင်ပြောချင်တဲ့ ဒါပေမဲ့ကို ငါသိတယ် သင်ဇင်။ အခု ငါ ပြောနေသမျှထဲမှာ ဥစ္စာကြွယ်ဝမှု၊ ပညာတတ်မှု ဘာမှမပါဘူး။ တဖြည်းဖြည်းနဲ့ အချစ်ဟာ ဘဝနဲ့မထိုင်ဘူးဆိုတာ ငါ တွေးမိလာတယ်။ ဒါပေမဲ့ သူ့ကို ပစ်ခွာလိုက်ဖို့အထိလည်း ငါ ဘယ်တုန်းကမှ မစဉ်းစား ခဲ့ဘူး"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ သည်။

"ဟူး . . . မလွယ်ပါလား"

"ဟုတ်တယ် . . . တကယ့်ကိုမလွယ်ဘူး။ ဒါကြောင့် ငါ့

သူငယ်ချင်းတွေ ရည်းစားထားမယ်ဆိုရင် သေချာစဉ်းစားကြ၊ ငါ့လို မခံစားစေချင်ဘူး''

(၃) ယောက်သား ဖြိုင်တူခေါင်းယမ်းမိပေမယ့် ဘာအဓိပ္ပာယ် မှန်း နားမလည်ကြ။

နွယ်ဝေက နာရီကိုငုံ့ကြည့်ပြီး စားသောက်ထားတာတွေ ရပ်၍ –

''ကဲ ... စာသင်ချိန်နီးပြီ သွားကြရအောင်။ တိုး ဘာမှ သိပ်မစဉ်းစားနဲ့။ အချိန်တွေရှိဦးမှာပါ''

''အင်း''

❋ ❋ ❋



## အခန်း (၁၂)

မေဂျာချိန်ပြီးသွားသဖြင့် ပြန်ဖို့ပြင်နေသော ကျောင်းသား တွေ၊ ကန်တင်းဘက်ထွက်သွားသော ကျောင်းသားတွေ၊ ကော်ရစ် တာမှာ ရှုပ်ထွေးလျက်ရှိသည်။ ပြီးတော့ တခြားမေဂျာက ကျောင်းသား တွေလည်း ကော်ရစ်တာမှာ ဥဒဟိုသွားလာလျက်။

ကူး လွယ်အိတ်ထဲမှ မရမ်းပေါင်းထုတ်ဖောက်စားပြီး ငြိမ် သက်နေသဖြင့် သဇင်က ပခုံးချင်းလာတိုက်ကာ –

''ဟိတ်ကောင် ငြိမ်လှချည်လား''

''အင်း''

''ဘာသဘောလဲ''

တိုးက ကူးရဲ့ အင်းဆိုတာကို နားမလည်ဘဲ သဇင်ကို

မေးသည်။ သူမ မျက်နှာကို မော့လိုက်ကာ ကျဆင်းလာသော ဆံပင်ကို ကိုင်၍ ဆော့ကစားရင်း –

"အခုတလော မင်းတို့မှ မဟုတ်ဘူး။ ငါလည်း မချောင်ဘူးဟာ။ မေလေးကတော့ ကျောင်းပြီးရင် ငါ့ကို lesson ပေးဖို့ ပြင်နေပြီဟ"

"ဟာ ... ဟုတ်တယ်၊ ငါတို့အိမ်ကလည်း အဲဒီလိုတော ထားတယ်"

နွယ်ဝေနဲ့တို့က အားတက်သရော ထောက်ခံသည်။ သဇင်ကလည်း ခေါင်းတညိတ်ညိတ်နဲ့ –

"လတန်ခူးတို့ အပြင်မသွားတော့ဘူးလား"

အတန်းဖော်နီနီက လာမေးသဖြင့် ကူး ခေါင်းယမ်းပြရင်း

"မသွားတော့ဘူး နီနီ။ နင်တို့ သွားမလို့လား"

"ဟုတ်တယ် ... ဘာမှာမလို့လဲ"

"နေကြာစေ့ရယ်၊ ဝီကယ်ရယ်၊ ဇီးထုပ်ရယ် ဝယ်ခဲ့ပေးနော်"

ကူး တစ်ထောင်တန်ထုတ်ပေးလိုက်သည်။

"ငါတို့ final တက်ရတာ second လောက် ပျော်စရာ မကောင်းသလိုပဲနော်"

"ဟုတ်တယ်"

"အစမို့လို့ပါ"

ကူးနဲ့သဇင်ရဲ့ အသံက ဆန့်ကျင်ဘက်ဖြစ်သွားသည်





ပြီးတော့ ဘာရယ်မဟုတ် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ရယ်ဖြစ်ကြသည်။

"နင်တို့ တစ်ယောက်တစ်မျိုးပြောနေကြတော့ ငါလည်း ရင်ဖွင့်ချင်တယ်"

"မလုပ်ပါနဲ့ဟယ် လူမြင်ကွင်းမှာ"

နွယ်ဝေက ရယ်စရာအဖြစ်ပြောသော်လည်း ဘယ်သူမှမရယ်ဖြစ်။ လေးယောက်သား မျက်နှာချင်းဆိုင်ကာ သဇင်စကားကို နားစွင့်မိကြသည်။

"ကိုကြီး ... နိုင်ငံခြားက ပြန်လာတော့မယ်"

"တကယ်လား ယောင်းမ။ အဲဒီလိုဆို မြောင်းဖောက်ရတော့မယ်"

သဇင်က ကူးမျက်နှာကို ငေးကာ ခပ်ဖျော့ဖျော့ပြုံးသဖြင့် (၃) ယောက်သား ထိတ်ခနဲဖြစ်သွား၏။

"ကိုကြီးပြန်လာရင် လက်ထပ်မယ့်သတို့သမီးလောင်းလည်း ပါလာမှာ"

"ဟာ ... အဲဒီလိုဆို ဆွေးရတော့မယ်ပေါ့။ ဘယ်သူလဲ သဇင်"

"သူ့နာမည်က မော်လီဆွေတဲ့"

"အို ... နာမည်ကြီးကလည်း"

နွယ်ဝေက ရှုံ့မဲ့စွာပြောတော့ သဇင်က ခေါင်းညိတ်ရင်း –

"ဟုတ်တယ်ဟာ၊ နာမည်တင်မဟုတ်ဘူး လူကလည်း ဘို ဆန်တယ်။ သူတို့ဆွေမျိုးအားလုံးက နိုင်ငံခြားမှာပဲနေကြတယ်။ သူ ကလည်း ကိုကြီးနဲ့လက်ထပ်ပြီး နိုင်ငံခြားခေါ်သွားချင်တယ်။ ကိုကြီးက သူ့ကိုမကြိုက်ဘူး"

"နင်ပြောတာနဲ့ နားရှုပ်ကုန်ပြီ၊ ရှင်းရှင်းပြော သဲဇင်"

တိုးက စိတ်မရှည်သလို ဆိုမှ –

"မေမေတို့သဘောတူလို့လေ။ ကိုကြီးက အိမ်မှာဆို သား လိမ္မာဘွဲ့ခံ မဟုတ်လား။ အဲဒါကြောင့် သူ လက်ခံလိုက်တာ။ အခု သူ ပြန်စဉ်းစားတိုင်း မမော်လီကို လက်မခံချင်တော့ဘူး ဖြစ်နေတာ"

"စဉ်းစားနော် သဲဇင်၊ မှားမယ်လို့၊ ငါ့အဖြစ်ကို သင်ခန်း စာယူလို့"

တိုးက ချင့်ချင့်ချိန်ချိန် ဝင်ပြောသည်။

"ဟိတ် . . . ဘာတွေ သင်ခန်းစာယူခိုင်းနေတာလဲ"

အသံကြောင့် (၄) ယောက်သား မော့ကြည့်မိတော့ သူမတို့ မေဂျာက EC ။

"ကိုအောင်ကြီး မနက်က အတန်းမတက်ဘူးလား"

ကိုအောင်ကြီးက သူမတို့ခုံရှေ့မှာ ဝင်ထိုင်ကာ သူနှင့်ပါလာ သော အဖော် (၃) ယောက်ကိုလည်း ထိုင်ခိုင်းသည်။

"မတက်ဖြစ်ဘူး။ ဒီမှာ ဆေးက သူငယ်ချင်းတွေ ရောက်နေ လို့လေ"





"သြော် . . . အဲဒါကြောင့်ကိုး"

"မိတ်ဆက်ပေးရဦးမယ်။ ဒါ ငါတို့ stage မှာတုန်းက ...င်ခဲ့တဲ့ သူငယ်ချင်းတွေ။ သူက ရဲထွဋ်၊ သူက တာယာ၊ သူက နောင်းဟန်ဗိုလ်"

သဇင်က သွက်လက်စွာခေါင်းညိတ်ပြီး –

"တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မက နွယ်ဝေ။ သူက ...င်မင်တိုး၊ သူက နွယ်ဝေ၊ ဒီဘက်က လတန်ခူးပါ"

ကူး နောင်းဟန်ဗိုလ်ဆိုသောသူကို ကြည့်မိသည်။ ဒီလူကို ...ဘယ်မှာတွေ့ဖူးပါလိမ့်။

အကြည့်မလွှဲဘဲ စဉ်းစားနေတုန်း သူက ကူးဘက်လှည့် ကြည့်ကာ –

"မှတ်မိလား လတန်ခူး"

"မင်းတို့က အစကတည်းက သိနေတာလား"

ကူး ခေါင်းယမ်းပြရင်း –

"မဟုတ်ပါဘူး ကိုအောင်ကြီးရဲ့။ သူ့ကို ကူးမသိဘူး။ ဒါပေမဲ့ ...မြင်ဖူးသလိုပဲ"

"ဟဲ့ . . . မြင်ဖူးမှာပေါ့ ဂျီဟိုလေ"

"ဒီကိုရီးယားရုပ်မက တစ်မှောင့်"

သဇင်က နွယ်ဝေကို အခွင့်ရတုန်း တွယ်လိုက်လေသည်။

သူက ပြုံး၍ –

"ကူး သတိမထားမိလို့ပါ။ ကျွန်တော် ကူးကို စကားဝါလမ်းမှာ ကျွန်တော့်မိတ်ဆွေအိမ် မေးဖူးတယ်လေ"

"ဟယ် ... မှတ်မိပြီ၊ သိပြီ သိပြီ။ ဒါနဲ့ ရှင် အဲဒီအိမ်ကို တွေ့လား"

"ဖြောင့်ဖြောင့်ဖြူးဖြူး တွေ့တယ်၊ ကျေးဇူးအရမ်းတင်တာပဲ"

"ဇာတ်လမ်း"

သဇင်က မကြားတကြားပြောတော့ ကူး သဇင်မရဲ့ပေါင်ကို ဆွဲလိမ်လိုက်သည်။

"အား"

"ဟာ ... ဘာဖြစ်တာလဲ"

ကိုအောင်ကြီးကမေးတော့ သဇင်က ပေါင်ကိုပွတ်ပြီး ခေါင်းယမ်းကာ –

"ဘာမှမဖြစ်ဘူး ကိုအောင်ကြီး။ ပုရွက်ဆိတ်မ ကိုက်လို့"

"အစုတ်ပဲ့ ... ငါ့ကိုများ ပုရွက်ဆိတ်တဲ့"

သူတို့တွေက ဘာမှ ဝင်မပြောဘဲ ပြုံးနေကြသည်။ နောင်းဟန်မိုးလ်က သူမတို့အားလုံးကို ဝေ့ကြည့်ပြီး –

"အခုဆို ကျွန်တော်တို့မိတ်ဆွေတွေ ဖြစ်သွားကြပြီ။ အထိမ်းအမှတ်အနေနဲ့ တစ်ခုခုလိုက်ကျွေးပါရစေ"

"နေပါစေ ... မလိုပါဘူး ကိုနောင်းဟန်မိုးလ်"





ကူး သွက်လက်စွာ ဝင်ပြောတော့ သဇင်က မျက်စောင်းထိုး ည်။ သူက မျက်နှာပျက်ပျက်နှင့် –

"မဟုတ်တာ၊ ကျွေးပါရစေ ကိုအောင်ကြီး ကူပြောပေးပါဦး။ ီးတော့ ခင်နေပြီပဲ နောင်းဟန်လို့ပဲ ခေါ်ပါ"

"ဟုတ်တယ် လတန်ခူးရေ၊ ဒီကောင်က ညည်းတို့တွေကို ပ်ကျွေးချင်နေတာ။ ဒါပေမဲ့ နောင်းဟန် လတန်ခူးတို့အုပ်စုက စားပုတ်တယ်နော်၊ ဖြစ်ပါ့မလား"

"အောင်မယ် အောင်မယ် ... ငါတို့ကိုများ"

"ဟုတ်ပဲ့ သိက္ခာချချက်က"

အားလုံးက ဝိုင်းရယ်ကြသည်။ ကူး ကိုအောင်ကြီးကို လိုက် သည်။

"ရပါတယ်၊ ကူးတို့စားနိုင်ရင် တစ်ဆိုင်လုံး ဝယ်ကျွေးမယ်"

"ကြွားတာလား။ အာလူးဖုတ်တာလား"

"ဟာဗျာ"

သူ မျက်နှာရဲသွားတော့လည်း တစ်မျိုးကြည့်ကောင်းနေ ည်။

❋ ❋ ❋

## အခန်း (၁၃)

"ကူးလေး ဖုန်းလာနေတယ်"

"ခဏလေး"

တီဗီကြိမ်းနိုင်နေသည်မို့ ကူး မထနိုင်ချေ။ နိုင်တော့မှ မဟုတ်လား။ ကူးသည် (၅) မိနစ်လောက်ကြာအောင် ကစားပြီးမှ ဖုန်းကို သတိရလေသည်။

ဟယ် ... ဒုက္ခပဲ၊ သဇင်မလားမသိဘူး။

အချိန်ဆွဲမနေနိုင်တော့ဘဲ ထိုင်ရာမှ ခပ်မြန်မြန်ထ၍ ဖုန်းရှိရာသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"ဟယ်လို"

"ယုန်ဖြူလေးလား"





"ဘာရယ်"

ကူး ကြောင်တောင်တောင်နှင့် ဖုန်းကို တစ်ချက်ကြည့်မိသည်။

ယုန်ဖြူလေးတဲ့။ ဖုန်းချက်နေပြီနှင့်တူသည်။ ကူး သဘောကျစွာ တစ်ချက်ရယ်ပြီး –

"ဒီမှာ ဖုန်းမှားနေပြီနော်"

"မမှားပါဘူး။ ဒီဖုန်းနံပါတ်ပါပဲ"

"ရော် ... ခက်ပြီ"

ခက်တာမှ သိပ်ခက်သည့်အခြေအနေ။ ဟိုဘက်က အသေအချာပြောလာသဖြင့် ကူးတောင် ဇဝေဇဝါဖြစ်ချင်လာသည်။ ပြီးတော့ ဒီအသံကို ကူးမှ မကြားဖူးပဲလေ။

"ကျွန်တော် ဘယ်သူဖြစ်မလဲ စဉ်းစားကြည့်လေ ကူး"

ပဟေဠိလာဖွက်နေသောလူကို ကူး အမြင်ကပ်စွာ –

"No No ကျွန်မက စဉ်းစားရတာတွေ၊ တွေးတောရတာတွေ ဝါသနာမပါဘူး။ ကြောင်တာဆိုရင်လည်း ကျွန်မအကြောင်း သေချာစုံစမ်းပြီးမှ ကြောင်၊ ဒါမျိုးတွေ ရိုးနေပြီ"

တစ်ဖက်က ရယ်သံကိုကြားနေရသည်။

"ကူးမှာ ပေါမှန်းသိပါတယ်"

"ရှင်က"

"ကျွန်တော် နောင်းဟန်လေ"

"ဘယ်လို"

ကူး တော်တော်လေး အံ့ဩသွားရသည်။

"အံ့ဩသွားလား"

သူ့အမေးကို မငြင်းနိုင်ဘဲ –

"ဟုတ်တယ် အံ့ဩတယ်။ ကျွန်မရဲ့ဖုန်းနံပါတ်ကို ဘယ်လို ရတာလဲ။ ခင်တာဖြင့် မကြာသေးဘူး"

"ဒါ ... မခက်ပါဘူး"

"ရှင် အေးဂျင့်တစ်ခုမှ အလုပ်လုပ်ပါလား။ ဒီလောက် ထောက်လှမ်းရေးတော်တာ"

ကူးရဲ့ အရွဲ့တိုက်စကားကြောင့် သူက ရယ်လေသည်။ အု ကြောင်ကြောင် နိုင်သည့်လူ။

"ဒါနဲ့ ကူးကို ဘာလို့ ယုန်ဖြူလေးလို့ ခေါ်တာလဲ"

"မကြိုက်ဘူးလား"

သူက ကူးကိုပြန်၍ မေးခွန်းထုတ်လေသည်။ ကူး နှုတ်ခမ်း တစ်ချက်ကိုက်ကာ –

"အဲဒီလိုတော့ မဟုတ်ဘူး။ ဒါပေမဲ့ ... ဘာအဓိပ္ပာယ်နဲ့ ခေါ်မှန်းမှမသိတာ"

"ကူး စိတ်မဆိုးရဘူးနော်။ ဆံပင်လေးကို နှစ်ဖက်ခွဲစီးထား ရင် ကူးက နားရွက်ကားကား ယုန်လေးနဲ့တူတယ်။ ပြီးတော့ ဖြူစင် တယ်၊ ပွင့်လင်းတယ်။ ဒါကြောင့်"





သူ့စကားအဆုံးမှာ ကူး ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက် သည်။ ကူး ရယ်သံကြောင့် သူက –

"ကူး ဘာကိုရယ်တာလဲ"

"ရယ်ချင်တာပေါ့။ ရှင်က ကူးကိုဖြူစင်တယ်၊ ပွင့်လင်းတယ် ...။ အဲဒါ လုံးဝမဟုတ်ဘူးနော် သိလား။ ရှင်က ကူးတို့နဲ့ ခင်ခါစမို့ ...တို့သူငယ်ချင်းအုပ်စုထဲမှာ ကူးပဲ ကြောက်ကျတာ၊ သူများတွေ မုန်း ...က်အောင်လည်း အစသန်တယ်"

"ဒါပေမဲ့ ... ကျွန်တော်ကတော့ ကူးကို ယုန်ဖြူလေးလို့ ...ချင်နေတာ"

"ခေါ်ပေါ့၊ နာမည်ဆိုတာ ပညတ်ချက်တစ်ခုပဲ"

"ကူး ... အခု ဘာလုပ်နေတာလဲ"

"ဖုန်းပြောနေတာလေ"

ကူးရဲ့ ခပ်ရွဲ့ရွဲ့စကားကြောင့် သူ့ဘက်က ရယ်သံကိုကြားရ ... ...

"သိတယ်လေ ကူးရဲ့။ ဒါပေမဲ့ ကျွန်တော် ဖုန်းကိုင်တာ ...ပြီ၊ အဲဒါ ဘာလုပ်နေတာလဲလို့"

"ဩော် ... အဲဒီလိုရှင်းရှင်းမေးပါလားလို့။ ကူး Game ...နေတာ"

"ကျွန်တော် ဖုန်းဆက်တာနဲ့ ကူးကို အနှောင့်အယှက် ဖြစ် ...တယ်နဲ့တူတယ်"

"ဖြစ်တော့ ဖြစ်တာပေါ့။ အခုပဲကြည့်လေ ••• ကူး gam
ကစားနေတာ ပျက်ရပြီ"

ကူးစကားကြောင့် သူ အသံအကြာကြီး တိတ်ဆိတ်သွာ
သည်။ ကူး ပြုံး၍ ငြိမ်နေလိုက်သည်။ မှတ်ပြီလား။

"ရက်စက်လိုက်တာကွာ၊ ကူး ဒီနေ့ အတန်းမတက်ဖူးလာ
ကျွန်တော်လာတဲ့အချိန် ကူးကိုမတွေ့တော့ဘူး"

"တက်သားပဲ၊ ကိုကို လာကြိုတာကို။ ပြီးတော့ တခ
ကြိုပြောထားရဦးမယ်သိလား။ ကူး ဘယ်အချိန်ပြန်တယ်၊ မပြန်တ
ရှင်မသိနိုင်တဲ့အတွက် မလာပါနဲ့"

"ဘယ်က ကိုကိုလဲ"

ဒီလောက် အမေးအမြန်းထူသောသူ့ကို ကူး ကြည့်မရတော
သိပ်ပိုင်စိုးပိုင်နင်း ဆန်လေသည်။ သူငယ်ချင်းရယ်လို့တောင်
ပြင်ပြင် မဖြစ်သေးဘူး။ ကူးရဲ့ကိစ္စမှန်သမျှကို သိချင်နေလေသည်

"ကူးရဲ့အစ်ကို ဒါပဲနော်"

"ဂျောက်"

ကူး အားနာရကောင်းမှန်းမသိဘဲ ဖုန်းချပစ်လိုက်သည်

* * *



## အခန်း (၁၄)

"ကူးလေး"

"လာပြီ ကိုကို"

ကိုကိုခေါ်သံကြောင့် ကူး တံခါးဖွင့်လိုက်သည်။ ကိုကိုက
ဝတ်သွားသည့် အဝတ်အစားမလဲသေးချေ။

"ဘာလဲ ကိုကို"

"ကူးကို မုန့်လိုက်ကျွေးမလို့"

"ဟာ ••• တကယ်။ ဒီနေ့ ဘာနေ့လဲ၊ ပြက္ခဒိန်ကြည့်လိုက်
ဦးမယ်"

တစ်ခါမှ မပြောဖူး ပြောလာသဖြင့် ကူး လှောင်လိုက်သည်။
ကိုကိုက ဘာမှမပြောချေ။

"အဝတ်စားလဲတာ"

"နေဦး ကိုကို . . . ဒီနေ့ ဘာနေ့လဲ"

"ခွေးမလေး"

ကိုကိုက ကူး ဆံပင်တွေဖွပစ်ကာ ပြန်ဆင်းသွားသည်။ ကူးလည်း အဝတ်အစားမြန်မြန်လဲကာ အခန်းထဲမှထွက်ခဲ့သည်။ ပြီးတော့ ကိုကို့အခန်းရှေ့မှာ သွားရပ်စောင့်နေမိ၏။

"ကွို"

"ဟော . . . အဲဒါ ဘယ်လိုဖြစ်နေတာလဲ"

တံခါးဝမှာ ငုတ်တုတ်ကလေးထိုင်နေသော ကူးကို ကိုကိုက အံ့ဩတကြီးနှင့် မေးလာ၏။ ကူး မတ်တတ်ထရပ်ကာ –

"တော်ကြာ ကူးကို စနောက်နေပြီး ပြန်လစ်ထွက်သွားမှာစိုးလို့လေ"

ကိုကိုက ကူးစကားကို သဘောကျစွာရယ်ပြီး ကူး ပခုံးလေးကို ဖက်ကာ အိမ်အောက်ထပ်သို့ ဆင်းလာသည်။ ဂိုထောင်ထဲ၌ ထည့်ထားသော စက်ဘီးလေးကို ထုတ်လာ၏။

"လာ တက်"

ကိုကိုက စက်ဘီးကို ဖြည်းဖြည်းမောင်းရင်း တက်ခိုင်းသည်။ ကူး အနောက်မှအသာလေးခုန်၍ ထိုင်လိုက်သည်။ စက်ဘီး လက်ကိုင် ယိုင်သွားသဖြင့် ကိုကို့ရဲ့ခါးကို ကပျာကယာ ဖက်ထားလိုက်သည်။





ကိုကို့ရဲ့ ဒီလိုသဘောကောင်းမှုက သိပ်တော့မသေချာ။ လူကြီးလည်း မဟုတ်သေးဘဲ အရမ်းကပ်စီးကုတ်တတ်သည်။

သူ့ဆီ မုန့်ဖိုးတောင်းဖို့အရေး ကျားမြီးဆွဲလိုက်တာကမှ သေချာဦးမည်။

ရှိုင်းမုန့်တီဆိုင်ရောက်တော့မှ –

"ကဲ . . . မှာချင်တာ မှာစေဗျာ"

"ကိုကိုကော မသောက်ဘူးလား"

"သောက်တာပေါ့"

မုန့်တီပန်းကန်များ ရောက်လာသောအခါ ကိုကိုက ကူး ပန်းကန်ထဲသို့ အကြော်များ ချေထည့်ပေးသည်။

"ပြော ပြော . . . ဘာလို့ ဒီလောက် သဘောတွေ ရွှင်နေတာလဲ"

"ကူး ပြောပုံကလည်း ကိုကိုက ခါတိုင်း သဘောဆိုးနေတဲ့ အတိုင်းပဲ"

"မသိဘူး။ တစ်ခုခုတော့ တစ်ခုခုလို့ ကူးထင်တယ်"

ကိုကိုက ဘာမှမပြောတော့ဘဲ ပြုံးစိစိနှင့် မုန့်စားနေသည်။ ကူးလည် ဆက်မေးမနေတော့ချေ။ အဓိက,က မုန့်စားရဖို့ပင် ဖြစ်သည်။

"ငရုတ်သီးတွေ အဲဒီလောက်မစားနဲ့လေ။ ပြီးရင် မနေနိုင်အောင် ဗိုက်အောင့်တာလည်း ညည်းပဲ"

ပစိပစိနှင့် ကိုကိုက မိန်းမကြီးနှင့်တူသည်။ ကူးခေါင်းယမ်း ပြီး ...

"ရှိုင်မုန့်တီဆိုတာ အဲဒီလို စပ်စပ်ကလေးစားမှ ကောင်းတာ ကိုကိုရဲ့။ ဒီလိုစားချင်လို့ ရှိုင်မုန့်တီသောက်တာပေါ့။ ချိုတာစားချင်မှ တော့ သကြားပဲစားမှာပေါ့ ဟုတ်ဖူးလား"

"ညည်းပဲ အပြောကောင်း။ ဒီနေ့ ကိုကိုတို့ကုမ္ပဏီက လုပ်ငန်းတိုးတက်တဲ့ အထိမ်းအမှတ်နဲ့"

ကူးစားနေရင်းမှ နင်သွားကာ ကိုကိုက မျက်လုံးပြူးနှင့် ကြည့်ကာ –

"ဘာ ... အောင်မြင်မှုအထိမ်းအမှတ်က မုန့်တီတစ်ပွဲတည်း လား။ မရဘူး ဦးကပ်စီးရဲ့ ... ဝမ်းတောဘယ်လ်ပဲ"

"အခုလည်း ဝမ်းတောဘယ်လ်ပဲ မဟုတ်လား"

ကိုကိုက မခံချင်အောင်ပြောသည်။ ကူး ခေါင်းတယမ်းယမ်း နှင့် –

"မရဘူး ... မရဘူး။ ကူး ကျေနပ်အောင်ဝယ်ပေးရ ဝယ်ပေး မဟုတ်လို့ကတော့ မေမေနဲ့တိုင်ပြောမယ်။ ဝယ်ပေးမှာလား မဝယ်ပေးဘူးလား ပြော"

ကိုကိုက အင်းအဲမလုပ်ဘဲ ပြုံးကာ မုန့်တီဖိုးရှင်းပြီး ကူး လက်ကမ်းပေးသည်။

"လာ သွားမယ်"





ကူး ကိုကို့လက်ကို ပုတ်ထုတ်လိုက်ကာ –

"ဟင် ... မလိုက်ဘူး။ ဘာမှ ဝယ်ပေးဖို့လည်း မပြော သေးဘဲနဲ့"

"နေခဲ့မယ်ပေါ့ ဟုတ်လား"

ကိုကိုက ကူးခံစားနေရတာကို သိနေလျက်နှင့် မသိချင် ယောင်ဆောင်ကာ စက်ဘီးနင်းဖို့ပြင်သည်။ စားထားသမျှတွေ မျိုမကျ တော့ဘဲ ကူး စက်ဘီးပေါ်တက်ထိုင်လိုက်ရ၏။

ဒီညီမလေးတစ်ယောက်တည်းရှိတာ ဘာမှ ဝယ်ပေးဖို့ မစဉ်း စားဘူး။ လူပျိုကြီးဖြစ်ပါစေ၊ မိန်းမချောချောလေး မရပါစေနဲ့။

"ဟိတ် ... တိတ်လှချည်လား"

ကိုကိုက စက်ဘီးနင်းရင်းမှ အနောက်သို့ လှည့်ကြည့်၍ ကူးကိုစသည်။

ကိုကို့ရဲ့ကျောပြင်ကို နာအောင်ထုပစ်ကာ –

"သွား ... လာမခေါ်နဲ့။ အစ်ကိုလည်း မတော်ချင်ဘူး"

"ဟာ ... ဘာဖြစ်လို့လဲဟ"

"ကပ်စီးကုပ်လို့၊ ကော်တရာဖြစ်လို့၊ နှပ်ချေးထူလို့"

"ဟား ဟား"

ကိုကိုက ရယ်ပဲရယ်နေသည်။ ခြံထဲရောက်တော့ ကူး စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်သည်။

စူပုတ်ပုတ်မျက်နှာကြောင့် မီးဖိုဆောင်မှ ထွက်လာသော

မမေက –

"ဘာဖြစ်နေတာလဲ ကူကူး"

"ဘာမှမဖြစ်ဘူး မေမေ"

ဖြေပြီးတော့ ကူး အိပ်ခန်းထဲဝင်လာ၏။ တံခါးကိုပိတ်ပစ်ကာ

"မဝယ်ပေးလည်း နေပေါ့။ သူဝယ်ပေးမှ ဒီက ရမှာကျနေတာပဲ။ ဟွန်း . . . မုန်းစရာကောင်းတာ"

မကျေမနပ် ပွစိပွစိရေရွတ်ကာ ကက်ဆက်ကို အကျယ်ကြီးဖွင့်ပစ်လိုက်သည်။ ကူးရဲ့ခံစားချက်နှင့်အပြိုင် စိုင်းစိုင်းခမ်းလှိုင်၏ တောင်ဂေါ်လီကလည်း ပြင်းထန်စွာထွက်ပေါ်လာသည်။

"တဒုန်းဒုန်း တဒိုင်းဒိုင်း အာကျယ်ကြီး လောစပီကာ နှစ်သက်သည်"

ကူး ဝရန်တာသို့ ထွက်လာကာ ခြံထဲသို့ကြည့်မိသည်။ ခြံထဲတွင် နှင်းဆီပင်များ ရောင်စုံပွင့်နေသည်။ အဲဒီနှင်းဆီပန်းတွေက ကိုကိုစိုက်ထားခြင်းဖြစ်သည်။ ဒါပေမဲ့ သူ့နှင်းဆီပင်ကို ဘယ်သူမှ ထိတာမကြိုက်။ ခူးဖို့ပင် နေနေသာသာ။

"ဒေါက် ဒေါက်"

"ကူးလေး"

တံခါးခေါက်သံနှင့်အတူ ခေါ်သံကြောင့် ကူး လှည့်ကြည့်မိပေမယ့် ကိုကို့အသံမို့ –





"ဘာလဲ မအားဘူး"

ကက်ဆက်အသံကြောင့် အသံမြှင့်ပြီး ကူး ပြောလိုက်ခြင်းဖြစ်သည်။

"ဒီမှာ ပြစရာရှိလို့"

"နောက်မှပြ အခု စိတ်မဝင်စားဘူး"

ကူးက အကျင့်ပုတ်ပုတ်နှင့်ဖြေလိုက်သည်။

"နောက်မှပြလို့ မရလို့ပေါ့။ လာပါကွာ ကူးလေးက လိမ္မာပါတယ်"

"သွား လာမပြောနဲ့၊ ဘာမှမလိမ္မာဘူး။ ကူးက ဆိုးတယ်၊ သူများအပေါ် အနိုင်ယူတယ်၊ ကိုယ့်အကြောင်း ကိုယ်သိတယ်။ အပိုတွေ လာမပြောနဲ့ သိပ်ရှုပ်တာပဲ"

တော်ကြာ အရမ်းခေါ်နေရလျှင်လည်း မေမေတက်လာပြီး ဆူငေါက်မည်စိုးသဖြင့် ကက်ဆက်ကိုပိတ်လိုက်ကာ တံခါးဖွင့်လိုက်သည်။

"ဟယ်"

တံခါးရှေ့၌ ချစ်စရာကောင်းသော ဝက်ဝံရုပ်ကြီး။ ကူး တစ်ခုန်နီးပါးရှိမည်ထင်သည်။

ကူး ဝမ်းသာအားရ ခုန်ပေါက်ကာ –

"အဲဒါ ကူးအတွက်လား ကိုကို"

"ဟုတ်တယ် ကြိုက်လား"

"ဟုတ် ... ကြိုက်တယ်၊ အခုလိုကျတော့ ကိုကိုက အရမ်း ...စရာကောင်းတာပဲ။ ဟော ... ကြည့်ရင်း မင်းသားနဲ့ တူလာသ လို"

"တော်ပါဗျာ၊ ကျုပ်က ခင်ဗျားလို အမြှောက်မကြိုက်ပါ ဘူး"

ကူး အရုပ်ကြီးကိုမ၍ အိမ်ခန်းထဲသို့ဝင်လာသည်။ ကိုကိုက လည်း ကူးနောက်မှ လိုက်ဝင်လာကာ –

"ဘာသီချင်းတွေ ဖွင့်နေတာလဲ။ နားထောင်မကောင်းဘဲနဲ့ များ နားညည်းခံချင်တယ်"

"ကိုကိုတို့လို အဘိုးကြီးတွေ ဘယ်ကြိုက်မလဲ"

"ရော့"

"ဘာလဲ"

ကိုကို လက်ထဲက ဘူးလေးကိုကြည့်ပြီးမေးတော့ ကိုကိုက ဘူးလေးကို ဖွင့်ပြသည်။

"ဟယ် ... လှလိုက်တာ"

မိန်းမနာရီ။ ကြိုးသေးသေးလေးနှင့် ဒိုင်ခွက်ကာ ကာတွန်း ရုပ်ကလေးလို သေးသေးလေး။

"ဒါလည်း ကူးအတွက်ပဲလားဟင်"

"ဒါပေါ့"

"ဟယ်တော် ... ကြည့်စမ်း ... ကိုကိုက အခုမှ ပိုပြီး





ချောချောလာပြီ"

"အမယ်လေး ... စောစောကဖြင့် ကပ်စီးအိုးလေး ... လေးနဲ့"

"တူဘူးလေ"

* * *

## အခန်း (၁၅)

"ဟိတ် ... နင်တို့ကိုမေးရဦးမယ်"

"ဘာလဲ"

အတန်းတစ်ချိန်အားသဖြင့် (၄) ယောက်သား မျက်နှာချင်း ဆိုင်ထိုင်လျက် လေပေါ်နေကြသည်။ သဇင်က ဗီးယိုထုပ်ကို ဖောက်ရင်းနှင့် –

"ဘာမေးမလို့လဲ"

"ငါ့ရဲ့လိပ်စာ၊ ဖုန်းနံပါတ်တွေကို ဟို နှောင်းဟန်မိုလ်ကို ပေးတာ ဘယ်သူလဲ"

"ဟင် ... မပေးပါဘူး"

သဇင်မျက်နှာက မချိမချဉ်နှင့် ခေါင်းယမ်းပြသည်။ နွယ်ဝေ





နင့်တိုးက ကူးကို တအံ့တသြကြည့်ကာ ...

"တိုးတက်နေပါလား ကူးရဲ့"

"မတိုးတက်ပါဘူး။ သဇင်မ နင့်ပေးတာ မဟုတ်လား။ ငါ ရမ်းစိတ်တိုတယ် သိလား"

"သူက ငါ့ဆီ နေ့တိုင်း ဖုန်းဆက်ပြီး မေးတယ်လေ။ ခဏ ခဏဆိုတော့ အိမ်က ငါ့ကိုမကြည့်တော့ဘူး။ ဒါနဲ့ ငါလည်း ပြောပြ လိုက်တာ"

"တောက်"

"ဟဲ့ ... ပလုတ်တုတ်"

နွယ်ဝေက ယောင်သည်။ ကူး မျက်မှောင်ကုတ်ပစ်လိုက် သည်။ နာနတ်သီးတစ်ဖတ် ကောက်ဝါးကာ –

"ငါ မကျေနပ်ဘူးသိလား"

"ဘာဖြစ်လို့လဲဟ"

သဇင်က နားမလည်သလိုမေးသည်။

"အဲဒီတစ်ယောက်က သိပ်ပိုင်စိုးပိုင်နင်းနဲ့ သိလား။ ငါ့အစ်ကို လည်း ဘယ်သူလဲ၊ ဘယ်ဝါလဲနဲ့ လာစစ်ဆေးနေသေးတယ်"

"အဲဒီကောင် နင့်အပေါ် မရိုးသားတာတော့ ငါတို့အားလုံး ခတ်မိတယ်"

"မဖြစ်နိုင်တာ"

ကူး ခေါင်းကို ဘယ်ပြန်ညာပြန် ယမ်းခါလိုက်သည်။ သူက

ကူးကို စိတ်ဝင်စားနေသည်တဲ့။

"အချိန်က ခဏလေးပေမဲ့ ငါတို့ အကဲခတ်မိတယ် သိလာ
ကူး။ သူက လွတ်လွတ်လပ်လပ် လူငယ်စတိုင်လ်ပေမယ့် နင့်အ
အလေးအနက်ရှိတာ ငါတို့လည်း ထောက်ခံတယ်"

နွယ်ဝေစကားကြောင့် ကူး မျက်စောင်းထိုးကာ –

"နင်တို့ ရှေ့နေလိုက်ခ ဘယ်လောက်ရကြလဲ"

"မရပါဘူး"

သဇင်က ပျာပျာသလဲ ဝင်ပြောသည်။ ကူး သူငယ်ချ
အားလုံးကို ဝေ့ကြည့်ကာ –

"ငါ အံ့ဩတယ် သိလား။ ခဏလေးတွေ့တဲ့လူတစ်ယော
ကို ဘာမစဉ်းစား ညာမစဉ်းစားနဲ့ နင်တို့ ငါ့ကို သဘောတူတာ

"အဲဒီလိုမဟုတ်ပါဘူး ကူးရာ။ ငါတို့မြင်တာကို ပြောတာ
နင်တော့ သူ နင့်အပေါ် မရိုးသားတာကိုသိတယ် မဟုတ်လား"

"အင်း ... ငါ သတိထားမိပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်
ဘူး"

တိုးက မနေနိုင်သလိုနှင့် –

"နင့်မှာ ရင်ခုန်ရမယ့်သူ ရှိလို့လား"

ကူး ရေသောက်ရင်းနှင့် တိုးကိုငဲ့ကြည့်လိုက်သည်။ ပြီး
ရေဘူးအဖုံးကို ပိတ်လိုက်ကာ –

"နင်တို့မြင်လား။ လူတစ်ယောက်အပေါ် အရမ်းခံစား





ပ်မပျော် စားမဝင်ဖြစ်နေတဲ့ပုံစံမျိုးလေ။ အဲဒီလိုဖြစ်ဖို့ ငါ့ရာဇဝင်မှာ
ရှိဘူး သိလား"

သဇင်က အပြောကြီးလိုက်တာ ပုံစံနှင့် ကူးကို မျက်စောင်း
ထိုးကာ –

"သိပ်အပြောမကြီးပါနဲ့။ အဲဒီလိုလူမျိုးကမှ ချစ်မိပြီဆိုရင်
ဟိုလူ မကယ်နိုင်၊ ဒီလူမကယ်နိုင်နဲ့ သည်းသည်းလှုပ်၊ ကဲကဲလှုပ်
ဖြစ်တတ်တာနော်"

"ဟုတ်တယ် ... ဟုတ်တယ်"

"စောင့်ကြည့်လိုက် လတန်ခူးနော်"

ကူး ကော်လံထောင်ပြတော့ သဇင်က မဲ့ရွဲ့သည်။

"ဟော ... ဟိတ် ဟိုမှာလာနေပြီ။ ဘယ်သူလဲကြည့်ကြ
ဦး"

နွယ်ဝေစကားကြောင့် (၄) ယောက်သား လှည့်ကြည့်လိုက်
သည်။ ကူးတို့ဆီသို့ လျှောက်လာနေသော နောင်းဟန်ဗိုလ်တို့အုပ်စု။
ကူး စိတ်ညစ်စွာ ရှုံ့မဲ့လိုက်သောအခါ (၃)ယောက်သား ရယ်ပြီး ...

"ဘာဖြစ်တာလဲ ကူးရယ်။ နောင်းဟန်က မချောလို့လား"

"ချောတိုင်း ကြိုက်စရာလား"

"ငါတို့ကတော့ အများကောင်းမှုနဲ့ ဝါးရတော့မယ်ဟေ့"

"ဟုတ်တယ်ဟေ့"

သူတို့အနီး ရောက်လာသောအခါ (၃) ယောက် ပါးစပ်ပိတ်

သွားကြပေမယ့် ခပ်ဖြီးဖြီးနှင့် အပိုးမသတ်နိုင်ချေ။

"သင်္ဖေတို့ ဘယ်မှမသွားကြဘူးလား"

"မသွားဘူး ... နောင်းဟန် လာလေ"

ဖြစ်ချင်တော့ ကူးက အစွန်ဆုံးမှာထိုင်နေသဖြင့် သင်္ဖေ တို့၏ ကူးလိုက်တိုးသောအခါ ကူးနံဘေး၌ နေရာလွတ်သွားသည်။

သူက ကူးဘေးဝင်ထိုင်ကာ –

"နေကောင်းတယ်နော်၊ ယုန်ဖြူလေး"

"နေကောင်းလို့ မြင်နေရတာပေါ့။ ရှင် မမှတ်သေးဘူးလား။ အမေရိကန်ဗွီးရှင်းသွားခိုင်းတာလေ"

"ဝါး ဟား ဟား"

အားလုံးက ဝိုင်းရယ်ကြပေမယ့် ကူးမရယ်ပါ။ သူကတော့ ကူး ဘာလုပ်လုပ် ဘာပြောပြော စိတ်မဆိုးဘူးဟု ဆုံးဖြတ်ထားဟန်နှင့်။

"ယုန်ဖြူလေးကို ကျွန်တော် ညနေ လိုက်ပို့ပေးချင်တယ်"

"မဖြစ်ဘူး ... မဖြစ်ဘူး၊ ကူးအိမ်က လာကြိုမှာ"

"ဒါဆို တစ်ခုခုလိုက်ကျွေးပါရစေ"

"ဟော့ ... စားမယ်"

"အို မစားတော့ပါဘူး"

ကူးအသံနှင့် သင်္ဖေရဲ့အသံ တစ်ပြိုင်နက် ထွက်ပေါ်လာသဖြင့် ကူး သင်္ဖေကို အတော်ဒေါသဖြစ်လာတော့သည်။





"လာပါ ကူးရဲ့၊ ကျွန်တော် တကာခံချင်လို့ပါ"

"ဟုတ်ပါတယ် ကူးရဲ့၊ သွားရအောင်ပါ"

သင်္ဖေကတော့ တမင်တကာကို ကူး စိတ်ဆိုးအောင် လုပ်ရတော့သည်။ အများနှင့်တစ်ယောက် ကိုယ်အလွန်ဖြစ်ရမှာစိုးသဖြင့် ကူး ထလိုက်ခဲ့ရသည်။

ကန်တင်းထဲသို့ရောက်သောအခါတွင်လည်း ကူး နံဘေး၌ နောင်းဟန်ဝိုလ်ရောက်အောင် ကြိုးစည်ပြန်သည်။

စားသောက်တော့လည်း ကူးအပေါ် ဂရုတစိုက်ရှိသည်။

"ကိုယ့်ဘာသာစားပါ"

"ယုန်ဖြူလေးဆီ ကျွန်တော် ဖုန်းဆက်ချင်တယ်"

သင်္ဖေမျက်နှာက ရယ်ချင်တာကို အတင်းထိန်းချုပ်ထားသည့်ဟန်။ ကူး အလိုမကျသလိုဖြစ်သွားကာ –

"ဟိုတလောကလည်း ဆက်တယ်မဟုတ်လား"

"ဒါပေမဲ့ ... ကူး ခွင့်ပြုတာကို လိုချင်သေးတယ်လေ"

"အဲဒါဆိုရင် မဆက်ပါနဲ့၊ မေမေတို့က ကူးဆီ ဖုန်းလာရင် ဟိုမေး ဒီမေးနဲ့ ကူး မဖြေရှင်းချင်ဘူး"

သူ့ မျက်နှာပျက်သွားတာကို ကူး မသိချင်ယောင်ဆောင်လိုက်သည်။

မှတ်ထား .. လတန်ရှူးကို ပျော့ပျော့လေးလို မအောက်မေ့နဲ့။

* * *

## အခန်း (၁၆)

ဒီနေ့ ရုံးမသွားလို့ အိမ်မှာ နားရမည်ထင်သော်လည်း မနားရချေ။

မော်ဘီမှာ ခြံလုပ်ငန်းလုပ်နေသော သူငယ်ချင်းက သူငယ်ချင်းတွေ မတွေ့ရတာကြာလို့ ဆုံချင်တယ် လာပါဦး အတင်းခေါ်နေသဖြင့် သွားရသည်။

မတွေ့ရတာကြာပြီ ဖြစ်သဖြင့် သူငယ်ချင်းတွေ ဟိုပြောဒီပြောနှင့် အချိန်ကုန်မှန်းမသိချေ။

''အတာ . . . လတန်ခူးက အခု Final လား''

ထွန်းထွန်းရဲ့စကားကြောင့် –

''ဟုတ်တယ် . . . ဘာလုပ်မလို့လဲ''





''ဘာမှမလုပ်ပါဘူး ယောက်ဖရာ။ မင်းညီမလေးကို သတိရလို့ မေးတာပါ''

''ဝဲစား''

သူ ထွန်းထွန်းကို ဆဲလိုက်သည်။

သည်ကောင်တွေက လွယ်တာမဟုတ်။ ကျောင်းတက်တုန်းကလည်း သူ့အိမ်မှာ မကြာခဏ ဝင်ထွက်နေသဖြင့် ကူးလေးကို အမြဲတမ်း တွေ့ဖူးနေသည်။

သူ မကြိုက်မှန်းသိသဖြင့် အရမ်းစနောက်ကြသည်။

''စောဦးတောင် မိန်းမယူတော့မယ်တဲ့''

''ဟုတ်လား။ ဒီကောင်ကြီးနဲ့ မတွေ့ရတာ အတော်ကြာပြီ။ ဘယ်ရောက်နေသလဲ''

''သူ သင်္ဘောတက်သွားတာ (၃) နှစ်ရှိပြီလေ။ အဲဒီကတည်းက ငါတို့နဲ့ အဆက်အသွယ်ပြတ်သွားတာပဲ။ ပြန်လာတာတောင် မသိဘူး။ သူ လက်ထပ်မယ့်သတင်းတောင် ငါ့ကို ဘယ်သူပြောပါလိမ့်''

''သူများမေးမနေနဲ့ အတာ။ မင်းကော ငါတို့တွေက ယူချင်ရင် ယူဖို့ အဆင်သင့်ဖြစ်နေပြီ မင်းကော''

ဌေးနိုင်ရဲ့စကားကြောင့် သူ ပြုံးကာ –

''ငါက အပူမရှာချင်ဘူး။ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းနေရတာက အဆင်ပြေတယ်''

''လာသေး ... လာသေး။ မူးလို့တောင် ရှူစရာမရှိတဲ့သူက''

သူကလွဲလျှင် ကျန်သည့်လူအားလုံးက လက်ထပ်ဖို့ စီစဉ်တဲ့ သူနဲ့ ရည်းစားလက်ရှိ အဆင်သင့်ရှိနေတဲ့သူတွေနဲ့မို့ သူ့ကို အားလုံးက ဝိုင်းဖဲ့နေကြသည်။

ဒီလိုနဲ့ ဟိုပြောဒီပြော ပြောရင်း နာရီကိုကြည့်မိတော့ လေး နာရီထိုးတော့မည်။

''ငါ ပြန်တော့မယ်''

''နေပါဦးကွာ၊ မင်းကလည်း ပူမယ့် ဆူမယ့်သူမရှိဘူး''

''ဘာလို့မရှိရမှာလဲ။ မေလေးတို့ မေကြီးတို့ ရှိတယ်လေ''

''ဟုတ်ရဲ့လား''

''ခွေးဝဲစားတွေ မင်းတို့ကွာ''

သူ့ကို အစ်အောက်နေသည့် သူငယ်ချင်းများကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ မြို့ထဲရောက်တော့ အတော်မှောင်နေပြီ။

လှည်းတန်းဘက်ရောက်သောအခါ ကူးအတွက် စားစရာ တစ်ခုခုပါမှ ဖြစ်မည်ကိုတွေးပြီး ကြေးအိုးဆီချက်ဝယ်လိုက်သည်။ ပြီးတော့ မေကြီးတို့အတွက် ရွှေပုစွန်ကိတ်။

ကားထဲတွင် သေချာထည့်ပြီး သူမောင်းလာခဲ့သည်။

ကားအရှမ်းရှုပ်နေသဖြင့် မောင်းရသည်မှာ တုံ့နှေးတုံ့နှေး ဖြစ်နေသည်။ သူ့ကားကို သာသာလေး ချိုးကွေ့လိုက်ခြင်းဖြစ်သော် လည်း –





''ကျွီ''

''အမယ်လေး''

လဲကျသွားသော ပုံရိပ်တစ်ခုကြောင့် သူ ကပျာကယာ ဘရိတ်အုပ်ပစ်လိုက်သည်။ ကားပေါ်မှ ကမန်းကတန်း ဆင်းလာသည်။ ပြီးတော့ သူမအနားသို့ သွားကာ –

''ဘာဖြစ်သွားလဲ ညီမ''

မီးခိုးရောင်ရင်စေ့လက်စကနှင့် မီးခိုးရောင် ထဘီပေါ်မှာ အနက်ရောင်ချိတ်လိုင်းများပါသည့် ထဘီကို ဝတ်ဆင်ထားသည်။ ရှည်လျားသော ဆံနွယ်များကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ထားခြင်းကြောင့် မြန်မာဆန်ဆန်နှင့် သိမ်သိမ်မွေ့မွေ့လှသည်။

''ရလား ညီမ''

''ရတယ် ... အား''

မော့လာသောမျက်နှာလေးက ရှုံ့မဲ့လျက်။ သူကတော့ ထို မျက်နှာကြောင့် အံ့ဩမှင်တက်လျက်။ မတ်တတ်ထရပ်နေသော သူမ ကို ကြောင်ကြည့်နေမိသည်အထိ။

သူ့ပန်းချီကားထဲက မိန်းမချောလေး။ ဝင်းရွှေပြောသော သူ့မိတ်ဆွေလား။

သေချာတာတစ်ခုကတော့ သူမဟာ ပန်းချီထဲကထက် ပို၍ သက်ဝင်လှပသည်။ သူမက လက်ကိုင်အိတ်ကို ကောက်ယူပြီး ခြေ လှမ်းပြင်သည်။

သူ အခုမှ သတိဝင်လာကာ သူမအနီးသို့ လျှောက်သွားသည်။

"ဖြစ်ရဲ့လား ညီမ၊ ဘယ်နားထိသွားသေးလဲ"

"ရပါတယ်၊ နည်းနည်းပွန်းသွားရုံပါ"

"ကျွန်တော် လိုက်ပို့ပေးပါရစေ။ ဥပမာ–ဆေးခန်းတစ်ခုခုပေါ့။ အခုက သွေးပူတုန်းမို့၊ သွေးအေးသွားရင် ဒဏ်ရာပေါ်လိမ့်မယ်"

သူမက သူ့ကိုမော့ကြည့်ပြီး မျက်လွှာချကာ –

"မသွားတော့ပါဘူးရှင့်၊ စိတ်မပူပါနဲ့ . . . ကျွန်မက ဆရာဝန်ပါ။ ပြီးတော့ ကျွန်မကား ဟိုဘက်လမ်းမှာ ရပ်ထားပါတယ်"

သွားဖို့ပဲပြင်နေသဖြင့် သူ ကြောင်နေရာမှ အိတ်ကပ်ထဲမှ လိပ်စာကတ်ကိုထုတ်၍ –

"ဒါလေး ယူသွားပါလား။ တစ်ခုခုအကြောင်းထူးရှိရင် ကျွန်တော့်ဆီ အကြောင်းကြားပေးပါ"

"ကျေးဇူးပဲ"

သူမက လိပ်စာကတ်လေးကိုငေးပြီးမှ အသာလှမ်းယူသည်။ သွယ်လျသော လက်ချောင်းလေးများက ဝါဝါဝင်းဝင်း။ လက်ခလယ်၌ ပတ္တမြားလက်စွပ် ဝတ်ဆင်ထားသည်။

ပြီးတော့ နှုတ်ဆက်ခြင်းမရှိဘဲ သူ့ဘေးမှ လှည့်ထွက်သွားသည်။ သူ အတော်ကြာအောင် ငေးနေမိခဲ့သည်။





နောက်မှ သူ့ကားပေါ်တက်ဖို့ လှည့်ထွက်လိုက်စဉ် မျက်စိထဲ၌ လက်ခနဲဖြစ်သွားသောအရာကို ငုံ့ကြည့်မိသည်။

"ဟင်"

ပလက်တီနမ်ဆွဲကြိုးလေး။ စိန်မြုပ်ထားသဖြင့် တော်တော်တန်ဖိုးကြီးမည်။ သူ ကောက်ယူကာ သူမကို လှမ်းကြည့်တော့ မတွေ့ရတော့ချေ။ ဘယ်ဆီသို့ရောက်သွားမှန်းမသိချေ။

သူ ကားဒက်ဘုတ်ပေါ်တွင် ထိုဆွဲကြိုးလေးကို တင်ပြီး ငေးကာ ကားမမောင်းဖြစ်သေး။

အံ့သြစရာကောင်းလိုက်တာ။ သူက မတွေ့ချင်ဘူးလို့ ဝင်းရွှေကိုငြင်းခဲ့ပေမယ့် သူမက သူ့ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်။

ယဉ်ကျေးသိမ်မွေ့ကာ နွဲ့နှောင်းနှောင်းပုံရိပ်လေးက သူ့အာရုံမှာ တဝဲလည်လည်။

ယခုခေတ်တွင် တွေ့ရခဲသော ပုံစံလေးနှင့်၊ အရှက်အကြောက်ကြီးသော မျက်နှာလေး။ သေချာတာတစ်ခုကတော့ အမှတ်တမဲ့မှ အမှတ်တရဖြစ်ခဲ့ပြီ။

* * *

## အခန်း (၁၇)

သူ မျှော်လင့်ထားသည့်အတိုင်း သူမထံမှ သူ့ဆီသို့ ဆက်သွယ်လာခြင်းမရှိချေ။ နာမည်လေးတောင် မမေးထားမိချေ။

သူ ဓာတ်ပုံပန်းချီကားကြီးရှေ့မှာ ငြိမ်သက်စွာ ထိုင်နေခဲ့သည်။ မျက်နှာသွယ်သွယ်လေးက ကျက်သရေရှိသည်။ ဖက်ဖူးရောင်ဝတ်စုံကြောင့် သူမရဲ့အသားအရေဟာ ပိုပြီးဝင်းဝါနေသလိုလို။

သူ့အိပ်ကပ်ထဲက ဆွဲကြိုးလေးကို ထုတ်ကြည့်မိသည်။ သူမကို သူ ဘယ်လိုပြန်ဆက်သွယ်ရမလဲ မသိချေ။

"သားရေ ဖုန်းလာနေတယ်"

"လာပြီ မေလေး"

သူ ဆွဲကြိုးလေးကို အိတ်ကပ်ထဲ ပြန်ထည့်ကာ ထွက်လာ





ခဲ့သည်။ မိန်းမချောလေးများ ဖြစ်နေမလား။ မေလေးက ညော်ခန်းထဲတွင် ကြက်မွေးနှင့် ဖုန်သုတ်နေသည်။

သူ ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟယ်လို ... လအတာ ပြောနေပါတယ်"

"ကိုတာ ... ကျွန်တော် ဦးမြင့်မော်ပါ"

သူ ပင့်သက်ရှိုက်လိုက်ကာ -

"ဪ ဦးမော် ... ဘာထူးလို့လဲ"

"ခေတ်မီက ကိုတာနဲ့တွေ့ချင်လို့ပါတဲ့"

"ဘယ်လို"

သူ အံ့ဩသွားသဖြင့် ဖုန်းကို ဟိုဘက် ဒီဘက် ပြောင်းကိုင်လိုက်သည်။ မေလေးက သူ့ကိုလှည့်ကြည့်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့လည်း အံ့ဩမိတယ်။ ပြီးတော့ ဆက်သွယ်လာတာကလည်း စင်ကာပူရုံးချုပ်ကပါ"

"ကျွန်တော်တို့ ကုမ္ပဏီလိပ်စာ ဘယ်လိုရပြီး ဘာတွေ ပြောသွားသလဲ"

"ဖြစ်နိုင်မယ်ဆိုရင် ကိုတာ အားမယ့်တစ်ရက်ကို ချိန်းပေးပါတဲ့။ အပြင်မှာလည်း သီးသန့်တွေ့မလား။ ဒါမှမဟုတ် ရုံးမှာပဲ တွေ့မလားတဲ့"

သူ သက်ပြင်းချကာ -

"ဦးမော်သဘောက ဘယ်လိုရှိလဲ"

"တွေ့သင့်တယ်လို့ ထင်ပါတယ်။ မြန်မာဂုဏ်အတွက် အကျိုးမယုတ်နိုင်ပါဘူး"

"အင်းလေ . . . ဒါဆိုလည်း ဦးမော် တစ်ရက်ကြိုချိန်းလိုက်ပါ"

"ဟုတ်ကဲ့ ကိုတာ"

သူ ဖုန်းခွက်ကိုချလိုက်သောအခါ မေလေးက လှည့်ကြည့်သည်။

"ဘာတွေ အခက်အခဲဖြစ်နေသလဲ သား"

သူ ခေါင်းယမ်းလိုက်သည်။

"ဘာမှမရှိပါဘူး မေလေး။ စင်ကာပူက ဧည့်သည်က တွေ့ချင်လို့ ချိန်းတာပါ"

"ဟုတ်လား"

မေလေးတို့ စိတ်မရှုပ်စေချင်သဖြင့် သူ ဘာမှသိပ်မပြောဘဲ ခြံထဲဆင်းလာခဲ့သည်။ သူ စိုက်ပျိုးထားသော နှင်းဆီပင်တန်းဘက် လျှောက်လာခဲ့၏။ နှင်းဆီပန်းတွေက အပြိုင်အဆိုင် ပွင့်နေကြသည်။

သူဟာ လူတစ်မျိုးဖြစ်သည်။ အပြင်သို့လျှောက်လည်ရတာထက် အားသည့်အချိန်များတွင် ခြံထဲက မထွက်ဘဲ စိုက်ပျိုးရေးလုပ်နေရတာကို ပျော်သည်။ ပန်းများဖူးပွင့်လာသောအခါ အမောပြေရသည်။





"ဟင်"

သူ မနေ့ကကြည့်ခဲ့သော ဤနှင်းဆီပင်တွင် အဝါရောင်နှင်းဆီဖူးလေးကို တွေ့ခဲ့ရသည်။ အခု ဘယ်ရောက်သွားသလဲ။

ရိုးတံက ခြောက်သွေ့မနေသဖြင့် သိပ်မကြာခင်က ခူးမှန်းသိရသည်။ သူ မျက်လုံးထဲ ကူးကိုတန်းခနဲ သတိရလိုက်သည်။

ဒီလောက် အတန်တန်တားထားလျက်နှင့် ဒေါသထက် လူက ရှေ့သို့ အလျင်စလို ရောက်သွားသည်။ အိမ်ထဲသို့ ခြေလှမ်းကျဲကျဲနှင့် လျှောက်လာခဲ့သည်။

"လတန်ခူး"

"လတန်ခူး ဘယ်မှာလဲ မေငယ်"

ထမင်းစားခန်းထဲ၌ ရေခဲသေတ္တာထဲ အသီးအနှံများ ထည့်နေသော မေငယ်ကိုမေးလိုက်သည်။

"သူ့အခန်းမှာပဲရှိမှာပေါ့ သားရဲ့။ ခုနတုန်းက ခြံထဲဆင်းသွားတာတော့ မြင်လိုက်တယ်"

သေချာပါတယ်၊ ဒီကောင်မလေးပဲ။ သူ ကူး၏အခန်းရှေ့သို့ရောက်သောအခါ –

"ဒေါက် ဒေါက်"

"လတန်ခူး တံခါးဖွင့်စမ်း"

"– – – –"

"ကြားလား . . . ငါပြောနေတာ"

သီချင်းသံအကျယ်ကြီးကြောင့် သူ အကျယ်ကြီးအော်လိုက်
ည်။ သူတစ်ခါမှ ထိုသို့မပြောပါ။ အခုတော့ မစဉ်းစားနိုင်တော့

"လာပြီ"

"ကျွီ"

ကူးက တံခါးဖွင့်လိုက်သောအခါ သူ မစဉ်းစားတော့
ကူးအခန်းထဲဝင်ကာ လက်ကိုဆောင့်ဆွဲကာ –

"လာစမ်း ... နင် ငါ့ပန်းကို ခူးပစ်လိုက်တယ် မဟုတ်လား"

ကူးက ဘာမှမဖြေဘဲ သူ့ကို တအံ့တသြကြည့်လျက်။ ကူး
လက်ကိုဆောင့်တွန်းပစ်ကာ စာရေးစားပွဲခုံသို့ လျှောက်သွားသည်။
သူ့ရဲ့နှင်းဆီပန်းလေးက အိုးထဲမှာ နေသားတကျ။ ဒါပေမဲ့–

"ပြောစမ်း။ နင် ဘယ်သူ့ခွင့်ပြုချက်နဲ့ ဒီပန်းကိုခူးတာလဲ"

"ပန်းတစ်ပွင့်ခူးတာ ခွင့်ပြုချက်တောင်းစရာလိုလား"

"လိုတယ်၊ ဒီပန်းဖြစ်ထွန်းလာဖို့ နင် တစ်ခါလောက်
ရေလောင်းပေါင်းသင် လုပ်ခဲ့ဖူးသလား။ ပွင့်မှ ဘယ်သူ့ကိုမှမပြော
အခုလို ခူးချင်တိုင်းခူးတာ နင် လွန်တယ်"

ကူးက သူ့လက်ကို ဆွဲဖယ်ပစ်ပေမယ့် သူ မလွှတ်ပါ။

"ကူးကို အဲဒီလိုလာမပြောနဲ့"

"ပြောမှာပဲ။ ငါ ဒီရဲ့ပန်းတွေ ဘယ်လောက်တန်ဖိုးထားသ
နင်သိရဲ့လား"

"ကူးကို နင်တစ်လုံး ငါတစ်လုံး လာမပြောနဲ့။ ဒီပန်း





လိုချင်နေသလား ရတယ်"

ကူးသည် သူ့လက်ထဲမှ အတင်းရုန်းထွက်ကာ ပန်းပွင့်နှင့်
အိုးကို ပြေးယူသည်။ ပြီးတော့ –

"ခွမ်း"

"ဟင်"

ကြမ်းပြင်ပေါ်သို့ကျသွားသော ပန်းအိုးနှင့် ပန်းကလွဲ၍ သူ
မမြင်တော့ဘဲ ကူးကို ဆောင့်တွန်းလိုက်သည်။

"အား"

"နင် သိပ်မိုက်ရိုင်းတယ် လတန်ခူး"

ဒေါသကြောင့် သူ မဆင်ခြင်နိုင်သလို ကူး မော့ကြည့်လိုက်
အကြည့်များထဲတွင်လည်း မုန်းတီးမှုများ။

သူကလည်း တင်းမာစွာစိုက်ကြည့်ပြီး ပန်းပွင့်ကို ကောက်ယူ
လှည့်ထွက်လာခဲ့သည်။

* * *

# အခန်း (၁၈)

“ယုန်ဖြူလေး ... မျက်နှာပျက်လှချည်လား”

“ဘာမှမဖြစ်ပါဘူး နောင်းဟန်”

ကူးမျက်နှာကို စိုးရိမ်တကြီးကြည့်နေသော သူ့ကို ပြော ကူး မတ်တတ်ထရပ်လိုက်သည်။

“စကားခဏပြောပါရစေ”

“ကူး အတန်းတက်ရဦးမယ်။ သဇင်တို့စောင့်နေပြီ”

“ယုန်ဖြူလေးရယ်”

အသနားခံနေသောမျက်နှာကို ကူး အကြည့်လွှဲလိုက်သည်။

“ဒီမှာ ဒါ မနေ့က ကိုအောင်ကြီးငှားသွားတဲ့ ယုန်ဖြူလေး စာအုပ်ပါ။ ကိုယ့်ကိုပေးခိုင်းလို့”





သူ ကမ်းပေးလာသော စာအုပ်ကလေးကိုယူပြီး သူ့ဘေးမှ လာခဲ့သည်။ ကလပ်ဘက်လျှောက်လာစဉ် –

“ဟင် ... ကူး မျှော်လိုက်ရတာဟာယ်၊ လာပါဦး ဒီမှာ ရေးကြီးနေတယ်”

“ဘာတွေအရေးကြီးနေတာလဲ”

သုတ်သုတ်ပျာပျာဖြစ်နေသော သဇင်တို့ဆီ စိုးရိမ်တကြီး ျှောက်သွားကာ မေးလိုက်သည်။ တိုးရဲ့မျက်နှာက ဖြူဖတ်ဖြူလျော်

“ဘာဖြစ်တာလဲ ပြောပါဦး”

ကုံကော်ပင်အောက်ကခုံတန်းမှာ ဝင်ထိုင်ပြီး မေးတော့ တိုး ငိုပါတော့သည်။

“ဒီလိုဟ ... တိုးနဲ့လက်ထပ်ပေးမယ့်သတို့သားလောင်း က်ဖြန်ရောက်မယ်တဲ့။ အဲဒါ တိုးရဲ့မိဘတွေက လက်ထပ်ပေးဖို့ သင်နေပြီတဲ့ဟာ”

“မြန်လှချည်လား”

“ဟုတ်တယ်၊ အဲဒီလူကို တိုးက ဘယ်လိုမှ လက်မခံနိုင်ဘူး

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြပေမယ့် တိုးကတော့ င်း၍ အငိုမပျက်။ ကူး။ သဇင်နဲ့ နွယ်ဝေကို ကြည့်ပြီးမှ –

“အဲဒါ ဘယ်လိုလုပ်ကြမလဲ တို။ နင်ကော နောင်နောင်ကို

ဘာတွေပြောထားလဲ''

တိုးက ငိုနေရင်းမှ –

''ငါ နောင့်ကို ချိန်းထားတယ်။ သူ ဒီနေ့ ကျောင်းဆင်း
ငါ့ကိုလာခေါ်မယ်တဲ့''

(၃) ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်
ကြသည်။ တိုး မျက်နှာလေးမော့လာကာ –

''အဲဒါ နင်တို့ ငါ့ကိုကူညီကြပါဦး''

''ဘယ်လိုကူညီရမှာလဲ၊ ညနေ မဟုတ်ဘူး အခုလို့ ပြော
လား''

တိုးက ခေါင်းယမ်းကာ မျက်ရည်များသုတ်၍ အားလုံး
အကူအညီတောင်းသလို ကြည့်၍ –

''မဟုတ်ဘူး။ ညနေ သူလာတဲ့အချိန်ထိ ငါနဲ့အတူ စော
ပေးပါလား။ ကျောင်းရှေ့လက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်လို့
ပြောထားတယ်''

''အင်း''

စိတ်မော လက်မောနှင့် မြက်ခင်းပေါ်မှာပဲ ထိုင်လိုက်
သည်။ တိုးတစ်ယောက်ပဲ ခုံတန်းမှာ။

''ဒါနဲ့ နင့်အိမ်မှာ စာတွေ၊ ဘာတွေ ရေးထားခဲ့သလား''

''ဟင့်အင်း ... မရေးဖြစ်ပါဘူး။ အဝတ်အစားတောင် ဒီကိုယ်
မှာ ဝတ်တဲ့ အဝတ်အစားပဲပါတယ်''





သူငယ်ချင်းကိုပဲ သနားစွာကြည့်မိသည်။ အတန်းတက်
လိုက်ရပေမယ့် ဘယ်သူမှ စိတ်မပါကြချေ။ ရင်တထိတ်ထိတ် အချိန်
တွေက တတိတိကုန်ဆုံးလာသည်။

တိုးမိဘတွေရိပ်မိလျှင် –

''ကူး နင်လည်း နင့်အိမ်ကို လာကြိုဖို့ ပြောထားသလား''

ကူး ခေါင်းရမ်းပြလိုက်သည်။ ကုံကော်ရွက်အညှာလေးကို
ခုံမှာလည်း၍ ကစားကာ –

''မကြိုခိုင်းဘူး။ ဒီနေ့ ဆရာကန်တော့ပွဲရှိတယ်လို့ ပြောခဲ့
တယ်''

ကူးကို အိမ်ကလာကြိုတာများသည်။ သဇင်ကတော့ နွယ်ဝေ
နှင့်တိုးကို လှည့်ပတ်ပို့ရသည်ကများသည်။

''ငါတော့ မျက်ခုံးခပ်လှုပ်လှုပ်ရယ်။ တော်ကြာ ငါ့ဘက်
သနားလှည့်လာရင် ဒုက္ခ''

''ဟီး ဟီး ... နင်က ငါ့ကို မကူညီချင်လို့လား သဇင်ရယ်။
ငါ့ကို နင်တို့မှ မကူညီရင် ဘယ်လိုမှ မရလို့ပါဟာ''

တိုးက ငိုပြန်သည်။ မည်သူမှကို ချော့၍မရချေ။ သဇင်က–

''ကဲ ကဲ ပြောမိတဲ့ ဒီပါးစပ်၊ ပြောချင်ဦးဟယ်။ ငါက နင့်
ကို ပြောတာမဟုတ်ဘူး တိုးရဲ့၊ ငါ့ဘာသာ''

သဇင်က သူ့ပါးစပ်ကို သူပိတ်ကာ ငြိမ်နေသည်။ အတန်း
သည်းမတက်ဖြစ်ကြတော့ဘဲ အကြာကြီး ထိုင်နေကြစဉ် သဇင်က–

"ကူး မိန်းကလေးက ဘာအဝတ်အစားမှ မပါဘဲ လိုက်သွား
ိုင် သိပ်မကောင်းဘူး။ နင့်မှာ ဘယ်လောက်ပါသလဲ"

"ငါ ဒီနေ့ အိမ်မှာစိတ်ဆိုးလာလို့ မုန့်ဖိုးတောင်းဖို့ သတိမ
ဘူး။ လက်ကျန်နည်းနည်းတော့ရှိတယ်"

"နင် ဘာလုပ်မလို့လဲ"

"ဒီလိုလုပ်၊ ငါရယ်, နွယ်ဝေရယ် ပိုက်ဆံပြန်ယူပြီး တို
အတွက် လိုအပ်တာ သွားဝယ်ခဲ့မယ်။ ကူးက နင့်နဲ့အဖော်နေခဲ့ပေးလိ
မယ်။ ကူးက ကြည့်ရှောင်တတ်တယ်။ နွယ်ဝေက တိုးထက်တောင်
ကြောက်တော့ မဖြစ်ဘူး"

"အေးလေ ... အဲဒါဆိုလည်းသွား။ ဒါပေမဲ့ ကျောင်းဆင်
ချိန်အမီ ပြန်လာခဲ့နော်"

"အေးပါဟာ"

သဇင်နှင့်နွယ်ဝေက ကားနှင့်ထွက်သွားသည်။ တိုးကတော့
ငိုပဲငိုနေသည်။ ကူးက သက်ပြင်းချကာ –

"ဘာမှမစိုးရိမ်ပါနဲ့ဟယ်၊ သူ လာခေါ်ဖို့ သေချာပြောထား
ပြီးသား မဟုတ်လား"

"အင်း ... ဒါပေမဲ့၊ သူနဲ့နေရင် ငါ စိတ်ချမ်းသာရမှာပါနော်"

"ရွေ့တိုးမယ်ဆုံးဖြတ်ထားရင် နောက်လှည့်ဖို့ ဘာလို့ ကြံ
စားနေတာလဲ တိုး။ ဒီလမ်းကို နင်ကိုယ်တိုင် ရွေးချယ်ခဲ့တာမဟုတ်
လား။ ဘာကိုတွေဝေနေတာပဲ"





တဖြည်းဖြည်းနှင့် တစ်နာရီပြီး တစ်နာရီ ကုန်ဆုံးသွားခဲ့
သည်။

ညနေ (၂) နာရီရှိပြီဖြစ်သော်လည်း သဇင်တို့ ရောက်မလာခဲ့
သေးချေ။ တိုး အားငယ်နေသဖြင့် ကူး ဘာမှမပြောချင်ပေ။ ထို့ကြောင့်
တိုးမသိအောင် သဇင်တို့ဆီ ဖုန်းလှမ်းခေါ်သည်။

ဒါပေမဲ့ လူကြီးမင်းပဲ ဖြစ်နေသည်။ တိုးနည်းတူ ကူးလည်း
ခင်ပူလာသည်။ ကူးက လာမကြိုနဲ့ဟုပြောခဲ့သော်လည်း မေမေ့အမိန့်
နှင့်လာကြိုလျှင် –

"တိုး ငါတို့ နင်ပြောတဲ့ လက်ဖက်ရည်ဆိုင်က စောင့်နေရ
အောင်။ ဒီမှာပဲထိုင်နေရင် တစ်ယောက်ယောက်နဲ့ ဆုံနိုင်တယ်"

"အင်း"

လက်ဖက်ရည်ဆိုင်၏ချောင်ကျကျနေရာတွင် ထိုင်ပြီး ကျောင်း
ရှေ့သို့ လှမ်းမျှော်မိကြသည်။

❋ ❋ ❋

## အခန်း (၁၉)

"ဒေါင် ဒေါင်"

လက်ဖက်ရည်ဆိုင်မှ နာရီက သံစုံမြည်၍ ထွက်ပေါ်လာသည်။ ခဏခဏမော့ကြည့်လွန်း၍ အလွတ်ရနေပြီဖြစ်သော အနက်ရောင်တိုင်ကပ်နာရီက (၅) နာရီကိုညွှန်ပြနေသည်။

ကူးနှင့်တိုး အကြည့်ချင်းဆုံသွားသည်။ အဝတ်အစား သွားဝယ်သော သဇင်နဲ့နွယ်ဝေလည်း ပေါ်မလာ၊ လာနိုးမည့်နှောင်နှောင်လည်း မပေါ်လာချေ။

တိုးမျက်နှာက ပြုံးမည့်နှယ်။ ကူးကိုယ်တိုင် ရင်တထိတ်ထိတ်ဖြစ်လာသည်။ ဆောင်းတွင်းသို့ ဝင်ရောက်လာပြီးဖြစ်သည့်အတွက် အမှောင်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။





နှစ်ယောက်သားကြားမှာ တိတ်ဆိတ်မှုသာရှိနေသည်။ ကူးကလည်း ဘာမှမပြောချင်ပါ။ ကိုယ်ပြောလိုက်လို့ အပြောမတော်လျှင် တိုးကငိုဦးမည်။ ဒါတောင်မှ တိုးက တစ်ချက်ရှိုက်ကာ –

"သူ သူ မလာတော့ဘူးထင်တယ်"

"နင်ကလည်းဟယ် ... ဘာလို့ အဲဒီလိုတွေးရတာလဲ"

ကူးကလည်း မနှစ်သိမ့်ပေးတတ်။ တိုးက ငိုပါတော့သည်။ ပတ်ဝန်းကျင်ကို ထိတ်လန့်စွာဝေ့ကြည့်ပြီး –

"ဟဲ့ ... မငိုနဲ့လေ တိုး။ သူများတွေ ကြည့်နေကြပြီ"

"အင်းပါ"

အင်းပါဟုပြောနေပေမယ့် မျက်ရည်က ကုန်သေးဟန်မတူချေ။

"ဟဲ့ ကူး ... ပုန်းနေ ပုန်းနေ၊ ဟိုမှာ ကိုအတာ ကျောင်းထဲဝင်သွားပြီ"

"ဟင် ... ဟုတ်လား"

ကူးလည်း ထိတ်လန့်တကြားနှင့် ပြတင်းပေါက်မှတစ်ဆင့်ချောင်းကြည့်လိုက်တော့ တိုးက –

"ဩော် ... ခုန်အောက်ထဲ ပုန်းနေလေ။ ထွက်သွားမှ ငါပြောမယ်"

"အေး အေး"

ကူးတို့ နှစ်ယောက်စလုံး ပတ်ဝန်းကျင်ကို သတိမထားမိ

တော့ဘဲ ဖြစ်ချင်တာတွေဖြစ်နေတော့သည်။ ကူး ခုံအောက်ထဲ ...င်ထိုင်နေလိုက်သည်။ အတန်ကြာမှ –

"သွားပြီလား တိုး"

"အင်း ... ပြန်တော့ထွက်လာပြီ၊ အေ ... သွားပြီ၊ ... ခဏနေဦး"

ရပြီပြောပြီး ခဏလေးဟု ပြန်ပြောနေသဖြင့် ကူး စိတ်ညစ်စွာ ခေါင်းကုတ်လိုက်၏။

"အမယ်လေး စိတ်ညစ်လာပြီ"

"နင်ကလည်း မညစ်ပါနဲ့ဟာ။ ငါ့ကို မသနားတော့ဘူးလား"

မယ်မင်းကြီးမက တစ်မျောင့်။ ထစ်ခနဲရှိလျှင် ဒါနဲ့ပဲ ကိုင်ပေါက်နေတော့သည်။ စိတ်ညစ်ကြောင်း၊ စိတ်ရှုပ်ကြောင်းတောင် ယောင်ပြီး မပြောရချေ။

သူပဲပြော သူပဲငိုသဖြင့် ကူးတောင် စားပွဲခုံအောက်ကနေ ထိုင်ငိုချင်လာသည်။

"နင် အိမ်ရောက်ရင် ဆူခံရတော့မယ်ထင်တယ် ကူးရယ်"

"မဆူပါဘူးဟာ"

ပြောသာ ပြောရသည်။ မေလေးရဲ့မျက်နှာကို မြင်ယောင်သဖြင့် ကြက်သီးတောင်ထသွားသည်။ ဒါပေမဲ့ တိုးကိုတော့ မပြောဖြစ်ချေ။

"သဇင်တို့လည်း ဘာတွေဖြစ်နေတာလဲ မသိဘူး"





"အေးဟယ်"

"ကလင် ကလင်"

"အမယ်လေး"

ဖုန်းမြည်သံကြောင့် ကူး လန့်သွားသည်။ ဖုန်းသံကြားသူတွေက သူ့ဖုန်းလိုလို ငါ့ဖုန်းလိုလို ဖြစ်နေဆဲ ကူး စားပွဲခုံအောက်က ထွက်လိုက်တော့ မျက်လုံးပြူးနေကြသည်။

ကျောင်းမှာတုန်းက အိမ်ကဆက်မှာစိုး၍ ပိတ်ထားသည်။ ဒီရောက်တော့ သဇင်တို့ဆက်၍ရအောင် ဖွင့်ထားသည်။ တိုးက ကူးကိုပဲ ထိတ်လန့်သလို ကြည့်နေသည်။

ကူး စက်ခရင်မှာပေါ်နေသော ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ မျက်နှာလေးဝင်းသွားသည်။ တိုးကိုလည်း –

"သဇင်တို့ဆီက၊ ဟဲ့ သဇင် ... ပြော နင်တို့ ဘာတွေဖြစ်နေကြတာလဲ။ ဘာလို့ ခုထက်ထိ မလာကြသေးတာလဲ"

"ဘာမှမဖြစ်ဘူးဟေ့၊ အိမ်မှာ အေးဆေးတီဗီကြည့်နေတယ်။ နှယ်ဝေလည်း သူ့အိမ်မှာ"

သဇင်ရဲ့ ခပ်ရွှဲ့ရွှဲ့စကားကြောင့် –

"ဟမ် ... ဘာပြောတယ်။ နင်ပြောတော့ တစ်မျိုး၊ လုပ်တော့ တခြားပါလား"

"တခြားပဲဟေ့ ... တခြားပဲ။ မိတိုးကို ငါက ရိုက်သတ်ချင်တယ်လို့ ပြောလိုက်"

"ဟမ် . . . ဘာဖြစ်လို့လဲ"

"သူ့ကိုဖုန်းပေးလိုက်၊ ငါပြောမယ်"

"အေး . . . ရော့ တိုး . . . နင်နဲ့ပြောမယ်တဲ့"

တိုး ကမန်းကတန်း ယူကာ နားထောင်သည်။ ကူးကိုယ်တိုင်လည်း နားမလည်ချေ။ မိသဇင် ဘာတွေလုပ်နေတာလဲ။

"------"

"ဟင် . . . ဟုတ်လား။ မေမေတို့ကို ပြောလိုက်ပြီ။ ဟင် အခု လာနေပြီဟုတ်လား"

ကူး ယောင်ယမ်းကာ ဆိုင်အပြင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"----"

"ဘာ ဘာလို့ အဲဒီစကား အခုမှ ပြောရတာလဲ"

"-----"

"ဩော် . . . ငါတို့ကို ဒုက္ခခတ်တာ၊ ဘာဆိုင်လို့လဲ"

"-----"

"ရော့ . . . နင်နဲ့ပြောမယ်တဲ့ တိုးက"

ပြောလည်းပြော ငိုလည်း ငိုသည်။

"မိဿဇင် ဘာတွေဖြစ်ကုန်တာလဲ၊ ပြောဦး . . . ငါ နားလည်ဘူး"

"ငါတို့ ပလာဇာရောက်တော့ နောင်နောင်ကို ကောင်မလေး





တစ်ယောက်နဲ့တွေ့တယ်။ ရုပ်ရှင်ရုံထဲ ဝင်သွားတယ်။ ငါတို့လည်း ... တယ်ရမလဲ၊ လိုက်ကြည့်တာပေါ့။ ဟွန်း . . . လုပ်ပုံက ရွံစရာကောင်း ... တာ"

"အေး . . . ဒီမှာ မိတိုးတော့ငိုနေပြီ"

"သေလိုက်၊ ရေမရှိတဲ့ချောင်း နှာခေါင်းဖော်သေလိုက်လို့ ပြောလိုက်"

"ဩော် . . . ရှင်ကလည်း သက်သက်ညှာညှာပဲ"

"ငါ အဲဒီမိတိုးကို ရိုက်ပစ်ချင်တယ်သိလား။ အဲဒါ အခု အန်တီနိုင်ဆီ ဆက်လိုက်ပြီ။ ပြီးတော့ နင့်အမေဆီကောပဲ"

သဇင်ရဲ့စကားမဆုံးခင် ကူး ဖုန်းနားထောင်ရင်းနှင့် အပြင်ကို ကြည့်ခဲ့မိစဉ် ငိုကြီးချက်မ ပြေးလာသော အန်တီနိုင်၊ ပြီးတော့ ကိုကိုနဲ့ မေမေ။

"ဟဲ့ ကူး . . . ငါပြောတာကြားလား"

အန်တီနိုင်က ငိုနေသောတိုးကိုဆွဲကာ –

"သမီးရိုက် လာစမ်း"

တိုးက ငိုပြီး အန်တီနိုင့်လက်ထဲ ပါသွားသည်။ 'မေမေက ...က်နှာတင်းမာလျက်။

"ခေါ်ခဲ့ . . . အဲဒီကလေးမ အိမ်ရောက်မှတွေ့မယ်"

* * *

# အခန်း (၂၀)

"ပြောစမ်း ... လတန်ခွး ဒီလိုမျိုးကူညီသင့်သလား။ မကူညီ သင့်ဘူးလား။ ညည်းဦးနှောက်နဲ့ မစဉ်းစားတတ်တော့ဘူးလား"

မေမေရဲ့ဒေါသတကြီးမျက်နှာကြောင့် ကူး မော့မကြည့်ရ ချေ။ ကြမ်းပြင်ကိုသာ စိုက်ကြည့်မိသည်။

"ငါတို့ လူကြီးချင်း ဘယ်လိုမျက်နှာပြရမလဲ"

ကူး မေမေ့ကို မော့ကြည့်မိတော့ -

"ဘာပြောချင်သေးလဲ ပြောစမ်း။ ပြော"

မေမေက စိတ်မရှည်သလိုနဲ့ ကူး နားကပ်လာကာ လက် မောင်းကို ဆွဲလိမ်သည်။

"အား ... နာတယ် မေမေရဲ့"





"သေအောင်ကို သတ်ပစ်ချင်တယ် သိလား။ မနိုင်က ဘာ ပြောပေမယ့် သူ့စိတ်ထဲမှာတော့ ရှိနေမှာပဲ။ ငါ့သမီးကို ကလေကချေ နဲ့ အောင်သွယ်လုပ်ပေးတယ်ဆို"

"မဟုတ်ဘူး။ ကူးတို့ အောင်သွယ်မ---"

"တော်စမ်း ... ညည်းကို ငါ မမေးဘူး။ ဖြတ်မပြောနဲ့။ ခု ကြည့်စမ်း ... ဟိုကောင်လေးက တကယ်လာမနိုးလို့။ ကံသီပေ လို့ လာများနိုးရင် ငါ မနိုင်နဲ့ ဘယ်လိုရင်ဆိုင်ရမလဲ ပြော လတန်ခွး။ ပြီးတော့ လက်ဖက်ရည်ဆိုင်ထဲမှာ ဒီချိန်ထိ စောင့်နေတယ်တဲ့"

"အား"

မေမေက နားရွက်ပါဆွဲလိမ်သည်။ ကူး နာသော်လည်း မျက်ရည်မကျချေ။ ဒါကြောင့် မေမေက ကူးကို အကြောမာသတဲ့။

"မေမေ လွှတ်ပါတော့။ ကူး နောက်ဆို မကူညီတော့ပါဘူး"

"မေလေးရယ် ... ညီမလေးအရမ်းနာနေပြီ မရိုက်ပါနဲ့ တော့"

ကိုကို့အသံကြောင့် ကူး ဆတ်ခနဲ လှည့်ကြည့်မိသည်။ တကယ့်ကို စိုးရိမ်တကြီးကြည့်နေသော ကိုကို့ကို ကူး အကောင်းမမြင် တော့ချေ။ မေမေ ရိုက်သမျှကို ကြိတ်မှိတ်ခံနေရသဖြင့် ထွက်ပေါက် ရှာနေသော ကူး။

"ဘာလာပြောတာလဲ သွား။ သူများသားအမိကြားထဲ မဆိုင် တာနဲ့ ဝင်မပါနဲ့။ သွား ... သွားလေ"

မထင်မှတ်သောစကားကြောင့် မေမေကော ကိုကိုပါ ကြောင် နေသည်။ ပြီးမှ မေမေက ကူးနား ဒေါသတကြီးနဲ့ တိုးကပ်လာကာ

"ကြည့်စမ်း လတန်ရူး ... ညည်း ရိုင်းလှချည်လား။ အဲဒါ ညည်းအစ်ကို၊ ညည်း ဒီလောက်"

မေမေ လက်တစ်ဖက်က ရိုပ်ခနဲ မြောက်တက်လာသည်။ ကူး မရှောင်ဘဲ အံကြိတ်ပစ်လိုက်သည်။

"မေလေး မရိုက်ပါနဲ့"

"ဖြန်း"

ကူးပါးပေါ်မှာ ပြင်းထန်စွာကျရောက်လာသော လက်ဖဝါး ကြောင့် မျက်ရည်ပူများ လိမ့်ဆင်းလာသည်။

မျက်နှာပေါ်ပြိုဆင်းလာသည့် ဆံပင်များကို သပ်ပစ်ကာ မော့ကြည့်မိသည်။ မျက်နှာပျက်နေသော ကိုကို့ကို –

"သွား သွားလေ ဘာကြည့်နေတာလဲ။ ကူး ရိုက်ခံရလို့ ကျေနပ်နေတာလား။ ထပ်ရိုက်စေချင်လို့ စောင့်နေတာလား"

ကိုကိုက ခေါင်းတယမ်းယမ်းဖြစ်နေသည်။ မေမေက ကူးကို ဆောင့်တွန်းသည်။ ကူး မေမေလုပ်သမျှကို အံကြိတ်ခံနေလိုက်သည်။

ကိုကိုက ကူးကို အကြာကြီးစောင့်ကြည့်ပြီး မျက်နှာလွှဲကာ –

"သွားပါ့မယ် ကူးရယ် ... မေလေး ကူးကို မရိုက်ပါနဲ့တော့ ကျွန်တော် တောင်းပန်ပါတယ်"





ထွက်သွားသောကိုကို့ကို မကြည့်ဘဲနေလိုက်သည်။ မေမေက ကူးကိုကြည့်ကာ ...

"လတန်ရူး ... ညည်းဟာ ဘယ်လိုမိန်းကလေးလဲ။ အဲဒါ ညည်းအစ်ကို၊ ရန်သူမဟုတ်ဘူး။ သူ့မှာလည်း ပြောပိုင်ခွင့်ရှိတယ်"

"မဟုတ်ဘူး။ အဲဒါ ကူးအစ်ကိုမဟုတ်ဘူး။ သူ့ကို ကူး မုန်းတယ်"

"ဘာ"

မေမေရဲ့ 'ဘာ' ဆိုသောအသံနှင့် ဒေါသကို ခန့်မှန်းမိသဖြင့် ကူး မော့မကြည့်မိ။ ကူးရင်ထဲမှာ ကိုကိုပြောခဲ့တဲ့ စကားတွေအတွက် နာသည်။ သူတောင် မောင်နှမအချင်းချင်း ဒီလိုပြောထွက်တာ ကူးက ဘာလို့ ပြောမထွက်ရမှာလဲ။

"လတန်ရူး။ သွား သွား ညည်း ငါ့မျက်စိအောက်က မြန်မြန် ထွက်သွား"

ကူး မတ်တတ်ထရပ်ကာ အပေါ်ထပ်သို့ တက်လာခဲ့သည်။ မေမေရဲ့ပုံစံက ကူးပြောသည့်စကားကို လက်မခံနိုင်သည့်ဟန်။

"နေဦး"

လှေကားပေါ်သို့ နင်းရန်ပြင်စဉ် မေမေ့အသံကြောင့် –

"မနက်ဖြန်နဲ့ သန်ဘက်ခါ ညည်း ဘယ်မှမသွားရဘူး။ အိမ်ထဲကအိမ်ပြင် ခြေတစ်လှမ်းတောင် မကျူးရဘူး"

ပါးပြင်က နာကျင်မှုက ရင်ထဲထိ တိုးဝင်လာခဲ့သည်။

လူအားလုံးရဲ့ရှေ့မှာ ကူးက အကြောမာသူရယ်။ ကွယ်ရာမှာ ...်းနည်းစွာ ငိုတတ်တဲ့ကူးက ဝမ်းနည်းလွယ်သူပါ။

မေမေ ကူးကိုရိုက်ရက်တယ်ပေါ့။ ကူးဟာ မေမေ့သမီးအရင်းပါ။

"မေမေ မတရားဘူး"

* * *



## အခန်း (၂၁)

"သား စက်ရုံသွားတော့မှာလား"

မေလေးက မီးဖိုဆောင်မှထွက်လာပြီး မေးလေသည်။ သူ ခေါင်းညိတ်ပြရင်း –

"ဟုတ်တယ် မေလေး။ မေလေး သား ပြောစရာရှိတယ်"

"ဘာလဲ"

မေလေးက သူ့ဆီ လှည့်ကြည့်လာသည်။ သူ ခေါင်းငုံ့ကာ

"သား ဒီနေ့ ကူးကို စက်ရုံခေါ်သွားချင်တယ်"

"ဟင်"

မေလေးက သူ့ကို အံ့သြသလိုမော့ကြည့်သည်။ မနေ့က ...ူး သူ့ကို ရိုင်းစိုင်းစွာ ဆက်ဆံလိုက်သည်ကိုလည်း သတိရသဖြင့်

မျက်နှာပူပုဟန်ဖြင့် –

"ဒီကလေးမက ... အင်း ဖြစ်မယ်မထင်ပါဘူးကွယ်။ ကိုယ့် အလုပ်ကို ကိုယ်ဖြောင့်ဖြောင့်သွားပါ။ မေလေး နောက်ထပ် ဒီကလေး နဲ့ စကားမများချင်ဘူး"

မေလေးက စကားကိုအကုန်ပြောသည်။ သူ စိတ်မလျှော့

"ဒါလေးတစ်ခု သားကိုခွင့်ပြုပါ။ သူ ကျွန်တော့်ကို စိတ် ကောက်နေလို့"

မေလေးက ပြောလည်းပြော ထမင်းစားခန်းထဲဝင်သွား သူပါလိုက်ဝင်တော့ ထမင်းစားခန်းထဲတွင် မေကြီးရယ်၊ မေငယ်ရယ်

"ဟော ... သား မသွားသေးဘူးလား"

"သွားတော့မှာပါ မေကြီး။ နော် မေလေး"

သူ မေလေးနောက်ကို တကောက်ကောက်လိုက်ပြီး ခွင် တောင်းနေတာကို မေငယ်ကကြည့်ပြီး –

"သား ဘာတွေပူဆာနေတာလဲ မမရင်"

"ကူးကို စက်ရုံခေါ်သွားချင်လို့တဲ့လေ"

မေကြီးက ကော်ဖီငုံ့သောက်နေရာမှ –

"ကောင်းသားပဲ ရင်ရင်ရဲ့၊ ထည့်လိုက်ပေါ့။ အိမ်မှာနေတာ ထက်စာရင်"

"မဖြစ်ဘူး မမတင်ရဲ့၊ ဒီကလေးမက အပြောရှိုင်းတယ် ကျွန်မတောင် သူ့ကိုမနိုင်တော့ဘူး။ မနေ့ကများ သူ့အစ်ကိုကို ရန်တွေ





လိုက်တာ သူ့အစား ကျွန်မတောင် ရှက်တယ်"

"ဩော် ... ဒါကတော့အေ၊ သူတို့မောင်နှမချင်းပဲ။ ညည် က မကြားသလိုနေလိုက်ပေါ့။ အဓိက သူတို့ကြည်ဖြူနေဖို့ မဟုတ် လား။ အတာ ခေါ်သွားလိုက်"

"ဟုတ်ကဲ့ မေကြီး။ ဒါဆို သား သွားခေါ်လိုက်မယ်"

သူ ကူးအခန်းရှိရာသို့ တက်လာခဲ့သည်။ တံခါးမခေါက် သေးဘဲ နားစွင့်မိသည်။ ဘာသံမှမကြားရချေ။

"ဒေါက် ဒေါက်"

"ကူး"

အထဲက လှုပ်ရှားသံသဲ့သဲ့ကြားရပြီး ပြန်တိတ်ဆိတ်သွား သည်။

"ကူး"

"ဘာလဲ"

"ကိုကိုပါ"

အသက်ရှူသံ ခပ်ပြင်းပြင်းကိုကြားရသည်။ ပွစိပွစိ ရေရွတ် သံနှင့်အတူ။

"ဘာကိစ္စလဲ၊ ဘာမှပြောစရာမရှိဘူး"

"ကိုကိုမှာ ရှိတယ်"

"သွားစမ်းပါ ... အေးအေးဆေးဆေးနေပါရစေ"

ကူးက ဂျစ်တစ်တစ်နှင့် တကယ် တံခါးလာမဖွင့်ပေးချေ။

သူလည်း ဒီလိုအပျော့ဆွဲလို့မရတော့မှ –

“လတန်ခူး”

“ဒေါက် ဒေါက်”

“ဘာလဲလို့၊ ဘာလို့လာခေါ်နေတာလဲ။ တံခါးမဖွင့်ချင်လို့ မဖွင့်တာကို”

“ခေါ်ချင်လို့ ခေါ်နေတယ်များ မှတ်နေသလား။ မေလေး ခေါ်ခိုင်းလို့”

အိပ်ခန်းထဲမှာ ခြေဆောင့်လိုက်သောအသံကိုကြားရသည်။ သူ ပြုံးပြီး တံခါးပွင့်အလာကို စောင့်နေ၏။

“သိပ်ရှုပ်တာပဲ”

“ကျွီ”

“ဟင် . . . ဘာလုပ်တာလဲ”

ကူး တံခါးဖွင့်ဖွင့်ချင်း သူ ကူးကို တွန်းတိုက်ကာ ဝင်ပြီး တံခါးကိုပိတ်လိုက်သည်။ ကူးက သူ့ကို မျက်လုံးပြူးကြည့်ပြီး–

“အဲဒါ ဘာလုပ်တာလဲ၊ ကူး အခန်းထဲမလာနဲ့ သွား။ ပြီး ကူးကို ရိုင်းတယ်လေး ဘာလေး လာမပြောနဲ့”

ကူးက အော်လည်းအော် မျက်ရည်တွေကျလာသဖြင့် သူ လုံးဝ စိတ်မကောင်းချေ။ ကူး တော်တော်ခံစားသွားရတာပါလား။

“ကူး ကိုကိုတောင်းပန်ပါတယ်”

“ဘာတောင်းပန်တာလဲ။ ပန်းခူးတဲ့ကိစ္စလား။ မလိုပါဘူး





ကူးအဖြစ်က ကျားသနားမှ နွားချမ်းသာမဟုတ်ဘူး။ လူတိုင်းမှာ လွတ်လပ်ခွင့်ရှိတယ်၊ ကူးကို ရိုင်းတယ်ပြောခဲ့တယ်။ ရတယ် ပြော လေ၊ အဲဒါ ကိုယ့်လွတ်လပ်ခွင့်ပဲ။ ကူးလည်းပြောမယ် မုန်းတယ်၊ ဘယ်တော့မှ အစ်ကိုမတော်ချင်ဘူး”

“ကူး”

သူ ကူးရဲ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်တော့ ကူးက အတင်းရုန်းသည်။

“တစ်ခုတည်းပဲ၊ ဒီတစ်ခုတည်းပဲ ခွင့်လွှတ်ပေးပါ ကူးရယ်။ နောက်ရက်ကစပြီး ကိုကို့ကြောင့် ကူး မခံစားစေရဘူး ကတိ၊ ကတိ ပေးပါတယ်ကွာ”

ကူးက ရုန်းကန်မှုတွေ လျော့သွားသဖြင့် သူ အားတက်သွား တာ –

“အခု ကိုကိုနဲ့စက်ရုံကိုလိုက်ခဲ့ပါလား။ လမ်းမှာ ကူးကြိုက် တာ ဝယ်ကျွေးမယ်။ ဟိုရောက်ရင်လည်း ကူးနေချင်သလိုနေ၊ နေ့ခင်း ကျရင် ကူးစားချင်တာ မှာပေးမယ်”

ကူး မျက်နှာမော့လာသည်။ သူ ကူးကိုငုံ့ကြည့်မိတော့ –

“ကူးကို အစားနဲ့မြှားနေတာလား”

“မဟုတ်ဘူး။ ကိုကို ကျွေးချင်လို့ပြောတာပါ”

ကူးက ငြိမ်သက်နေသည်။ အတန်ကြာမှ –

“အဲဒါဆို ကူးကို ကတိပေး”

"ဘာကတိလဲ"

"ဘယ်တော့မှ ကူး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူးဆိုတဲ့ ကတိ"

"ပေးတယ် ... ပေးတယ်"

"အဲဒါဆိုသွားတော့"

"ဟင်"

သူ့မျက်နှာကြီး အီလည်လည်ဖြစ်သွားရသည်။ ကူးက မှန်ထဲမှ သူ့ကိုလှမ်းကြည့်ပြီး –

"သွားလေ ... ကားထဲမှာစောင့်နေပေါ့။ ကူး အဝတ်အစားလဲပြီး လာခဲ့မယ်"

"ဩော် ... အေးအေး"

သူ အခန်းထဲကနေထွက်ပြီး ရင်ထဲမှာပေါ့ပါးသွားရသည်။ ကူးသိရဲ့လား ကိုကို့အပေါ် ကူးမခေါ်မပြောတဲ့နေ့တွေ ကိုကို ဘယ်လိုခံစားရတယ်ဆိုတာ။ ဒါကို ကူး နားမလည်ဘူး မဟုတ်လား။

✱ ✱ ✱



## အခန်း (၂၂)

အလုပ်က အမြဲတစေ ရှုပ်နေတတ်တာမို့ အလုပ်ကိုရောက်သည်နှင့် ကူးကိုတောင် စကားမပြောနိုင်တော့ချေ။ အလုပ်အနည်းငယ်ပါးသည့်အချိန် သူ့နားနေခန်းသို့ရောက်တော့ –

"ဟင်"

သူ စိတ်လည်းညစ်၊ ပြုံးလည်း ပြုံးရပါသည်။ နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် အကျအန အိပ်ပျော်နေသော ကူး။

သူ ချစ်စနိုးဖြစ်မိသည်။ အခုလိုအိပ်ပျော်နေသည့်အချိန်ဆိုလျှင် ဖြူဖြူစင်စင် သိမ်မွေ့ဟန်နှင့် နိုးလာလျှင်တော့ စွာတာတာနှင့်။ ကြမ်းပြင်ပေါ်တွင် ပုံကျနေသော ဆံနွယ်ရှည်များကို အပေါ်တင်ပေးကာ သူ့ရဲ့ကုတ်အင်္ကျီကိုချွတ်ပြီး ကူးကို ခြုံပေးလိုက်သည်။

သူ ကူးကို တစ်ချက်ကြည့်ပြီး အပြင်သို့ထွက်လာသည်။ ဦးမော်က တံခါးပေါက်ဝတွင် သူ့ကိုစောင့်နေသည်။

''ဦးမော် ဘယ်သူနဲ့ချိန်းထားတာရှိသေးလဲ''

''ဒီနေ့ မစ္စတာမီရှဲလ်နဲ့ ချိန်းထားပါတယ်''

''ဟောဗျာ မေ့တော့မလို့ပဲ''

သူ့နဖူးကိုရိုက်လိုက်မိသည်။ သူ့ကားသော့ကို လက်တစ်ဖက်က လှမ်းဆွဲရင်း –

''ဩော် . . . ညီမလေးနိုးရင် စောင့်နေခိုင်းပေးဦးနော်''

''စိတ်ချပါ''

သူ ပြေးလွှားရပြန်သည်။ တော်ပါသေးရဲ့။ ချိန်းထားတာက (၁၂) နာရီမို့။ သူသည် အလုပ်တစ်ခုတွင် မစောလျှင်တောင် နောက် မကျဘဲရောက်အောင် အမြဲကြိုးစားသည်။ ဆွေးနွေးပြီးသည့်အချိန် သည် (၂) နာရီခန့်ကြာသွားသည်။

သူ ကုမ္ပဏီသို့ပြန်ရောက်ပြီး ကားပါကင်သို့ရောက်ရုံရှိသေး ဖုန်းမြည်လာသည်။ ကူးဆီကဟုထင်သော်လည်း –

''ဟယ်လို . . . ကိုတာလား။ ဒီမှာ ကိုတာနဲ့တွေ့ချင်လို့တဲ့ ညည်သည်ရောက်နေတယ်၊ ပြန်ချိန်းလိုက်ရမလား''

''ရတယ် မချိန်းနဲ့ ဦးမော်၊ ကျွန်တော် အခု စက်ရုံ ရောက်နေပြီ။ ဒါနဲ့ ညည်သည်က ယောက်ျားလား။ မိန်းမလား''

''မိန်းကလေးပါ''





သူ ဖုန်းချပြီး ရုံးခန်းထဲသို့ရောက်သောအခါ မြင်လိုက်ရသော ကြောင့် သူ အမောဆို့သွားရသည်။

ဇာခြည်။ သူနဲ့ တက္ကသိုလ်မှာကတည်းက သူငယ်ချင်းလိုလို ညီးစားလိုလို ဘာလိုလိုနဲ့ ပြီးခဲ့ရသူ။ သူ့ကို လှည့်ပတ်ကစားသွားသည် ဟု ပတ်ဝန်းကျင်၏စကားသံတွေကို အလူးအလဲ ခံစားခဲ့ရသည်။

သူ မိတ်ဆွေဝတ္တရားအရ ပြုံးပြပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက် က –

''ဆို ဇာခြည် . . . ကိစ္စရှိလား''

''အို . . . ယူက၊ ဇာခြည့်ကို ဘယ်လိုဆက်ဆံတာလဲ''

ကန္တဲ့ကလျပြောနေသော ဇာခြည်ကြောင့် သူ ဦးမော်ကို–

''ဦးမော် ကူးနိုးပြီလား''

''မနိုးသေးဘူး ကိုတာ''

''ဟုတ်ပြီ၊ ဒါဆို ကျွန်တော် လိုရင်ခေါ်လိုက်ပါ့မယ်''

ထွက်သွားသောဦးမော်ရဲ့ ကျောပြင်ကိုငေးပြီး တံခါးပိတ် သွားတော့မှ ဇာခြည်ဘက်ပြန်လှည့်ကာ –

''ကဲ . . . ဘာကိစ္စလဲ ပြောနိုင်ပြီ''

''ယူက စိမ်းလှချည်လား''

''ဘယ်တုန်းက ရင်းနှီးဖူးလို့လဲ''

သူကော ဇာခြည်ပါ လှည့်ကြည့်မိသည်။ သူတို့အနီး လျှောက် လာသော ကူး။ သူ ခြုံပေးသောကုတ်အင်္ကျီကို ကိုင်လျက်။

ဇာခြည်က ကူးကိုင်ထားသော သူ့ရဲ့ကုတ်အင်္ကျီကို မျက်မှောင်ကုတ်၍ ကြည့်ကာ –

''သူက ဘယ်သူလဲ ကိုတာ''

ကိုကိုက ဘာမှမပြောချေ။ ကူးက ကိုကိုထိုင်နေသော ဆုံလည်ကုလားထိုင်၏ နောက်ဘက်သို့လျှောက်သွားကာ ဇာခြည်ဆိုသော အမျိုးသမီးကိုကြည့်လိုက်သည်။

''မဇာခြည် မြင်တတ်ပုံကလည်း အံ့ဩပါရဲ့။ ကူးတို့အိမ်ဒီလောက် ဝင်ထွက်နေလျက်နဲ့ ကူးကို ဘယ်သူလဲမေးနေတာကတော့ မကောင်းပါဘူး''

''အို''

ဇာခြည် မျက်နှာနီရဲသွားသည်။

တက္ကသိုလ်တက်စဉ်က ကူးတို့အိမ် နေ့စဉ်ဝင်ထွက်ပြီး လတန်ခူးကို မမှတ်မိသလိုလုပ်လို့ ရမလား။

ကိုကိုက ကြားမှအနေခက်ဟန်နှင့် –

''ကဲ ... လာရင်းကိစ္စပဲပြောပါ ဇာခြည်''

''ယူ့ညီမက နှောင့်ယှက်နေတာ မတွေ့ဘူးလား''

ကူးကို ပထုတ်ချင်သလိုပြောနေသည်။

''ကူး ခဏထိုင်ဦး။ ကိုကို စကားပြောလိုက်ဦးမယ်''

ကူး ဘာမှမပြောတော့ဘဲ ညှိုသည်တွေထိုင်သော ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။





''ကဲ ... ပြော''

''ယူတို့ စက်ရုံမှာ ကြီးကြပ်ရေးမှူးခေါ်တဲ့ သတင်းကို ဖတ်မိတယ်၊ အဲ''

''အခု မခေါ်တော့ဘူး။ ဒီရှိတဲ့လူတွေနဲ့လည်းလုပ်ဖို့ ဆုံးဖြတ်ထားတယ် ဇာခြည်။ မနေ့ကပဲ ရုပ်သိမ်းခြင်းကို မင်း မမှတ်မိဘူးနဲ့တူတယ်''

''ဟင် ... ဒါဆို''

''ဟုတ်တယ် ... ကိုယ် စိတ်မကောင်းပါဘူး''

''---''

''ဦးမော်''

''လာပြီ ကိုတာ''

သူ ဦးမော်နားသို့ တစ်ခုခုကပ်ပြောပြီး –

''ကဲ ဇာခြည် ... ကိုယ် သွားလိုက်ဦးမယ်။ ကူး ကိုကိုတို့ ပြန်ကြရအောင် ... လာ''

ကားပေါ်ရောက်တော့မှပဲ စကားအေးအေးဆေးဆေး ပြော၍ အချိန်ရတော့သည်။

''တစ်ခုခုစားဦးမလား''

''မစားတော့ပါဘူး''

''မေလေးကို မနေ့က ဘာလို့ပြန်ပြောတာလဲ''

မနေ့ကဆိုတာကို ပြန်အစဖော်တော့ ကူး မျက်နှာတည်

သွားသည်။ ကိုကို့မျက်နှာကို ခပ်တည်တည်ကြည့်လိုက်တော့ –

"ဟော့ တစ်မျိုးထင်မနေနဲ့နော်"

"ထင်မှာပဲ"

ကူး နှုတ်ခမ်းကိုက်ပြီး ဘာမှ ဆက်မပြောဖြစ်၊ တစ်ခါတလေ ဆရာကြီးလေသံနှင့် သိပ်ပြောတတ်သောကိုကို့ကို ကြည့်၍မရပါချေ။

"တီ တီ"

ဖုန်းမြည်သံကြောင့် ကိုကိုက လှည့်ကြည့်လေသည်။ ဒါပေမဲ့ ဘာမှမတားဘဲ ကားအရှိန်လျှော့ပေးသည်။

"ဟယ်လို"

"မိကူး မနေ့က တော်တော်အီသွားရဲ့လား"

"သွားသေလိုက်ပါလား"

"မိတိုးနဲ့စေ့စပ်မယ့်သူကို တွေ့ပြီးပြီ။ ဟိတ်ကောင် ငါက တော့ နောင်နောင်နဲ့လွဲသွားတာတောင် ကောင်းလှပြီမှတ်တယ်။ အဲဒီ လူက လုံးဝတည်ကြည်တယ်။ သူတို့ မနက်ဖြန်စေ့စပ်မယ်။ ရှေ့အပတ် မှာ လက်ထပ်မယ်တဲ့"

"ဟာ . . . မမြန်လွန်းဘူးလား။ တိုးက ဟင်းရွက်ကန်စွန်းရွက် မှမဟုတ်တာ"

"တော့်ပါတော့ဟာ။ ငါကတော့ စကားကြီး စကားကျယ် တွေ မပြောရဲတော့ပါဘူး။ စေ့စပ်ပွဲသွားမှာလား"

"ဘယ်လိုပုံစံနဲ့ ထွက်ရမှာလဲ။ ခွေးတိုးပေါက်ကနေ ကုန်း





ကုန်းလေးထွက်ရမှာလား။ ဒီမှာ (၂) ရက်လုံး အပြင်ထွက်ခွင့်ပါမစ် ပိတ်ခံထားရတာ။ စကားမဟာရဲပါဘူး။ မင်္ဂလာပွဲမှပဲသွားတော့မယ် နင်ကော"

"ငါလည်း အတူတူထင်ပါတယ်ဟာ"

"ဒါဆို ဒါပဲ၊ ဪ . . . နွယ်ဝေကော သိပြီးပြီလား"

"သိတယ်၊ သူလာလို့လည်း ငါသိရတာလေ။ သူကမှ ကောင်းသေး။ သူ့အိမ်က ဒီကိစ္စ ဘာမှမသိတော့ လွတ်လပ်ခွင့်ကို ထိပါးဘူးလေ။ သူက ငါတို့ကို ကောင်းကောင်းလေးလှောင်တယ်"

"ဟော့ နာလိုတော့ဘူးလို့ ပြောလိုက်"

ကူးက ဖုန်းချပြီး ရှုံ့မဲ့လိုက်သည်။ ကိုကိုက ကူးဘက်လှည့် ကြည့်ကာ –

"ဘာတွေ ဒီလောက်လေပေါ်နေတာလဲ"

"ဒီလိုပါပဲ ကိုကိုရာ"

* * *

## အခန်း (၂၃)

"သွားတာတော့ အေးအေးဆေးဆေးသွား။ ပြီးမှ ဘာဘာ ညာညာ မကြားချင်ဘူးနော်"

ကူး ခေါင်းညိတ်ပြရင်း အင်္ကျီခါးစကို အနေခက်စွာ ဆွဲချ သည်။ ဇာအင်္ကျီအဖြူဝမ်းဆက်နှင့် ကျစ်ဆံမြီးတစ်ချောင်းတည်း ကျ ထားသဖြင့် အနေခက်လှသည်။

မင်္ဂလာဆောင်သွားရမည်ဆိုတော့ မေမေက ဒီဝတ်စုံထု ပေးခြင်းဖြစ်သည်။

ကိုကိုက ကူးပုံစံကို ပြုံးစိစိနှင့် ကြည့်သည်။ ကူးက ကို ဘာသာ မလုံမလဲ ဖြစ်မိကာ –

"ဘာပြုံးတာလဲ"





ဟု ရန်ထောင်လိုက်သည်။ ကိုကို့အမြင်တွင် ကူးသည် ရန် ထောင်တတ်သော ကောင်မလေးတစ်ယောက်သာ ဖြစ်သည်။

တိုးတိုးရဲ့အိမ်ရှေ့ ရောက်သောအခါ လူတွေ သိပ်တော့ မရောက်သေးချေ။ ခြံရှေ့တွင် ကားအချို့မြင်ရသည်။ မင်္ဂလာဆောင်ကို န်းမတွင်မလုပ်ဘဲ ခြံထဲတွင်လုပ်သည်။ ထမင်းကျွေးခြင်းဖြစ်သည်။

ကူးတို့ကားရပ်သောအခါ မင်္ဂလာစုံတွဲက ရောက်လာသည်။ တိုးက ကားတံခါးနားထိကပ်လာကာ –

"ကိုအတာ ... ခဏဝင်ပါဦးလား"

"မဝင်တော့ဘူး မခင်မင်းတိုး။ ကူးကို ညနေမှ ပြန်လာခေါ် မယ်။ အေးအေးဆေးဆေးနေကြပေါ့"

"ဟုတ်ကဲ့ စိတ်ချပါ"

ကိုကိုက ကားကိုကွေ့ပြီး မောင်းသွားသည်။ ဧည့်ခံပွဲဆီမှ ချင်းသံများ ငြိမ့်ညောင်းစွာထွက်ပေါ်လာသည်။ တိုးက ကူးရဲ့လက် ကိုကိုင်ကာ –

"ကိုသက်ဦး မိတ်ဆက်ပေးရဦးမယ်။ ဒါ တိုးရဲ့သူငယ်ချင်း တန်ခူးတဲ့"

"ဟုတ်ကဲ့"

ကူး ခေါင်းညိတ်ပြတော့ ကိုသက်ဦးဆိုသူက ပြုံးပြကာ–

"တိုးရဲ့မိတ်ဆွေက ကျွန်တော့်မိတ်ဆွေပါ။ ရတယ် တိုး ငယ်ချင်းတွေနဲ့ သွားရင်သွားလေ၊ ကိုယ်ပဲ ဧည့်ခံလိုက်မယ်"

"ခဏနော်"

တိုးက ကူးလက်ကိုဆွဲပြီး ထွက်လာသည်။ ကူးကတော့ သဇင်ပြောသောမှတ်ချက်ကို လက်ခံမိသည်။ အသားညိုညိုနှင့် ကိုသက်ဦးသည် စိတ်သဘောထားကောင်းမွန်သူဆိုတာ သိသာသည်။

သဇင်တို့ဝိုင်းရောက်သောအခါ ကူးကို အထူးအဆန်းသဖွယ် ကြည့်ကြသည်။ ကြည့်မှာပေါ့၊ သူတို့က ပေါ့ပေါ့ပါးပါး ဝတ်လာတာ၊ ကူးတစ်ယောက်တည်းသာ ကွန့်၍လေ။

နောင်းဟန်က စားပွဲပေါ်မှာ အလှထိုးထားသော နှင်းဆီ တစ်ပွင့်ကို ယူကာ ကူးရှေ့မှာချရင်း –

"ယုန်ဖြူလေး သိပ်လှတယ်"

"နောင်းဟန်နော်"

အားလုံးက ဝါးခနဲအော်ရယ်ကြသည်။ သူများတွေကတော့ ဘာကြောင့်လဲပုံစံနှင့် ကူးတို့ဝိုင်းကို လှမ်းကြည့်သည်။ သဇင်က ကူးလက်ကိုဆွဲကာ ထိုင်စေပြီး –

"ဟုတ်ပါရဲ့၊ တို့ကူးက အခုမှ ပုံပြင်လေးထဲကနတ်သမီး ဖြစ်နေပြီ။ နတ်သားလေးက ဘယ်သူလဲ"

"ကျွန်တော်"

နောင်းဟန်က ကိုယ်ကိုမတ်၍ ရင်ကော့ပြီး ဖြေတော့ သဇင်က လှောင်ပြုံးပြုံး၍ –





"မငြင်းရှာဘူးနော်။ ဘယ်ကကျွန်တော်လဲ၊ နတ်ပြည်မှာ ကျွန်တော်ဆိုတဲ့ နတ်သား မကြားဖူးပါဘူး"

သဇင်ကလည်းချွတ်သည်။ အားလုံးကလည်း ဝါးခနဲရယ်ကြပြန်သည်။ နောင်းဟန်ကလည်း မခေလှပါ။

"မဖြစ်တော့ဘူး၊ သဇင်ရဲ့ပါးစပ်ကို ကြောက်လို့ ဝိုင်းမြန်မြန်ရွှေ့မှ"

တကယ်လည်း သူ့သူငယ်ချင်းတွေနှင့် ပြန်သွားကြသည်။ တော့မှ (၄) ယောက်သား ခေါင်းခြင်းဆိုင်သွားသည်။

"ဟဲ့ တိုး ... နှင့်မျက်နှာက ဘယ်လိုဖြစ်နေတာလဲ။ နောင်နောင်ကို သတိရနေတာလား"

"သေလိုက်ပါလား"

"မသေလိုက်ကောင်း သံချောင်းအဖေ ဖြစ်နေတာပေါ့"

"ငါတော့ သူ့ကိုကြိုက်ခဲ့မိတာ ပြန်တွေးမိတိုင်း လည်ပင်းကို နဲ့ ကြိုးကွင်းစွပ်ပြီးသေချင်တာ"

"တရားတာ"

"ဟုတ်ပါရဲ့၊ သူ့ကိုယ်သူတော့ သက်သက်ညှာညှာ"

"အဲဒါဆိုလည်း သေချာသေဦး။ အသက်ရှူကျပ်နေဦးမယ်"

(၃) ယောက်သား ဝိုင်းပြီး ထောပနာပြုတော့ တိုးက မျက်နှာ ယ်နှင့် –

"နင်တို့ကလည်းဟယ် ... သက်သက်ညှာညှာ"

"မညှာနိုင်ပါဘူး။ ငါတို့အိမ်မှာ ဘယ်လောက်ဒုက္ခရောက် ရလဲ သိလား"

ကူးက စိတ်တိုတိုနဲ့ပြောတော့ နွယ်ဝေနှင့်သဇင်က ဝင်၍ ထောက်ခံသည်။

"ငါ နင်တို့ကို ပြောစရာရှိတယ်"

"ဘာပြောမလို့လဲ"

"မနေ့က မေမေတို့ ငါ့ကို ကိုသက်ဦးနဲ့စေ့စပ်ပေးတယ်။ မစေ့စပ်ခင်မှာ သူကော ငါပါ စကားတွေ တော်တော်များများပြောဖြစ် ကြတယ်။ ဒါနဲ့ သူ့ရဲ့တည်ကြည်မှုကို သိလာလေလေ ငါ့ကိုယ်ငါ ဘယ်လိုမှ လိပ်ပြာသန့်သန့် မနေနိုင်တာနဲ့ နောင်နောင်နဲ့ပတ်သက် ပြီး ငါ ပြောလိုက်မိတယ်"

"ဟင်"

"ဘာ"

"နင် ရူးနေသလားလို့"

(၃) ယောက်သား ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။ တစ်ဆိတ် မိတိုးတစ်ယောက် ဘာတွေ ချော်တောငေါ့နေရသလဲ။ ဒီလိုကိစ္စဆိုတာ ပြန်လည်အစဖော်၍ ရကောင်းသည့်အရာမှ မဟုတ် တာ။ ကူးတို့ (၃) ယောက် ဘာရယ်မဟုတ် ကိုသက်ဦးကို လှမ်းကြည့် မိတော့ ကိုသက်ဦးက သူ့သူငယ်ချင်းများနှင့် စကားပြောနေသည်။

မိတိုးကတော့ ခေါင်းယမ်းကာပြုံးပြီး –





"ငါ မရူးဘူးသိလား။ သူကငါ့ကိုပြောတယ်"

"ဘာပြောတာလဲ"

"တိုး ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော့်ရင်ခွင်ထဲရောက်နေ ချိန်မှာ အပျိုစင်တစ်ယောက်ဖြစ်နေဖို့ပဲ လိုတယ်။ ကျွန်တော့်ရင်ခွင်ထဲ ကနေ တခြားသူကို တမ်းတနေတာမျိုးကို ကျွန်တော် လက်မခံဘူးတဲ့"

"ဟင်"

"ဟယ် ... ဟုတ်လှချည်လား"

"ကွန်ကရက်ကျူလေးရှင်း"

သဇင်က တိုးကို မတ်တတ်ထပြီး လက်ဆွဲနှုတ်ဆက်သည်။ ကူးနှင့်နွယ်ဝေက နားမလည်သဖြင့် သဇင်မ ဘာကြောင်တာလဲဟု မော့ကြည့်တော့ –

"တိုး ... နင် ဘယ်တော့မှ အိမ်ထောင်ရေးကံဆိုးသူဖြစ်မှာ မဟုတ်ဘူး။ ငါ အသေအချာဗေဒင်ဟောလိုက်မယ်"

"အင်း ... ငါလည်း ယုံကြည်တယ်"

"ဩော် ... သမီးက ဒီရောက်နေတာကိုး"

အန်တီခိုင် ရောက်လာသဖြင့် စကားဝိုင်းက တိတ်ဆိတ်သွား သည်။

"ဟိုမှာ သမီးရဲ့ကြီးကြီးရောက်နေတယ်၊ သွားလိုက်ပါဦး"

"ဟုတ်တယ် တိုး။ ငါတို့က သူစိမ်းတွေမှမဟုတ်တာ"

တိုးထွက်သွားပေမယ့် အန်တီခိုင်က တိုးထိုင်ခဲ့သောခုံတွင်

ဝင်ထိုင်သည်။

"အန်တီခိုင်ရယ် စာမေးပွဲဖြေဖို့က တစ်လပဲလိုတော့တာ ကို"

"အင်း ... ဟုတ်တယ်၊ သမီးတို့အားလုံးကို ယုံပေမယ့် ကံကြမ္မာကို မယုံဘူးလေ။ စာမေးပွဲဖြေပြီး မောင်သက်ဦး လာခေါ်လိမ့် မယ်"

"ဟင် ... ဒါဆို တိုးက ဒီမှာမနေဘူးလား"

ကူးက ဝင်မေးသောအခါ အန်တီခိုင်က ကူးတို့အားလုံးကို ဥဒ္ဓထဲကမထွက်သေးတဲ့ကလေးတွေလို ကြည့်ပြီး -

"ဘယ်နေလို့ရမလဲကွယ်။ မိန်းမဆိုတာ သျှောင်နောက် ဆံထုံးပါဆိုတာ ထုံးစံပဲလေ"

မည်သူမှ ခေါင်းမညိတ်မိကြချေ။

* * *



## အခန်း (၂၄)

"သား ဘယ်သွားစရာရှိသေးလဲ"

သူ စာအုပ်ကိုင်ပြီး အိမ်ပေါ်တက်လာသောအခါ ညှော်ခန်းထဲ တွင် ရှူဆေးရှူရင်း မေကြီးက မေးလာသည်။ သူ မေကြီးနားမှာ ဝင်ထိုင်၍ -

"သွားစရာမရှိပါဘူး မေကြီး။ ဘာခိုင်းစရာရှိလို့လဲ"

"မေကြီး သွေးတိုးနေပြီထင်တယ်၊ ဆရာဝန်သွားပင့်ပေးပါ လား"

မေကြီးက ဒီလိုပါပဲ။ ရောဂါများနှင့် နပန်းလုံးနေရသည်။ တစ်ရက်စာလေးမှာ နာလေးမမွန်လိုက်ရရင်တောင် မဖြစ်တော့ချေ။ သွေးတိုးက မကြာခင်တိုးတက်သလို အဆစ်အမြစ်များကလည်း

ကိုက်ခဲတတ်သည်။

တစ်ခါတစ်ရံ နှလုံးတုန်သဖြင့် မူးနေတတ်သည်။ ထို့ကြောင့် ဆရာဝန်နှင့်ဆေး မကြီးအတွက် မစိမ်းသလိုပင် ဖြစ်နေတော့သည်။

သူ မကြီးကို ကရုဏာသက်စွာကြည့်ပြီ –

"ဟုတ်ကဲ့ … ဒေါက်တာ ကျော်အောင်ကိုပဲလား မကြီး"

"မဟုတ်ဘူး သားရဲ့၊ သားမသိသေးဘူးထင်တယ်။ ခင်ခင်ရေ"

"လာပြီ မမတင်"

ထမင်းစားခန်းထဲမှ မေငယ် ထွက်လာသည်။

"ဒေါက်တာခင်သန္တာကို သား သိပုံမလား။ နင်လိုက်သွားရင် သွားလိုက်ပါလား"

"ခင် ဖုန်းဆက်ထားတယ် မမတင်ရဲ့။ သူ အရိုးဆောင်မှာ တာဝန်ကျတယ်တဲ့။ သား ဆေးရုံကြီးမှာပဲ သွားကြိုလိုက်လေ"

"ဟုတ်ကဲ့ မေငယ်"

သူ အဝတ်အစားလဲပြီး ပြန်ထွက်လာကာ –

"ကူးကိုခေါ်သွားမှထင်တယ် မေလေး"

"မခေါ်နဲ့ ကလေးက စိတ်ပါတုန်း စာလုပ်နေတာ။ စာမေး က ဘယ်တော့ဖြေမလဲ"

"နောက်တစ်ပတ်လို့ပြောတာပဲ မကြီး"

"အေး အေး … မလိုတော့ဘူးပဲ၊ ကိုယ့်ဘာသာသွား"





သူ ကားနှင့်ထွက်လာသည်။ နာရီကိုတစ်ချက်ကြည့်လိုက် …တော့ ညနေ (၄) နာရီခွဲပြီ။ နာရီဝက်ခန့်မောင်းပြီးသောအခါ ဆေးရုံ …ကြီးထဲသို့ရောက်သည်။ ကားပေါ်ကဆင်းပြီး ဆေးရုံထဲဝင်လိုက်သည်။

ဆေးရုံ၊ ဆေးခန်းနှင့် မနီးစပ်သဖြင့် သူယောင်ချာချာဖြစ် …နေသည်။ လူတွေအားလုံးကတော့ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြ …သည်။

ထဘီနီဝတ်ထားသော ဆရာမတစ်ယောက်ကို တွေ့ရသဖြင့် …ူ ထိုဆရာမအနီးလျှောက်သွားကာ –

"ဆရာမ တစ်ခုလောက် အကူအညီတောင်းပါရစေ"

ဆရာမက ဖြူဖြူသေးသေးနှင့် သူ့ကို ခပ်တည်တည်ကြည့်၍

"ဘာကူညီရမလဲ"

"အရိုးဆောင်က ဒေါက်တာခင်သန္တာ ပြန်သွားပြီလား မသိ …း"

ဆရာမလေးက အတန်ငယ်စဉ်းစားပြီးမှ –

"မမသန္တာ ထင်တယ်၊ သူက အရိုးဆောင်မှာ ယာယီတာဝန် …ကျနေတာ၊ အရိုးဆရာဝန်မဟုတ်ဘူး"

"ဟုတ်လား … ကျွန်တော် တွေ့ချင်လို့ပါ"

"လိုက်ခဲ့ပါ"

သူ ဆရာမလေးနောက်ကနေ လိုက်လာရင်း ကူးကို မျက်စိ …မှာမြင်မိသည်။ ဒီလို ဆံထုံးလေးနှင့် ဘယ်လောက်ကျက်သရေ

ရှိကြောင်း ပြလိုက်ချင်သည်။

"ရောက်ပါပြီ၊ ခဏမေးကြည့်ပေးမယ်"

သူ ခေါင်းညိတ်ပြီး အပြင်မှာပဲစောင့်နေ၏။ ခဏလေးကြာသောအခါ ရေမွှေးသင်းသင်းကြောင့် သူ လှည့်ကြည့်မိတော့ အံ့ဩမှင်တက်သွားသည်။

ထိုမိန်းမချောလေး။

သူမကလည်း သူ့ကို အံ့ဩသလို ကြည့်ပေမယ့် အသာထိန်းကာ –

"ဟို ... အန်တီခင်ခင် လွှတ်လိုက်တဲ့လူလား"

"ဟုတ်ပါတယ်"

"ယုရေ ... တို့ပေးရှင့် သွားကြည့်လိုက်ဦးမယ်"

"ရပါတယ် မမ"

သူ အံ့ဩလွန်း၍ ဘာစကားမှကို မပြောမိချေ။ ကားပေါ်ရောက်ပြီး အတော်ကြာမှ –

"ကားနဲ့တိုက်မိတာ သက်သာရဲ့လား"

သူမက ပါးစပ်ကို လက်ဖဝါးနှင့်ကာ၍ အသာရယ်ကာ –

"တိုက်မိတာ မဟုတ်ပါဘူးရှင့်။ အဲဒီနေ့ကတည်းက ဘာမှမဖြစ်ပါဘူးလို့ ရှင့်ကိုပြောတာပဲ။ သန္တာကသာ ရှင့်ကို အားနာတယ်"

"ရပါတယ်ဗျာ ... နာမည်က ခင်သန္တာဟုတ်လား ကျွန်တော့်နာမည်က လအတာပါ"





"ဟုတ်ကဲ့"

ဒီနေ့ သူမက အနက်ရောင်ချည်သားလုံချည်နှင့် အဝါရောင်ရင်စေ့အကျီ လက်စကဖြင့် တွဲဝတ်ထားသည်။ ဆံပင်ကို အရင်း၌ စုစည်းထားသည်။ ဆံပင်ကလည်း အတော်ကောင်းသည်။ လေအဝှေ့တွင်လည်း ရေမွှေးနံ့လိုလို သနပ်ခါးနံ့လိုလို ရနံ့တစ်မျိုးက သူ့ကို လာရောက်ကျီစယ်နေသည်။

အိမ်သို့ရောက်သောအခါ မေငယ်က ဧည့်ခန်းတွင် ထိုင်စောင့်နေသည်။

"လာ သမီး"

အပေါ်ထပ် မေကြီးအခန်းထဲသို့ ရောက်သောအခါ –

"သွေးပေါင်ချိန်တိုင်းရအောင်နော် ကြီးကြီး"

သူမက သွေးတိုင်းပြီး နားကျပ်နှင့်ရင်ဘတ်ကိုစမ်းကြည့်ကာ အားလုံးကိုဝေ့ကြည့်ကာ –

"အင်း ... သိပ်စိုးရိမ်စရာတော့မရှိပါဘူး။ ကြီးကြီး ဘာတွေ သွားစားလိုက်တာလဲ"

"ဘာမှ အထူးအထွေမစားမိပါဘူးကွယ်"

"သွေးကျဆေးပေးခဲ့မယ်နော်"

သူမက ဆေးသေတ္တာထဲမှ ဆေးများထုတ်နေစဉ် မေကြီးက မေငယ်ကို –

"ခင်ခင် သမီးအတွက် ကော်ဖီလေးလုပ်ပါဦး"

"သမီး လာပါ"

မေငယ်က သူမရဲ့လက်ကိုဆွဲခေါ်တော့ သူမက သူ့ဘက် လှည့်ပြီး ပြုံးပြကာ –

"အားနာစရာရှင်"

"အားနာစရာမလိုပါဘူး သန္တာ"

သူမက ကော်ဖီကို တစ်ငုံငုံသောက်ကာ အိမ်ထဲကို ဝေ့ ကြည့်သည်။ ကူးရဲ့ဓာတ်ပုံလေးကို ကြည့်နေသဖြင့် –

"အဲဒါ ကျွန်တော့်ညီမလေးလေ၊ လတန်ရှူးတဲ့"

"ဟုတ်လား . . . ချစ်စရာလေးနော်။ သန္တာကလေ မောင်နှမ သိပ်မက်တာ။ မေမေက သန္တာတစ်ယောက်တည်း မွေးတော့၊ တစ်ခါ တလေ မေမေ့ကိုတောင် စကားနာထိုးမိတယ်။ သန္တာတစ်ယောက် တည်း မွေးထားလို့လေ"

သူမက စကားပြောကောင်းသူတစ်ယောက် ဖြစ်လေသည်။ မေငယ်နှင့်မေကြီးကတော့ သူမစကားပြောနေသည်ကို တပြုံးပြုံးနှင့် ငေးနေသည်။

* * *



## အခန်း (၂၅)

စာမေးပွဲနီးနေသဖြင့် ကူး စာအသေအလဲကျက်နေသည်။

ကူးရဲ့ကောင်းသောအကျင့်တစ်ခုက လည်သည့်အခါတွင် အရမ်းလည်ပြီး စာကျက်သည့်အခါတွင်လည်း ဘယ်သူမှမတိုက်တွန်း ဘဲ ကိုယ့်ဘာသာ အသိတရားနှင့် ကျက်တတ်ခြင်းပင်။

မေမေက ကူးစားဖို့ လက်ဖက်သုတ်လာချပေးရင်း အချိန် ကြည့်ဘဲ လုပ်တတ်သော ကူးအကျင့်ကြောင့် –

"စောစောအိပ်နော် ကူး။ မနက်နိုးရဦးမယ်ဆို မေမေနိုး မယ်၊ အိပ်ရေးပျက်မခံနဲ့"

ကူး မေဂျာစာကိုကျက်ပြီး မိုင်နာဖတ်ဖို့ စာအုပ်ထုတ်သည်။ အင်္ဂလိပ်စာအုပ် ရှာမရသဖြင့် ကူး စိတ်ပူသွားသည်။ ဘယ်သူ

ငှားသွားလဲ။

"ဩော်"

ထိုင်နေရာကနေ ထပြီး လွယ်အိတ်ထဲကစာအုပ်ကို ယူလိုက်သည်။ အတန်းခေါင်းဆောင် ကိုအောင်ကြီး အလုပ်ရှုပ်နေသဖြင့် ကူးဆီက စာအုပ်ငှားပြီး နှောင်းဟာန်ကို ကူးခိုင်းတာ။

"ဟင်"

စာအုပ်ကိုလှန်လိုက်စဉ် ထွက်ပေါ်လာသော မိုးပြာရောင် စာအိတ်လေးကြောင့် ကူး လန့်သွားကာ တံခါးကိုလည်း လှည့်ကြည့်မိသည်။ တစ်ယောက်ယောက် ဝင်လာမှဖြင့် –

"ယုန်ဖြူလေး"

တဲ့။ ဒါဆို နှောင်းဟာန်။ ဘာကြောင့် ဒီလို နိုးကြောင်မိုးခုတ် လုပ်တာကို ကူး မကြိုက်ပါဘူး။

ဒါပေမဲ့ ကူး တံခါးကိုသေချာသွားပိတ်ပြီး စာကိုဖောက်ဖတ်လိုက်သည်။

ယုန်ဖြူလေး . . .

နှုတ်နဲ့ဖွင့်မပြောဘဲ စာရေးလို့ သတ္တိမရှိဘူးလို့ မထင်ပါနဲ့နော်။ ကျွန်တော် ဖြူလေးကို မြင်မြင်ချင်းကတည်းက ချစ်ခဲ့တာပါ။

ကျွန်တော့်ပတ်ဝန်းကျင်မှာ မိန်းကလေးပေါင်းများစွာနဲ့ ခင်မင်ရင်းနှီးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အချစ်ကိုတော့





အသန့်စင်ဆုံး ထားခဲ့ပါတယ်။

ကျွန်တော်ဟာ မေတ္တာရေးနဲ့ပတ်သက်လို့ ကံကောင်းသူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဖြူလေးကတော့ ကျွန်တော့်ကို လှောင်နေမလားမသိဘူးနော်။ ကျွန်တော် ပြောပြပါ့မယ်။ ကျွန်တော့်အဖေက ကျွန်တော် အခါလည်လောက်မှာ ဆုံးသွားတယ်။ ဒါကြောင့် ကျွန်တော့်မှာ မေမေနဲ့ ကျွန်တော်ထက် (၅) နှစ်ကြီးတဲ့ ကိုကိုရယ် ရှိတယ်။

ကျွန်တော်က အငယ်ဆုံးမို့ အလိုလိုက်ခံရပေမယ့် အားလုံးက စီးပွားရေးနဲ့ လုံးပန်းနေလို့ ကျွန်တော်လိုချင်တဲ့ မေတ္တာမျိုး သူတို့ မပေးနိုင်ကြဘူး။ ပေးနိုင်တဲ့ ဘွားဘွားကျတော့လည်း ကျွန်တော် (၈) တန်းနှစ်မှာ ဆုံးသွားတယ်။ ဖြူလေးကို မြင်လိုက်ရချိန်မှာတော့ စွဲအားတစ်မျိုးကြောင့် ထင်တယ်။ ကျွန်တော် ကူးရဲ့အချစ်ကို ပိုင်ပါရစေ။ ဖြူလေး ချက်ချင်း စဉ်းစားစရာမလိုပါဘူး။

အချိန်ယူပါ။ ကျွန်တော့်ကို စိတ်ကြိုက်လေ့လာပါ။ ဒါပေမဲ့ ဖြူလေးပေးမယ့် အဖြေဟာ ကျွန်တော်မျှော်လင့်နေတဲ့အဖြေ ဖြစ်ပါစေလို့ မျှော်လင့်ပါတယ်။

ဖြူလေးကိုချစ်တဲ့
နှောင်းဟာန်ဗိုလ်

ကူး စာကြည့်စားပွဲလေးမှခွာကာ ပြတင်းပေါက်အနီးတွင် သွားရပ်နေမိသည်။ ကောင်းကင်ကြီးကို မော့ကြည့်မိသည်။

သူများတွေ ရေရေလည်လည် သုံးနေကြသည့် အချစ်ဆို တာ ဘာလဲ။ တစ်ယောက်နဲ့တစ်ယောက် မမြင်မတွေ့ရ မနေနိုင်တာ ကို အချစ်ဟုခေါ်မလား။

လရိပ်နှင့် လှုပနေသော သစ်ရွက်ကလေးများကို ငေးပြီး သက်ပြင်းချလိုက်သည်။

"ဟင်း"

ကူး အချစ်ကို မစဉ်းစားချင်သေးပါဘူး။ ကူး အသက်ငယ် သေးသည်ဟုသာ အောက်မေ့မိသည်။

မနက်ဖြန် နောင်းဟာန်နှင့် ရင်ဆိုင်ရပေဦးမည်။

"ယုန်ဖြူလေး"

ကူး အတန်းရှိရာသို့ လျှောက်လာစဉ် အနောက်ဘက်က ခေါ်သံကြောင့် ကူး ဆတ်ခနဲတုန်သွားရသည်။ ရင်မဆိုင်ရဲခြေ အားနာစိတ်ကြောင့် ပျက်ယွင်းသွားမည့်မျက်နှာကိုလည်း မမြင်ချင်ပါ။

"နောင်းဟာန်"

"ကျွန်တော် ကူးနဲ့ စကားနည်းနည်းပြောချင်တယ်"

ခေါင်းငုံ့ သက်ပြင်းချကာ စပို့ရှပ်အပြာကွက်ပေါ် အကြည့် ထားကာ –





"ကူး အချိန်မရဘူး။ အတန်းတက်စရာ ရှိသေးတယ်"

"ဒီတစ်ချိန်တည်းပါ ကူးရယ်"

မျက်နှာငယ်နှင့် ပြောလာသဖြင့် ကူး မငြင်းဖြစ်တော့ချေ။ ကျောက်ခုံလေးထက်တွင် ထိုင်လိုက်စဉ် –

"ကျွန်တော် ကူးကို ချစ်တယ်လို့ရေးတဲ့စာ အဲဒီစာကို ကူး ရလိမ့်မယ်လို့ထင်တယ်"

ကူး ခေါင်းညိတ်လိုက်ပေမယ့် သူ့ကိုမော့မကြည့်ပါ။

"ရပါတယ်၊ အဲဒီစာမရခင်ကတည်းက ကူးရိပ်မိနေပါတယ် နောင်းဟာန်"

"ဒါဆို"

ဝင်းလက်သွားသော သူ့မျက်နှာကိုကြည့်ပြီး ကူး ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

"ဒါပေမဲ့ . . . စိတ်မကောင်းပါဘူး"

"ကူး"

"နောင်းဟာန်မှ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ စဉ်းစားမှာမဟုတ် ဘူး။ ဒါကို ကူးဘာသာတောင် ကူးနားမလည်ဘူး"

"ဘာလို့လဲ"

"ကူး မပြောတတ်ဘူး"

သူ မျက်စိမျက်နှာပျက်နေသည်က အတော်ကြာ။

ကူး သူ့ကိုနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ သူ ဘယ်လို

ဖြစ်ကျန်နေခဲ့သလဲ လှည့်မကြည့်တော့ချေ။

"ဘာလို့နောက်ကျနေတာလဲ"

သဇင်က လှမ်းမေးသည်။ ကူး ထိုင်ခုံမှာဝင်ထိုင်လိုက်ကာ–

"နောင်းဟန်က စကားပြောချင်လို့"

"ဒါဆို"

ကူး ခေါင်းညိတ်ပြကာ အတန်းပြင်သို့ ငေးမိသည်။ (၄) ယောက်လုံး တိတ်ဆိတ်သွားကာ အတွေးကိုယ်စီနှင့် ဖြစ်သွားကြသည်။

ဤသည့်ကိစ္စမျိုးဆိုသည်မှာ အရွယ်ရောက်မိန်းကလေးတွေ ကြုံနေသည့်အရာ။

"ဟင် ... ငါတို့မျက်စိထဲမှာမြင်တဲ့အတိုင်းပြောရရင် နောင်းဟန်က နင့်ကို တကယ် နှစ်နှစ်ကာကာချစ်ပုံရတယ်"

"ငါလည်း သိပါတယ်။ အချစ်ကို ငါသေချာမသိဘူး။ ဒါပေမဲ့ အချစ်ဆိုတာ သူချစ်လို့ ကိုယ်လိုက်ချစ်ရတဲ့အရာတော့ မဟုတ်ဘူး ထင်တယ်။ နောက်ပြီး ဘယ်ယောက်ျားအပေါ်မှာမှ ငါ ထူးထူးခြားခြား မခံစားရဖူးဘူး။ ငါ့ကိုယ်ငါလည်း မချစ်တတ်သေးဘူးလို့ ထင်တယ်"

"အင်း ... ခက်တယ်နော်"

"ဒါနဲ့ တိုး ... နင်ကော ကိုသက်ဦးအပေါ်"

ကူး တိုးကို လှည့်မေးသည်။





တိုးက အခုဆိုရင် ကူးတို့အုပ်စုထဲမှာ အတည်ငြိမ်ဆုံး၊ လူကြီးအဆန်ဆုံး ဖြစ်လာသည်။

အရင်လို ပေါ့လားပါးလား သိပ်မနေတော့တဲ့ ကူးတို့ကသာ ...ားကနေ လိုက်ထိုင်သည်။

"သူက ငါ့အပေါ်ကောင်းပါတယ်။ လူကြီးဆန်တယ်၊ ...လျှော့ပေးတတ်တယ်၊ ငါ စိတ်ချမ်းသာရမယ်လို့တော့ ထင်တယ်။ ...တော့ မော်ချီးပြန်သွားပြီ၊ ငါကတော့ စာမေးပွဲပြီးရင် လိုက်သွား...တော့မှာ"

"အင်း ... ငါတို့သူငယ်ချင်းထဲမှာ နင်ကတော့ ခွဲထွက်သွား...ပြီနော်"

နွယ်ဝေစကားကြောင့် အားလုံး ခေါင်းညိတ်မိကြသည်။

"ငါတို့ (၄) ယောက် ဒီလိုတစ်စုတစ်စည်း နေရဖို့ဆိုတာ ...ဖြစ်နိုင်တော့ဘူးနော်။ ကိုယ့်ရည်မှန်းချက် ကိုယ့်ဘဝနဲ့ကိုယ် သွား...တော့မယ်"

"အင်း ... နင်ပြောမှပဲ ငါလည်း ပြောစရာရှိတယ်"

"ဘာလဲ"

"ငါ စာမေးပွဲပြီးရင် ဖေဖေတို့ဆီ လိုက်သွားရမယ်။ ကိုကြီး ...ပြန်လာပြီး ငါက ဟိုမှာ (၂) နှစ်လောက်"

"ဟင် ... တကယ်ပေါ့"

"ကဲ ... ဝမ်းနည်းစရာတွေ တွေးမနေကြနဲ့။ စာမေးပွဲက

နီးပြီ။ အရေးကြီးတာ ဒီစာမေးပွဲကို ဆပ်ပလီမပါဘဲ လွှတ်လွှတ် ကျွတ်ကျွတ် ဖြေနိုင်ဖို့ပဲ''

နွယ်ဝေ သတိပေးစကားကြောင့် စာအုပ်ကိုယ်စီထုတ်မိကြ ပေမယ့် စာအုပ်ထဲ၌ စိတ်မဝင်စားကြချေ။

***



## အခန်း (၂၆)

မေမေက ကူးကို ဗိုလ်ချုပ်ဈေးသွားခိုင်းသည်။ မေမေ့ ိတ်ဆွေတစ်ယောက်ဆီက မှာထားသောပစ္စည်း သွားယူခိုင်းခြင်း ဖြစ် သည်။

အပြင်သွားရမည်ဆိုလျှင် ကူး ပျော်ပါသည်။ မေမေက န့်ဖိုးပေးသည်။ အိမ်ကကားက ကိုကိုယူသွားသဖြင့် တက္ကစီနဲ့သွား သည်။

အိမ်မှာ ကား (၂) စီးရှိသော်လည်း ဒရိုင်ဘာသက်သက် ထားဖြစ်ချေ။ အိမ်မှာ ယောကျ်ားလေးအလုပ်သမားကို မေကြီးက ီးသန့်မထားချေ။ ယောကျ်ားလေးတွေကို မယုံကြောင်း၊ ကိုယ့်ကို ပြီး အန္တရာယ်ပေးနိုင်ကြောင်း မေကြီးက တွေးပြီး စိတ်ပူတတ်သည်။

ဘယ်နေရာကိုသွားသွား ကိုကိုလိုက်ပို့ရသည်။ ကိုကိုက ကူးကို ကားမောင်းသင်ပေးမည်ဟုဆိုသော်လည်း မေမေက မျက်လုံးပြူးကာ –

"အမယ်လေး ... မဖြစ်ပါဘူး သားရယ်၊ မင်းညီမက ငယ်သေးတယ်။ ဟိုဝင်တိုက်၊ ဒီဝင်တိုက်နဲ့ တစ်ခုခုဖြစ်မယ်။ လျော်ရတာက အကြောင်းမဟုတ်ဘူး။ အန္တရာယ်များတယ်။ သူ ကျောင်းပြီးမှပဲ သေချာသင်ခိုင်းတော့မယ်။ မင်း မအားလို့ တက္ကစီနဲ့သွားရတာလည်း အပန်းမကြီးဘူး"

အမှန်ဆို ကူးက ကိုယ်တိုင်ကားမောင်းချင်နေတာ တစ်ပိုင်းသေလို့။ တစ်ခါက မှတ်မှတ်ရရ ကူး (၁၀) တန်းနှစ်ကပေါ့။

ကိုကိုက ကူးကိုကျောင်းလာကြိုသည်။ လမ်းပေါ်ရောက်တော့ မေငယ်မှာတဲ့ ပစ္စည်းတွေ ဝယ်နေချိန်။ ကူးရဲ့အကြည့်က စတီယာရင်ကို လှည့်ကြည့်သည်။ ကားက ဘယ့်နှယ်မှမနေတော့ ဝမ်းသာအားရဖြင့် ကိုကိုကို့ တစ်ချက်လှမ်းကြည့်သည်။ ကိုကိုက ခု ထက်ထိ မလာသေး။

စတီယာရင်နောက်မှာ ဝင်ထိုင်လိုက်သည်။ ကားသော့ကို ဖွင့်ထားသည်။

ကားမှာ ကုန်းစပ်ပြေပြေလေးရဲ့ထိပ်မှာ။ ကူး အသက်ကို ဝအောင်ရှူလိုက်ပြီး ဂီယာတံကို ဟိုလှည့် ဒီလှည့် ဆွဲလိုက်သည်။ ကားက တဖြည်းဖြည်း နောက်သို့လိမ့်သွားသည်။





"ဟင်"

ကူး မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားကာ ကိုကို့ကို လှမ်းကြည့်မိသည်။ ကိုကိုကလည်း ကားနောက်ဘက်သို့ လိမ့်သွားသောအခါ ပြေးလာသည်။ ကားက အရှိန်နည်းနည်းရနေပြီ။ ကူး ခြေတွေပြန်လာကာ ဘာလုပ်၍ လုပ်ရမှန်းမသိ။

ကိုကိုက ကားတံခါးကို ဆွဲဖွင့်ကာ –

"ဟိုဘက်တိုး ဖယ် ဖယ်"

ကိုကိုက ကောင်းစွာမထိုင်နိုင်သေးဘဲ စတီယာရင်ကို ကိုင်ကာ ကလပ်ကို နင်းလိုက်သဖြင့် ကားက ကုန်းလျှောမှာ တစ်ဝက်တစ်ပျက် ရပ်သွားသည်။ ကိုကိုက စိတ်ပူဟန်မပြေသေးပုံနှင့်။

"ကူး နင်တော့နော်။ ငါ့ကို စိတ်ပူအောင် တော်တော်လုပ်တယ်။ နောက်တစ်ခါ သေချာမသင်ဘဲ ကားကို ဆော့စရာမှတ်မနေနဲ့ သေသွားချင်သလား"

"ရောက်ပြီ ညီမ"

"ဪ"

ကားက ဗိုလ်ချုပ်ဈေးရှေ့တွင် ရပ်သွားသည်။ ကူး တက္ကစီခ ပေးပြီး ဈေးထဲဝင်လာခဲ့သည်။

စားနေကျဆီချက်ဆိုင်ရှေ့ ဖြတ်သောအခါ အပြန်အတွက် ပါဆယ်ဆွဲသွားရမည်ဟု တွေးမိ၏။ ဆိုင်ထဲတစ်ချက်လှမ်းကြည့်မိသောအခါ –

“ဟင်”

ခြေလှမ်းများ ခဲဆွဲထားသလို လေးသွားခဲ့သည်။ ဘုရားရေ ကိုကိုက ဘယ်လို။

“ကိုကို”

နှုတ်က တီးတိုးထွက်သွားသည်။ ကူးကိုလိုက်ကျွေးနေကျ ဆိုင်လေးထဲ ကူးမဟုတ်သော တခြားသူစိမ်းအမျိုးသမီးတစ်ဦးနှင့် ကိုကိုက ရှိနေသတဲ့လား။

ကိုယ်သိနေကျ အမျိုးသမီးဆိုလျှင် ‘ဟိတ်’ ဟု ကိုကို့ကို သူခိုးဖမ်းသလို ဖမ်းတတ်သော ကူး။ အခုတော့ ခြေထောက်တောင် မရွေ့မိပါလား။

ကိုကို့ပုံစံကြည့်ခြင်းအားဖြင့် အိမ်သို့ပြန်ရောက်သေးပုံ မရ ချေ။ အမျိုးသမီးရဲ့မျက်နှာကို ကျောခိုင်းအနေအထားမို့ မမြင်ရချေ။ ကျောက်စိမ်းရောင် ပါတိတ်ဝမ်းဆက်ကိုဝတ်ထားပြီး ဆံပင်ဖားလျား ချထားသည်။

ဘယ်သူလဲ။

“ဘေးကို ဘေးဖယ်ပေးပါ”

အနောက်ဘက်မှ လူတစ်ယောက်အသံကြောင့် ကူး ကိုကို့ထံ မှ အကြည့်လွှဲပြီး ရှေ့ဆက်လာခဲ့သည်။ ဒါပေမဲ့ စိတ်နှင့်လူ မကပ်ချေ။ မေမေ့အသိဆိုင်ကို ရောက်လို့ရောက်မှန်းမသိ ရောက်ခဲ့သည်။

“သမီး အအေးသောက်ဦးနော်၊ အန်တီကြည့်လိုက်ဦးမယ်”





ကူး ခေါင်းညိတ်ပြရင်း အအေးဘူးမျက်နှာပြင်မှာ သီးထနေ သော ရေခဲလေးတွေကို ငေးကြည့်ရင်း ငြိမ်သက်မိသည်။ ပါးပေါ်၌ ပူခနဲဖြစ်သွားခြင်းကြောင့် ပါးပြင်ပေါ်ကို စမ်းကြည့်မိတော့ –

ဘုရားရေ ကူး ငိုနေမိပါလား။ ကူး ခေါင်းယမ်းပြီး အံကြိတ် လိုက်သည်။

“ရော့ သမီး . . . ဒီစာရွက်လေး ပေးလိုက်နော်။ သမီးမေမေ ကော နေကောင်းရဲ့လား။ အန်တီလည်း မတွေ့ဖြစ်ကြတာ အတော် ကြာပြီလေ”

“ကောင်းပါတယ် အန်တီ၊ သမီးကို ခွင့်ပြုပါဦးနော်”

ကူး နှုတ်ဆက်ပြီး ပြန်ထွက်ခဲ့သည်။ ကိုကိုနှင့် သူ့ကောင်မ လေးကိုတော့ မတွေ့တော့ချေ။ ပြန်သွားကြပြီထင်တယ်။

တက္ကစီပေါ်တက်ရင်း အတွေးများနှင့် ခြံရှေ့သို့ ရောက်ခဲ့ သည်။

အိမ်ရှေ့တွင် ရပ်ထားသောကားကြောင့် ကူး နှုတ်ခမ်းလေး ခဲသွားရသည်။ ပြီးတော့ ငိုချင်လာသည်။

ကိုကိုက အပြင်မှာ ခြေပုန်းခုတ်နေပြီး အိမ်မှာကျတော့ ခုတ်တတ်တဲ့ကြောင်လို။ ပွင့်ပွင့်လင်းလင်းနေတတ်တဲ့ကူးကိုကျတော့ မေမေတို့က ဆတ်ဆလူးဟု ပြောတတ်သည်။

အိမ်ရှေ့က ပန်းခုံလေးမှာထိုင်ပြီး ကျလုလုမျက်ရည်စများကို တို့သုတ်လိုက်သည်။ ပြီးတော့ မျက်နှာကိုမော့ကာ မျက်တောင်ကို

တဖျတ်ဖျတ်ခတ်၍ မတ်တတ်ထရပ်လိုက်သည်။

အိမ်ထဲကိုကြည့်ပြီး ကြက်သေသေသွားရသည်။

မေကြီးတို့နှင့် ရယ်မောနေသူများထဲတွင် ကူးတွေ့ခဲ့သော အမျိုးသမီးလည်း ပါဝင်သည်။ ဒီလောက်ထိ အိမ်တွင် ဝင်ထွက်သွား လာနေတာကို ကူးကျမှ ဘာလို့မသိရတာတဲ့လဲ။ ထိုအမျိုးသမီးရဲ့ မျက်နှာကိုမြင်လိုက်တော့ ကူး တစ်စုံတစ်ရာကို သဘောပေါက်လိုက် သည်။

ကိုကို့အခန်းထဲမှာရှိသော ပန်းချီကားထဲက အမျိုးသမီး။ ဒ် ... ဒါဆို သူနဲ့ကိုကိုက။

"ဟော ... ကူး လာပြီလား။ လာလေ"

တံခါးပေါက်၌ ရပ်နေသော ကူးကို ကိုကိုက အရင်မြင်က ထလာသည်။ ထိုအမျိုးသမီးကလည်း တဖြည်းဖြည်း ကူးဘက် မျက်နှာလှည့်လာသည်။ ပြီးတော့ ပြုံးပြကာ –

"ကိုတာ့ညီမလေး လတန်ရှူးဆိုတာလား"

ကူး ခေါင်းမညိတ်မိသေးချေ။

သူမပုံစံက ဤအိမ်နှင့် စိမ်းသက်ခြင်းမရှိချေ။ ကူးလက်ကို ဆွဲ၍ –

"မမက ခင်သန္တာပါ"

မကောင်းတတ်လွန်းသဖြင့် ကူး ခေါင်းညိတ်ပြမိသည်။

"ချစ်စရာလေးနော် ကိုတာ။ သန္တာက ဒီလိုညီမလေး





တစ်ယောက်လောက် လိုချင်တာ"

"သူဆိုးတာ မသိသေးလို့ပါ သန္တာရဲ့။ မဟုတ်ရင် တစ် ယောက်တည်းနေရတာ ကောင်းသေးဖြစ်နေဦးမယ်"

ကိုကို့စကားကြောင့် ကူး ကိုကို့ကိုမော့ကြည့်မိသည်။ ရင်ဘတ်ထဲမှာပြောစရာစကားတွေ ပြည့်နေခဲ့သည်။ ဒါပေမဲ့ စကား လုံးများက ထွက်မလာဘဲ မေမေ့ရှေ့သို့ လျှောက်သွားပြီး စာရွက်ပေး လိုက်သည်။ ပြီးတော့ –

"ကူး စာသွားကျက်ဦးမယ် မေမေ"

"အင်း ... ထမင်းစားချိန် အောက်ဆင်းစားနော်"

ကူး ခေါင်းညိတ်ပြကာ မည်သူ့ကိုမျှ မနှုတ်ဆက်ဘဲ အပေါ် ထပ်သို့ တက်ဖို့ပြင်စဉ် –

"ကူး ဆီချက်ဝယ်လာတယ် စားပြီးမှကျက်လေ"

ကူး ဝမ်းနည်းစိတ်များ ဖိစီးကာ မျက်ရည်များ တလိမ့်လိမ့် နှင့် ကျဆင်းလာသည်။ ခေါင်းယမ်းပြကာ –

"ကူး စားခဲ့ပြီးပြီ"

* * *

## အခန်း (၂၇)

ဘာရယ်ကြောင့်မှန်းမသိ ဘာမသိ ညာမသိဖြင့် ကူးက သူ့ကို စကားမပြောချေ။ သူကိုယ်တိုင်လည်း ဘာအမှားမှ လုပ်မထားရချေ။ ဒီလိုပဲ ကူးက သူ့အလိုမကျလျှင် အလိုမကျသလို ဆက်ဆံသည်။

ကိုယ်ကလည်း အဲဒါကိုပဲ တဖြည်းဖြည်းခံရခက်တာ။ ကိုယ်ဟာ သူ့အတွက် တစ်သက်လုံး အဖြည့်ခံနဲ့နေရမှာတဲ့လား။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ဘာမှလုပ်ခွင့်မရှိတော့ဘူးလား။ ဒါဟာ လုံးဝမတရားချေ။

သည်းခံခြင်း၊ အလိုလိုက်ခြင်းဟာလည်း အတိုင်းအတာတစ်ခုထိပဲ ရှိမည်။ နေရာတကာမှာ ဗိုလ်ကျအနိုင်ကျင့်ခြင်းသည် တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်တော့ချေ။





ကိုယ့်ရဲ့လွတ်လပ်ခွင့်မှန်သမျှ ချုပ်ပိုင်ခွင့် သူမဌမရှိ။ အခုလည်းကြည့်။

မနေ့က သူ့ကို ကူး အပြစ်တင်သည်။

"ကိုကို ဘာလုပ်လုပ် ကူးနဲ့ဆိုင်တယ်လို့ အမြဲတမ်းခံယူထားတယ်။ ကူးကိုယ်တိုင်ကလည်း ဘာတစ်ခုမှ ခိုးကြောင်ခိုးဝှက် မလုပ်ဖူးဘူး။ ကိုကိုဟာ ကူးအစ်ကိုအရင်းမဟုတ်ပေမယ့် အစ်ကိုရင်းတစ်ယောက်လိုချစ်တယ်။ ဒါပေမဲ့ ကိုကိုကျတော့ တစ်မျိုး။ ကူးကို လူရာမသွင်းဘူး"

"ကူး ဘာပြောနေတာလဲ၊ ကိုကို နားမလည်ဘူး"

"နားမလည်ချင်ယောင်ဆောင်မနေပါနဲ့ ကိုကိုရယ်"

မျက်ရည်ပေါက်ပေါက်ကျနေသော ကူးရဲ့စကားက သူ့ရင်ကိုထိ၍ ရှုပ်ထွေးစေသည်။

"အဲဒီ မခင်သန္တာဆိုတဲ့အမျိုးသမီးက ကိုကိုနဲ့ ဘယ်တုန်းကခင်တာလဲ။ ဒီအိမ်မှာ ဝင်ထွက်နေတာတောင် ကူးတစ်ယောက်တည်းမှ ဘာလို့မသိရတာလဲ"

"ဒါက ကူးကိုယ်တိုင် အိမ်မှာ ဘာမှ စိတ်မဝင်စားလို့ မဟုတ်လား။ သန္တာက ဒေါက်တာကျော်ကျော်အစား မေကြီးကိုကြည့်ပေးနေတာ နှစ်လ သုံးလ ကြာပြီ၊ နေပါဦး . . . ကူးကိုယ်တိုင်ကော ဘာတွေစိတ်ကူးပေါက်ပြီး ဒါတွေကို အရေးတယူ လုပ်နေရတာလဲ"

ကူးကြည့်လာသောအကြည့်တွေကို သူ မခေခွဲတတ်ချေ။

"ကူး စိတ်မဝင်စားဘူးလို့ ဘာကြောင့်ပြောရတာလဲ။ ဒါနဲ့ တစ်ခုလောက် မေးပါရစေဦး။ သူက ကိုကို့ပန်းချီကားထဲက အမျိုးသမီး မဟုတ်လား"

"ဟုတ်တယ်"

တဖြည်းဖြည်း ကိုယ့်အဖြစ်က လူမသိ သူမသိ ခိုးဝှက်လုပ်ထားသူလို စစ်ဆေးခံနေရတာမို့ သူ ဒေါသဖြစ်လာသည်။

"ဒါဆို သူက ကိုကို့ရဲ့ချစ်သူလား"

"တော် တော်တော့ ကူး။ နင့်စကားတွေ တရားလွန်လာပြီ။ အကြောင်းအရာတစ်ခုကို ဘာမှရေရေရာရာမသိဘဲ ဘာမှ ထင်ကြေးပြောနဲ့ လူတစ်ဖက်သားကို ဘယ်လောက်မှမသိဘဲ ထင်ကြေးနဲ့ မပြောနဲ့"

သူနှင့်ကူး စကားအရာမှာ တော်တော်အချင်းများခဲ့သည်။ သူကိုယ်တိုင်လည်း ကူးကိုလန့်လာသည်။

"ကူးလေး ဒီနေ့စာမေးပွဲဖြေရမှာနော်။ မစားလို့မရဘူး စား"

ထမင်းစားခန်းထဲမှ စကားတွေကြောင့် သူ စိတ်ပျက် လက်ပျက်နှင့် သက်ပြင်းချလိုက်သည်။

ကူးရေ ဒီနေ့ကစပြီး မင်း ငါ့ကို ကန့်လန့်တိုက်ပြသလို ငါလည်း မင်းကို ကန့်လန့်တိုက်ပြမယ်။

"ကလင် ကလင်"

ဖုန်းမြည်သံကြောင့် သူ ကောက်ကိုင်လိုက်သည်။





"ဟယ်လို"

"ကိုအတာလား . . . သဇင်ပါ ကူးနဲ့ပြောချင်လို့"

"မကြီး လတန်ခူးတဲ့"

ကူး ဖုန်းလာကိုင်တော့ သူ မသိချင်ယောင်ဆောင်၍ သတင်းစာဖတ်နေလိုက်သည်။

"ဟဲ့ ပြော"

"——————"

"ဘယ်လို ကားပျက်နေတယ် ဟုတ်လား။ အင်း အင်း . . . ဝင်ခေါ်မယ်လေ၊ စောင့်နေပေါ့။ အေး အခုစားပြီး ထွက်လာမှာ ဟ"

"ရှောက်"

ဖုန်းကို တမင်ဆောင့်ချလိုက်သည်။

"မေမေ ကူးသွားတော့မယ်၊ မုန့်ဖိုးပေးဦးလေ"

သူ ကားသော့ကောက်ကိုင်ပြီး ကားထဲမှာစောင့်နေလိုက်သည်။ ကူးက ကားပေါ်ရောက်မှ –

"ဟော . . . ကွန်ပါဘူးမေ့ခဲ့ပြီ"

ပြန်ပြေးဆင်းသွားသည်။ ခပ်လောလောပြန်ပြေးလာသည်။ ရှုပ်ယှက်ခတ်ရအောင် လုပ်ပြနေသည်။

"ပြီးပြီလား"

"ဟမ်"

သူ့အပြစ်သူ မသိသလို လုပ်နေသဖြင့် သူ မျက်မှောင်ကုတ်ကာ ကားကိုမောင်းထွက်လိုက်သည်။ သူမကလည်း ကားထဲက ကတ်ဆက်ကို အကျယ်ကြီးဖွင့်လိုက်သည်။

♪ ငါနဲ့မင်းနဲ့ ဒီဘဝတွက်တော့ ××× ဆုံစည်းဖို့ရန်မရှိ ××× ငါက မှားရင် ××× နင့်က သိပ်မုန်းတယ် ♪

"သဖင်တို့အိမ် မောင်းပေး"

"သန္တာကို သွားကြိုရဦးမယ် အချိန်မရဘူး"

အကြာကြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူ လှည့်မကြည့်ပေမယ့် ကြိတ်ပြုံးလိုက်သည်။ လအတာဆိုတာ လတန်ခူးကို အမြဲအလိုလိုက်၊ အလျှော့ပေးသူ။ အခုတော့ –

"ရတယ်၊ ဒါဆိုလည်း လိုက်မပို့နဲ့တော့၊ ဒီမှာပဲ ရပ်လိုက်ပါ"

"မရပ်နိုင်ဘူး။ မေလေးက ကျောင်းထိလိုက်ပို့နိုင်းတာ။ မေလေးအမိန့်ပဲ နာခံမယ်"

"ဘာမှမကြားချင်ဘူး။ ရပ်လို့ပြောနေတယ် မဟုတ်လား။ ဘာလဲ နောက်ထပ် အမိန့်တွေ ထပ်လိုချင်လို့လား လအတာ။ ရပ်လို့ ပြောနေတယ် မဟုတ်လား"

"နင်ရိုင်းလှချည်လား လတန်ခူး။ ငါ မင်းထက်အကြီးနော်"

သူမက မုန်းချင်စရာကောင်းလောက်အောင် ပြုံး၍ –

"ရှိုင်းမှာပဲ၊ ဒါဆို ရပ်လိုက်လေ"





သူ နောက်ထပ် စကားကြီးကြီးကျယ်ကျယ်များမည်စိုးသဖြင့် ရပ်လိုက်သည်။

"ညနေ လာမကြိုနဲ့တော့"

သူ သူမရဲ့စိတ်ကို စမ်းသပ်၍ စကားမဆုံးခင် ကားကို မောင်းထွက်ပြီး နောက်ကြည့်မှန်မှာကြည့်တော့ အတော်ဒေါသဖြစ်နေပုံရရဲ့။

* * *

## အခန်း (၂၈)

ကူး မျက်ရည်တွေကျလာသည်။ မာနက ခွင့်မပြုသဖြင့် မျက်ရည်ကိုသုတ်၍ တက္ကစီငှားလိုက်သည်။ သဇင်မတို့အိမ်ရောက်တော့ တအံ့တသြဖြင့် –

"ဟဲ့ ကူး ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုမှမဖြစ်ဘူး ... စကားမရှည်စမ်းပါနဲ့ တက်"

"ဩော် ... အေး"

သဇင်မကလည်း ကူးရဲ့အခြေအနေကိုကြည့်၍ အထားသိလိုက်ပုံရသည်။ ကားပေါ် ငြိမ်၍တက်လာသည်။

စာမေးပွဲဖြေနေသည့်အတောအတွင်း ခေါင်းထဲတွင်စာမှလွဲ၍ ဘာမှမတွေးမိအောင် နေလိုက်သည်။





အခန်းပြင်သို့ထွက်ပြီး သူငယ်ချင်းတွေ တစ်ယောက်ပြီး တစ်ယောက်ထွက်လာသည်။

သဇင်ကတော့ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေပြီးမှ –

"ကူး ... ငါ့ကားကို ခေါ်ထားတယ်၊ ရသွားပြီတဲ့။ အခု လာလိမ့်မယ်"

"ဟင့်အင်း ... ငါ ဝင်စရာရှိသေးတယ်။ ပြန်နှင့်မယ်ဟာ။ မနက်ဖြန်မှတွေ့မယ် ... သွားပြီ"

တက္ကစီငှားပြီး အိမ်ပြန်တော့ ထုံးစံအတိုင်း ဆူခံထိလေသည်။

"ပြောစမ်း ... စာမေးပွဲဖြေပြီးတာနဲ့ အတာကိုခေါ်လိုက်ပါဆိုတာကို ဘာလို့ အငှားကားနဲ့ ပြန်လာတာလဲ။ အငှားကားဆိုတာ စိတ်ချရတာမဟုတ်ဘူး"

"စောင့်နေရမှာစိုးလို့ ပြန်လာတာ"

"ခါတိုင်းလည်း စောင့်ရတာပဲမဟုတ်လား။ ဒီနေ့မှ ဘာဖြစ်တာလဲ။ အဲဒါကြောင့် ကားဝယ်ပေးမယ်ဆိုတော့လည်း"

"ဝယ်ပေး ... ဝယ်ပေး"

"ဟမ်"

မေမေက ကြောင်သွားသည်။ ကူး လွယ်အိတ်လွယ်ပြီး သရပ်ကာ –

"ဟုတ်တယ်၊ ကူးကျောင်းပြီးပြီ ကိုယ့်တာသာပဲ ကားမောင်း

ချင်တယ်။ သူများမောင်းတာ မစီးချင်တော့ဘူး။ မဝယ်ပေးလို့က
တော့ အငှားကားနဲ့ပဲ သွားမယ်။ ကိုယ်ပိုင်ကားရှိလျက်နဲ့ မမောင်းရမ
အတူတူ''

ကူး ပြောလည်းပြော အပေါ်တက်ခဲ့သည်။ ညီအစ်မ (၂)
ယောက် ခေါင်းချင်းဆိုင်သွားသည်။

''ဘယ်လိုဖြစ်တာလဲ''

''ဟင် . . . ဘာကိုလဲ''

''ကူးက ကားဝယ်ပေးတဲ့''

''ကားဝယ်ပေးတာက မခက်ပါဘူး။ ဒါပေမဲ့ စီးကဖြင့် မ
တတ်ဘဲ''

ဒေါ်ရင်ရင်ရဲ့စကားကြောင့် ဒေါ်တင်တင်ကြီးက –

''ဩော် . . . ညည်းကလည်း သူဌေးသမီးဖြစ်ပြီး ကိုယ်
ဘာသာ ကားမမောင်းရတာ မျက်နှာငယ်တယ်လို့ ထင်လို့ပေ
သဇင်ဆို ကိုယ်တိုင်ကားမောင်းတာ မဟုတ်လား''

ဒေါ်တင်တင်ကြီးရဲ့စကားကို (၂) ယောက်လုံး လက်ခံသွား
သည်။

''ဒါပေမဲ့ . . . ခက်တာက ကားမရခင်စပ်ကြား အိမ်ကကား
မစီးချင်ဘူးဆိုတာကတော့ စာမေးပွဲက ရှိသေးတယ်''

ဒေါ်ရင်ရင်က မေးတော့ –

''သူသွားချင်တာနဲ့ သွားပါစေပေါ့။ ဒါနဲ့ ငါကတော့ ဒီ





ထင်တယ်''

''ဘယ်လိုလဲ''

ဒေါ်တင်တင်ရဲ့စကားကို စိတ်ဝင်စားသွားသည်။ ဒေါ်တင်
တင်က လေသံတိုးတိုးဖြင့် –

''သားက အခုတလော မနက်ပိုင်းတိုင်း သန္တာကို ပို့ကြို့ဖို့
ပြောထားတယ်ဆိုတော့ သူ အနေခက်လို့လားမှမသိတာ''

''ဖြစ်နိုင်တယ်''

ဒေါ်ခင်ခင်က ထောက်ခံပေမယ့် ဒေါ်ရင်ရင် ခေါင်းမညိတ်မိ
ချေ။ ညီမဖြစ်သူ ခင်ခင်ကိုသာကြည့်ပြီး –

''ဒါနဲ့ မမတင်က နေကောင်းနေပြီပဲဟာ။ ညနေတိုင်း
ကောင်မလေးက ဘာလို့လာတာလဲ''

''လာအောင် တမင်ထွင်တဲ့ဟာကို''

ဒေါ်ခင်ခင်နှင့် ဒေါ်တင်တင် မျက်လုံးချင်းဆုံသွားကာ –

''သားနဲ့နီးစပ်စေချင်လို့။ သန္တာလေးကို တို့နှစ်ယောက်စလုံး
သဘောကျတယ်။ သားနဲ့ဆိုရင် ရွှေသွားနောက်လိုက် ညီတယ်''

''ဘယ်လို''

''ဟုတ်တယ် မမရင်ရဲ့ . . . သန္တာက မိန်းမပီသတယ်။ မိုင်း
ကောင်းကျောက်ဖိ၊ မျိုးကောင်းရိုးကောင်း ပညာတတ်လေ။ ဘယ်
နေရာမှအပြစ်ပြောစရာမရှိဘူး။ တို့ကူးလေးတောင် အဲဒီလောက်
မဟုတ်ဘူး''

ထိုစကားက ဒေါ်ရင်ရင်စိတ်ထဲ တော်တော်မျက်သွားသည်။ မအေတစ်ယောက်ရဲ့ရှေ့ ကိုယ့်တူမအရင်းခေါက်ခေါက်ကို ဒီလို... ရက်သော ခင်ခင့်ကို အံ့ဩမိသည်။ ထို့ကြောင့် မိခင်တစ်ယောက်... မာန်ဖြင့် –

"တူမလား ခင်ခင်ရယ်၊ အဲဒီမိန်းကလေးနဲ့ငါ့သမီး ယှဉ်... ဆိုတာ ဘယ်မဖြစ်နိုင်တာ။ ငါ့သမီးက တစ်အိမ်လုံး ပိုင်းအလိုလိုက်... ခံထားလို့ ဆိုးသလိုဖြစ်နေတာ။ အဲဒီထဲမှာ နင်ကိုယ်တိုင်က အဆိုး... ငါ့သမီးလေးကို အတင်းအလိုလိုက်၊ ကိုယ် မဆုံးမလို့ ကလေးမ... တာကို ကလေးအပြစ်ပြောချင်နေတယ်။ နောက်တစ်ခါ ငါ့သမီး... ကို ဘယ်သူနဲ့မှမယှဉ်နဲ့ ငါ မကြိုက်ဘူး"

"ရင်ရင်ရယ် အဲဒါက ဘယ်လိုဖြစ်ရတာလဲ။ စ... အဂကောင်းပြောနေရင်း"

"ဟုတ်တယ် မမတင်၊ ရင်က သမီးကို ချစ်တယ်။ ဒါ... တရားလွန်အလိုလိုက်တာမရှိဘူး။ တခြားသူကိုချီးမွမ်းတာ ရင်... မပြောပါဘူး။ ဒါပေမဲ့ ... ဘာလို့ ရင်ရင့်သမီးကို ဆွဲထည့်ရတာ...

ဒေါ်ရင်ရင် တကယ် စိတ်ဆိုးသွားမှန်း သိတယ်။

"ဟုတ်သားပဲ ခင်ခင်ရယ်၊ ရင်ရင်ကလည်း ကိုယ့်ညီမ... အဲဒီလောက် စိတ်မဆိုးနဲ့လေ"

ဒေါ်ရင်ရင် စိတ်ကိုထိန်းကာ လှည့်ထွက်ခဲ့သည်။ ဒေါ်... တင်က ဒေါ်ခင်ခင်ကို ဆူသလို တစ်ချက်ကြည့်လိုက်သည်။





ဒေါ်ရင်ရင် သမီးရဲ့ အခန်းရှေ့ရောက်သော် စာကျက်သံ ...ားတော့မှ သက်ပြင်းချလိုက်သည်။ ပြီးတော့ မိမိအခန်းထဲသို့ ဝင် ...သည်။

ဘာပဲပြောပြော ဒီသမီးလေးက ကိုယ့်ရဲ့တစ်ဦးတည်းသော ...းသားမဟုတ်လား။ ဘယ်သူဘာပြောပြော မိဘတိုင်းကတော့ ...ကို့သားသမီးကို ချစ်ကြတာပဲလေ။ သူများ မျက်စောင်းထိုးတာ ...ာင် မကြိုက်ချင်ပေ။

* * *

## အခန်း (၂၉)

"ကူးလေးအတွက် ကားတစ်စီးလောက်ကြည့်ပေးပါဦး"

မေလေးစကားကြောင့် သူ ကော်ဖီကိုမသောက်ဖြစ်တော့ဘဲ ကူးကိုကြည့်မိသည်။ ကူးက သူ့ကိုမကြည့်၊ အစားမပျက်။

ဒါကြောင့် ထင်တော့ထင်ပါသည်။ မနေ့က ဘာပြဿနာမှ မရှိဘဲ ဒီနေ့မှ –

"ဘာလို့လဲ မေလေး။ အခု အဆင်မပြေဘူးလား"

"အင်း ... အဲဒီလိုလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သမီး အတွက်တော့ အဆင်မပြေဘူးပေါ့။ ပြီးတော့ သားမှာလည်း တာဝန် ရှိသေးတယ်မဟုတ်လား။ ဘယ်မှ စိတ်အေးလက်အေး မသွားဘူးလေ။ သမီးလည်း သူ့အားသူကိုးတတ်အောင်"





သူ ချက်ကျလက်ကျပြောနေသော မေလေးကြောင့် ဘာပြောရမှန်းမသိ ဖြစ်နေဆဲ။

"ကိုတာ ဖုန်းလာနေတယ် မသန္တာတဲ့"

ဒေါ်ကြီးပုစိန်က လာပြောသည်။ သူ မျက်နှာပူသွားသည်။

"ဟယ်လို"

"ကိုတာလား ... ဒီနေ့ သန္တာ အလုပ်မသွားတော့ဘူး"

"ဒါဆို ကျွန်တော် မလာရတော့ဘူးလား"

ထမင်းစားခန်းထဲကနေ ကူးထွက်လာသည်။ မေလေးက နောက်မှပါလာသည်။

"မေလေး ... ဒီနေ့ ကူးတို့စာမေးပွဲ နောက်ဆုံးနေ့။ မုန့်ဖိုး ပေးနော်"

မေလေးခါးကိုဖက်ပြီး ပြောတော့ မေလေးက မျက်စောင်း ထိုးလိုက်ပေမယ့် –

"ဘယ်သွားလည်းမှာလဲ"

"သဇင်တို့နဲ့ အစီအစဉ်တော့ မဆွဲရသေးဘူး"

"ကြားလား"

"ဟင် ... ဘာပြောလိုက်တာလဲ"

ကူးတို့သားအမိဆီ အာရုံရောက်နေသဖြင့် ခင်သန္တာ ဘာ ပြောလိုက်သလဲ မကြားသဖြင့် သူ ပြန်မေးလိုက်ခြင်းဖြစ်သည်။

"သန္တာမိတ်ဆွေဆီသွားမလို့ပါ။ အဲဒါ ကိုတာလိုက်ပို့ပေးဖို့

အဆင်ပြေမလား မေးကြည့်တာပါ''

''အင်း . . . ရပါတယ် ဒါပဲလား''

''ဟုတ်ကဲ့ . . . သန္တာစောင့်နေမယ်နော်''

သူ ပြတင်းပေါက်မှ လှမ်းကြည့်တော့ ကူးက လမ်းလျှောက်ထွက်သွားသည်။

ကူးကို အလိုမလိုက်တတ်သော မေလေးက အခု လမ်းလျှောက်သွားတော့ အသာတကြည့်လက်ခံသည်။ သူ လိုက်ပို့ပေးမယ် ဟု မေလေးကိုပြောသောအခါ –

''သားအလုပ် သားဘာသာ ဖြောင့်ဖြောင့်လုပ်ပါ''

ဟု အမြဲပြောတတ်သည်။ ဘာကိုရည်ရွယ်၍ ပြောမှန်းမသိ။

သူ ထမင်းစားခန်းထဲ ဝင်လာသောအခါ –

''ဘာတဲ့လဲ သား''

''သူ့ကို လိုက်ပို့ဖို့ပါ''

''ဟုတ်လား''

မေလေးက သူ့ကိုမြင်တော့ ထမင်းစားခန်းထဲက ထွက်သွားသဖြင့် ဘာရယ်မဟုတ် မေလေးကို လိုက်ကြည့်မိသည်။

မေကြီးက မေလေးကို လှမ်းကြည့်ပြီး –

''ရင်ရင်က တို့များကို စိတ်ဆိုးနေသလား ခင်ခင်''

''မဟုတ်လောက်ပါဘူး မမတင်ရဲ့''

မေကြီးနှင့်မေငယ် ပြောနေပုံက ဒီအိမ်မှာ သူမသိအောင်





တစ်ခုခုဖြစ်နေသလို။

''ဘာဖြစ်တာလဲ မေကြီး''

''ဘာမှမဟုတ်ဘူး . . . သား သွားဖို့ပြင်တော့''

''ဟုတ်ကဲ့''

မေကြီးတို့က မပြောချင်ပုံမို့ သူလည်းမမေးတော့ဘဲ ခင်သန္တာ ထွက်လာခဲ့ရပေမယ့် စိတ်ကမပါတော့ချေ။ မေလေး စိတ်ဆိုးနေလား။ ကူးကပဲ တိုင်လိုက်လေသလား။ မဟုတ်လောက်ပါ၊ ကူးက ပွင့်လင်းလင်းနေတတ်ပေမယ့် ကုန်းချောစကား မဆိုတတ်ချေ။

''ဟား ဟား''

ရယ်သံကျယ်များကြောင့် သူ လန့်သွားပြီးမှ ပစ္စုပ္ပန်ကာလ သတိရသွားသည်။

ခင်သန္တာရဲ့မိတ်ဆွေဆီလိုက်ခဲ့ရပေမယ့် သူ စိတ်မပါချေ။

''သွားမယ်နော် . . . အိမ်ကိုလာဦးလေ''

''အေးပါ . . . ကျုပ်တို့ ဘယ်အချိန်စားရမလဲ''

''ဟာ . . . နင်တို့ကလည်း''

သန္တာ မျက်နှာရဲရဲဖြင့် သူ့ကားပေါ်ရောက်လာသည်။ သန္တာက သူ့ကိုအားနာသလို ကြည့်ပြီး –

''ဆောရီးနော် . . . သူငယ်ချင်းတွေက အဲဒီလိုပဲ စတတ်သည်။ ကိုယ်အလုပ်နဲ့ကိုယ်ဆိုတော့ မတွေ့ရတာလည်း တော်တော်ကြာပြီလေ''

"ရပါတယ်"

သူကားမောင်းရင်း နာရီကိုကြည့်လိုက်သည်။ ညနေ (၅) နာရီတောင် ရှိနေပြီပဲ။ ကူးကော ပြန်ရောက်ပြီလားမသိ။

"ဝင်ပါဦးလား ကိုတာ"

သန္တာက ကားပေါ်ကဆင်းရင်း သူ့ကိုဖိတ်ခေါ်သည်။ သူ ခေါင်းယမ်းပြကာ –

"မဝင်တော့ပါဘူး သန္တာ"

အိမ်ကိုပြန်ရောက်တော့ ကူးမရောက်သေးချေ။ မေလေးကို လည်း မမေးရဲချေ။ ဒီအိမ်တွင် သူမသိသောဖြစ်ရပ်တစ်ခုခု ဖြစ်သွား ခဲ့သည်ကိုတော့ သတိထားမိသည်။

သူ ခြံထဲတွင် ကူးကိုစောင့်နေရင်း ရေလောင်းနေသည်။ ခြံဝကို လှမ်းငေးလွှန်းသဖြင့် သူ့လည်ပင်းတောင် ရှည်ချင်ပြီ။ ကား တစ်စီးဝင်လာသည်ကို သူရပ်ကြည့်နေမိသည်။ ယောကျ်ားလေး၊ မိန်း ကလေးများနှင့် ကားတစ်စီးလုံး ပြည့်နေသည်။

ကူးက ကားပေါ်က ခုန်ဆင်းလိုက်သည်။

"ဖုန်းဆက်မယ်နော် ယုန်ဖြူလေး"

ဆံပင်နီနီနှင့် ခပ်ချောချောချာတိတ်စကားကြောင့် သူ မျက် မှောင်ကုတ်သွားရပေမယ့် –

"ဟေး"

ဟု ကားပေါ်မှ ထောပနာပြုသွားလေသည်။ ကူးက တပြုံး





ပြုံးနှင့် ဝင်လာသည်။ တော်တော်ပျော်နေပုံလည်းရသည်။ သူ့ကိုမြင် သောအခါ ကူးရဲ့အပြုံးတွေ ရပ်တန့်သွားကာ မျက်နှာတည်သွားသည်။ သူ သက်ပြင်းချလိုက်သည်။

"နောက်ကျလှချည်လား ကူး"

သူ့စကားကြောင့် ကူးရဲ့ခြေလှမ်းတွေ တန့်သွားသည်။ နောက် သူ့ဘက်မျက်လုံးစွေကြည့်ကာ –

"ပြောပိုင်ခွင့်မရှိဘူးလို့ ထင်တယ်။ မေမေ့ဆီမှာ ကူး ခွင့် တောင်းသွားတာ၊ မေမေက ဘာမှမပြောဘဲ ဝင်ပြောစရာမလိုဘူး"

"ဟိုချာတိတ်က ဘယ်သူလဲ"

"မေးစရာ မလိုပါဘူး။ ဒါပေမဲ့ ... တစ်ခုတော့ပြောလိုက် မယ်။ ကိုကိုနဲ့ မခင်သန္တာလိုတော့ မဟုတ်တာ သေချာတယ်။ ကိုယ့် ကားနဲ့ကိုယ်ပဲ၊ နောက်တစ်ခါ ဘာမှဝင်မပြောပါနဲ့"

စိမ်းကားအေးစက်သော ကူးစကားကြောင့် သူ ခေါင်းငိုက် စိုက်ကျသွားသည်။

ယခင်က ကလေးတစ်ယောက်လို အနိုင်ယူချင်သော ဆိုးနွဲ့ မှု ရန်တွေ့တတ်သော လေသံမျိုး မဟုတ်ချေ။

နာကြည်းချက်တွေပြည့်နေသည့် အေးစက်စက် စကားလုံး များက မထင်မှတ်လောက်အောင် ပြတ်သားနေခဲ့သည်။ မပြတ်သား နိုင်သည့်သူကတော့ ပြောခဲ့သည့်စကားများအတွက် နောင်တရသည်။ စိတ်မကောင်းလည်းဖြစ်မိသည်။

မနာကြည်းတတ်သော ကူးကို နာကြည်းတတ်အောင်သင်ပေးသူသည် သူပဲလား။

ဆောရီးပဲကူးရယ်။ ကိုကို စိတ်ထဲမှာ ဒီလိုအခြေအနေတွေ ဖြစ်လာဖို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ။

* * *



## အခန်း (၃၀)

ထင်ထားတဲ့အတိုင်း ကူး စာမေးပွဲပြီးသောအခါ အိမ်ထဲအိမ်ပြင် ထွက်ခွင့်မရတော့ချေ။

မလည်ပတ်ရသဖြင့် ကူး ပျင်း၍ပင် သေနိုင်တော့သည်။ တစ်ယောက်တည်း ပျင်းပျင်းနှင့် အိမ်အောက်သို့ဆင်းလာစဉ် ခြံထဲသို့ မောင်းဝင်လာသော ကားထဲတွင် ကိုကိုနှင့်မသန္တာကို တွေ့လိုက်ရသဖြင့် အပေါ်သို့ပြန်တက်ခဲ့သည်။

"ဟင်း"

အိပ်ခန်းတံခါးကိုပိတ်ကာ ကူး သက်ပြင်းချလိုက်သည်။

မခင်သန္တာ ဤအိမ်တွင် ဝင်ထွက်သည့်အချိန်မှစ၍ ဤအိမ်တွင်ရှိသော လတန်ခူးရဲ့အခန်းကဏ္ဍ သေးငယ်လာသည်။

မကြီးနှင့်မေငယ်တို့ကလည်း မခင်သန္တာလာလျှင် ဖူးဖူးမှု
ဆက်ဆံသည်။

ဘာကြောင့်မှန်းမသိ၊ ကူး နေရထိုင်ရသည်မှာ ပေါ့ပေါ့ပါးပါး
ဖြစ်မနေချေ။

ပြတင်းပေါက်ကိုဖွင့်ပြီး လိုက်ကာကိုမတင်ကာ ပန်းခင်း
ကြည့်မိသည်။ နှင်းဆီပန်းတွေ တော်တော်များများပွင့်နေသော်လည်း
ကူး လိုချင်နှစ်သက်စိတ်များ ဖြစ်မလာတော့ချေ။

ကူး နာတတ်ပါပြီ။

"ဟင်"

ကိုကိုနှင့်မခင်သန္တာက ခြံထဲဆင်းလာသည်။ ကူး လိုက်ကာ
ကို မချမိဘဲ ငြိမ်သက်နေမိသည်။

မခင်သန္တာက အပြာရောင်တောက်တောက်ပေါ်မှာ ရောင်
သေးရေးပန်းချီပန်းများပါသည့် ဝမ်းဆက်ကို ဝတ်ဆင်ထားသည်
ဆံပင်ကို ဖားလျားချထားသည်။ ကိုကိုကတော့ စတိုင်ပန်အဖြူနှင့်
မိုးပြာရောင် စပို့ရှပ်ကို ဝတ်ဆင်ထားသည်။

သူတို့နှစ်ယောက် သိပ်ကိုလိုက်ဖက်ပါသည်။ ကိုကို့ပုံစံက
မခင်သန္တာကို အရိပ်တကြည့်ကြည့်ရှိနေသည့်ဟန်။

"ချော်"

ရင်ဘတ်ထဲမှာ ခံစားချက်တွေက တင်းကျပ်စွာ။ ခင်သန္တာ
လက်ညှိုးညွှန်သမျှ ပန်းကို လိုက်ဖြတ်ပေးနေသည့်ကိုကို။ သူ ခိုက်ပုံ





သမျှကို တွန့်တိုတတ်သောကိုကို။

စိတ်နာတယ် ကိုကို။

ကူး အောက်ထပ်ဆင်းလာပြီး ထမင်းစားခန်းထဲသို့ ဝင်လိုက်
သည်။ ဒီနေ့ မေမေ မိုးကုတ်သွားသည်။ ကူး အပြင်ထွက်လျှင်
တားမည့်သူမရှိသော်လည်း ကူး မသွားဖြစ်ချေ။

"ဗိုက်ဆာနေပြီလား ကူး"

ကြီးပုစိန်ရဲ့အမေးကြောင့် ကူး ခေါင်းညိတ်ပြရင်း ထမင်းစား
ပွဲရှေ့၌ ဝင်ထိုင်လိုက်သည်။ မေငယ်က –

"ကြာဆံချက်သောက်မလား"

"မေငယ်ချက်တာလား"

"မဟုတ်ဘူး ... သန္တာလာပို့တာ။ သောက်လို့ကောင်းသား
ပဲ၊ ထည့်လိုက်ရမလား"

ကူး ငြိမ်သက်သွားကာ ကြာဆံချိုင့်ဆီမှ အကြည့်ခွာကာ–

"ဟင့်အင်း ... မသောက်တော့ဘူး။ ကူး ထမင်းပဲစားချင်
တယ်"

ကူး ထမင်းပန်းကန်ထဲ ကြက်သားတုံးခပ်ထည့်ကာ စား
သောက်နေစဉ် ကိုကိုနှင့်မခင်သန္တာ ထမင်းစားခန်းထဲ ဝင်လာသည်။
နှင်းဆီပန်းများ တစ်ပွေ့တစ်ပိုက်နှင့်။

ကူးလည်းမကြည့်ဘဲ စားနေစဉ် မခင်သန္တာက ကူးဘေးနား
က ခုံမှာ ဝင်ထိုင်ကာ –

"ဟော ... ကူးက ထမင်းစားနေတာကိုး။ အခုမှ (ဆ
နာရီပဲ ရှိသေးတယ်။ နေ့လယ်စာမစားနိုင်ဘဲ နေဦးမယ်။ ကြာဆံချက်
စားပါလား"

မခင်သန္တာကို ကူး စိတ်ပျက်သွားသည်။ မခေါ်ချင်လို့ မနေ
ဆက် မရယ်ပြတာကို အလိုက်မသိ ပိုင်စိုးပိုင်နင်းစကားက ပြောသည်

"ကူး ကြာဆံချက် မကြိုက်ဘူး"

အားလုံးရဲ့အကြည့်တွေက ကူးဆီရောက်လာသည်။ ကူး
ကြာဆံချက်ကို အကြိုက်ဆုံးမဟုတ်လား။

"ကူး ဘာကြိုက်တတ်သလဲ တို့ချက်ကျွေးမယ်လေ။ မ
တော့ ချက်ပြုတ်တာလည်း ဝါသနာပါတော့ စားမယ့်သူမျှော်တ
ဒါမှ ချက်ကျွေးရမှာလေ မဟုတ်လား။ ကူး ဘာစားချင်လဲ"

အဲဒီ တို့ချက်တဲ့အရာမှန်သမျှကို မစားချင်တာ။

အဲဒီလောက် တော်ကြောင်းတတ်ကြောင်း ပဏ္ဏာယူပြ
တာကတော့ မလွန်လွန်းဘူးလား။

"အလုပ်ရှုပ်မခံပါနဲ့ မခင်သန္တာ"

ရိုင်းတယ်ဟု ပြောချင်ပြော ကူး လှည့်ထွက်လာခဲ့သည်
ညှော်ခန်းထဲဝင်လာပြီး တီဗီဖွင့်ထားရပေမယ့် စိတ်ကမပါချေ။

ကိုကိုနှင့်သူက လက်ထပ်တော့မှာလား။ ဟုတ်မှာပေါ့။
ကြောင့် ဒီလောက်တွဲနေကြတာပေါ့။

ဟိုတစ်နေ့ကတောင် ကူး ကိုကိုက သူ့ကိုချွဲကြိုးပေးခဲ့





မြင်ခဲ့သေးသည်ပဲ။ ကူး လည်တိုင်ကို ယောင်ပြီးကိုင်မိသည်။

တစ်သက်နှင့်တစ်ကိုယ် ကူးအတွက် အဲဒီလိုချွဲကြိုး ကိုကို
ဘယ်တော့က ဝယ်ပေးဖူးလို့လဲ။

"ကူးရေ မမ သွားမယ်"

မတတ်သာသဖြင့် ကူး ခေါင်းညိတ်လိုက်သည်။ သူတို့ကား
ထွက်သွားမှ ကူးခြံထဲဆင်းခဲ့သည်။

လေလေးက တဖြူးဖြူးတိုက်နေသည်။ သစ်ပင်ကြီးအောက်
မှာ ပြုလုပ်ထားသော ခုံတန်းတွင် ဝင်ထိုင်လိုက်သည်။ နှင်းဆီပန်းများ
ကတော့ ကျီတို့ကျဲတဲသာ ကျန်တော့သည်။ ထိုမြင်ကွင်းကိုငေးရင်း
ကူး ဝမ်းနည်းကြေကွဲရသည်။

"ကူးလေး ဖုန်းလာနေတယ်"

မေငယ်ရဲ့အော်သံကြောင့် ကူး ထလာခဲ့ပြန်သည်။ တကယ်
ဆို ဘယ်သူနှင့်မှ စကားမပြောချင်ပေမယ့် နိုင်ငံခြားသွားဖို့ လုံးပန်းနေ
သော သဇင်လား အတွေးဖြင့်။

"ဟယ်လို"

"ယုန်ဖြူလေး"

"ဟင်"

ကူး ဘာရယ်မဟုတ် ထမင်းစားခန်းဘက်သို့ လှည့်ကြည့်မိ
သည်။ မေငယ်တို့က တခြားနေရာမှာ ခွင့်လွှတ်ပေမယ့် ယောကျ်ား
လေးတွေနဲ့ အပေါင်းအသင်းဖြစ်တာ မကြိုက်ချေ။

"ဘာပြောမလို့လဲ"

"သတိရတယ်ကွာ"

ဘာမဆိုင် ညာမဆိုင်နှင့်ပြောသဖြင့် ကူး ဒေါသထွက်သွားသည်။ သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ ခင်နိုင်မည်ဟု ပြောထားလျက်နှင့်။

"အဲဒီစကား ပြောဦးမယ်ဆို ကူး ဖုန်းချလိုက်တော့မယ်"

"မလုပ်ပါနဲ့ ကူးရယ်၊ စ,တာတောင်မရဘူးလား"

"မစပါနဲ့၊ ဒီလိုမျိုး ဘယ်တော့မှ မစပါနဲ့"

"ကူးရယ် စူပုတ်ပုတ် ဖြစ်သွားပြီလား"

နောင်းဟန်က သူ့ဘာသာသူပြောပြီး သူတစ်ယောက်တည်းရယ်နေသည်။ ကူး သက်ပြင်းချကာ –

"မဟုတ်ပါဘူး။ ဒါနဲ့ ဘယ်မှမလည်ဘူးလား"

"ပျင်းလို့လေ၊ နေကပူပူနဲ့"

"ကူးလည်း အတူတူပဲ"

* * *



## အခန်း (၃၁)

နေပူလွန်းသဖြင့် အပြင်ထွက်ဖို့ပင် မစဉ်းစားရချေ။ ဒခစ်ရွက်ဒါးရွက်အောက်တွင် ထိုင်နေရလျှင်လည်း လေပူများတိုက်သဖြင့် နေရသည်မှာ မသက်မသာရှိလှသည်။

ထို့ကြောင့် စာကြည့်ခန်းထဲတွင် အဲကွန်းဖွင့်ကာနေရသည်။ ဆရာမြသန်းတင့်ရဲ့ မီးပင်လယ်ကို ကျော်၍ ဓားပင်လယ် ဝတ္ထုကိုဖတ်နေမိသည်။

ထိုစာအုပ်တွင် သံချောင်းသည် အဓိကဇာတ်ကောင်ဖြစ်သည်။ ကိုညိုမှိုင်းကဲ့သို့ ပညာမတတ်ချေ။ သူဟာ အကျင့်မကောင်းသောသူဌေးလောက်လည်း မချမ်းသာပါ။ ဒါပေမဲ့ သူသည် တကယ်လောကဓံတရားနှင့် ကြုံဆုံရသောအချိန်၊ ပညာတတ်သောကိုညိုမှိုင်း

ချမ်းသာသောသူတို့ကို စောင့်ရှောက်နိုင်ခဲ့သည်။

လောကဓံတရားကို အံတုနိုင်ဖို့ သင်ကြားပေးခဲ့သည်။ လူရှ အရောက်အပေါက်မရှိသော ကျွန်းပေါ်၌ သောင်တင်နေသည့်ကာလတွင် ဘာမှမရှိလို့ လက်မှိုင်ကျနေသူများကို ပညာကောင်းကောင်းပေးနိုင်ခဲ့သည်။

အရာရာတိုင်းတွင် လူကလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘာမှမရှိခြင်းကို ရှိခြင်းဖြစ်အောင်လုပ်ဆောင်ပြခြင်းပင် ဖြစ်သည်။ အခက်အခဲ၊ ကြမ်းတမ်းမှုများကို ယောကျ်ားကောင်းတစ်ဦးပီသစွာ ရှေ့ရှုမားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်။

"ပညာတတ်သဖြင့် 'ငါ' ဆိုပြီး မာနထောင်နေသူနှင့် ချမ်းသာသူဟု ဂုဏ်မောက်နေသူများ မရှိုးကျူးဘဲ မနေနိုင်လောက်အောင် သံချောင်းတော်ခဲ့သည်။

ဒါပေမဲ့ ဝမ်းနည်းစရာတစ်ခုက ကယ်သူများ ရောက်လာမှ မောင်သံချောင်းသည် အဖျားကြီးစွာဖြင့် ကွယ်လွန်သွားခဲ့ရှာသည်။

"ကျိ"

စာအုပ်ထဲတွင် စိတ်နှစ်နေစဉ် တံခါးဖွင့်သံသဲ့သဲ့ကြောင့် သူလှည့်ကြည့်လိုက်တော့ စာအုပ်တစ်ပွေ့တစ်ပိုက်နှင့် ဝင်လာသော ကျ စာအုပ်တွေနှင့် ကွယ်နေ၍ သူ့ကိုမမြင်။ မြင်သောအခါတွင် ပြန်ထွက်ဖို့ ခြေဦးလှည့်လိုက်သဖြင့် သူမနေသာတော့ဘဲ–

"စာအုပ်ထားမလို့ မဟုတ်လား၊ လာထားလေ"





သူ့စကားကြောင့် အင်းအဲ မတုံ့ပြန်ပေမယ့် မျက်နှာတည်တည်ဖြင့် ဝင်လာသည်။

စားပွဲခုံပေါ်တွင် စာအုပ်ထပ်တွေကို တင်လိုက်သည်။

ဒီလိုပါပဲ၊ သူတို့တွေမှာ အကျင့်တစ်ခုရှိကြသည်။ ညအိပ်ရာင်ခါနီးတိုင်း စာအုပ်ဖတ်တတ်ကြသည်။ ထိုအခါ စာကြည့်ခန်းထဲင်မလာဖြစ်တော့ချေ။

ဖတ်ချင်သည့်စာအုပ်များရွေး၊ ကိုယ့်အခန်းထဲမှာ ယူဖတ်တတ်သည်။ ပြီးလျှင် စာကြည့်ခန်းထဲ ပြန်ပို့၊ သူ့နေရာသူထား။ ဒါအားလုံးက ဘယ်သူမှ အမိန့်မပေးဘဲ ပြုလုပ်တတ်ကြသည့် အကျင့်ကောင်းတစ်ခု။

"တွီ တွီ တွီ"

ဟန်းဖုန်းမြည်သံကြောင့် သူ စားပွဲပေါ်တွင် တင်ထားသောန်းကိုဖွင့်ပြီး နားထောင်လိုက်သည်။

"ဟယ်လို ဦးမော်လား"

"----"

"မနေ့က စစ်ရမယ့်ဖိုင်တွေ မယူခဲ့ဖြစ်ဘူး။ ဖိုင်အနီရောင်နဲ့ အစိမ်းရောင်။ နှစ်ချုပ်စာရင်းအတွက်လေ"

"----"

"ကျွန်တော့်ထိုင်ခုံနောက်ဘက်က ဗီရိုထဲမှာ။ ကျွန်တော့်ဆီ ဦးမော် သော့လာယူပြီး အဲဒီဖိုင်ယူလိုက်လေ။ ပြီးရင် ကောင်လေး

တစ်ယောက်နဲ့ ပို့နိုင်းပေါ့"

"---"

သူ မတ်တတ်ရပ်ပြီး ပြတင်းပေါက်ဘက် လျှောက်သွားရင်း မှန်ထဲမှ ကူးရဲ့ပုံရိပ်ကိုမြင်ရသည်။ ကူးက သူ့ကို ကျောခိုင်းပြီး စာအုပ် တစ်အုပ်ပြီးတစ်အုပ် ထည့်နေစဉ် စာအုပ်ထပ်အချို့ ပြိုသွားသည်။

ကူးက အောက်ကိုမငုံ့ကြည့်ဘဲ စာအုပ်တွေကို ကုန်းကောက် သည်။ စာအုပ်အားလုံးထည့်ပြီးသောအခါ ပြန်ထွက်သွားသည်။

သူ ဖုန်းချပြီး အခန်းအပြင်သို့ ထွက်ကြည့်သည်။ ကူး ပြန် မလာသေးချေ။ တံခါးကိုပိတ်ပြီး စောစောက ကူးကျသွားသည့်စာရွက် ပြာလေးကို ကောက်ယူလိုက်သည်။ လူမှုရေးအရ မကြည့်သင့်မှန်း သော်လည်း သူ ဖွင့်ကြည့်မိတော့သည်။

"ဟင်"

စာတစ်ရွက်လုံးကို ဖတ်မိချိန်မှာတော့ သူ့ခန္ဓာကိုယ်က အနီး ဆုံး ထိုင်ခုံပေါ် ထိုင်ကျသွားသည်။ ကူး ရည်းစားထားနေတာပြီလား

နှောင်းဟန်ဗိုလ်ဆိုသူမှာ မည်သူနည်း။

သူ့မျက်လုံးထဲတွင် ဆံပင်နီကြောင်ကြောင်နှင့်ကောင်ကလေး တစ်ယောက်ကို သတိရလိုက်မိသည်။

ဖြစ်နိုင်ပါတယ်။ ထိုကောင်လေးက ကူးကိုခေါ်တာ ယုန်ဖြူ လေးဟု။ ကူးကကော ဒီကောင်လေးနဲ့ ဘယ်အဆင့်ထိ ရောက်ပြီလဲ

"ဟင်"





တံခါးဖွင့်သံနှင့်အတူ အပြေးတစ်ပိုင်းဝင်လာသော ကူး ကြောင့် သူ စာရွက်ကိုသိမ်းချိန်မရလိုက်ချေ။

ကူးက သူ့လက်ထဲကစာရွက်ပြာကိုမြင်သောအခါ ခြေလှမ်း တန့်သွားသည်။ စူးရဲစွာစိုက်ကြည့်ပြီး -

"ကူးရဲ့စာကို ဘာလို့ဖတ်တာလဲ"

မျက်နှာတစ်ပြင်လုံး နီရဲအောင် သူ့ကိုအော်လေသည်။ သူ ကူးကို မမြင်ဖူးသူလိုကြည့်ပြီး ထိုင်ခုံမှ တဖြည်းဖြည်း မတ်တတ်ထရပ် လိုက်သည်။

"ပေးလေ ... ဘာလုပ်တာလဲ။ ကိုယ်နဲ့မဆိုင်ဘဲ ဖတ်စရာ လိုလို့လား"

ပြောလည်းပြော ကူးက သူ့လက်ထဲကစာကို လုသည်။ သူ မပေးဘဲ လက်ကိုနောက်ပစ်လိုက်ပြီး ကူးရဲ့ပခုံးကို လက်တစ်ဖက် ဖြင့် တွန်းထားလိုက်သည်။

သူ့လုပ်ရပ်ကြောင့် ကူးက ကြောင်သလိုကြည့်ပြီးမှ ချက်ချင်း သူ့လက်ကိုပုတ်ထုတ်ကာ နောက်ဆုတ်ရပ်သည်။

"အဲဒါ ဘာသဘောလဲ၊ ဘာလုပ်တာလဲ"

"ဘာသဘောမှ မဟုတ်ဘူး"

ကူးက စဉ်းစားသလို ငြိမ်သွားသည်။ အတန်ကြာသောအခါ ခပ်မဲ့မဲ့ပြုံးပြီး စာကိုလှမ်းကြည့်ကာ -

"ဘာလဲ မေမေနဲ့တိုင်ဖို့လား"

သူ ဖျင်းခနဲဖြစ်သွားကာ ချက်ချင်း –

''မဟုတ်တာ၊ ဘာကိစ္စတိုင်ရမှာလဲ . . . ရော့''

ကူးက သူပေးသောစာရွက်ကိုယူကာ လှည့်ထွက်သွားသည်။ သူ စာရွက်လှမ်းယူသော ကူးလက်ကို လှမ်းဆွဲကာ –

''နေဦး''

''ဟင် . . . ဘာလုပ်တာလဲ''

''ပြောစရာရှိသေးတယ် လာပါဦး''

''နားမထောင်နိုင်ဘူး''

ကူးက သူ့လက်ထဲမှလက်ကို အတင်းဆောင့်ရုန်းသည်။ ကူးပုံစံက သူ့ကိုဆိုလျှင် ခါးခါးသီးသီး ဆက်ဆံဖို့ ဆုံးဖြတ်ထားသည့် အသွင်။

''သိပ်မဆိုးနဲ့ ကူး၊ နင် ငါပြောတာ နားမထောင်ဘူးဆိုရင် ငါ မေလေးနဲ့တိုင်ရလိမ့်မယ်''

ကူးက ငြိမ်သက်သွားသည်။

''နှောင်းဟန်မိုလ်ဆိုတဲ့ကောင်လေးက ဘယ်သူလဲ''

''ဘာအတွက် သိချင်တာလဲ''

ကူးက ခပ်ပြုံးပြုံးမျက်နှာဖြင့် သူ မျက်လုံးတည့်တည့်ကို စိုက်ကြည့်ပြီး မေးသည်။ သူ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ပြီးတော့ ကူးက တဟားဟားထရယ်ကာ –

''ဆိုင်လို့လား၊ အဲဒီလိုမေးပိုင်ခွင့်ရှိသလား၊ လအတာနဲ့





ပင်သန္တာ ဘာဆိုင်လဲ ကူး မေးခဲ့ဖူးသလား၊ ဒီလိုပဲပေါ့ . . . အနေသာ ကြီးနေပ်''

ထွက်သွားသော ကူးရဲ့ကျောပြင်ကိုငေးပြီး သူ ငြိမ်သက်သွားသည်။ မှုန်းတီးနာကြည်းနေသော မျက်လုံးများနှင့် ကူးက သူ့ကို လှောင်ရယ်၍ ထွက်သွားသည်။ တကယ်ပဲ ကူးနဲ့သူကြားမှာ ပြောပိုင်ခွင့်ဆိုတာ မရှိတော့ဘူးလား။ သူ ဘာလို့ ကူး နာကြည်းအောင် ဘာလဲလဲ လုပ်နေမိတာလဲ။ ကူးက ဒီအိမ်မှာ အငယ်ဆုံးမို့ အပြော အဆိုမတတ်တာကို သူ ဘာလို့ နားလည်မှုမပေးနိုင်ရတာလဲ။

* * *

## အခန်း (၃၂)

“သားကို မေကြီးတို့ ပြောစရာရှိတယ်”

မေကြီးက ထူးဆန်းစွာစကားခင်းလာသဖြင့် သူ မေယ်ကို လှည့်ကြည့်တော့ မေယ်က သိပြီးသားဆိုသည့်ပုံစံနှင့် ထူးတော့ ထူးဆန်းနေသည်။ ခါတိုင်းက ပြောစရာရှိရင် ဒီလိုမဟုတ်။

အခု မေကြီးရဲ့အခန်းကိုခေါ်၍ ပြောခြင်းမို့။

“ပြောပါ မေကြီး”

“သားမှာ လက်ထပ်ရမယ့်သူ ဒါမှမဟုတ်ရင် ချစ်သူရှိနေ သလား။ ရှိရင်လည်း ပြော”

“ဗျာ”

ချစ်သူ။





သူ တိုးတိုးလေးရေရွတ်မိသည်။ သူ့ဘဝမှာ ရည်းစားထားဖို့ စိတ်မဝင်စားခဲ့သလို ကြိုက်ခဲ့သောမိန်းကလေးလည်း တစ်ယောက်မှ မရှိချေ။ ဘဝမှာ ရည်းစားထားဖို့ဆိုတာ အရေးမပါဘူးဟု ခံယူထားသူမို့။

“မရှိပါဘူး မေကြီး”

“အင်း ... သား အသက်မငယ်တော့ပါဘူး”

မေကြီးက သူ့ကို နှမြောသလိုပြောသည်။ မေယ်က သူ့ ဆံပင်ကို အသာသပ်ရင်း –

“သား မေယ်တို့ရဲ့စကား နားထောင်နော်”

မေယ်တို့ရဲ့စကားက အဆန်းပါလား။ ကျွန်တော်တောင် မစဉ်းစားတတ်တော့ဘူး”

“သားကို မေကြီးတို့ စေ့စပ်ပေးမယ်”

“ဗျာ”

ဆိုင်းမဆင့် ဗုံမဆင့်ကြားရသောစကားကြောင့် သူ ထခုန်မိ မတတ်ဖြစ်သွားသည်။ နောက်ပြီး သူကြားရသည့်စကား ဟုတ်မှဟုတ် ရဲ့လားဟု အထပ်ထပ်စဉ်းစားမိသည်။ ဟုတ်ရဲ့လား။

“ဘယ်သူနဲ့လဲဆိုတာ မမေးတော့ဘူးလား”

သူ ခေါင်းယမ်းလိုက်သည်။ မဖြစ်နိုင်ပါ။

“ကျွန်တော် မိန်းမ,မလိုချင်သေးဘူး မေကြီး။ ကျွန်တော် ဒီလိုပဲ လွတ်လွတ်လပ်လပ် နေချင်တယ်”

“စေ့စပ်တာပဲ သားရယ်။ မိန်းမယူသေးတာမှ မဟုတ်တာ။

နောက် ဒီလိုလိမ္မာတဲ့သား၊ ရုပ်ချောတဲ့သားကို မဟုတ်မဟတ် မိန်းကလေးတွေနဲ့ ရသွားမှာ အဖြစ်မခံနိုင်ဘူး။ အခုခေတ်မိန်းကလေးတွေက ဟိုခေတ်တုန်းကနဲ့ ပြောင်းပြန်၊ ကြိုက်ရင် ကဲကဲလှုပ် သည်းသည်းလှုပ်နဲ့။ မေကြီးတို့ကတော့ သားကို သန္တာလေးနဲ့ နေရာချပေးချင်တယ်။ သန္တာလေးက အစစအရာရာ အပြစ်ဆိုစရာ မရှိဘူး။ ပြီးတော့ သားနဲ့လည်း အဆင်ပြေပုံရတော့"

"မဖြစ်နိုင်ဘူး မေကြီး"

ချက်ချင်းလို ငြင်းပစ်လိုက်သောစကားကြောင့် မေကြီးကော မေငယ်ပါ သူ့ကို ဒေါသထွက်သလိုဖြစ်သွားကာ –

"ဘာလို့မဖြစ်နိုင်တာလဲ"

"သား သူ့ကို မယူပါရစေနဲ့။ သားတို့နှစ်ယောက်က ရိုးရိုးသားသား မိတ်ဆွေတွေ"

"မိတ်ဆွေတွေက ဘာဖြစ်လဲ၊ သား သူ့ကို စိတ်မဝင်စားဘူးလား"

ထိုမေးခွန်းကို သူ မဖြေနိုင်ချေ။ စိတ်မဝင်စားဘူးလားတဲ့။

သူ ခေါင်းမခါမိပါ။ သူမရဲ့ဝတ်စားဆင်ယင်မှုအပြင်အဆင်အားလုံးသည် ယောက်ျားတိုင်း သဘောမကျနိုင်စရာ ဘာမှမရှိ။

ငြိမ်သက်နေသော သူ့ကို မေငယ်က –

"သား မငြင်းနိုင်ဘူး မဟုတ်လား။ ဒီမှာသား ငါးကြော် မကြိုက်တဲ့ကြောင်မိုက် ဘယ်သူမှမရှိဘူး။ ဒီလောက် အဆင်းရော





အချင်းပါ ပြည့်စုံနေတဲ့မိန်းကလေးတစ်ယောက်ကို သား ငြင်းတယ်ဆိုတာ မဖြစ်သင့်ဘူး"

"သားဘက်က လက်ခံရင် သန္တာ့ကို မေကြီးတို့ လိုက်စေ့စပ်ပေးမယ်။ မင်္ဂလာဆောင်ဖို့ဆိုတာကတော့ သားတို့ဘာသာ ညှိကြ"

သူ မော့ကြည့်တော့ မေကြီးက –

"နေဦး သား … မေကြီးစကား မဆုံးသေးဘူး။ သားက မေကြီးတို့လက်ထဲမှာကြီးခဲ့တဲ့အတွက် မေကြီးတို့သားပါပဲ။ ကိုယ့်သားက ဘာမဟုတ်တဲ့ မိန်းကလေးတွေနဲ့ ဖြစ်သွားတယ်ဆို မခံနိုင်ဘူး။ သား သန္တာကလွဲရင် ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားရဘူး"

မေကြီးနှင့် မေငယ်တို့စကား နားထောင်ရသည်မှာ သန္တာနှင့် သူ့ကို မဖြစ်မနေ ပေးစားတော့မည့်သဘော။

လက်မခံနိုင်ဘူး။ မယူနိုင်ဘူးဆိုသည့်စကား သူ့ရင်ဘတ်ထဲမှာ အော်မြည်နေသည်။ သူ ဘာလုပ်ရမည်နည်း။

ကူး … ကူးကကော။

သန္တာနှင့် လုံးဝမျက်နှာချင်းဆိုင်လို့မရသည့်ကူးက သူ့ကိုပါ ခေါ်တော့မည်မဟုတ်။ နောက် သူကိုယ်တိုင်လည်း ကူး မကြိုက်သည့် အလုပ်ကိုမလုပ်ချင်။

ကူး ဘာပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် အလျှော့ပေးချင်တဲ့သူ။ အလိုလိုက်ချင်တဲ့သူက သူပဲဖြစ်ရမည်။ ကူးဘက်က အလျှော့ပေးတာမျိုး ရောက်မလာလည်းနေပါ။ သူ ကျေနပ်သည်။

ဒါပေမဲ့ . . . တစ်ဖက်ကကြည့်လျှင် မေငယ် မေကြီးဆိုတာ သူ့ကို သားအရင်းနှင့်မခြား ကျွေးမွေးစောင့်ရှောက်လာသူ။ ဘယ် တော့ကမှ လိုလေသေးမရှိအောင် ထားသည်။ အဲဒီလိုကောင်းတဲ့ အမေတွေအပေါ်မှာ သူ ဒါလေးကိုမှ လက်မခံလျှင် သူ့ကို ကျေးဇူး ကန်းတဲ့လူလို့ ပြောကြမည်။

သူ မတ်တတ်ထရပ်လိုက်တော့ အမေနှစ်ယောက် သူ့ကို မော့ကြည့်သည်။

"မေငယ်တို့သဘောပါ။ ဒါပေမဲ့ စေ့စပ်ဖို့ဆိုတာ ကျွန်တော် တို့နှစ်ယောက် ပြေလည်မှသာ ဆောင်ရွက်လို့ရမှာပါ"

"ရတယ် သား။ မေငယ်တို့က သားနဲ့ သန္တာကို သဘောတူ တယ်ဆိုတာ ကြိုပြောထားတာ။ ဒီနေ့ကစပြီး သန္တာနဲ့ပြေလည်အောင် သား စဉ်းစား"

သူ မေကြီးရဲ့အခန်းထဲက ထွက်လာခဲ့သည်။

ရင်ထဲမှာ နာကြည်းရသည်။ ကျေးဇူးတုံ့ပြန်ဖို့ နည်းမျိုး တော့ဘူးလား။

ဒီလိုပဲ သူ့ဘဝကို ထိုးအပ်လိုက်ခြင်းကသာ ကျေးဇူးဆပ် ခြင်းတစ်မျိုးလား။

သူ မမြင်မတွေ့ရတော့သည့် မိဘတွေရဲ့မျက်နှာကို မြင် ယောင်ကြည့်မိသည်။ သူ့မိဘတွေကလည်း ကျေးဇူးရှင် မပြစ်မှားနဲ့ ပြောနေသလိုပါလား။





ချစ်သူမရှိပေမယ့် မချစ်မနှစ်သက်တဲ့သူကိုတော့ သူ မလို ချင်ပါ။

သူ ခုံတန်းလေးထက်မှာ အသက်မဲ့သူလို ထိုင်နေမိသည်။ ဘာမှ မရှိတော့။ သူ နှလုံးသားဆိုသည့်အရာတောင် ရှိသေးရဲ့လား။ အချစ်မရှိတဲ့ အိမ်ထောင်တစ်ခု တည်ထောင်ရင် ရှေ့ဆက် ဘာတွေ ဖြစ်မည်နည်း။

"လာပါ ဒေါ်ကြီးပုစိန်ရဲ့ ကူးတစ်ယောက်တည်း ပျင်းလို့ပါ။ ကူးသင်ပေးမယ်"

တစ်ယောက်တည်း ငိုင်နေဆဲ ဆည်းလည်းသံကဲ့သို့ ချိုလွင် သော အသံကြောင့် သူ လှည့်ကြည့်မိသည်။

ဘောင်းဘီရှည်အဖြူ၊ စပို့ရှပ်အနီနှင့် ဦးထုပ်အဖြူဆောင်း ထားသော ကူးသည် အားကစားအတွက် အဆင်သင့်ဖြစ်နေသည့် နယ်။ ဆံပင်ရှည်များကို စုစည်းထားသည်။

အရင်တုန်းက ကြက်တောင်ရိုက်လျှင် သူ့ကို အမြဲလာခေါ်နေ ကျ ကူးက စိတ်ကောက်နေလျှင်တောင် ကြက်တောင်ရိုက်ရင်း ပြန် ပြေလည်သွားသည်။

အခုတော့ သူ့ကိုခေါ်ဖို့တောင် စိတ်မကူးတော့လောက်အောင် နာကြည်းနေပြီလား။

"ကိုကိုလက်ထပ်တဲ့သူက ကူးသဘောတူတဲ့သူ၊ ကူးအနှံ့ ဘာခံတဲ့သူပဲ ဖြစ်ရမယ်နော် ကိုကို"

သန္တာက ကူးအနွံတာခံဖို့ သေချာပေမယ့် ကူး သဘောတူ သောသူမှ မဟုတ်တာ။ သူသာ သန္တာနှင့်လက်ထပ်ခဲ့လျှင် ကူးရဲ့ အမုန်းကြီး မုန်းရမယ့်နေ့လာ။ သူ ဆက်မတွေးရဲတော့ပါ။

တကယ်တော့ ...

မကြီးတို့ မေငယ်တို့ရဲ့ ကျေးဇူးကန်းဖို့ဆိုသည်မှာ။

* * *



## အခန်း (၃၃)

ပျင်းလွန်းလို့ သေနိုင်တယ်ပြောပေမယ့် ကူး မသေပါ။ ပျင်းတာကြာလာသောအခါ 'ပျင်းမနေနဲ့ ပျင်းမနေနဲ့' ကိုယ့်ဘာသာ ဆင်ခြင်ပြီး ကိုယ့်အခန်းကို ဟိုဟာ နည်းနည်းရှင်းလိုက်။ ဒါ နည်းနည်းရှင်းလိုက်နှင့် သန့်ရှင်းရေးလုပ်သလိုဖြစ်သွားသည်။

နေ့တိုင်း ဒေါ်ကြီးက ဝင်ရှင်းပေးတတ်ပေမယ့် ကိုယ့်အခန်းကိုယ့်ဘာသာရှင်းရင်း ပစ္စည်းဟောင်းလေးတွေကို ထုတ်ကြည့်ရင်း လွမ်းသလိုလို ဖြစ်လာသည်။

ဘုရားရေ ကိုကိုနဲ့ မခေါ်တဲ့အချိန်က ကနေ့တိုင်ထိ ကူးက သတိရနေတယ်ဆို ကူး ရှုံးသွားမှာပေါ့။ ဟင့်အင်း ... ကိုကို့ကို သတိမရချင်ဘူး။

ကူးအပေါ်မှာ လူကြီးတွေလို ဆူချင်ငေါက်ချင်တဲ့သူ၊ သူ့အလိုမကျတဲ့အခါ ရန်တွေ့တတ်တဲ့ကိုကို့ကို ကူး တကယ်ကြောက်ပါပြီ။

ကူးတစ်သက်လုံး ချစ်လာခဲ့တဲ့အစ်ကိုဆိုတာ ဟုတ်ရဲ့လားတောင် ပြန်စဉ်းစားမိသည်။ ကိုကိုပေးဖူးသည့် ဓာတ်ပုံ အယ်ဘမ်များ အရုပ်များ၊ စာအုပ်များကို အများကြီးကိုငေးရင်း ကူး ငေးငိုင်နေခဲ့သည်။

''ဟော''

အခန်းထဲ ဒေါ်ကြီးကဝင်လာသည်။ ဖုန်သုတ်သန့်ရှင်းရေးလုပ်နေသည့်ကူးကို ကြည့်ပြီး အံ့သြသွားသည်။ ပြီးတော့ –

''ကူး ဘာရှာတာလဲ''

''ဟင့်အင်း ... ပျင်းလို့ သန့်ရှင်းရေးလုပ်နေတာ ဒေါ်ကြီးရဲ့''

''အမယ်လေး သမီးရယ် ... ထားလိုက်ပါ၊ ဒါတွေ ဒေါ်ကြီးနေ့တိုင်းလုပ်နေကျပါ။ ဘာလဲ သမီးစိတ်တိုင်းမကျလို့လား။ ဒါဆိုရင်လည်း သမီးလိုချင်တဲ့ပုံစံ ဒေါ်ကြီးပြောလေ''

''မဟုတ်တာ ဒေါ်ကြီးကလည်း။ ကူးက ဒေါ်ကြီးလုပ်တာ ဘာလို့စိတ်တိုင်းမကျဖြစ်ရမှာလဲ။ ပျင်းလို့ အပျင်းပြေလုပ်တာ''

ဒေါ်ကြီးက ကူးလက်ကိုဆွဲကာ –

''ကဲပါ ... ဒါတွေထားလိုက်ပါ။ အောက်မှာ သမီးမေမေ ရောက်နေတယ်''





''ဟင် ... မေမေ ပြန်လာပြီဟုတ်လား ... ဟေး''

ကူး ကြမ်းပြင်ပေါ်မှာထိုင်နေသဖြင့် ရုတ်ခနဲခုန်ထကာ အောက်ထပ်ပြေးဆင်းခဲ့သည်။

ညှော်သည်တွေမြင်လိုက်ရသဖြင့် ကိုယ်ရှိန်တန့်သွားသည်။ အန်တီမျိုးနဲ့ သူ့သား (ကိုစိတ်ပုတ်) ရယ်ပေါ့။

လူစုံနေသည်။

တစ်အိမ်သားလုံးရှိနေသဖြင့် ကူး မေမေ့နား ခပ်ရိုရို တိုးကပ်သွားသည်။

''မေမေ''

''ဘာတွေလုပ်နေတာလဲ၊ မေမေ ပြန်လာတာကို မသိဘူးလား''

''ကူး ... အခန်းထဲရှင်းနေတာ မေမေရဲ့။ ဒေါ်ကြီးပြောလို့ သိတာ''

''ကြားသားမိုးကြိုး''

''နားရှိလို့သာ ကြားရတာ''

မေကြီးနဲ့မေငယ်က ကူးကိုကြည့်ပြီး တအံ့တသြ။ မေမေ မျက်နှာကတည်သွားသည်။ ခဏလေးအတွင်း မေမေ မျက်နှာပြန်ပြင်လိုက်ကာ –

''မျိုး ဒီမှာပဲ စားသွားလိုက်နော်''

''အို ... မစားတော့ပါဘူး ရင်ရင်ရယ်။ ကိုယ်တို့ဝင်စရာ

ရှိသေးတယ်။ ပြီးရင်း သားငယ်က ဖုန်းဆက်ထားတော့ မျှော်နေမှာ
လေ''

''ဒါဆို အအေးတော့သောက်သွား။ သမီး အန်တီတို့အ
တွက် အအေးသွားယူခဲ့''

လုပ်ပြီ။

ကူး ဘယ်တော့က အအေးဖျော်တတ်တာကျလို့၊ ဘယ်ရ
မလဲ။ လတန်ခွူးပါနော်။

ရေခဲသေတ္တာထဲက အချိုရည်ဘူးတွေဖောက်ပြီး ဖန်ခွက်ထဲ
ပြောင်းထည့်လိုက်သည်။ ပြီးတော့ လင်ဘန်းလေးနှင့် သယ်လာခဲ့
သည်။

''သောက်ဦးမျိုး။ နောက်တစ်ခါကျရင် သားငယ်ကိုခေါ်လာ
ခဲ့ဦးလေ၊ ကိုယ် မတွေ့ဖူးဘူး''

''အင်း . . . ခေါ်ခဲ့မယ်။ အခု စာမေးပွဲဖြေနေတယ်။ ဟိုတစ်
နေ့က ပြီးပြီလို့တော့ ဖုန်းဆက်တယ်''

''ဟုတ်လား . . . ဘာတက်နေတာလဲ''

''ဆေးတက္ကသိုလ်လေ''

''ဩော် . . . တော်သားပဲ မျိုးရယ်''

''ဩော် . . . သမီး။ သားက ခြံထဲကပန်းတွေ ကြည့်ချင်
တယ်တဲ့ လိုက်ပြလိုက်ဦးလေ''

ကူး မတ်တတ်ထရပ်လိုက်သောအခါ မော့ကြည့်လာသော





ကိုကို့ရဲ့အကြည့်နှင့် ဆုံသွားသည်။ တစ်ခုခုပြောချင်နေသလိုလို ကူး
ငေးငိုင်သွားပြီးမှ ခြံထဲဆင်းလာခဲ့သည်။

သစ်ပင်အောက်ကခုံတန်းမှာ ထိုင်ပြီး ငြိမ်နေစဉ် –

''ဟော . . . အိမ်ရှင်ကလည်း ဘာမှမပြောပါလား''

သူက ခုံတန်းမှာဝင်ထိုင်ပြီး ကူးကို စသည်။

ဒီတစ်ခါကျတော့ တော်တော်လေးကို အချိုးပြောင်းသွား
သည်။ ဟိုတစ်ခါတုန်းက ကူး ဒေါသနှင့်ရန်တွေ့ခဲ့လို့ပဲလား။ ဘာ
ကြောင့်မှန်းတော့မသိ။

အဲဒီ တိုးမွှားအောင်ဆိုသည့်လူက အရပ်မြင့်မြင့်၊ အသားညို
ညိုနဲ့ ယောကျ်ားပီသသော ရုပ်ရည်ရှိသူတစ်ယောက်။ Body က
ဘာဝတ်ဝတ် ကြည့်ကောင်းမည့်ပုံစံ။ အခုလည်း ဂျင်းဘောင်းဘီနှင့်
တီရှပ်အနီရဲရဲကို ဝတ်ဆင်ထားသည်။ ရင်ဘတ်မှာ မျက်မှန်အနက်ကို
ထိုးထားသည်။

မျက်နှာက အနည်းငယ် တည်တင်းသည်။ သူ့လုပ်စာ ထိုင်
စားနေရသည့်အတိုင်း။

''ဘာပြောရမှာလဲ''

''ငယ်ငယ်တုန်းက စွာခဲ့တဲ့အကြောင်းလေ''

တရင်းတနှီးနှင့်ပြောသဖြင့် –

''ကူး မစွာပါဘူးနော်။ ကိုအောင်သာ ယောကျ်ားကြီးတန်မဲ့
. . . ဟွန်း။ ပြီးတော့ ကိုယ့်ထက်အငယ်ကိုလည်း အလျှော့မပေးဘူး''

"အဲသလိုလည်း မဟုတ်ပါဘူး။ ငယ်ငယ်တုန်းကဆိုတော့ ငယ်တာ,ကြီးတာ နားမလည်ဘူးလေ။ ကိုယ်အနိုင်ရဖို့ပဲ စဉ်းစားတာ။ ကိုယ်တောင် မှတ်မိနေသေးတယ်။ ကူးလေ ကိုယ့်ကို ခဲနဲ့လည်းပေါက်သေးတယ်။ ကိုယ်တောင် ခေါင်းပူထူသွားသေး။ အဲဒါ ကူးက သူလည်းလုပ်သေး သူပဲ အာပြကြီးနဲ့ ထိုင်ငိုတော့ လူကြီးတွေက ကိုယ်လုပ်တယ်ထင်ပြီး ကိုယ့်ကိုပဲ ဆူတာလေ"

"ဟင်း ဟင်း"

ကူး သဘောကျစွာရယ်တော့ သူကလည်း ပြုံးသည်။ ပြီး

"ဒါနဲ့ ကူး ဘာနဲ့ကျောင်းပြီးတာလဲ"

"ကူး ရူပဗေဒနဲ့ပြီးတာ ကိုအောင်ကော"

"ကိုယ်ကတော့ အဝေးသင်နဲ့ပဲ ပြီးတာ။ မေမေက ကုန်သည်လုပ်တော့ ကိုယ်လည်း ကုန်သည်ပဲဖြစ်သွားတာလေ။ တကယ်တမ်းပြောရရင် ကိုယ်က စီးပွားရေးလုပ်ငန်းထက် အစိုးရဝန်ထမ်းအလုပ်ပိုလုပ်ချင်တယ်။ ငယ်ငယ်တုန်းကတော့ ဆယ်တန်းအောင်ရင် တက္ကသိုလ်တက်မယ်၊ ပြီးရင် တက္ကသိုလ်ဆရာလုပ်မယ်၊ စာသင်မယ်။ နောက်ဖြစ်နိုင်မယ်ဆိုရင် Ph.D ထိကို ကိုယ်မှန်းခဲ့ဖူးတယ်"

သူ့ပုံစံက ရေရွတ်နေသလိုလို။ သူ့ပုံစံနှင့် တက္ကသိုလ်ဆရာဘဝ။ တိုက်ပုံအဖြူနှင့် ယောပုဆိုးလေးတွေ ထည်လဲဝတ်။ စာအုပ်လေးကိုင်စာသင်နေသည့်မြင်ကွင်း စဉ်းစားမိတော့ လိုက်သားပဲဟု တွေးလိုက်မိသည်။





"ဒါကြောင့် ကိုယ့်တုန်းက ကျောင်းသားဘဝဆိုတာ ဘာမှန်းမသိခဲ့ရဘူး။ ညီလေးကိုတော့ အဲဒီလို မဖြစ်စေရဘူးဆိုပြီး စာကြိုးစားခိုင်းတယ်။ ဆေးဝင်တော့ သူပျော်ချင်သလောက် ပျော်ပါစေ၊ တောင်းသမျှ မညည်းဘူး ပေးတယ်။ ဒါပေမဲ့ စည်းကမ်းတစ်ခုတော့ ထားထားတယ်။ မပျော်နဲ့မဟုတ်ဘူး၊ တရားလက်လွတ်နဲ့ မဖြစ်သင့်တာ မဖြစ်ဖို့တော့ ဆုံးမတယ်"

"ဪ"

ဒါဟာလည်း အစ်ကိုတစ်ယောက်ရဲ့ ချစ်ခြင်းတစ်မျိုးပင် ဖြစ်သည်။

မျက်ဝန်းထောင့်၌ ရိပ်ခနဲဖြစ်သွားသောအရာကြောင့် ကူးလှည့်ကြည့်မိတော့ ကူးနှင့်ကိုတိုးမွှားအောင်ကို စိုက်ကြည့်နေသော ကိုကို။ ကူးနှင့် အကြည့်ချင်းဆုံသောအခါ ကိုယ်ကို ဖျတ်ခနဲကွယ်လိုက်သည်။ ကူး သက်ပြင်းချလိုက်သည်။

"ဘာဖြစ်တာလဲ"

"ဟင် . . . ဘာမှမဖြစ်ပါဘူး။ ဘာလို့လဲ ကိုအောင်"

"မဟုတ်ပါဘူး။ ကူး တစ်ခုခုဖြစ်နေသလားလို့ပါ။ အခုမိတ်ဆွေဖြစ်သွားပြီ၊ ငယ်ငယ်တုန်းကလို ရန်မဖြစ်တော့ဘူး"

"ကိုအောင်က ဖြစ်ချင်လို့လား"

"မဟုတ်ပါဘူး"

❋ ❋ ❋

မေမေ ဘာမှမပြောခဲ့ဘူး။ အခုမရတော့ဘူး ဒါပဲ''

ကူး မေမေ့ရဲ့ကျောပြင်ကိုငေးရင်း မျက်ရည်ကျလာသည်။

လောကကြီးက ဘာတွေဖြစ်နေတာလဲဟု အော်ဟစ်ပစ်ချင်သည်။ ဟိုးအရင်က ကူးအပေါ် အမြဲတစေ အလိုလိုက်တတ်သော ကိုကိုကလည်း ကူးအပေါ် ဥပေက္ခာပြုခဲ့သည်။ ယခုအချိန်ထိ အိမ်အလုပ်မလုပ်ဖူးသော ကူးကို မေမေက အိမ်အလုပ်လုပ်ရမည်တဲ့။

ပြီးတော့ သူငယ်ချင်းတွေနှင့် အားကိုးဖုန်းပြောမည်စိုးသဖြင့် ဖုန်းကိုယူသွားသည်။

ကူးတစ်ယောက်တည်းဟု ခံစားရကာ မျက်ရည်တွေကျလာသည်။

''ကလေး ... ထတော့လေ''

''ဟင်''

အိပ်လို့ကောင်းနေတုန်း ဒေါ်ကြီးလာနှိုးသဖြင့် အိပ်ချင်မူးတူးဖြင့် စောင်လှပ်၍ နာရီလှမ်းကြည့်သည်။ (၅) နာရီပဲထိုးသဖြင့် ပြန်ကွေးလိုက်၏။

''ကလေး''

''-----''

''ကူး''

''ဟာ ... ဒေါ်ကြီးကလည်း ကူး ဘယ်တော့က ဒီအချိန်ထ,ဖူးလို့လဲ''





ဒေါ်ကြီး အသံတိတ်သွားသည်။ ကောင်းတယ်။

အေးအေးဆေးဆေး စောင်ကိုခေါင်းမြီးခြုံ၍ ကွေးသည်။ စောင်ကို ဆွဲတာခံရသည်။ ဒေါ်ကြီးဟုထင်ကာ ကူး စောင်ကို ပြန်ဆွဲသည်။

''လတန်ရှူး''

ဟိန်းထွက်လာသော အော်သံကြောင့် ကူး မျက်လုံးတွေ ပွင့်ထွက်သွားသည်။

''မေမေ''

တင်းမာသောမေမေ့မျက်နှာကို မြင်လိုက်ရသဖြင့် ကူး ထထိုင်လိုက်သည်။

''မနေ့က ဘာပြောထားသလဲ ... ထ''

''မေမေကလည်း တစ်နာရီလောက် အိပ်ပါရစေဦး''

''မလိုချင်ဘူး။ အခုထပြီး စောင်တွေခေါက်။ မပုစိန်ကိုပဲ အားကိုးမနေနဲ့။ အရွယ်ရောက်တဲ့လူက ကိုယ့်ကိုယ်ကိုယ် တာဝန်ယူနိုင်ရတယ်။ မေမေ သူ့ကို အောက်မှာခိုင်းထားတယ်။ စောင်ခေါက်ပြီး ထမင်းစားခန်းထဲ လိုက်ခဲ့''

အိပ်ချင်နေသောကြောင့် မျက်လုံးကို အတင်းဖြဲထားရကာ စောင်ပုံကြီးကို တွန်းဖယ်ကာ မျက်နှာသစ်၊ သွားတိုက်လိုက်သည်။

နေနှင့်ဦး ... စိတ်ပေါက်ပေါက်နှင့် ရေချိုးခန်းထဲမှာ အကြာကြီး ထိုင်နေပစ်လိုက်သည်။ ဒါပေမဲ့ မေမေ့ပါးစပ်ကိုကြောက်သဖြင့်

ကြာကြာမထိုင်ရဲ။ စောင်ခေါက်ပြီး အောက်ထပ်ဆင်းခဲ့သည်။

''ဟော ... ဒီနေ့ ကြွားသားမိုးကြိုးပါလား''

မေငယ်စကားကြောင့် ကူး မချိသွားဖြဲလေးရယ်ပြလိုက်သည်။ ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်သောအခါ မေမေက –

''ဒါ ထမင်းစားရမယ့်အချိန် မဟုတ်သေးဘူး ကူး။ အစော ကြီးရှိသေးတယ်။ ခြံထဲမှာ တံမြက်စည်းသွားလှဲ၊ ပြီးရင် မပုစိန်နဲ့ ဈေးလိုက်ဖို့ ပြင်ထား''

မေမေ လှည့်ထွက်သွားသောအခါ ဒေါ်ကြီးက ကူးလက်ထဲ ကိုတ်မုန့်ချပ်များ ထည့်ပေးသည်။

ခြံထဲကိုဆင်းလာကာ တံမြက်စည်းယူလိုက်သည်။ ခြံထဲကို စိတ်ပျက်လက်ပျက်နဲ့ ကြည့်လိုက်သည်။ အရင်ကတော့ ခြံလေးကျယ် ကျယ်၊ သစ်ပင်စိမ်းစိမ်းစိုစိုနဲ့ သိပ်ကောင်းသည်။

ဟော ... သစ်ရွက်တွေ တဝေဝေ၊ နွေရာသီရောက်သော် သစ်ရွက်ခြောက်တွေ တကြွေကြွေ။ ကဲ ... အခုတော့ အဲဒီသစ်ရွက် ခြောက်တွေကို ရှင်းဖို့သာ ပြင်တော့၊ စပယ်ရုံဘက် တံမြက်စည်းလှည်း နေစဉ် အသက်ရှူသံပြင်းပြင်းကို ကြားရသဖြင့် ချောင်းကြည့်မိသည်။

''ဟာ''

တကယ် ပက်ပက်စက်စက် အံ့အားသင့်သွားသည်။ အား ကစားဘောင်းဘီနဲ့ စွပ်ကျယ်ကိုဝတ်ထားသော ကိုကို။ ဒိုက်ထိုးနေ သည်။ နောက် ဘာတွေကစားနေမှန်းမသိ။ ကူး ရယ်ချင်လွန်းသဖြင့်





ခပ်မြန်မြန် လှည့်ထွက်လိုက်သည်။ အရင်နေ့တွေတုန်းကကော ဒီလိုပဲ လား။

''ဟင် ... အဲဒါ ခုထက်ထိ တံမြက်စည်းမလှည်းဘဲ ဘာလုပ် နေတာလဲ''

''လှည်းပြီ''

ခြံထဲကို မေမေဆင်းလာသဖြင့် ကူး မရိုကပ်ရဲတော့ဘဲ လှဲ ရတော့သည်။ မေမေ ကြည့်နေသဖြင့် ညောင်း၍လည်း မနားရဲ။ အီး ဒီလောက် ခြံအကျယ်ကြီးကို လှဲရတာ သေတော့မှာပဲ။

တံမြက်စည်းလှည်းပြီးသွားတော့မှ သစ်ပင်အောက်က ခုံ တန်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

ဒေါ်ကြီးက ထမင်းစားဖို့ လာခေါ်သည်။ အခုမှ ဝမ်းထဲက ဟာနေမှန်း သတိထားမိတော့သည်။ ကိုယ့်ခြေထောက်ကို မသယ်ချင် သယ်ချင်နှင့် လိုက်လာခဲ့သည်။

ဘေစင်မှာ လက်ဆေးနေစဉ် အားလုံးရဲ့အကြည့်က ကူးဆီ ရောက်လာသည်။ အဲဒီအချိန်ထိ ကူး သတိမထားမိသေးချေ။ လက် ဘက်ရည်ထည့်ပြီး သောက်နေစဉ် ဒေါ်ကြီးကော မေကြီးပါ မသိမသာ ပြုံး၍ထသွားသည်။

ကူး ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်သည်။ ဘာမှမရှိပါလား။ ကိုကိုကလည်း စားပြီး ထမသွားသေးဘဲ –

''မနက်အစောကြီးထပြီး တံမြက်စည်းလှည်းနေတယ်ဆို''

ပြုံးစိစိနဲ့ မေးလာသဖြင့် ကူး လက်ထဲကကိတ်မုန့်ကို ချေမွ ပစ်လိုက်သည်။ ကိုကိုက မျက်နှာပိုးသတ်ကာ –

''ဆောရီး ဆောရီး ... ကိုကိုက စ,တာ''

ကူးရဲ့မျက်စောင်းကို ကြောက်သဖြင့် ငြိမ်သွားပေမယ့် –

''ဟော ... သား မသွားသေးဘူးလား''

''သွားတော့မယ် မေလေး ... ဘာမှာဦးမလဲ''

''ဘာမှမမှာပါဘူးကွယ်။ မင်းသွားရင် ကူးနဲ့ဒေါ်ကြီး ဈေးဝယ်သွားလိမ့်မယ်။ လိုက်ပို့ပေးဦးနော်။ ကဲ ကောင်မလေး ... အစားကို မစားဘဲ ဘာတွေလုပ်နေတာလဲ။ စားစရာရှိတာ သိုးသိုးသွက်သွက် စား''

* * *



## အခန်း (၃၅)

''မေမေ''

ကူးခေါ်သံကြောင့် မေမေက လှည့်ကြည့်သည်။ ကူး ငိုမဲ့မဲ့ ဖြစ်လာသည်။ အခုပဲ ကူးရှေ့တွင် နွယ်ဝေဖုန်းဆက်လာသည်။ မေမေ က မရှိဘူးဟု ပြောလိုက်သည်။

''ကူး သူငယ်ချင်းနဲ့ ဖုန်းပြောချင်တယ်''

''မပြောရဘူး ... ဘာသံမှမကြားချင်ဘူး။ ကြမ်းတိုက်နေ တယ်မဟုတ်လား ဆက်တိုက်''

မေမေက လေသံတင်းတင်းနှင့်ပြောကာ လှည့်ထွက်သွား သည်။ ကူး မျက်ရည်ဝဲကာ ကြမ်းတိုက်တာကို လွှင့်ပစ်လိုက်သည်။ ဒီအလုပ်တွေက ကူးလုပ်မှပြီးမှာလား။ ဟိုတုန်းက မေကြီးတို့ နိုင်းလျှင်

မကြိုက်သောမေမေက ယခု မေကြီးတို့ ထားနေတာတောင် တစ်ချို့တစ်ခုနိုင်းသည်။

ဟိုတစ်နေ့က ငါးကြော်ရင်း ဆီပူလောင်ပြီးပြီ။ ယခုလည်း ကြမ်းတိုက်ရလွန်းသဖြင့် လက်တွေ နီရဲနေသည်။

ကြမ်းတိုက်ဝတ်ကို ပြန်ကောက်ကိုင်ကာ တိုက်ရပြန်သည်။ နီရဲသောလက်တွေကိုကြည့်လိုက်၊ ကြမ်းတိုက်လိုက်နှင့်မို့ ဝမ်းနည်းမိကပိုလာသည်။

''မေမေကိုလည်း မချစ်တော့ဘူး။ ကူးကိုချစ်တယ်ပြောပြီး အလုပ်တွေခိုင်းနေတယ် မချစ်ဘူး''

တစ်ယောက်တည်း တိုးတိုးပြောပြီး ကြမ်းတိုက်ခြင်းကို လက်စသတ်လိုက်သည်။ မတ်တတ်ထရပ်လိုက်စဉ် –

''ဟင်''

ကူး ရှက်လိုက်တာ။

တိုးပွားအောင်နှင့် အန်တီမျိုးက ကူးကိုကြည့်ပြီး ပြုံးနေကြသည်။ စောစောတုန်းက ကူးပြောသမျှ ကြားသွားပုံရသည်။ ကူးခေါင်းငုံ့ရင်း မတ်တတ်ထရပ်ကာ မီးဖိုဆောင်ထဲသို့ ဝင်လာသည်။ ညည်းခံဖို့ထက် ကူး ရှက်၍သေနိုင်သည်။

ရေတွေနှင့် နူးပွနေသောလက်ကို ဆုပ်ကိုင်လိုက် ဖြန့်ကြည့်လိုက်ဖြင့် ကူး စပယ်ပန်းရုံနှင့် ကွယ်၍ ထိုင်လိုက်သည်။

''ညည်းသည်တွေ ညည်းမခံဘဲ ဘယ်သွားနေတာလဲ''





တိုးပွားအောင်။

ကူး မော့မကြည့်ဖြစ်ဘဲ မြင်နေရသော ပုဆိုးကွက်ကို မရဲတရဲကြည့်မိသည်။ သူ ကူးကိုလှောင်ချင်နေပေလိမ့်မည်။

ဖြူဝင်းသောခြေထောက်က သားရေဖိနပ်နှင့် ကြည့်ကောင်းသည်။ ဒီနေ့ ဘာနေ့မို့ သူက ဒီလိုဝတ်လာတာပါလိမ့်။

''ဟိတ် . . . စကားမပြောတတ်ဘူးလား''

ကူး မော့မကြည့်ဘဲ မပွင့်တစ်ပွင့် လေသံနှင့် –

''ကူး ဘာပြောရမှာလဲ''

''အရင်တုန်းက ဒီလိုမဟုတ်ပါဘူး။ စွာတာတာနဲ့ လူကိုတွေ့တိုင်း အမြဲတမ်း ရန်တွေ့တတ်တယ်။ အခုတော့ ယုန်ကလေး ကျနေတာပဲ''

ကြည့်စမ်း . . . လူကို ရှေ့မှာထားပြီး သူများအတင်းပြောတာ ကောင်းရဲ့လား။ ကူး မတ်တတ်ထ၍ မော့ကြည့်ကာ –

''စွာတာ ဘာဖြစ်လဲ''

ပြောလည်းပြော ကူး ခြံရှေ့ဘက်သို့ ပတ်ထွက်ခဲ့သည်။ သူများက ဝမ်းနည်း၍ ငိုချင်နေပါသည်ဆိုမှ သူက လာလှောင်နေသည်။ ကူး မျက်ရည်ကျလာသည်။

''ဟာ . . . ငိုနေတာလား။ ကိုယ်ကစတာပဲ။ ဒါ ငိုစရာလား''

သူက ပျာပျာသလဲနှင့် ကူးမျက်ရည်များကိုကြည့်ပြီး မျက်နှာ

ပျက်နေသည်။ ပြီးတော့ မျက်ရည်သုတ်ပေးဖို့ ပြင်သည်။ ကူး ခေါင်းငုံ့ ရှောင်ကာ –

"နေပါစေ"

ကူး ခုံတန်းမှာထိုင်လိုက်တော့ သူက ကူးဘေးတွင် ဝင်ထိုင်သည်။ ကူးကို စိတ်မကောင်းသလိုကြည့်ပြီး –

"ဝမ်းနည်းနေလား။ အန်တီက ကောင်းစေချင်လို့ပါ။ မိန်းကလေးဆိုတာ အိမ်အလုပ်လုပ်ရတာ ငိုစရာမှ မဟုတ်တာ"

သူက ကူးကို အားပေးသလိုနှင့် အပြစ်တင်လေသည်။ ကူး နှုတ်ခမ်းဆူပစ်လိုက်တော့ သူက –

"ကူးက တစ်ခါတလေ ကလေးနဲ့တူတယ်။ တစ်ခါတလေ ရိုက်ပစ်ဖို့ကောင်းတယ်"

ကူး မော့ကြည့်ပစ်လိုက်တော့ သူက ရယ်ဟဟနှင့် –

"ရန်တွေ့ဦးမလို့လား"

"အခု ဘာလာလုပ်တာလဲ"

"ဟော ... အဲဒါ နှင်ထုတ်ချင်တာလား။ မလာစေချင်တာလား"

"မဟုတ်ပါဘူး။ ကူးက အဲဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး။ ကိစ္စနဲ့လား။ အလည်သက်သက်လားလို့"

"အဲဒါတော့ မေမေမှသိမှာပဲ"

သူ့ပုံစံကြောင့် ကူး ရယ်လိုက်မိသည်။ ဟိုးငယ်ငယ်တုန်းက





ကူးတို့ မိုးကုတ်သွားလည်လျှင် သူက လူလစ်လျှင်လစ်သလို ကူးကို ခေါင်းခေါက်တတ်သည်။

အခုတော့ သူ မဟုတ်တော့သည့်အတိုင်း။

"မိုးကုတ်သွားမလည်တော့ဘူးလား"

"မေမေမှ မခေါ်တော့တာ။ ကူး လိုက်ချင်တာပေါ့"

"လိုက်ချင်ခေါ်သွားမယ်"

"တကယ်"

သူ့ရဲ့စကားကြောင့် ကူးက မယုံသလို မေးမိသည်။

"အန်တီ ထည့်ရင်လေ"

ကူးမျက်နှာ ညှိုးသွားသည်။ ကျိုးပဲ့သွားသော လက်သည်းလေးကိုငုံ့ကြည့်ပြီး –

"မေမေက ထည့်မှာမဟုတ်ပါဘူး"

"ဒီသမီးတစ်ယောက်တည်း ဘယ်စိတ်ချမလဲ။ အန်တီခေါ်ရင် လိုက်ခဲ့လေ။ ကိုယ်တို့ကစားခဲ့တဲ့နေရာ သွားရအောင်"

ကူး ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

လအတာ ပန်းရုံဘက်သို့လျှောက်လာစဉ် နှစ်ယောက်ယှဉ်တွဲထိုင်နေသော ကူးတို့ဆီ အကြည့်ရောက်သွားသည်။ သူ မျက်ခုံးကြုတ်သွားရကာ အလိုမကျသလို ဖြစ်သွားသည်။

ဒီလူနဲ့ ကူးဟာ ဘယ်လိုလဲ။ မကြာခဏ အိမ်လာပြီး ဘာလာလုပ်တာလဲ။

သူ့ကိုဆို အနိုင်ယူ ဗိုလ်ကျဖို့ပဲ သိသော ကူးက ဒီလူနှင့်ကျ တော့ ရှိန်းရှိန်းဝေနေသည်။ စိတ်ထဲမှာ တက်ကြွမှုမရှိတော့တာနဲ့ အိမ်ဘက်သို့ပဲ ရောက်လာခဲ့သည်။ မေလေးက ညည်းသည်နှင့်စကား ပြောရင်း –

''ဟော ... သား လာပြီလား။ စောသားပဲ''

''ဟုတ်ကဲ့ မေလေး''

''ဩော် ... ဒါနဲ့ ကူးကို တွေ့ခဲ့သလား''

မေလေးရဲ့စကားကြောင့် သူ ခေါင်းမညိတ်ချင်ညိတ်ချင်နဲ့ ညိတ်ကာ အပေါ်ထပ်တက်လာခဲ့သည်။

မေလေး ဘာတွေစီစဉ်နေသလဲ။ အခုတလော မေလေး ကိုယ်တိုင် သူ့အပေါ် သိပ်လိုက်လိုက်လှဲလှဲမရှိတာ ကိုကို သတိထား မိသည်။

လောကကြီးဟာ ဘာတွေဖြစ်နေတာလဲ။

❋ ❋ ❋



## အခန်း (၃၆)

ရေလောင်းရင်း မင့်တင့်ဖြစ်နေသော ကြက်သွေးရောင် နှင်းဆီပန်းလေးကိုကြည့်မိသည်။ ပန်းသည် စိုလက်တောက်ပ၍ ကတ္တီ ပါစတစ်စနှင့် တူသည်။

မနေ့တစ်နေ့က ဒီနှင်းဆီဖူးလေးကို ကူး ကြည့်နေတာ သူ မြင်ခဲ့ရသည်။ ရှေ့လျှောက် ကူးနဲ့ ဘယ်တော့မှ ရန်မဖြစ်တော့ဖို့ ဆုံးဖြတ်လိုက်သည်။

ကူး အနိုင်ယူချင်လည်းယူ၊ ဆိုးချင်လည်းဆိုးပါစေတော့။ ယခုနောက်ပိုင်း တိုးပွားအောင်နှင့် တွဲနေခြင်းဟာ ဘာကြောင့်မှန်း သူမသိချေ။

ဘာရယ်မဟုတ် ခင်သန္တာနှင့်ပတ်သက်ပြီး စကားများကြရာမှ

သူနဲ့ကူး တစ်ယောက်နဲ့တစ်ယောက် မခေါ်နိုင် မပြောနိုင်ဖြစ်ခဲ့ရ သူ့အမှားတွေပါပဲလေ။

''ဟာ''

သူ့ဘေးကနေ ဖြတ်ကျော်သွားသောကူးက စာအုပ်များကို လက်တစ်ဖက်ကကိုင်ပြီး ကျန်လက်တစ်ဖက်နှင့် စက်ဘီးကိုတွန်းသွားစဉ် –

''ကူး''

သူ့ခေါ်သံကြောင့် ကူး ရပ်သွားသည်။ အတန်ကြာမှ လှည့်ကြည့်လာသည်။

''ခဏလောက်''

မခေါ်ချင်သလိုလို မပြောချင်သလိုလို မျက်နှာလေးက မှုပတ်ပုတ်။ စက်ဘီးကို ဒေါက်ထောက်ရပ်ပြီး သူ့အနီးလျှောက်လာသည်။

''ဘာပြောမလို့လဲ''

''ကူးနဲ့ကိုကို ပြန်ခေါ်မယ်လေ''

''-----''

ကူးက ဘာမှမပြောဘဲ နှင်းဆီပွင့်များဆီသို့ အကြည့်ကို ပို့ထားသည်။ အကယ်၍ သူ့စကားဆုံးလျှင် လှည့်ထွက်ဖို့ စဉ်းစားထားပုံရသည်။ မည်သည့်အရိပ်မှ ထင်ဟပ်ခြင်းမရှိသော မျက်နှာလေးကို ကြည့်ပြီး သူ ဖွဲ့မလျော့သေး။





''ကိုကိုကစပြီး အရှုံးပေးတယ်။ ပြန်ခေါ်နော် ... အင့်''

ကူးက လက်ညှိုးနဲ့လက်ခလယ်ကိုထပ်ပြီးခေါ်ဖို့ သင်္ကေတလေးလုပ်ပြသော သူ့လက်ကို ငေးစိုက်ကြည့်သည်။ သူ ကိုယ်တိုင် ရင်တခုန်ခုန်။

''ဟာ''

ကူးက ထိုလက်ညှိုးနှင့် လက်ခလယ်ကို ဖျက်တော့မည့်ဟန် ပြင်ပြီးမှ နှိမ်ချလိုက်သဖြင့် သူ ပျော်သွားသည်။

''ဘယ်တော့မှ ရန်မဖြစ်တော့ဘူးနော်၊ ခဏ''

ခေါင်းညိတ်ပြသော ကူးကိုထားပြီး ကြက်သွေးရောင် နှင်းဆီပွင့်ကို သူ ခူးလိုက်သည်။ ကူးက သူ့လုပ်ရပ်ကို နားမလည်သလို ငေးကြည့်နေသည်။ သူ နှင်းဆီပန်းက ဆူးများကို လက်မနှင့် ဖယ်ရှားလိုက်ပြီး –

''ရော့ ... ပြန်ခေါ်တဲ့အထိမ်းအမှတ်နဲ့''

ကူးက နှင်းဆီပွင့်ကိုစိုက်ကြည့်ပြီး တည်ငြိမ်နေသည်။

''ဟော ... ဒီမောင်နှမတွေ ဘာလုပ်နေကြတာလဲ''

ကူးကော သူပါ အသံလာရာသို့လှည့်ကြည့်လိုက်သည်။ ခင်သန္တာသည် နက်ပြာရောင်တောက်တောက် ချိတ်လိုင်းပါသော ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။

ကူးက သူ့လက်ထဲကပန်းကို ဖျတ်ခနဲယူလိုက်သည်။ ပြီးတော့ သူ့ကိုပါ လှည့်ကြည့်ပြီးပြေကာ ...

"အတော်ပဲ"

"ဟင် . . . ဘာလဲ"

"ကိုကိုပေ့ါ"

ကူးက ခင်သန္တာလက်ထဲကို နှင်းဆီပွင့်လေး ထည့်ပေးလိုက်၏။ သူ့မျက်လုံးတွေ ပြာခနဲ ဖြစ်သွား၏။

"ကိုကိုက မခင်သန္တာအတွက် ခူးထားတာတဲ့။ ကူးကိုပေးခိုင်းနေတာ။ ကိုကို့ကို စိတ်မဆိုးရဘူးနော်။ ကိုကိုရေ သွားပြီ . . . ရှက်မနေကြနဲ့ဦး"

စက်ဘီးပေါ်တက်နင်းကာ ကူး ထွက်သွားသည်။

ခင်သန္တာက နှင်းဆီပန်းကိုငုံ့ကြည့်ပြီး ပြုံးနေသည်။ သူ သက်ပြင်းချလိုက်သည်။

"ပန်းလေးက အရမ်းလှတာပဲနော်"

ခင်သန္တာစကားကြောင့် သူ စက်ရုပ်လို ခေါင်းညိတ်လိုက်ရသည်။

"ကူးလေးက ဘာတွေစိတ်ကူးပေါက်နေသလဲ မသိဘူးနော်။ သန္တာကို စကားတွေပြောလို့၊ ဒါနဲ့ နေပါဦး . . . သူများလာတော့ သူတို့ စကားတွေရပ်သွားတယ်။ ဘာလဲ သူများအကြောင်းပြောနေကြတာလား"

ခင်သန္တာက သူ့အထင်ကိုပြောနေသည်။

"အင်း . . . ဒါထက် ဘာနဲ့လာတာလဲ"





သူ စကားလမ်းကြောင်းပြောင်းလိုက်သည်ကို မသိတာလား သိချင်ရဲ့နှင့် မသိသလို နေသလားမသိ။ ခင်သန္တာက –

"တက္ကစီနဲ့လာတာ။ ကြီးမေ ဆေးမှာထားလို့လေ"

"စားပြီး အေးဆေးမှပြန်ပေ့ါ။ မေကြီးဆီ သွားရအောင်"

ခင်သန္တာ ဘယ်လိုဖြစ်ကျန်ခဲ့မလဲ မစဉ်းစားချင်တော့။ ဇေ့စပ်ဖို့ သဘောတူထားပေမယ့် သူမအပေါ် ဘယ်လိုခံစားချက်မျိုးမှ ထားရှိမရတာ ဘာကြောင့်လဲ။

အချစ်။

ဦးနှောက်ထဲ လေးနက်စွာ ဝင်ရောက်လာသောအချစ်က တကယ်ဆို သူနဲ့ အဝေးကြီးမှာ။ အချစ်နဲ့သူ ဘာသက်ဆိုင်လို့လဲ။

* * *

## အခန်း (၃၇)

"ခဏလေးနော်၊ ငါ စားစရာတစ်ခုခု သွားယူလိုက်ဦးမယ်"

နွယ်ဝေက ပြောလည်းပြော အိပ်ခန်းထဲမှထွက်သွားသည်။ မနေ့က နွယ်ဝေ အိမ်ကိုရောက်လာသည်။ ကူးကိုခေါ်ရဖို့အတွက် မေမေကို ကတိအထပ်ထပ်ပေးခဲ့ရသည်။

"ကူးကို လာဖိတ်ရင်းနဲ့ ခေါ်တာပါ အန်တီ။ လိုက်ခွင့်ပြုပေးပါနော်။ မမကြီးတို့ မင်္ဂလာဆောင်ဖို့ပါ။ အဲဒါ မနက်ဖြန်နေ့ခင်း ပြန်ပို့ပေးပါ့မယ်"

သန်လျင်မှ တကူးတကလာခေါ်ခြင်းကြောင့် မေမေက မသက်သာစွာထည့်လိုက်သော်လည်း သဘောတူဟန်တော့ မပြချေ။ ကူး နွယ်ဝေကို အားနာနေရသည်။ ဒါတောင် နွယ်ဝေ့ကွယ်ရာမှာ





"ဘာသံ, ညာသံ မကြားချင်ဘူးနော်"

ဟု တိုးတိုးတိတ်တိတ် မှာနေသည်။

"ဘယ်လိုလဲဟယ် ... နင့်ဆီ ငါ ဖုန်းခဏခဏဆက်တယ်။ မရလို့ ကိုယ်တိုင်လာခေါ်ရတယ်"

နွယ်ဝေက လက်ဖက်ရည်အိုးနဲ့မုန့်ပန်းကန်ကို ဗန်းထဲတွင် ထည့်၍ သယ်လာရင်း ပြောသည်။

"မေမေလေ ... ဘာတွေလုပ်နေမှန်းမသိဘူး။ ငါ့ဖုန်းလည်း ကျောင်းပိတ်ကတည်းက သိမ်းထားတာ။ ပြီးတော့ လွတ်လပ်ခွင့်တွေ အကုန်လုံး ပိတ်တော့တာပဲ"

ကူးစကားကြောင့် ခုတင်ပေါ်တွင် တက်ထိုင်ရင်း နွယ်ဝေက ရယ်နေသည်။ ကူးက လက်ဖက်ရည်ကိုငှဲ့ရင်း –

"ဟိုမိန်းမတွေအကြောင်း ဘာကြားလဲ"

နွယ်ဝေက ကိတ်မုန့်တစ်ချပ် လှမ်းယူစားပြီး –

"သဇင်ကတော့ ကျောင်းပိတ်ပြီးသိပ်မကြာဘူး သွားတယ်။ ငါတောင် လေယာဉ်ကွင်းလိုက်ပို့ရသေးတယ်။ နင့်ဆီ ဖုန်းဆက်တယ် မရဘူးတဲ့"

"တိုးကော"

"တိုးက သူလိုက်သွားမလို့ပဲ။ ဟိုဘဲက လာခေါ်တာလေ။ အဲဒါနဲ့ ပါသွားတာ"

"သိပ်ချစ်နေတယ်ထင်တယ်"

"အေး ... အဲဒါနဲ့ ငါ နင့်ကိုပြောစရာရှိလို့"

"နောင်နောင်လေ ကောင်စုတ် ငါ့ကိုလာရစ်နေတာ"

"ဘယ်မှာတွေ့လို့လဲ"

"ဘုရားမှာပေါ့ ... မပြောချင်ဘူး။ တိုးနဲ့ကွဲရတာ ငါတို့သူငယ်ချင်းတွေရဲ့စနက်ကြောင့်ဆိုပြီးလေ။ အဲဒီနေ့က တစ်မိသားစုလုံး ဘုရားသွားတော့ ငါ့ကိုဒေါပွပြီး ဆူတော့တာပဲ။ ကောင်စုတ် မုန်းဖို့ကောင်းတာ"

"မေတ္တာရှိနေတယ်ပေါ့"

"သေလိုက်ပါလား။ အစိမ်းလိုက် ဝါးစားချင်နေတာ"

နွယ်ဝေက အိပ်ခန်းပြတင်းပေါက်သွားဖွင့်သည်။ ကူးလည်း အိမ်အောက်ဘက်ခြံထဲ လှမ်းကြည့်မိသည်။

မင်္ဂလာပွဲအတွက် ပြင်ဆင်နေသူတွေ။ ပန်းအိုးတွေ ချသူချ ပူစီပေါင်းတွေမှုတ်သူမှုတ်နှင့် အလုပ်ရှုပ်နေကြသည်။

"ဒါနဲ့နေပါဦး ... နင့်အမေ ဒီလောက်ချုပ်ချယ်ပုံထောက် နင် တစ်ခုခုဆိုးသွမ်းသောင်းကျန်းထားလို့ပေါ့"

"ဘာမှတောင် မလုပ်ရပါဘူးဟာ။ မိုးကုတ်က ပြန်လာလာချင်းပဲ ဖုန်းတွေသိမ်းတယ်။ သူငယ်ချင်းတွေနဲ့ လည်နေမှာစိုးလို့တဲ့။ ပြီးတော့ အိမ်ရှင်မအလုပ်တွေ သင်ပေးတယ်။ သိထားရမယ် တတ်ထားရမယ်တဲ့။ အရမ်းကို ကျပ်တည်းနေတာ။ ရည်းစားရှိလို့ကတော့ လိုက်ပြေးမိမှာ"





"သေချာတယ်"

"ဘာလဲ"

"နင့်အမေ နင့်ကို ယောက်ျားပေးစားမလို့နေမှာ"

"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ။ မဟုတ်တရုတ်"

လက်မခံနိုင်စွာ ဖြစ်သွားသော ကူးပုံစံကို နွယ်ဝေက ကြည့်ပြီး –

"နင် စောင့်ကြည့်နေပါ။ တစ်ပတ်အတွင်း (သို့) တစ်လအတွင်း နင့်အမေ ပြောလာလိမ့်မယ်"

"ငါ့အမေက နင့်ကို လှမ်းအကြောင်းကြားထားလို့လား"

ကူး ခပ်ရွဲ့ရွဲ့ပြောလိုက်သောအခါ နွယ်ဝေက လက်ပိုက်ပြီး

"ငါ သိတယ် သိနေတယ်။ အခုတော့ နင် ငါ့ကို ဘာမှမမေးနဲ့ဦး။ ပြီးမှ ဆရာမရယ် မှန်လိုက်တာ။ နဖူးတည့်တည့်လို့တော့ လုပ်မနေနဲ့ဦး"

"အစုတ်ပလုတ်မ"

"ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့် နွယ်ဝေက တံခါးသွားဖွင့်သည်။ သူတို့အိမ်က ကောင်မလေးဖြစ်သည်။ ကူးကိုကြည့်ပြီး –

"မမသူငယ်ချင်း ကူးရဲ့ညီသည်တဲ့"

ဆိုသော ကောင်မလေးရဲ့စကားကြောင့် ကူး အံ့ဩသွားကာ တံခါးဆီ လျှောက်သွားပြီး –

"ဟဲ့ . . . ဟုတ်လို့လား။ နွယ်ဝေဆီ မဟုတ်လား"

"မဟုတ်ဘူး မမရဲ့။ အစ်ကိုကြီးတစ်ယောက်ပဲ၊ မမကူးနဲ့ ပြောချင်လို့ ခဏခေါ်ပေးပါတဲ့"

နွယ်ဝေက သွားလိုက် သွားလိုက်တဲ့။ ကူးမျက်နှာ စူပုတ်ပုတ် ဖြစ်သွားသည်။ အဲဒါပဲ အိမ်ကထွက်လာတာ (၂၄) နာရီမပြည့်သေး ဘူး။ ကိုကို့ကိုခေါ်ခိုင်းလိုက်တာနေမှာ။

"ဟင်"

အထင်နဲ့အမြင် တက်တက်စင်အောင် လွဲသွားသည်။ ကလေးမလေးပြသောသူကို ကြည့်မိရာ –

နှောင်းဟန်။

ကူး အံ့သြတကြီးဖြစ်နေတာကို သူက သတိမထားမိ။

"ခဏလောက် စကားပြောချင်တယ်"

သူက တွေ့နေကျပုံစံအတိုင်းမဟုတ်။ စကားပြောသည့်အသံ ကအစ ပြောင်းနေသည်။ အသံက အက်ကွဲကွဲနှင့် နေမကောင်းတာ လား။ သူ့ရဲ့ဆံပင်နီကြောင်ကြောင်က လဲတာလဲ ဖြိုတာဖြို။ အပူသည် နှင့်ပင် တူနေသည်။

သူက ညှိခံပွဲနှင့် ဝေးသော သစ်ပင်အောက်သို့ ရောက်မှ ရပ်သွားသည်။ ကူးကို ကျောခိုင်းပြီး အကြာကြီး ငြိမ်သက်စွာ ရပ်နေ သည်။

"ကျွန်တော် ဖြူလေးဆီ ဖုန်းဆက်တယ်။ ဘယ်အချိန်ပဲ





ဆက်ဆက် ဖုန်းက ပိတ်ထားတယ်"

"ဟုတ်တယ် မေမေ သိမ်းထားလို့"

"ကူး ရက်စက်တယ်"

ထူးဆန်းသောစကားလုံးကြောင့် ကူး ကြောင်သွားသည်။

"ဟင် . . . ကူး ဘာလုပ်လို့လဲ"

သူ့ရဲ့မျက်နှာကို သေချာစိုက်ကြည့်ပြီး မေးလိုက်သည်။

"ကူး လက်ထပ်တော့မှာဆို"

"ဟာ . . . မဟုတ်တာ။ အဲဒါ ဘယ်ကကြားတာလဲ။ လုံးဝ မဟုတ်ဘူး"

ကူး ပျာပျာသလဲငြင်းတော့ သူက မယုံဘူးဟူသောသဘော နှင့် ခေါင်းခါယမ်းသည်။ သူ့ပုံစံက တော်တော်ကြေကွဲနေသည့်ဟန်။

"ကျွန်တော် ခိုင်လုံတဲ့သတင်းရပ်ကွက်က ရထားတာပဲ"

"အဲဒါကိုက မဟုတ်တာလေ၊ ကာယကံရှင်က ကူးပါ။ ကူး တောင် မသိတဲ့ကိစ္စ၊ ရှင်က သိနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ နောက်တာလည်း နေရာကြည့်နောက်ပါ နှောင်းဟန်"

"ကျွန်တော့်မှာ နောက်နိုင်တဲ့အင်အား မရှိပါဘူး ဖြူလေး ယ်။ ကျွန်တော်မဟုတ်တဲ့လူနဲ့ ကူးကိုနောက်ပါ့မလား။ ဒါပေမဲ့ ဒါဟာ ကယ်ဖြစ်နေတယ်ဆိုတာကို ကျွန်တော် လုံးဝ မယုံနိုင်ခဲ့ဘူး"

ကူး တော်တော်လေး စိတ်ရှုပ်လာနေသည်။ မဟုတ်ပါဘူးဟု သေချာ ပြောနေသည့်တိုင်အောင် အကယ်ဒမီရှုံးလောက်သည့်

အိုက်တင်နဲ့ ဆွေးပြနေပြန်သည်။

"ကူး ... တိုးပွားအောင်ကို သိလား"

သူ့နှုတ်မှ နာမည်ကိုကြားလိုက်သောအခါ ကူး မျက်မှောင်ကုတ်သွားကာ –

"သိတယ်လေ ... မေမေရဲ့မိတ်ဆွေပဲဟာ။ အဲဒါနဲ့ အခုပြောနေတာ ဘာဆိုင်လို့လဲ"

"သူက ကျွန်တော့်အစ်ကို"

အခုထက်ထိ လိုရင်းမရောက်သေးသော သူ့စကားကြောင့် ဘယ်လိုမှ ဆက်စပ်ကြည့်၍ မရပေ။

တိုးပွားအောင်နှင့် သူ ညီအစ်ကိုဖြစ်တာ အံ့သြစရာကောင်းတာမှန်ပေမယ့် အခုပြောနေသည့်ကိစ္စတွင် တိုးပွားအောင် ဘာကြောင့် ပါလာရသနည်း။

နှောင်းဟန်ဗိုလ်က ကူးရဲ့စိတ်ရှုပ်နေသည့်ပုံစံကြောင့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ –

"အဲဒီလို ဘာမှမသိသလိုပုံစံနဲ့ မလုပ်ပြပါနဲ့ ဒေါ်လတန်ခူးရယ်။ ကျွန်တော် အိမ်မှာ အဲဒီသတင်းကြားရတာကြာပြီ။ ဒါပေမဲ့ အဲဒီတုန်းက လတန်ခူးရယ်လို့ နာမည်မသိခဲ့ရသေးဘူး။ ကိုကိုနဲ့ လက်ထပ်မယ့်မိန်းကလေးတစ်ယောက်လို့ပဲ တွေးထားတာ။ အခု အဲဒီမိန်းကလေးက ကျွန်တော့်ရဲ့လတန်ခူးတဲ့"

"ဘာ"





အံ့သြတုန်လှုပ်သွားရသည်။ နောက် အရူးလိုလိုနှင့် ကူးပခုံးကို ရှေ့တိုးနောက်ငင် ပြုလုပ်နေသော သူ့ရဲ့လက်တွေကို ပုတ်ထုတ်လိုက်ပြီး –

"ဘယ်သူက လက်ထပ်မှာလဲလို့ သေချာစွာမေးလိုက်ပါဦး နှောင်းဟန်ဗိုလ်"

"ဒါဆို ကူး ကိုကို့ကို မကြိုက်ဘူးပေါ့"

ကူး ခေါင်းညိတ်ပြီး လှည့်ထွက်ဖို့ပြင်လိုက်စဉ် –

"ကူး သဘောမတူပေမယ့် ကူးမေမေက သဘောတူပြီးပြီ"

"ဘာ"

"ကျွန်တော် ကူးကိုချစ်တယ်၊ မခွဲနိုင်ဘူး။ ကူး ကျွန်တော့်ကို မချစ်သေးတာ သိတယ်။ ဒါပေမဲ့ ကူး ကျွန်တော့်နောက်လိုက်ခဲ့ပါ။ ကူးကို စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ပါဘူး။ ကျွန်တော်တို့ ပြင်ဦးလွင်ကို ထွက်ပြေးရအောင်"

"နေပါဦး ... ရှင်နဲ့ကူးက ဘာဆိုင်လို့ ခိုးပြေးဖို့ ပြောနေရတာလဲ"

သူ့မျက်နှာက ရှက်ရွံ့ခြင်းကြောင့် ရဲခနဲဖြစ်သွားပြီး လက်တစ်ဖက်ကို ဖွတ်တရွတ် ဆွဲထားသည်။

"လွှတ်စမ်း"

"မလွှတ်ဘူး။ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ ကူး သူ့ကို ဆောင့်တွန်းပစ်လိုက်သည်။

"မမြင့်ဖူးရင် သေချာကြည့်သွားလိုက်၊ လတန်ရှူးကို ဒီလိုပုံနဲ့ အကျပ်မကိုင်နဲ့ မရဘူး။ ရှင့်အစ်ကိုနဲ့ကိစ္စကိုလည်း ဘယ်တော့ကမှ သဘောမတူခဲ့ဘူး"

❋ ❋ ❋



## အခန်း (၃၈)

"ဟုတ်တယ် ... မောင်တိုးပွားအောင်နဲ့ သမီးကို လက်ထပ်ပေးဖို့ မေမေတို့စီစဉ်နေတာ"

မဟုတ်ပါစေနဲ့ဟု ဆုတောင်းလာခဲ့လေသမျှ မေမေ ခေါင်းတစ်ချက် အညိတ်တွင် ကူး ကျောက်ရုပ်သာဖြစ်သွားပါစေတော့ဟု ဆုတောင်းမိကာ ခေါင်းတွေလည်း ခါယမ်းမိတော့သည်။

"မဖြစ်နိုင်ဘူး"

"မရဘူး ... လတန်ရှူး မဖြစ်နိုင်ဘူးဆိုတဲ့စကား လာမပြောနဲ့။ ညည်းက မိဘစီမံတာ နာခံရမှာပဲ"

"ကူး သူ့ကိုမှမဟုတ်ဘူး။ ကူး အိမ်ထောင်ကိုမပြုချင်သေးတာပါ မေမေရယ်"

ဘယ်လိုပင် အသနားခံခြင်းကိုမှ မေမေ လက်မခံချေ။

"ဒီကလေးက ငါ့မျက်စိအောက်မှာ ကြီးလာခဲ့တာ။ သူ့ရဲ့ စိတ်ကို ငါ သိတယ်"

"မဟုတ်ဘူး။ အချစ်မပါတဲ့အိမ်ထောင်ရေးတစ်ခုကို"

"ဘာ ... ဘာအချစ်လဲ"

မေမေက သံယောင်ရွတ်သည်။ ကူး ခေါင်းညိတ်ကာ –

"ကိုအောင်ကို ကူး မိတ်ဆွေတစ်ယောက်ထက် ပိုခင်လို့ မရဘူး။ အိမ်ထောင်တစ်ခုမှာ ပစ္စည်းဥစ္စာ ဂုဏ်ပကာသန ပြည့်ပြည့် စုံစုံနဲ့ သာယာသွားနိုင်တယ်လို့ ကူး လက်မခံဘူး"

"သိပ်စကားတတ်နေတယ်ပေါ့လေ။ ဘာအချစ်လဲ။ အဲဒီ အချစ်ကိုကြည့်ပြီး ဘဝပျက်ရတဲ့မိန်းမတွေအကြောင်း ညည်း ရာ ဝင်မှာ မသိဘူးလား။ ညည်းငတ်နေချိန်မှာ အချစ်က လာကျွေးမှာလား"

"ကူး မသိဘူး"

"အေး ... မသိလို့မရဘူး။ ငါပြောပြီးသား။ မောင်တိုးမွား အောင်ကိုပဲ ညည်းလက်ခံရမယ်။ ငါ့ရဲ့စိတ်ကူးအတိုင်း ရှေ့ဆက်တိုး ဖို့ပဲ ငါ ဆုံးဖြတ်ထားတယ်။ ညည်းငြင်းဖို့မကြိုးစားနဲ့။ စာအုပ်တွေထဲ ကလို သမီး ယောကျ်ားနောက်လိုက်သွားလို့ အိပ်ရာထဲလဲနေတဲ့ အမေ မျိုးတော့ ငါဖြစ်မှာမဟုတ်ဘူး"

"မေမေ မတရားဘူး။ ကူးကို ချုပ်ချယ်တယ်"

"ဘာ ... ညည်းက"





ပါးပေါ်က လက်ဝါးအထပ်ကို ကူး အံကြိတ်တင်းခံပစ်လိုက် သည်။

"မေမေ အတင်းစီစဉ်ကြည့် ကူး အိမ်ကထွက်ပြေးမှာ"

"ပြေးပေါ့၊ ငါက ငြိမ်ခံနေမယ့်အမေမျိုးလား။ ညည်းပြေး ရင် နေ့မကူးဘဲ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း သွားကြော်ငြာမယ်။ သေဖို့ကြိုးစားရင် (၇) ရက်ပြည့်အောင် ငိုလိုက်မယ်"

"ကူး အနိုင်ကျင့်တာမျိုးတို့ကို လက်မခံနိုင်ဘူးလို့ သွားပြောမယ်"

"လတန်ခူး"

မေမေက ဒေါသတကြီးနှင့် ဆောင့်အော်သည်။ နောက်

"ညည်းက သားသမီးကို အထိန်းမတတ်တဲ့မိဘများလို့ လူထဲမှာ စွပ်စွဲဖို့ ကြိုးစားနေတာလား။ အေး ... ညည်းသွားပြော လည်း မမျိုးက လက်ခံမလား လုပ်ကြည့်လိုက်။ မောင်တိုးမွားအောင် တောင် မငြင်းတာ ညည်းက ဘာဖြစ်နေတာလဲ။ ညည်းကို ကလေး ကချေ အုတ်ကြားမြက်ပေါက်နဲ့ ပေးစားနေတာ မဟုတ်ဘူး။ ဟိုဘက် က ညည်းကို တင့်တောင်းတင့်တယ် မြတ်မြတ်နိုးနိုး လက်ထပ်ရဖို့ တောင်းဆိုနေတာ"

"မလိုဘူး။ စည်းစိမ်ဥစ္စာတစ်ခုတည်းနဲ့ ဘာလုပ်ရမှာလဲ။ ကူးတို့ကတော ဆင်းရဲနေလို့လား။ မိန်းကလေး အရွယ်ရောက်တာနဲ့ မအေပေးစားတဲ့ ယောကျ်ားကိုယူရမယ်ဆိုတဲ့ ပညတ်ချက်မျိုးက မေမေတို့ခေတ်မှာ ကုန်ခဲ့ပြီ။ အခုခေတ်မှာ အဲဒီလိုလုပ်လို့ မရဘူး"

"မွေးရကျိုးနပ်လိုက်တာ။ မအေကိုများ တစ်ခွန်းမကျန် ပြန်ခံပြောနေလိုက်တာ"

"ကူး ပြန်ပြောနေတာမဟုတ်ဘူး။ မေမေ သဘောမတူတော့ဘူးလို့ ပြန်ပြောပေး"

မေမေက ကူးကိုစိုက်ကြည့်ပြီး မျက်ရည်ကျလာသောအခါ ကူး လန့်သွားသည်။ သွားလည်းမချော့ရဲချေ။ ကူးမမှားဘူးဟု ထင်မိဆဲ။

အိမ်ထောင်ရေးဆိုသော နွံထဲဝင်ဖို့ ဘယ်တော့မှ မစဉ်းစားခဲ့သော ကိုယ့်သားသမီးရဲ့သဘောထားကို မေမေ မသိခဲ့ဘူးလား။

"ဘာမဟုတ်တဲ့ မွေးစားသားက သူ့အမေတွေရဲ့စကားကို မြေဝယ်မကျ နားထောင်တယ်။ ဘယ်တုန်းကမှ ခွန်းတင်မခံ တစ်ခွန်းမှ ပြန်မပြောခဲ့ဘူး။ ဝမ်းနဲ့လွယ်မွေးထားရတဲ့ သမီးကျတော့ တစ်ခုပြောလိုက်ရင် ဆန့်ကျင်ဘက်ကိုပဲပြောတယ်။ မအေက ဒါဆို သူက ဟိုဟာ"

"-------"

"အတာက ခင်သန္တာကို မကြိုက်ဘူး။ ဒါပေမဲ့ ညည်းလို ပေါက်လွတ်ပဲစား စကားလုံးတွေနဲ့ မငြင်းခဲ့ဘူး။ လက်ခံတယ်။ ညည်းကတော့ မအေကို စိတ်ဒုက္ခပေးဖို့ပဲ သိတယ်"

"ဟင်"

ကိုကိုက ခင်သန္တာနဲ့ ချစ်သူတွေ မဟုတ်ဘူးတဲ့။ ဒါပေမဲ့ လက်ထပ်ဖို့ သဘောတူခဲ့သည်တဲ့။





ကူး ခေါင်းငုံ့ရင်း မျက်ရည်များ တပြိုက်ပြိုက်ကျလာသည်။

ကူးက တွင်တွင်ငြင်းနေတော့ သမီးမိုက်တဲ့။ ရင်ထဲတွင် မခံချိမခံသာ ဒေါသအားလုံး လူလိမ္မာလေးလုပ်နေသော ကိုကို့အပေါ် ကျရောက်သွားရသည်။

သားသမီးတွေ လက်မခံဘဲ ဖွတ်တရွတ်စီစဉ်နေသော လူကြီးမိဘများနှင့် လူငယ်ချင်း ချစ်ကြိုက်မှုမရှိဘဲ ကမ်းလှမ်းလာသော တိုးပွားအောင်။ အို ... အားလုံးကို မုန်းတယ်။

အမြတ်မ်း အရွဲ့တိုက်ဆန့်ကျင်တတ်သော ညဉ်အဝိုင်း ကိုယ့်ဘဝနဲ့ရင်း၍ အရေးကြီးသောကိစ္စတွင်လည်း ရွဲ့လိုက်ဖို့စဉ်းစားသည်။ ဒါဟာ မလုပ်သင့်သောကိစ္စမှန်း သိသော်လည်း ကူး ဆုံးဖြတ်လိုက်သည်။

"မေမေ သိပ်သဘောတူတယ်ပေါ့ ဟုတ်လား။ လက်ခံတယ်လို့ အကြောင်းပြန်လိုက်ပါ"

လှည့်ကြည့်လာသော မေမေကို မကြည့်တော့။ မျက်ရည်တွေကို ကူး အနိုင်နိုင်သုတ်ပေမယ့် သုတ်မနိုင်ဖြစ်နေသည်။ ခေါင်းကို အတင်းမော့ကာ -

"ကိုကိုတို့ ဘယ်တော့စေ့စပ်မှာလဲ"

မေမေက ကူးရဲ့ဆုံးဖြတ်ချက်ကို မယုံသလိုနဲ့ ကြည့်သည်။ ပြီးမှ -

"ဝါမကျွတ်ခင်လို့ ပြောတာပဲ"

"ဒါဆို ကူးတို့ မွေးနေ့ပြီးတဲ့အချိန် စေ့စပ်ပေးပါ။ မေမေ ကျေနပ်တယ် မဟုတ်လား။ ကိုကိုက သားလိမ္မာ၊ သမီးက မိုက်တယ် မဟုတ်လား။ အခု မေမေသဘောအတိုင်း ဒီပွဲကို လက်ခံတယ်။ ဒါပေမဲ့ ... ဒီအိမ်ထောင်ရေးမှာ ဘယ်တော့မှ သာယာခြင်းရှိလာမှာ မဟုတ်ဘူးဆိုတာ မေမေ တွေးပေးပါ။ မေမေတို့လူကြီးတွေ စီစဉ်တဲ့ အတိုင်း ခေါင်းညိတ်ခဲ့ပြီးပါပြီ။ အဲဒီအိမ်ထောင်ရေးကြားမှာ ပြဿနာ တွေရှိလာရင် ... မဟုတ်ဘူး ရှိလာမှာ။ ရှိလာတဲ့အချိန် မသိသလိုပဲ နေပေးပါ"

* * *



## အခန်း (၃၉)

"ကူး ထမင်းစားရအောင်လေ"

အခန်းထဲမှ တုံ့ပြန်သံမကြားရချေ။ သူ တံခါးကို တွန်းလိုက်သောအခါ အလွယ်တကူ ပွင့်သွားသည်။ သူ အခန်းထဲဝင်ပြီး ဟိုဒီ ကြည့်လိုက်မိတော့ ဝရန်တာနဲ့ မျက်နှာချင်းဆိုင် တံခါးဝတွင် မှီထိုင် နေသော ကူး။

"ကူး ထမင်းမစားသေးဘူးလား"

ခေါင်းသာယမ်းပြသည်။ သူ့ကို လှည့်မကြည့်ချေ။ တစ်ခါမှ ယခုလို ငေးငိုင်တွေငေးနေတာမျိုး မတွေ့ရချေ။ လှုပ်လှုပ်ရှားရှား မနေရရင်တောင် စိတ်ညစ်နေသော ကူး။ သူ ကူးဘေးမှာရပ်ပြီး ငုံ့ ကြည့်ရင်း –

"နေမကောင်းဘူးလား"

"----"

"ကောင်းပါတယ်"

ကူးဘေးမှာဝင်ထိုင်ပြီး နဖူးစမ်းကာ သူ့ဘာသာပြောလိုက်ခြင်းဖြစ်သည်။ ကူးသည် သူ့မျက်နှာဘက်လှည့်လာသော်လည်း သူ့မျက်နှာကို မကြည့်ဘဲ –

"ကူး မဆာသေးဘူး ... ကိုကိုစားနှင့်ပါ"

"ဘာတွေ စားထားလို့လဲ။ သေချာပါတယ်။ ကူး တစ်ခုခု ဖြစ်နေတယ် မဟုတ်လား။ ဘာဖြစ်နေတာလဲ ကိုကို့ကိုပြောလေ။ ဘာလဲ မေလေးနဲ့ စိတ်ကောက်ထားသလား"

"ကိုကို"

"ဟင်"

ကူးရဲ့မျက်လုံးထဲတွင် မျက်ရည်များ ထနေသည်။ မျက်ရည်မကျအောင် အားတင်းထားရပုံနှင့်။ သူ စိုးရိမ်ပူပန်သွားရကာ –

"ဘာဖြစ်တာလဲ ကူး။ ကူး ဘာပြောချင်လို့လဲ ပြော"

"ကိုကို ... ကိုကိုလေ မသန္တာနဲ့ စေ့စပ်ရမှာဆို"

သူ ခေါင်းမညိတ်ပေမယ့် ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံချက်မဟုတ်လား။ ကူးသိပြီပေါ့။

"ကူး သဘောမတူဘူးလား"

"ဟင့်အင်း ... မဟုတ်ပါဘူး"





ကူးက ခေါင်းကို သွက်သွက်ခါလိုက်တော့ မျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းသွားသည်။ ပြီးတော့ ရှေ့ဘက်သို့ပဲ ပြန်လှည့်သွားသည်။

သူကိုယ်တိုင် ကျဉ်ခနဲဖြစ်သွားသည်။

ကူးရယ် ... အခုမှတော့လည်း ကိုကိုက မတတ်နိုင်တော့ဘူး။

"ကိုကို ဝမ်းသာနေမှာပဲနော်"

"ဟင် ... ဘာလို့လဲ"

"ဩော် ... နောက်ဆို ကိုကိုနားညည်းအောင် ကိုကိုစိတ်ညစ်အောင် ကူး ဘယ်လုပ်လို့ရမလဲ"

"အဲဒီလိုမပြောပါနဲ့ ညီမလေးရယ်။ အဲဒါတွေဟာ စိတ်ညစ်စရာလို့ ကိုကို ဘယ်တော့ကမှ မသတ်မှတ်ခဲ့ဘူး"

ကူး သူ့ပခုံးပေါ်မှာ မျက်နှာမှောက်အပ်ငြိမ်နေစဉ် –

"နောက်လဆို ဘာလလဲသိလား ကူး"

သူ့အမေးကို ကူးက ခေါင်းညိတ်ခြင်းနှင့် တုံ့ပြန်သည်။

"ဒီနှစ် မွေးနေ့မွေးရက်တိုက်တော့ မွေးနေ့လုပ်ရမယ်"

"ဟင့်အင်း မလုပ်ဘူး"

"ဘယ်လို"

ကူးက သူ့ပခုံးထက်ကနေ ခေါင်းထောင်ရင်း ပြတ်သားသောလေသံနှင့် –

"ဒီမွေးနေ့ကို ကူး တစ်သက်လုံး မကျင်းပတော့ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဘာလို့လဲ၊ ကူး ဘယ်တုန်းက ဒီလိုငြင်းဖူးလို့လဲ"

သူ တကယ်မယုံနိုင်ချေ။ နားလည်း နားမလည်ချေ။ မွေးနေ့တိုင်း တက်တက်ကြွကြွနဲ့ ဘယ်သူကိုဖိတ်မယ်၊ ဘာညာနှင့် သူပဲ အသံဆာဆာနှင့် ဖြစ်နေကာ အခု မွေးနေ့ကို ဘယ်တုန်းမှ မလုပ်တော့ဘူးတဲ့။

"ကူး ပြောစမ်း . . . ကူး တစ်ခုခုဖြစ်နေတယ်။ အဲဒါဘာလဲ ကိုကို့ကိုပြောစမ်းပါ"

ကူးက ခေါင်းတွင်တွင်ခါယမ်းလျက်။ သူ့ရင်ခွင်ထဲ တိုးဝင်ကာ ငိုကြွေးလေသည်။ သူ စိတ်ပူပန်မှုက အထွဋ်အထိပ်သို့ရောက်သွားသည်။ ကူးနှင့် ဟိုချာတိတ်။

"ကူး ပြောစမ်း။ ဟို နှောင်းဟန်မိုလ်ဆိုတဲ့ ကောင်လေးနဲ့"

"မဟုတ်ဘူး။ နှောင်းဟန်နဲ့ ဘာမှမဆိုင်ဘူး။ ဘယ်သူနဲ့မှလည်း မဆိုင်ဘူး။ ကူးဘာသာကူး ကူးသေချင်တယ်။ ကူးတို့ ဒီလို လွတ်လွတ်လပ်လပ် ဘယ်တော့မှမနေရတော့ဘူး။ ကိုကို ဘာလို့ လူလိမ်မှာလုပ်တာလဲ။ ကိုကိုသာ ငြင်းခဲ့ရင် ကူးလည်း အခုလို စိတ်ဆင်းရဲရမှာမဟုတ်ဘူး"

ကူးက ပြောလည်းပြော သူ့ကို ထု၍ငိုသည်။ သူ အံ့ကြိတ်ပြီး ကူး ရိုက်ထုသမျှကို မတားဆီးတော့ချေ။





ကူး ခင်သန္တာကို လက်ခံလိုက်သည့်သူ့ကို မကျေနပ်၍ ဝမ်းနည်းရသလား။

ကူးရယ် ကူးပဲ ဝမ်းနည်းနေရတာ မဟုတ်ပါဘူး။ ကိုကို ကိုယ်တိုင် မမွေးခဲ့ပေမယ့် ကျွေးခဲ့တဲ့ကျေးဇူးတွေကြောင့် လက်ခံရပေမယ့် ခင်သန္တာကို မချစ်ပါ။

ဝဋ်ကြွေးလို့သာ မှတ်ရမှာပေါ့ ကူးရယ်။ ကိုကို့ကြောင့် ကူး ဝမ်းနည်းနေရမယ်ဆိုရင် ကိုကိုကိုယ်တိုင် စိတ်မကောင်းနိုင်ဘူး။

* * *

# အခန်း (၄၀)

သူ ကားပေါ်ကဆင်းပြီး အိမ်ပေါ်တက်လာချိန်တွင် မေလေး က ဖုန်းပြောနေသည်။ သူရောက်နေမှန်း သိပုံမရချေ။ အိမ်အပေါ်ထပ် သို့တက်ဖို့ပြင်စဉ် မေလေးထံမှ စိတ်ဝင်စားဖွယ်ကောင်းသောစကား ကြောင့် သူ ရပ်နားထောင်မိသည်။

“ဘာမှစိတ်မပူနဲ့သိလား။ တို့ နည်းနည်းကြမ်းပေးလိုက် တယ်”

“----”

“အင်းပေါ့ ... နည်းနည်းပါးပါး အိုက်တင်ခံတာပေါ့။ တို့က လည်း အပိုင်ချည်တုတ်ပြီး ငါ့သိက္ခာမချနဲ့ ဘာညာပြောလိုက်တာ ပေါ့။ ဒါပေမဲ့ သမီးက တို့မျက်စိထဲမှာတော့ ကလေးပဲရှိသေးတယ်





မျိုးရယ်”

“-----”

“အဲဒီလိုလည်း မဟုတ်ပါဘူး။ သူ့အစ်ကိုထက် အရင်စေ့စပ် ချင်တာတဲ့ သိလား။ သူတို့မောင်နှမက မွေးနေ့မွေးရက်ကအစ တူ တယ်လေ။ သကြန်အကြိုနေ့ပေါ့။ သကြန်ပြီးမှ စေ့စပ်ဖြစ်မယ် ထင် တယ်”

သူ ကြောင်တောင်တောင် ဖြစ်သွားတော့သည်။ ထို့ပြင် မေလေးကို ဂရုမစိုက်နိုင်စွာ ကူးအခန်းရှိရာ အပြေးတက်လာခဲ့သည်။ ကူး ဘာလို့အဓိပ္ပာယ်မရှိတာတွေ လုပ်နေတာလဲ။

ယခုတလော ဟိုးယခင်နှင့် တခြားစီဖြစ်နေသော ကူးပုံစံကို လည်း သူ မြင်ယောင်လာသည်။

“ကိုကို ဘာလို့ လူလိမ္မာလုပ်တာလဲ”

ဒါဆို သူ့ကိုရှဲပြီး ကူး စေ့စပ်ဖို့ လက်ခံခဲ့တာလား။ ကူး အခန်းရှေ့ရောက်တော့ တံခါးခေါက်စရာမလိုတော့ပါ။ ကူးက အခန်း ပြင်သို့ထွက်လာပြီး သူ့ကိုမြင်တော့ ဘာစကားမှမပြောဘဲ မျက်လုံး တစ်ချက်လှန်ကြည့်သည်။

“ကူး”

“----”

“ကိုကို့ကိုကြည့်စမ်း”

နုနယ်သော အရွယ်ကာလမှာ ပျော်သလောက် မနေရအောင်

လူကြီးတွေ ဘာကြောင့် အခမ္ဘစီမံကြရတာလဲ။ လူငယ်တွေရဲ့ သဘောမပါဘဲ ငါ လူကြီးပဲ၊ ငါပြောတာနာခံဆိုသည့်ပုံစံနှင့် ဖြူမှုကြသည်။

"ဘာလို့ ကိုကို့အရင် စေ့စပ်ဖို့ ဆုံးဖြတ်လိုက်တာလဲ။ ဘာကြောင့်လဲ။ ဒီလောက်ထိ ဘဝနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ကိစ္စကို ဘာလို့ အလွယ်တကူ ခေါင်းညိတ်လိုက်တာလဲ"

ကူးက သူမေးသမျှ ပြောသမျှကို နားထောင်ပြီး သူ့စကားဆုံးသည့်အချိန်တွင် ပခုံးထက်တင်ထားသော လက်ကိုဆွဲဖယ်ကာ–

"ကိုကို ဒါ မေးဖို့လား"

မျက်နှာသေဖြင့် မေးလိုက်သောစကားကို သူ လက်မခံနိုင်ဘဲ ချောက်ချားတုန်လှုပ်စွာဖြင့်။

"မဟုတ်ဘူး . . . မဟုတ်ဘူး။ အဲဒါ လတန်ရှူးရဲ့ ပင်ကိုစရိုက် မဟုတ်ဘူး"

သူ သွေးရူးသွေးတန်းနှင့်ပြောကာ ခြေထောက်တွေ မနိုင်တော့ဘဲ နီးစပ်ရာခုံတစ်ခုံတွင် ထိုင်ကျသွားသည်။ ကလေးဆန်သော မျက်နှာလေးနှင့် နုငယ်သောဘဝလေးကို နမြောစွာပေါ့။

ကူးက သူ့ကိုကျော်နိုင်းသွားကာ ပြတင်းပေါက်နဘေး ကပ်သွားသည်။

နံရံနှင့်မျက်နှာကို အပ်နေသည့်ကူးလည်း ဝမ်းနည်းစွာ ငိုရှိုက်နေမည်ကို သူ အလိုလိုသိနေသည်။





ဒီမိန်းကလေးကို သနားလည်း သနား၊ ရိုက်လည်း ရိုက်ပစ်ချင်သည်။ ဘာလို့ အသုံးမကျတဲ့ တလွဲမာနကို အသုံးချနေရတာလဲ။

သူ ကူးရဲ့နောက်ဘက်သို့ လျှောက်သွားကာ ငြိမ်သက်စွာ ရပ်နေခဲ့သည်။ ပြောစရာစကား များစွာရှိနေသော်လည်း မည်သည့်စကားပြော၍ မည်သို့ဖျောင်းဖျရမလဲ သူမတတ်နိုင်ချေ။

သူသိနေတာတစ်ခုပဲရှိသည်။ ကူးကို အိမ်ထောင်မပြုစေချင်သေးပါ။ ပျော်ရွှင်တက်ကြွသော လူငယ်ဘဝကို အားရပါးရ ခံစားစေချင်သေးသည်။

သူ၌ အပြစ်မကင်းသလို စတင်ခံစားလိုက်ရသည်။ သူသာ ခင်သန္တာနှင့်ပတ်သက်မှုမရှိခဲ့လျှင် ယနေ့ ဤကဲ့သို့ ဝမ်းနည်းကြေကွဲခြင်းများလည်း ရောက်လာမည် မဟုတ်ချေ။ ဘာကြောင့်မှန်းရယ်မသိ မေလေးကလည်း သူ့ကို ခပ်တန်းတန်းသာ ဆက်ဆံတော့သည်။

"ကိုကို သန္တာနဲ့ စေ့စပ်ပွဲကို ဖျက်ရင် ကူးကော"

"ဘာဆိုင်လို့လဲ"

မျက်ရည်များနှင့် ဒေါသတကြီး ကူး လှည့်အော်သည်။ တစ်လောကလုံးကို အရွဲ့တိုက်ပစ်ဖို့ ဆုံးဖြတ်ထားသည့်ဟန်ဖြင့် –

"ကူးကို ဘာမှလာမဖျောင်းဖျနဲ့။ ရအောင်လုပ်မယ်။ ဒီ စေ့စပ်ပွဲကို ဖြစ်မြောက်အောင် လက်ခံမယ်။ စေ့စပ်ပွဲပျက်အောင်လုပ်တဲ့ သူက ကူးရဲ့ရန်သူပဲ။ ကိုကိုနဲ့မသန္တာ စေ့စပ်တာ,မစေ့စပ်တာ ကူးနဲ့ မဆိုင်ဘူး။ ကျေးဇူးပြုပြီး ကိုယ်နဲ့မဆိုင်သလို နေပေးစမ်းပါ"

အဖျားခတ် တုန်ယင်သွားသောလေသံကြောင့် သူကိုယ်တိုင် စိတ်ဓာတ်များ ဝေဝါးကာ –

"သူ့ကိုမချစ်ဘဲနဲ့ ကူးရယ်"

"ဒီထက် သနားစရာကောင်းတဲ့စကားတွေ မပြောပါနဲ့။ ဘဝမှာ ဘာကအရေးကြီးသလဲ။ ကိုကို့ထက် ကူး ကောင်းကောင်း သိတယ်။ ကူးထိုက်နဲ့ကူးကံ၊ ကူး မေမေ့ကို ကတိပေးခဲ့ပြီးပြီ။ ကူးမရှိရင် အားလုံး ကျေနပ်ကြမှာပါ"

"မဟုတ်ဘူး။ ကူးထင်သလို စိတ်မျိုး ဘယ်သူ့ဆီမှာမှ မရှိဘူး ညီမလေးရဲ့။ ဘာလို့အထင်လွဲ အစွဲတိုက်နေတာလဲ။ သူများကို နာကျင်စေချင်တဲ့သူက ကိုယ်တိုင်နာကျင်ရတယ်ဆိုရင် အခု အရင်ဦး ဆုံး ခံစားနေရတဲ့သူ ညီမလေးပဲ မဟုတ်လား"

ဘာမှမပြောဘဲ မျက်ရည်ပေါက်ကြီးငယ်နှင့် တသိမ့်သိမ့် ရှိုက်ငိုနေသော ကူးကို နှစ်သိမ့်ဖို့ စကားလုံးတွေ သူ့မှာ ရှားပါးသွား ခဲ့ရသည်။

မေလေးရှာထားနိုင်းသည့်ကားသစ် ရလာပြီဆိုတဲ့စကားကို လည်း မည်သို့ပြောရက်ပါတော့မည်နည်း။

"ကူးတစ်ယောက်တည်းပဲ နေချင်တယ်။ ကူး ဘယ်သူနဲ့မှ စကားမပြောချင်ဘူး"

နံရံပေါ်မှာ မှိန်၍ ဖျော့တော့စွာထိုင်နေသော ကူးသည် ဟိုး တုန်းက ပျော်ရွှင်ခဲ့ဖူးသူတစ်ယောက်နှင့် လားလားမျှ မဆိုင်တော့ချေ။





သူကိုယ်တိုင် အံကြိတ်ပြီး ပြတင်းပေါက်အပြင်ဘက်ကို ငေး ကြည့်ရင်း မျက်ရည်တွေပူလာသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိပေမယ့် ဘယ်မှာလဲ သူ့အတွက် ပေါက်ကွဲဖို့ ထွက်ပေါက်တွေ။

အရာရာ ကိုယ့်ဘဝ ကိုယ့်ဆန္ဒတင်ပြခွင့်မရသော ဘဝ၌ မှန်းတီးလာခဲ့သည်။

ကိုကို့ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့ ကူးရယ်။

❋ ❋ ❋

## အခန်း (၄၁)

ခြံထဲတွင် လှပစွာဖူးပွင့်နေသောပန်းကလေးများကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။ လွတ်လပ်မှုသာရခဲ့လျှင်ဆိုတဲ့ အတွေးတွေးမိပေမယ့် ကိုယ်တိုင်ပေးခဲ့တဲ့ ကတိတစ်လုံးကြောင့် ဘွာခတ်ခွင့်မရှိချေ။

တကယ်ပဲ ကူးဟာ ကိုကိုပြောသလို သူများကို နာကျင်စေချင်လို့ အရွဲ့တိုက်ခါမှ ဦးစွာနာကျင်ရသူက ကူးကိုယ်တိုင်ဖြစ်နေပြီလား။

ထိုစဉ် နောက်ဘက်မှ လှုပ်ရှားသံသဲ့သဲ့နှင့်အတူ။

"ကိုအောင်ရောက်နေတယ် ကူးလေး၊ ထွက်လာခဲ့နော်"

ဘယ်လိုမှမတုံ့ပြန်နိုင်ခင် မေမေ ထွက်သွားသည်။ မေမေက





တော့ သူ့စိတ်သဘောအတိုင်း ဖြစ်ခွင့်ရသဖြင့် ကူးကို ဘာမှတားဆီးခြင်း မရှိတော့ချေ။

ထို့အတွက် ကူး ပျော်သင့်သလောက် ပျော်၍မရ၊ မဖြစ်မနေ ရှောင်လွှဲ၍မရသောအခါ ကူး ရူးသွပ်သွားလိုက်ချင်သည်။

ကိုကိုက ကူးကို အပြစ်တင်သည်။ ကိုယ့်ခံစားချက်မပါဘဲ ရွေးချယ်သည့် ဆုံးဖြတ်ချက်သည် ကိုယ့်ကိုယ်ကိုယ် လိမ်ခြင်းတစ်မျိုးဟု ဆိုလာသည်။ ရှိပါစေတော့လေ။

ကူးကိုကို့ကို မကျေနပ်စဉ်အခါက ကားဝယ်ပေးမှဟု ဖွတ်ပူဆာခဲ့သောကြောင့် –

"ကြိုက်ရဲ့လား သမီး၊ သားအတာ သေချာစစ်ဆေးပြီး ဝယ်လာတာတဲ့"

အမိုးပွင့်ကားဝါလေးက တကယ့်ကိုချစ်စရာကောင်းလှပါသည်။ သို့သော် ဘာလုပ်ရတော့မှာလဲ။ ဒီလမ်းဒီခရီးကို ရွေးချယ်ခဲ့ကတည်းက ကိုယ့်မျှော်လင့်ချက်၊ ပျော်ရွှင်ခြင်းတွေကို မီးလောင်တိုက်သွင်းလိုက်ခြင်းပဲ မဟုတ်လား။

အခုတော့ ကိုယ့်ရဲ့ခံစားချက် အစစ်အမှန်တွေကို လူတွေအားလုံးအား မသိစေချင်သောကြောင့် လူမရှိ သူမရှိသော နေရာလေးတစ်နေရာတွင် သွားရောက်ငိုပစ်ချင်သည်။

မေမေ ပြန်တက်လာမည်ဆိုးသောကြောင့် မှန်ရှေ့တွင် သွားရပ်ပြီး ဆံပင်များကိုဖြီးသပ်လိုက်သည်။ ယခုတလော ဘာမှမလိမ်းဘဲ

နေသဖြင့် ကူးပုံစံက အပူသည်ရှုပ်ပေါက်နေသလား။

သိုးမွေးကွင်းနှင့် ဆံပင်တွေကို ဖွဖွစည်းပြီး မျက်နှာကို မိတ်ကပ်အနည်းငယ် ပုတ်လိုက်သည်။ အဖြူရောင်အင်္ကျီကိုဆွဲချပြီး အပြင်သို့ ထွက်လာခဲ့သည်။

လှေကားထစ်အလယ်လောက်တွင် အပေါ်ထပ်သို့တက်လာသော ကိုကိုနှင့် ဆုံမိသောအခါ ခဏငြိမ်သက်သွားသလို ရှိပြီးမှ ကူး ကိုကို့ဘေးမှ ဖြတ်ကျော်ဆင်းခဲ့သည်။

"ဟင်"

ဧည့်ခန်းထဲတွင် ထိုင်နေသော လူကိုမြင်လိုက်ရသောအခါ ကူး အံ့ဩသွားသည်။ သူက ဘာကိစ္စနှင့်ပါလာရသနည်းဟု တွေးကာ မျက်နှာပျက်ချင်သည်။ ကူး သူတို့နှစ်ယောက်ရှေ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည့်အချိန်ထိ စကားမပြောဖြစ်သေးချေ။

ကူးက ငြိမ်သက်နေသလို နှောင်းဟန်ကလည်း ငေးနေသည်။

"ညီ့ကိုသိတယ် မဟုတ်လား ကူး"

ကူးအကြည့်က ခေါင်းမလှည့်ဘဲ မျက်လုံးရွှေ့၍ တိုးမွှားအောင်ဆီ ရောက်ရှိသွားသည်။

ဘာသဘောနှင့် သူညီကိုခေါ်လာပြီး ဘာသဘောနှင့် သိသလားဟု မေးရသနည်း။ နှောင်းဟန်ဗိုလ်က ကူးနှင့် တစ်စုံတစ်ရာ ပတ်သက်မှု ရှိသယောင်ပြောခဲ့သလား။





ကူး သူ့ထံမှ အကြည့်မလွှဲဘဲ ခေါင်းညိတ်ကာ –

"သိသားပဲ၊ ကျောင်းမှာ နှောင်းဟန်နဲ့ကူးတို့ ခင်ခဲ့ကြပါတယ်။ ဒါပေမဲ့ . . . ကိုအောင့်ရဲ့ညီလို့သိတာ မကြာသေးပါဘူး"

မထင်မှတ်သော ကူးရဲ့ဖွင့်ဟစကားကြောင့် နှောင်းဟန်ဗိုလ် အကြည့်က ကူးဆီ ဖြတ်ခနဲရောက်လာသည်။

သူ့အဖြစ်က ရာဇဝင်ထဲက ရာဇဝတ်ကောင်နှင့် ခပ်ဆင်ဆင်။

လက္ခဏာဖြစ်သူမှာ သိတာဒေဝီကို မေတ္တာသက်ဝင်နေသော်လည်း အစ်ကိုတော်ရဲ့ ကြင်ယာလောင်းအနေနှင့် ရင်တွင်းခံစားချက်ကို သိုဝှက်ကာ ကြိတ်မှိတ်နေခဲ့ရသည်။

သူကတော့၊ မိုက်ရူးရဲဆန်စွာ ထွက်ပြေးကြရအောင်လို့ ကူးကို ပြောခဲ့သည်။ ကူးက ဘာလဲ မနေ့တစ်နေ့ကမှတွေ့သော ကိုကို့အပေါ် ငြင်းပယ်မှုမရှိ လက်ခံလိုက်ခြင်းက စိတ်တွက်နဲ့လား။

သူရော ကျောင်းတက်ဆဲလူတစ်ယောက်။ ကိုကိုက လုပ်ငန်းခွင်ထဲက လုပ်ငန်းရှင်တစ်ယောက်။ ဤသို့ ချိန်ဆပြီးလက်ခံတာလား။ သို့သော် အဲဒီလိုမဟုတ်ကြောင်းကိုလည်း စိတ်ကသိနေပြန်သည်။

ကျောင်းမှာတွေ့ခဲ့သောကူးနှင့် ယခုတွေ့သောကူးမှာ နှစ်ကိုယ်ခွဲဖြစ်နေသည်ဟု ထင်ရသည်။ ရွှင်ပြသွက်လက်မှုများ မရှိသဖြင့် ကိုကို့ကို ဝတ္တရားကျေ လက်ခံရမှန်း သူသိနေရသည်။

မိန်းကလေးတွေနှင့် ပတ်သက်၍ စိတ်ဝင်စားမှုမရှိလှသော ကိုကိုကတော့ ကူး သူ့အပေါ် လိုလားသလား မလိုလားသလားဆိုတာ

ကို ဝေဖန်ဆန်းစစ်ဖို့ စိတ်ဝင်စားပုံမရချေ။

"ဟုတ်လား ... အဲဒါကို ညီက သေချာမပြောဘူး။ လတန်ရှူးကို သိတယ်ဆိုတာလောက်ပဲ"

"ကိုကိုတို့ စကားပြောစရာရှိတယ် မဟုတ်လား။ ညီ ဒီမှာပဲ စောင့်နေမယ်လေ"

တိုးမွှားအောင် မတ်တတ်ထရပ်လိုက်သဖြင့် ကူးလည်း ထပြီး ခြံထဲသို့ ဆင်းလာခဲ့သည်။

ကိုကို ပြုစုထားသော ပန်းခြံလေးထဲကိုရောက်တော့ ကိုကို့ကို သတိရမိသည်။ ကိုအောင်ရောက်လာခြင်းကို ကိုကိုလည်း စိတ်ဝင်စားပေလိမ့်မည်။

"ကူး"

"ဟင်"

အတွေးတွေနှင့် ငြိမ်နေစဉ် ကိုအောင်ရဲ့ခေါ်သံကြောင့် ကူး လန့်သွားသလိုရှိသော်လည်း ဟန်ကိုယ်ဖို့၍ လှည့်ကြည့်လိုက်သည်။

"ဘယ်အထိ လျှောက်သွားမလို့လဲ"

ကူး ဘာမှ ခွန်းတုံ့မပြန်ဘဲ ခုံတန်းပေါ်ထိုင်တော့ သူက ကူးရဲ့ဘေးမှာ မတ်တတ်ရပ်ရင်း –

"ကူး ကိုယ်နဲ့စေ့စပ်ဖို့ လက်ခံလိုက်ပြီဆို"

သိနေပြီးသားကိစ္စကို လာမေးနေသောကြောင့် စိတ်ရှုပ်ထွေးသွားရသည်။ နှုတ်က ဘာမှမပြောဘဲ ခေါင်းပဲညိတ်ပြလိုက်သည်။





"ကိုယ်ကတော့ အမှန်တိုင်းပြောရရင် ချစ်တယ် မချစ်တယ် ဆိုတာ အသာထားပြီး မေမေသဘောတူလို့ နောက်ကိုယ်လက်ခံနိုင်တဲ့ အနေအထားမို့ ကူးနဲ့ လက်ထပ်ချင်တာ"

ယခင်စိတ်နှင့်ဆိုလျှင် ကြေသည်ဟုဆိုပြီး ကူး ရန်တွေ့မိမှာ ဖြစ်သော်လည်း ယခုတော့ ကူး ဘာဖြေရှင်းချက်မှ ပြောမထွက်ဘဲ အသာလေးငြိမ်နေလိုက်သည်။

ကူးကကော သူ့ကို လက်ထပ်ချင်နေသည်ဟု ထင်နေသလား။ အရွဲ့တိုက်ချင်လို့ ဒီစေ့စပ်မှုကို လက်ခံလိုက်တာကို သိလျှင် ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေချင်စိတ် ပေါက်သွားပေမည်။

"ကူးပုံစံက အေးတိအေးစက်နဲ့"

"ဟုတ်လား ... ကူးကတော့ အဲဒီလိုမထင်ဘူး။ ကိုအောင် တုံ့ပြန်သလို တုံ့ပြန်တာပဲလေ။ ဘယ်သူ့ဘက်မှ သာတယ် နာတယ် မတွက်ကြေးလေ။ ကိုအောင်က ကိုအောင့်မေမေ သဘောကျလို့ လက်ခံသလို ကူးကလည်း မေမေ့ကို မလွန်ဆန်ချင်လို့လက်ခံတာ။ ကူးက အေးတိအေးစက်ဆိုတော့ ကိုအောင်ကိုယ်တိုင်ကကော ကူး အပေါ် လှိုက်လှိုက်လှဲလှဲရှိလို့လား"

ကူးက ချက်ကျလက်ကျ မေးလိုက်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း ဒီလောက် စကားအများကြီး ပြောပစ်လိုက်မိမည်ဟု မထင်ထားခဲ့ချေ။

သူက ကူးရဲ့စကားကြောင့် မျက်နှာနီသွားသည်။ အတန်ကြာ

ငြိမ်သက်နေပြီးမှ ကူးကို ကျောခိုင်း၍ –

“ညီကတော့ ပြောတယ်၊ လတန်ရှူးက ကျောင်းမှာ နာမည်ပျက်ကင်းတယ်ဆိုတဲ့စကားတစ်ခွန်းနဲ့တင် ကိုယ်ကျေနပ်သွားတဲ့အတွက် ကူးပြောချင်တာပြောပါ”

ကူး ဘာမှမပြောမိအောင် နှုတ်ခမ်းကို ဖိကိုက်ကာ ငြိမ်သက်မိသည်။ ကိုယ်ကိုယ်တိုင်ကျတော့ ဘယ်လိုမှန်းမသိပေမယ့် ခြောက်ပစ်ကင်း သဲလဲစင်သည့်မိန်းမကို လိုချင်တဲ့ယောက်ျားတွေက တရားကျစရာ။

* * *



## အခန်း (၄၂)

“ဟား ဟား ဟား”

မင်းသူရဲ့ရယ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အခြားသူငယ်ချင်းများကလည်း မင်းသူလောက် မရယ်ကြပေမယ့် သူ့ကို ပြုံးစစနှင့် မေးငေါ့ကြသည်။

သူပြောတာ ဘာမှ အမှားမပါဘဲ မင်းသူရဲ့ရယ်သံကြောင့် အလိုမကျ ဖြစ်သွားရသည်။

“ငါ့ရင်ထဲမှာ အရမ်းမွန်းကျပ်နေတယ်။ ကူး သဘောမတူရင် ငါ ဘာမှမလုပ်ချင်ဘူး။ အခု ကူးက ဟိုကောင်ကို လက်ခံနေတယ်ဆိုတာကလည်း ချစ်လို့မဟုတ်ဘူး။ ငါ့ကို အရွဲ့တိုက်နေတာ။ သူခံစားရမှာကို ငါ မမြင်ချင်ဘူးကွာ”

ဒီစကားတွေထဲ၌ ဒီကောင်တွေ ဟားတိုက်ရယ်စရာ ဘာပါ လို့လဲ။

"တော်ပါတော့ မင်းသူရာ။ မင်းပုံစံက သဘောကျလို့ရယ် နေတာနဲ့မတူဘူး။ ငါ့ကို လှောင်နေသလိုပါပဲလား"

"လှောင်နေတာတောင် လှောင်နေမှန်း မသိဘူးလား"

"အေးလေ . . . ဟော့ကောင်အတာ မင်း အခြားနေရာမှာ ငါတို့အားလုံးထက်တော်ပြီး ဒီနေရာမှာ ဘာလို့ အဲဒီလောက် မင်း အ,နေတာလဲ"

"ဟော့ကောင် ရာဇာ . . . မင်း သင်ပေးလိုက်စမ်းပါ"

သူငယ်ချင်းတွေရဲ့ တစ်ယောက်တစ်ပေါက် ဝေဖန်မှုက သူ့ ကို အရှက်ရစေသည်။

"မဟုတ်ဘူးကွာ . . . အခု ငါပြောနေတာတွေနဲ့ မင်းတို့ပြော နေတာ ဘာဆိုင်လို့လဲ"

"မင်းက ကြောင်ပဲ အတာ"

"ဘာလိုင်းကြီးစော်ကားတာလား"

"ဟုတ်တယ် အတာ၊ ငါတို့ မင်းကောင်းဖို့အတွက် စီစဉ် ပေးမယ်"

"ဒီလိုပုံစံနဲ့ဆို မင်း ကျော်ရစ်ဖြစ်မှာကို လက်မှတ်မဖြတ်၊ နေ့မကူးဘဲ သိနိုင်တယ်"

ကဗျာဆရာလိုလို တေးရေးဆရာလိုလို ရာဇာစကားပြောပုံက





တအုပ်ထဲကစကားလုံးတွေ။

သူ စိတ်ရှုပ်စွာ ခေါင်းကုတ်ပြီး –

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ရာဇာ မင်း ဝင်မရှုပ်စမ်းနဲ့။ ထောင်တန်တဲ့စကား ရယ်ရင် ပေါ့တယ်တဲ့။ ဒီကောင် တရားပေါက်လာအောင် ငါဟောမယ်။ ဒီမှာ အတာ ငါကတော့ ငါ့သူငယ်ချင်း ကောင်းကျိုးအတွက် ဆောင်ရွက်ပေး ရမှာပေါ့။ မင်းနဲ့ငါ လောင်းကြေးတစ်ခုလုပ်မယ် လက်ခံလား"

"သွားစမ်းပါ . . . အလောင်းအစား ဝါသနာမပါဘူး"

"ဒါလေးတော့ မလောင်းလို့မရဘူး ဆရာ။ ဒီလောင်းကစား ပွဲသက်သက်လည်း မဟုတ်ဘူး"

"ဘာအလောင်းအစားမို့လဲ"

သူ့အစား ထွန်းလင်းက ဝင်မေးသည်။ အားလုံးရဲ့အကြည့် က မင်းသူဆီမှာ။ မင်းသူရဲ့စကားကို သူတို့လည်း စိတ်ဝင်စားပုံရသည်။

"မင်း အကျိုးယုတ်အောင် ငါမလုပ်ပါဘူးကွာ"

မင်းသူကိုလည်း ယုံ၍ရသည်မဟုတ်။ ဒီကောင်က တစ်ခါ တစ်ရံ အတည်ပေါက်ပြောသောစကားများက ဟာသဖြစ်အောင် လုပ် တတ်သည်။

"ဟိတ်ကောင် အဲဒီလို သံသယမျက်လုံးနဲ့တော့ မကြည့်နဲ့"

"ကဲ . . . ကတိပေးတယ်။ ဒါပေမဲ့ ငါ လက်မခံနိုင်လောက် တဲ့ လောင်းကြေးဆို မင်းမလွယ်ဘူးနော်"

"အင်းပါ ... မင်း အခုချိန်မှာ ကောင်မလေးတစ်ယောက်ကို အသည်းအသန် ကြွေနေတယ်"

"ဟေ"

"သေချာလို့လား မင်းသူရာ"

"ထပ်သရီး ... အလွဲကြီးတွေ"

မင်းသူရဲ့စကားကို အခြားသောသူငယ်ချင်းများက အံ့ဩပေမယ့် သူက ငြင်းလိုက်သည်။ သူ့ကိုယ်သူ ဘယ်မိန်းကလေးကို ချစ်နေသလဲ။ ကာယကံရှင် သူ့ထက် ဘယ်သူက ပိုသိနိုင်မလဲ။

"မင်း ငြင်းတယ်ပေါ့"

"အေး ... ငြင်းတယ်၊ ငါ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားသေးဘူး။ မချစ်သေးဘူး"

"ရှော့"

ဘာမှန်းညာမှန်းမသိ ရိပ်ခနဲ ပြောက်တက်လာသော အရာဝတ္ထုကို သူ လှမ်းဖမ်းလိုက်ကာ ကြည့်မိတော့ သော့တွဲတစ်တွဲ။

"ဒါ ... ဘာလဲ"

သူ နားမလည်သလိုမေးတော့ မင်းသူက သူ့ကိုစိုက်ကြည့်ပြီး ပြုံးချင်သလို မျက်နှာပေးနှင့် အခြားသော သူငယ်ချင်းများဘက်သို့ လှည့်ကာ –

"လောကမှာ ကိုယ့်ခံစားချက် အစစ်အမှန်ကို ကိုယ်တောင် မသိဘူးဆိုတဲ့လူ ရှိတယ်။ အဲဒါ မင်းတို့သိလား"





"သိသလိုလိုပဲ"

"အဲဒါ လအတာပဲပေါ့။ သူ မိန်းကလေးတစ်ယောက်ကို အကြင်နာလွှန်နေတယ်။ အဲဒါ သူကိုယ်တိုင်တောင် မသိဘူး"

"မင်းက သိလို့လား"

"အေးလေ ... သူက မသိတာကို။ မင်းက သိတယ်ဆိုတာကတော့ ဖြီးလုံးပါ မင်းသူရာ"

"ဘာ ... မဖြီးဘူး။ တကယ်အတည်ပြောမှာ။ လအတာ အကြင်နာလွှန်နေတဲ့သူက လတန်ရှူးပဲ"

"ဘာ"

"ဟာ"

သူ ဝုန်းခနဲထရပ်ကာ ဒေါသတကြီးနှင့် မင်းသူကို ဆွဲထိုးဖို့ပြင်စဉ် သူငယ်ချင်းများက ဝိုင်းဆွဲကြသည်။

"မင်း အတော်မိုက်ရိုင်းတဲ့ကောင်ပဲ မင်းသူ။ ငါတို့က မောင်နှမတွေ။ ငါ့ညီမကို ငါက ဘာလို့ချစ်ရမှာလဲ အဓိပ္ပာယ်မရှိတာ"

"ဟုတ်သားပဲ မင်းသူရာ"

မင်းသူက လည်ပင်း အကျီဆုပ်ကိုင်ထားသော သူ့ရဲ့လက်ကို ဖြည်းညင်းစွာ တွန်းပြီး –

"မင်းတို့က မောင်နှမအရင်းတွေမို့လား အတာ"

"မင်းသူ တော်သင့်ပြီကွာ"

"အေးလေ ... သူငယ်ချင်းအချင်းချင်း ခြေလွန်လက်လွန်

ဖြစ်မှာ''

''တော်စမ်းပါ ထွန်းလင်းရာ။ ငါက ဒီကောင်ရဲ့အမြင်အာရုံတွေ ဖွင့်ပေးနေတာ''

သူ ငိုင်တွေသွားသည်။ ကူးနှင့်သူဟာ မောင်နှမအရင်း မဟုတ်ပေမယ့် အရင်းလိုပဲ အမြဲတမ်း မှတ်ယူထားသည်။ ဒါပေမဲ့ အရင်းမဟုတ်မှန်း သူကော ကူးပါ သိနေကြသည်။

''မင်း စိတ်အေးအေးထားပြီး စဉ်းစားကြည့်စမ်း။ မင်းရဲ့ ခံစားချက်တွေဟာ ဘယ်လိုမှ မောင်နှမအရင်းစိတ် မဟုတ်ဘူး။ မင်း သူများကို ချစ်လို့မရသလို ကူး တခြားသူတွေကို ချစ်သွားမှာလည်း မင်း မလိုလားဘူး''

''____''

''အခု လတန်နှူးက တိုးမွှားအောင်နဲ့ တတွဲတွဲဖြစ်နေတဲ့အခါကျမှ မင်းရဲ့စိတ်တွေ မျောက်ငါးပိကိုင်ထားရသလို ဖြစ်နေတယ်။ ခင်သန္တာကြောင့်လားလို့ ငါမမေးဘူး။ ဘာလို့လဲဆိုတော့ မင်းရဲ့အတွေးမှာ သူမရှိဘူး''

သူ ငိုင်တွေသလို ဖြစ်သွားသည်။ ဟုတ်သလား။ သူ တကယ်ပဲ ကူးကို သူ့ညီမလေးအပေါ် ကျေးဇူးရှင်တွေကို ကျေးစွပ်နေသလိုဖြစ်ပြီ။

အချစ်၊ ကူးရဲ့အကြောင်းကို တွေးလိုက်တာနဲ့ အလိုလို ပျော်ရွှင်နေတာ။ ဒါဟာ အချစ်လား။ ကူး ကြေကွဲနေချိန်မှာ သူ





မပျော်တာ ဒါအချစ်လား။

အဲဒါတွေဟာ အချစ်ဖြစ်ရိုးမှန်လျှင် သူနောက်ကျခဲ့ပြီ။

သူ ကားကို ခြံဝင်းတွင်းသို့ ချိုးကွေ့မောင်းလိုက်စဉ် မြင်လိုက်ရသောကားကြောင့် ရင်ဘတ်ထဲမှာ ပူစပ်ပူလောင်ဖြစ်သွားရသည်။

ဒါဟာ မင်းသူပြောသကဲ့သို့ သူ ကူးအပေါ် ချစ်နေခြင်းလား။ ကူးနှင့်ပတ်သက်လျှင် အစဉ်တစိုက် စိုးရိမ်ပူပန်မှုတို့သည် ယခုအခါမှာ စိုးထိတ်တတ်လာပြီ။

ကားကိုပေါ်တီကိုအောက်၌ ရပ်ပြီး အိမ်အပေါ်ထပ်သို့ တောက်လျှောက်တက်ရန် ကြံစည်ထားသမျှတို့သည် –

''သားအတာ ခဏလာပါဦး''

မေလေးရဲ့အသံကြောင့် သူ့မှာ ရှေ့ဆက်လှမ်း၍မရတော့ချေ။ သူ မမြင်ချင်သောမျက်နှာကို ရင်ဆိုင်လိုက်ရသည်။ ကူးကတော့ တိုးမွှားအောင်ရဲ့ဘေးတွင် သံပတ်ပေးထားသော အရုပ်တစ်ရုပ်ကဲ့သို့ ထိုင်နေပြီး ဘယ်သူ့ကိုမှလည်း မကြည့်ချေ။

တကယ်ပဲ သူ ကူးကို အဆုံးရှုံးခံရတော့မှာပါလား။

''သားနဲ့လည်း အေးအေးဆေးဆေး စကားပြောချိန်ကိုမရဘူး။ ကိုအောင်ကို မှတ်မိတယ်မဟုတ်လား''

သူ ခေါင်းအသာညိတ်ပြလိုက်သည်။

မေလေးက ဘာရည်ရွယ်ချက်နှင့် ဒီမေးခွန်းကို မေးရတာလဲ။

အားလုံးသိပြီးသားကိစ္စတွေဖြစ်သည်။

"သား"

"ဗျာ ... မေလေး"

ခပ်ငိုင်ငိုင်ဖြစ်နေခြင်းကို မြင်၍ ထူးလိုက်သည်။

"သားညီမလေးနဲ့ စေ့စပ်မယ့်သူဆိုတော့ သားနဲ့သိဖို့ ရင်းနှီးဖို့ လိုအပ်တယ်လေ။ အခု သကြန်ရောက်ဖို့က တစ်ပတ်ပဲလိုတော့တယ် မဟုတ်လား။ သမီးက မွေးနေ့မလုပ်တော့ဘူးတဲ့။ သား သဘောကကော"

ကူးကို လှမ်းကြည့်လိုက်သော်လည်း ကူးက ဘယ်သူကိုမှ လှည့်မကြည့်ချေ။

မိုးပြာရောင် လက်ဖောင်းဂါဝန်ဒူးကျလေးကို ဝတ်ထားပြီး ဆံပင်တွေကို ခပ်လျော့လျော့စည်းထားသော်လည်း ကြည့်လို့ တစ်မျိုးလှနေသည်။

"ကူး သဘောအတိုင်းပါ မေလေး။ ဒါပေမဲ့ အဲဒီနေ့မှာ သားတို့မောင်နှမနှစ်ယောက်ပဲ ဘုရားသွားပြီး လျှောက်လည်ချင်တယ်"

"အင်း ... ကောင်းသားပဲ၊ သွားလည်လေ"

"သမီးမလိုက်သွားဘူးနော် မေမေ"

"အို ... ဘယ်ဟုတ်မလဲ သမီးရဲ့"

သူသိပ်တော့ စိတ်မပူတော့ချေ။ မေလေးတိုက်တွန်းလျှင်





ကူး မလိုက်ချင်ဘူးဟု ငြင်းခွင့်မရှိချေ။

"မေလေး ... မေငယ်ကော"

ဧည့်ဂိုင်းထဲမှ ထွက်ခွင့်ရရန် သူ ကြံရွယ်လိုက်သည်။

"ခင်ခင်က သန္တာဖုန်းဆက်လို့သွားတယ်။ မမကြီးကတော့ သူ့အခန်းထဲမှာ အိပ်နေလေရဲ့"

"အန်တီ ကျွန်တော် ကူးကို အပြင်ခဏခေါ်သွားချင်တယ်"

တိုးပွားအောင်စကားကြောင့် သူ ကူးကို တမင်လှည့်ပြန်ကြည့်မိသည်။ ငြင်းဆန်ခြင်းမရှိသော်လည်း နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ကာ မျက်တောင်တဖြတ်ဖြတ်ခတ်နေသည်။

ဟိုးယခင်က မကျေနပ်လျှင် မကျေနပ်ကြောင်းပြောတတ်သောကူး မဟုတ်တော့သလိုပါလား။

"ခေါ်သွားလေ"

မေလေးရဲ့ခွင့်ပြုသံကို သူ မကြားချင်ဘဲ ကြားလိုက်ရသည်။

ကူးကို ကိုကိုချစ်တယ်လို့ ပြောရင် ကူး ကိုကို့ကို မုန်းမှာပဲနော်။ ဝေးကွာနေရတာထက် ကိုကို့ရင်ခွင်ထဲမှာပဲ အမုန်းတွေနဲ့နေလိုက်ပါကူးရယ်။ ကူးကို ကိုကို မစွန့်လွှတ်နိုင်လို့။

❋ ❋ ❋

## အခန်း (၄၃)

ကျောပိုးအိတ်ထဲ အဝတ်သုံးလေးစုံထည့်ပြီး ပိုက်ဆံအိတ်ထဲသို့ မှတ်ပုံတင်ထည့်လိုက်သည်။

ထို့နောက် မှန်ရှေ့တွင်ရပ်ကာ ဆံပင်ကိုဖြီးရင်း ကိုယ့်ရုပ်ကိုယ် ပြန်ကြည့်မိသည်။

''မိသဇင်က ကိုကို့ချောလို့တဲ့။ ကူးကတော့ မထင်ပေါင် ကိုယ့်အစ်ကိုမို့ပြောတာ မဟုတ်ဘူး။ မီးသွေးခဲနဲ့အမျိုးတော်ရမယ့်ရုပ်''

''အဲဒီမီးသွေးခဲရဲ့အမျိုးက ညည်းပဲ မဟုတ်လား''

ဟု သူတောင်ပြန်ပြောခဲ့သေးသည်။ ကူးသည် သူနှင့် ပတ်သက်လျှင် အမှန်တကယ် အစ်ကိုရင်းတစ်ယောက်ပမာ ချစ်တာကို ချွင်းချက်မရှိ သူယုံပါသည်။ ယခုမှ သူကသာ။





အခန်းပြင်သို့ထွက်ရန် တံခါးကိုဖွင့်ပြီးမှ သူ အခန်းထဲသို့ တစ်ချက်ငဲ့ကြည့်မိသည်။

မေလေးရယ် ခွင့်လွှတ်ပါ။ ကျွန်တော့်တစ်သက်မှာ တစ်ခါပဲ ချစ်ချင်လို့ပါ။

''ဟော ... ကျောပိုးအိတ်တွေနဲ့ပါလား။ ဘယ်သွားမလို့လဲ အတာ''

ထမင်းစားခန်းထဲသို့ ဝင်လိုက်သောအခါ မေငယ့်စကားသံကြောင့် ရယ်ပြပြီး ကျောပိုးအိတ်ကို မဖြုတ်ဘဲ လက်ဖက်ရည် သောက်လိုက်သည်။ ထမင်းစားခန်းထဲသို့ ဝင်လာသောမေလေးကို မြင်သောအခါ –

''မေလေး''

''ဘာလဲ အတာ''

''ကျွန်တော် ကူးကိုခေါ်သွားမယ်နော်''

''အင်း ... ခေါ်လေ၊ ပြောထားသားပဲ''

''ဘာတွေလဲ အတာရဲ့။ မေငယ့်ကိုလည်း ပြောဦးလေ။ ဘယ်သွားကြမလို့လဲ''

သူနဲ့မေလေးရဲ့စကားကို မေငယ်က နားမလည်သလို မေးတော့ –

''ဒီနေ့ အတာတို့မွေးနေ့လေ မေငယ်ရဲ့။ အဲဒါ ... မွေးနေ့ပွဲတွေ၊ ဘာတွေ ခမ်းခမ်းနားနားမလုပ်တော့ဘဲ ဘုရားသွားကြဖို့

ပြောထားတာ။ ဩော် . . . ဒါနဲ့ မေလေး . . . ညနေစောင်းရင် စောင်းမယ်နော်၊ စိတ်မပူပါနဲ့"

"အေးပါ . . . ကူးလေးကို သတိပေးပြီးပြီလား"

"မပြောရသေးဘူး မေလေး။ ရတယ်လေ စောသေးတာပဲ။ ကူးတောင် ထဦးမယ်မဟုတ်ဘူး။ ဒီကောင်မလေးက အိပ်ပုတ်ကြီးတယ် မေလေးရဲ့"

မေလေး မရိပ်မိစေရန် ပေါ့ပေါ့ပါးပါးပြောရင်း သူ ကော်ဖီကို အေးဆေးသောက်နေမိသည်။ မေလေးနှင့်မေငယ် စကားကောင်းနေမှ သူ အပေါ်ထပ်သို့တက်ခဲ့သည်။

"ဒေါက် ဒေါက်"

"____"

"ကူး တံခါးဖွင့်ပါဦး"

"ဘာလဲ စောစောစီးစီး။ အေးအေးဆေးဆေးနေချင်လို့ မရဘူး။ အလကားနေ ပြဿနာလာရှာနေသေးတယ်"

ကူးရဲ့ ခပ်ဆတ်ဆတ်အသံကြောင့် မရိုးမသားလုပ်ဖို့ ကြိုးစားနေသူတစ်ယောက်အနေနှင့် သူ လန့်လည်းလန့်ဖြင့် ကူးကို သေချာမကြည့်ရဲ။ သူ့ရဲ့ မရိုးသားသောအကြည့်ကို ကူးအား မတွေ့မမြင်စေချင်သေးပေ။

"ဒီနေ့ ဘာနေ့လဲသိလား"

ကူးကသိသော်လည်း သူ့အမေးကိုမဖြေဘဲ ဂျစ်ကန်ကန်





ကြည့်၍ လှည့်ထွက်သွားသည်။

"သွားဖို့ပြင်တော့လေ"

"အို . . . ဘာသွားဖို့ပြင်ရမှာလဲ။ ကူး မလိုက်ဘူးလို့ ပြောထားတာကို။ ကိုယ့်ဘာသာကိုယ်တောင် ဘာလုပ်လို့မှ စိတ်မပျော်တာ သူများ စိတ်ပျော်အောင်မလုပ်ပေးနိုင်ပါဘူး။ ကူးရဲ့ဒေါသတွေကို သိတယ်နော်"

"မလိုက်လို့ ဘယ်ရမလဲ ကူးရဲ့။ နောက်ဆို ကိုကိုတို့ မောင်နှမတွေ ဒီလိုလည်ပတ်ရဖို့ဆိုတာ မသေချာဘူးလေ"

ကူးက ဘာမှမပြောသော်လည်း ရုပ်ကတော့ ပေကပ်ကပ်နှင့် သူ့ကို တစ်ခုမဟုတ်တစ်ခု ဂျီတိုက်ဖို့ ဆုံးဖြတ်ထားသည့်ဟန်။

ပါးစပ်ကပြောလျှင် နားထောင်ဖို့ လမ်းမမြင့်သည့်အတွက် သူ ဘာမှ ဆက်မပြောတော့ဘဲ ကူးရဲ့လက်ကို ဆွဲပြီးအခန်းထဲဝင်ကာ တံခါးပိတ်လိုက်သည်။

ကူးက သူ့လက်ထဲမှ အတင်းရုန်းဖယ်ပြီး –

"ဘာလုပ်တာလဲ၊ ကူးမလိုက်ဘူး"

"ဘာမှဆက်မပြောနဲ့"

ကူးက ဆောင့်အောင့်၍ ရေချိုးခန်းထဲဝင်သွားသည်။ သူ ကူးရဲ့အံဆွဲထဲတွင်ထည့်ထားသော ပိုက်ဆံအိတ်ကိုဖွင့်လိုက်သည်။ ကူးမသိအောင် မှတ်ပုံတင်ကိုယူပြီး ကျောပိုးအိတ်ထဲ ထည့်လိုက်သည်။

"အဝတ်အစားလည်း ယူခဲ့ဦး"

ရွှေပဒေသာစာပေ

"ဟာ . . . လိုလို့လား"

"လိုတာပေါ့။ အကြိုနေ့ပေမယ့် ဒီနေ့ ကလေးတွေက ရေပက်နေပြီလေ"

"သိပ်အလုပ်ရှုပ်တာပဲ"

ကူးက ပြောလည်းပြော ဗီရိုထဲက အဝတ်အစားတစ်ထပ်ကြီးကို မကာ ခုတင်ပေါ်သို့ ပစ်ချလိုက်သည်။

ကူးရဲ့ကျောပိုးအိတ်ကိုယူပြီး သူပဲ ရွေးထည့်ပေးလိုက်သည်။

သူ အောက်ထပ်သို့ ဆင်းလာသောအခါ မေလေးက –

"ခင်သန္တာ ဖုန်းဆက်တယ်။ မေလေးအခုပဲ လာခေါ်တော့မလို့"

သူ ဖုန်းခွက်ကို စိတ်မပါစွာ ကိုင်လိုက်သည်။ အခုချိန်မှာ တစ်မိနစ် တစ်စက္ကန့်သည် သူ့အတွက် လွန်စွာ အရေးပါလေသည်။ ယခုချိန်မှာ တစ်စုံတစ်ရာ ရိပ်မိသိရှိသွားမှာကိုပင် သူမလိုလားချေ။

"ဟယ်လို . . . လအတာပါ"

"Happy Birthday ကိုတာ"

"ကျေးဇူးပဲ သန္တာ"

"မွေးနေ့ ဘာလုပ်မှာလဲ ဟင်"

"ဘာမှမလုပ်ဘူး။ ကိုယ်တို့မောင်နှမနှစ်ယောက် ဘုရားသွားမယ်၊ လျှောက်လည်မယ်။ ဒီနေ့တစ်နေ့လုံး ကူးစိတ်ချမ်းသာအောင် ထားမယ်လေ"





"သန္တာကော လိုက်လို့မရဘူးလား"

သူ့အသံတိတ်သွားသဖြင့် သန္တာဆီက ရယ်သံကိုကြားရသည်။ ဖြေရခက်သောမေးခွန်းက ရင်ဘတ်ထဲမှာ အဖြေရှိသော်လည်း မဖြေရက်ချေ။

"စတာပါ၊ သန္တာကလည်း တကယ်မလိုက်ပါဘူး။ အသံတိတ်သွားလိုက်တာများ . . . ဟွန်း မပြောလိုက်ချင်ဘူး။ ကဲပါ . . . မွေးနေ့မှာ ပျော်ရွှင်ပါစေ ဝွတ်ဘိုင်"

အကျဉ်းအကျပ်မှ လွတ်မြောက်သွားသူတစ်ယောက်လို ခံစားရသည်။

ပိတောက်ပင်အောက်၌ ပိတောက်ပန်းများ လှိုင်လှိုင်ပွင့်နေသည်။ တစ်နှစ်မှ ဒီလိုသကြန်တွင်း တိုက်တိုက်ဆိုင်ဆိုင် မပွင့်သဖြင့် ယနေ့သည် သူ့အတွက် ကံကောင်းသောနေ့ ဖြစ်ပါစေ။

"တစ်ခုခုစားသွားလေ"

မေငယ့်အသံကြောင့် သူ့အတွေးစ ပြတ်သွားကာ ကူးကို လှမ်းကြည့်မိသည်။ အဖြူရောင်ပေါ်တွင် ကြက်သွေးရောင်အပွင့် သေးသေးလေးများပါသော ဂါဝန်ရှည် ဝတ်ဆင်ထားသည်။

"ရတယ် မေလေး။ ဘုရားကအပြန် ဆိုင်မှာဝင်ကျွေးလိုက်ပါ့မယ်"

ကားပေါ်ရောက်တဲ့အထိ စကားမပြောဖြစ်ချေ။ ကားကို စားသောက်ဆိုင်ဘက်သို့ ဦးတည်ရင်း –

"ဘာစကားမှမပြောဘူးလား"

"ဘာမှပြောစရာမရှိဘူး။ ပြောချင်စိတ်လည်း မရှိဘူး။ ကိုကို ကတော့ ပျော်နိုင်မှာပေါ့။ အခုဆို နီးလာပြီဆိုတော့ ပိုပြီးပျော်နေမှာ"

"ဟုတ်တယ် ပျော်တယ်"

"ဘာ"

သူက သူ့အစီအစဉ်ယ်နှင့်သူ ပြောလိုက်ပေမယ့် ကူးက ဒေါသ ဖြစ်သွားသည်။ ဆိုင်ထဲရောက်တဲ့အထိ သူ့ကို စကားမပြောဘဲစူပုတ် နေသည်။

"ဟာ"

သူက အသံတိတ်လှချည်လားဆိုပြီး ကူးကိုကြည့်လိုက်သော အခါ ကူးက မျက်ရည်ကျနေသည်။ သူ ကူးလက်ကိုဆွဲလိုက်သော အခါ ကူးက သူ့လက်ထဲမှ ရုန်းထွက်သွားသည်။

"ကူး . . . ကိုကိုက စတာလေ"

"————"

"သူ ဘယ်လိုခေါ်ခေါ် ကူးက ကားဆီသို့ပြန်လျှောက်သွား သဖြင့် သူ ဘာမှမမှာတော့ဘဲ ကူးနောက်ထလိုက်လာစဉ် စားပွဲထိုး လေးက ကြောင်၍ကြည့်နေသည်။

သူ ကူးရဲ့လက်ကို လှမ်းဆွဲထားလိုက်သောအခါ –

"လွှတ် . . . အိမ်ပဲပြန်တော့မယ်။ မလိုက်ဘူး။ ရန်စကားတွေ ပဲ ပြောမယ်လို့ စဉ်းစားထားရင် ဘာလို့လာခေါ်နေတာလဲ"





ကားပေါ်ရောက်သောအခါ ကူးရဲ့လက်ထဲက ဖုန်းမြည်လာ သည်။ သူလည်း တစ်ဖက်မှ ကားထဲ ဝင်ထိုင်လိုက်သည်။

"ဟုတ်တယ် ကားပေါ်မှာ"

"———"

"ဟင့်အင်း . . . ဒီနေ့ အိမ်မှာမရှိဘူး"

"————"

"အင်း . . . ညနေဘက်မှရောက်မှာ။ ဒါပဲနော်"

တိုးမွှားအောင်ရဲ့ဖုန်းမှန်း သိသောအခါ သူ မနာလိုဖြစ်မိ သည်။ ကားက တရိပ်ရိပ်နှင့်ပြေးနေသည်။ တဖြည်းဖြည်း မြို့ပြင် ဘက်သို့ရောက်လာသဖြင့် –

"အဲဒါ ဘယ်မောင်းနေတာလဲ"

"မှော်ဘီ"

"မှော်ဘီ၊ မှော်ဘီမှာ ဘာလည်စရာရှိလို့လဲ"

"ဘာမှလည်စရာ မရှိပါဘူး"

"မရှိဘဲနဲ့ ဘာသွားလုပ်မှာလဲ။ ကားကိုပြန်ကွေ့လေ။ အဝေးကြီးသွားမယ်မှန်းသိရင် မလိုက်လာပါဘူး"

သူ ခေါင်းယမ်းပြကာ အေးစက်သောလေသံနှင့် –

"မကွေ့ဘူး . . . ကူးကို ကိုကိုခိုးလာတာ"

"ဘာ"

တုန်လှုပ်ချောက်ချားသွားသောပုံစံလေးက သနားစရာ။ သူ

ကားအရှိန်ကို မသိမသာမြှင့်ကာ –

"ကူးကို ကိုကိုချစ်တယ်။ ဘယ်သူ့လက်ထဲမှ မထည့်နိုင်ဘူး"

"မဟုတ်ဘူး ... မဟုတ်ဘူး။ အဲဒီလိုမစနဲ့နော်။ လျှောက်မပြောနဲ့"

"တကယ်အတည်ပြောနေတာ။ စ,စရာ ဘာအကြောင်းမှမရှိဘူး။ ကူးကို တိုးပွားအောင်ရဲ့လက်ထဲ မထည့်ပေးနိုင်ဘူး"

"အဲဒီလိုမလုပ်ပါနဲ့ ... မသင့်တော်ပါဘူး။ ကူးတို့က မောင်နှမတွေလေ"

"မောင်နှမအရင်းမှ မဟုတ်တာ"

"ဘာလို့ အဲဒီလိုပြောင်းလဲသွားတာလဲ။ ဘယ်သူမြှောက်ပေးလို့လဲ"

"မြှောက်ပေးတိုင်းလုပ်ရအောင် ကိုကိုက ကလေးမဟုတ်ဘူး။ ကူးကို ချစ်တယ်လို့ သေချာနေတဲ့စိတ်ကြောင့် ဒီလိုလုပ်ခဲ့တာ။ ကူးလည်း ကိုကို့ကိုချစ်တယ် မဟုတ်လား။ ဒီအဖြစ်အပျက်ကို ချက်ချင်းလက်မခံနိုင်သေးတာပဲ မဟုတ်လား"

သူ့ရဲ့အမေးစကားကို ကူးက ခေါင်းယမ်းရင်း အဖြေပေးသည်။ ပြီးတော့ ကားတံခါးကို ဆွဲဖွင့်သည်။ ကားတံခါးက လော့ခ်ချထားသဖြင့် –

"ကားရပ်ပေး ... ကူးမလိုက်ဘူး။ ကိုကို့ကို ချစ်လည်း





မချစ်ဘူး။ အခုလိုလုပ်တာ ပိုတောင်မုန်းသေးတယ်။ မကြံစည်သင့်တာ ကြံစည်တာ လူကောင်းသူကောင်းတွေရဲ့အလုပ် မဟုတ်ဘူး။ မေမေတို့ရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်"

ပြောချင်တာပြောပါစေဟူသောသဘောနှင့် သူ ဘာမှအတိုက်အခံမလုပ်ဘဲ ကားကိုသာ အာရုံစိုက်မောင်းနေ၏။ ခဏကြာသောအခါ မည်သည့်စကားသံမှ မထွက်ဘဲ ငိုရှိုက်သံသာကြားရသည်။

ကူးနှင့်ပတ်သက်လျှင် အမြဲတစေ အလျှော့ပေးချင်သောစိတ်၊ ပျော့ညံ့သောစိတ်ကို အားတင်းထိန်းချုပ်ထားရသည်က ပင်ပန်းလှသည်။

မင်းသူတို့ခြံရှေ့သို့ရောက်တော့ သူ ကားကိုရပ်လိုက်သည်။ ကူးဘက်ကို လှည့်ကြည့်သောအခါ ကူးသည် သစ်ကြမ်းဝါးရိပ်နှင့် တိတ်ဆိတ်သောခြံဝန်းထဲသို့ ပြူးကျယ်သောမျက်လုံးတွေနှင့်ငေးရင်း တံခါးဘက်သို့ တိုးရွှေ့လိုက်သည်။

* * *

## အခန်း (၄၄)

တဖြည်းဖြည်း မှောင်မည်းလာသောပတ်ဝန်းကျင်ကို သတိထားမိချိန်တွင် ကူး အတော်လေး တုန်လှုပ်လာခဲ့၏။

တီဗီဖွင့်ထားသော်လည်း ကူး စိတ်မဝင်စားနိုင်တော့ချေ။ မေမေတို့ စိတ်ပူနေတော့မည်။ မည်ကဲ့သို့သော ပြဿနာတွေနှင့် ရင်ဆိုင်နေရသလဲဆိုပြီး ပူပန်နေမလား။

ဒီဘက်မှာလည်း ကူး ဒုက္ခတွေရောက်နေရသည်။

''ခြံတံခါးသော့ခတ်ထားတယ်။ ခြံထဲမှာ လူစိမ်းဆိုရင် ကိုက်တတ်တဲ့ခွေးနှစ်ကောင်ရှိတယ်။ ကူး ကိုကိုဆီက ထွက်ပြေးဖို့ မကြိုးစားပါနဲ့။ ကိုကိုရင်ခွင်ထဲရောက်ပြီးသားပစ္စည်းကိုလည်း ဘယ်သူ့ကိုမှ မပေးနိုင်ဘူး။ ကိုကိုကို အခု ချစ်လို့မရဘူးဆိုလည်း ဖြစ်တယ်။





ဒါပေမဲ့ ... ကိုကိုဘေးမှာပဲ နေပေးပါ''

တစ်ခါမှ ဒီလိုစကားလုံးတွေ မပြောဖူးသဖြင့် ကူးအတွက် အံ့ဩဖွယ်ကောင်းနေတာတော့ အမှန်ပင်။

မဖြစ်သင့်ဘူးဆိုသောအဖြေက ဘယ်လိုတွက်တွက် ထွက်လာသောအဖြေပင်။ ပတ်ဝန်းကျင်ကို မေ့ထား၍ ရနိုင်သလား။ တစ်သက်လုံး မောင်နှမအဖြစ်သိခဲ့ပြီးမှ အခုလို လူကြားမကောင်းသော အဖြစ်အပျက်ကြီးဖြစ်သွားခဲ့သည်ဆိုလျှင်တော့ ကူး မတွေးရဲတော့ပါ။

''တီ တီ တီ''

''ဟင်''

တစ်ယောက်တည်း အတွေးပင်လယ်ဝေနေစဉ် သံစုံမည်သွားသောဖုန်းသံကြောင့် လန့်သွားရသည်။ ဒါ ကူးရဲ့ဖုန်း။ တိုးမွားအောင်ထံမှ နောက်တစ်ခေါက် ဖုန်းလာပြီးသောအခါ ကူးဆီက မရမက သိမ်းယူသွားသည့် ကူးရဲ့ဖုန်း။

ကူးရဲ့ခြေလှမ်းတွေ သက်ဝင်လာသည်။

အခန်းရဲ့ဖွဲ့စည်းပုံအရဆိုလျှင် ထမင်းစားခန်း၊ ညှိခန်းကို ကူးသိပြီ။ ကျန်လက်ရှိအခန်း (၂) ခန်းသည် မည်သည့်အခန်းမှန်း မသိချေ။

ကူးကို မနက်ကတည်းက ညှိခန်းထဲမှာထားပြီး ကိုကိုဝင်သွားတာ ဒီအခန်းပင်ဖြစ်သည်။ တံခါးမကြီးကိုသော့ခတ်ပြီး ပြတင်းပေါက်တွေက သံပန်းတွေပါနေသဖြင့် စိတ်ရှေအေးလက်အေး နေနိုင်ခြင်း

ဖြစ်သည်။

ကိုကို အထဲမှာ ဘာလုပ်နေသနည်း။ ယခုနေ ကူး တံခါးဖွင့်လိုက်လျှင် မည်သို့ဖြစ်သွားမည်နည်း။

"ကျွီ"

ကူး မျှော်လင့်ထားသကဲ့သို့ ကိုကို့ကိုမတွေ့ရသော်လည်း စားပွဲထက်၌တင်ထားသော ဖုန်းလေးကိုတွေ့လိုက်ရသည်။ ယောကျ်ားလေးတစ်ယောက်အိပ်သောအိပ်ခန်းဆိုတာကို ကူး ဂရုမစိုက်နိုင်တော့ဘဲ ဖုန်းလေးကို ပြေးယူလိုက်သည်။

"ကူး ... မကိုင်နဲ့ ပြန်ချထားလိုက်"

ရေချိုးခန်းထဲမှ အပြေးတစ်ပိုင်းထွက်လာသော ကိုကို့ကြောင့် ကူး အခန်းပြင်သို့ ပြေးထွက်ဖို့ ကြံစည်သော်လည်း –

"ကူး"

"ဟင့်အင်း လွှတ် ... ကူး မေမေတို့ဆီပြန်မယ်"

"ကူးကို ကိုကို ဘယ်နှစ်ခါပြောရမလဲ။ ကူးကိုခေါ်လာတာ ပြန်ပို့ဖို့ မဟုတ်ဘူးလေ"

ကိုကို့လက်တွေကို ကူး အတင်းဆွဲဖြေသော်လည်း အားချင်းမမျှသောကြောင့် ကူးလက်ထဲကဖုန်းကို ကိုကိုရတော့မည်ဆဲဆဲ။

"အို ... အမေ့"

ကူး နောက်သို့ဆုတ်ပြီး လက်နောက်ပစ်လိုက်စဉ် အရှိန်လွန်ပြီး ခုတင်ထက် (၂) ယောက်သား လုံးထွေးကျသွားသည်။





ကူး ဖုန်းကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။ နီးကပ်သွားသော အနေအထားတစ်ခုကြောင့် သူ့ရင်ဘတ်ကို တွန်းထုတ်လိုက်သည်။

သူက ကူးတွန်းထုတ်လိုက်သော်လည်း မတ်တတ်ရပ်သွားခြင်းမရှိဘဲ ဖက်ထွေးထားခြင်းကြောင့် ကူး အနေခက်ရှက်ရွံ့လှသည်။ တစ်သက်နှင့်တစ်ခါ ဘယ်တော့မှ ဤကဲ့သို့ လက်ပွန်းတသီးမနေခဲ့ဖူးချေ။

လတ်ဆတ်သောရေမွှေးနံ့ကြောင့် ကူး ခေါင်းမူးချင်သလိုဖြစ်လာသည်။ ရူးရူးစိုက်စိုက်ကြည့်နေသောအကြည့်ကြောင့် ထိတ်လန့်တုန်လှုပ်စွာ။

"ဖယ်လေ"

"ဟင့်အင်း"

"ဘာ"

"ဟုတ်တယ် ကူး။ ဒီလို ရှိုးသားနေကြမယ်ဆိုရင် ကူး ကိုကို့ဘက်ပါလာဖို့ လုံးဝမသေချာဘူး။ ပြန်ဖို့ပဲ ကြိုးစားနေတယ်။ အဲဒါက ကိုကို့အနားက ထွက်သွားရုံတင် မဟုတ်ဘူး။ ကိုကို့အသည်းတွေကို ပါ ခွဲသွားတာ။ ကူးကို ကိုကို မစွန့်လွှတ်နိုင်ဘူး"

"ဟင့်အင်း ... အဲဒီလိုမလုပ်ပါနဲ့"

ငိုကျလာသော သူ့ရဲ့မျက်နှာကို ရှောင်လိုက်သော်လည်း ပါးပြင်၌ နွေးခနဲဖြစ်သွားသည်။ ရင်ဘတ်ထဲ ကတုန်ကယင်ဖြစ်သွားကာ

ကြောက်ရွံ့တုန်လှုပ်သွားရသည်။ သူ့ကိုယ်ကို အတင်းတွန်းထုတ်ကာ ရုန်းထဖို့ ကြိုးစားသော်လည်းမရ ရုန်းရလွန်းသဖြင့် မောပန်းလာသည်။

မထင်မှတ်သောအရာတွေကို ကူး ဆက်တိုက်ကြုံနေရတော့သည်။ ကြောက်ရွံ့တုန်လှုပ်မှုနှင့်အတူ အသိတစ်ခုဝင်လာကာ ဝမ်းနည်းမှုဖြင့် တလှိုက်လှိုက်ဖြစ်လာကာ ကူး မရုန်းနိုင်တော့ဘဲ အော်ငိုမိတော့သည်။

''ဟီး ဟီး ဟီး ... မုန်းတယ်၊ သွား ... လူယုတ်မာ''

မုန်းတယ်ဟု တွင်တွင်ပြော၍ ငိုရှိုက်နေသော ကူးကြောင့် သူ့မှာ ရယ်ရခက်၊ ငိုရခက်။ အနမ်းလေးတစ်ပွင့်ကြောင့် ဒီလောက်တုန်လှုပ်နေလျှင် တစ်ဘဝလုံး ရယူဖို့ ကြိုးစားနေသူကို မည်မျှမုန်းတီးနေမလဲ။

သူ့ရင်ခွင်ထဲက လွတ်ထွက်သွားသည်နှင့် ထရိုက်ပြီး သူ့ကိုကျောခိုင်း၍ ထိုင်ငိုနေသော ကူးလေးကို ပိုပြီးချစ်စနိုးဖြစ်နေသည်။

''ကူးရယ် ... ကိုကို့ကို မုန်းသွားတာကလွဲရင် ကြိုက်သလိုဆိုးနွဲ့ပါ''

အချစ်ဆိုသော ထိုအရာသည် ဆန်းကြယ်လှသည်။ မည်သို့မျှ မထင်သောအရပ်က ဝင်ရောက်လာပြီး ကူးကို သူက အသက်မက ချစ်တယ်တဲ့။ ကူးဆိုးသမျှ သည်းခံနိုင်ခြင်းသည် အချစ်မှ မြစ်ဖျားခံနေသလား။

''ကူးလေး''





''ကူး ... ကိုကိုခေါ်နေတယ်လေ''

သူ့ခေါ်သံကို မကြားယောင်ပြုနေသောကြောင့် သူ အသည်းယားသွားသည်။ ဒူးလေးထောင်ပြီးထိုင်ကာ ထိုဒူးထက်၌ မျက်နှာမှောက်အပ်ကာ စိတ်ကောက်နေခြင်းသည် ဘာကြောင့်ဆိုတာ သူသိနေသည်။

သူ ကူးရဲ့ပခုံးလေးကို အသာကိုင်လိုက်သည်။ မည်သို့မျှ တုံ့ပြန်ခြင်းမရှိသောကြောင့် သူ ခုတင်ပေါ်ကဆင်းပြီး ကူးရှေ့မှာ သွားရပ်မိတော့ -

''ဟောဗျာ ... ကောင်းကွာ''

သူ့မှာတော့ ကူး စိတ်ဆိုးသွားပြီလားဟု အသေအလဲဖြစ်နေချိန်တွင် ကူးကတော့ အိပ်ပျော်နေခဲ့သည်။

ဘယ်လိုမှ အပြစ်မပြောနိုင်အောင် ကလေးတစ်ယောက်လို အပြစ်ကင်းစွာ အိပ်ပျော်နေသည်။ မျက်တောင်ဖျားတို့၌ မျက်ရည်များ စိုစွတ်နေဆဲ။

သူပဲ စိတ်လျှော့လိုက်ကာ ခုတင်ပေါ် အသာလှဲတင်ပေးပြီး စောင့်ဆွဲခြုံပေးလိုက်သည်။

အစ်ကိုဟူသောအသိကြောင့် ပူပန်မှုမရှိဘဲ စိတ်အေးနေတာလား မပြောတတ်ချေ။ အိပ်ပျော်နေသော မျက်နှာလေးကို ချစ်မဝစွာ စိုက်ကြည့်ပြီး နဖူးပြင်ထက်ဖွဖွလေးနမ်းကာ အခန်းပြင်သို့ ထွက်ခဲ့သည်။

နံရံထောင့်၌ ကပ်ထောင်ထားသော ဂစ်တာလေးကို အသာဆွဲယူပြီး တိုက်ရှေ့ဝရန်တာသို့ ထွက်ခဲ့သည်။ ကူး ထွက်ပြေးဖို့ကို သူတွေးပူနေရန် မလိုတော့ချေ။ ကူး ထိုကဲ့သို့လုပ်သွားမှာ မဟုတ်ဘူးဟု သူ ယုံကြည်နေသည်။

မနက်ဖြန်အတွက် အစီအစဉ်တွေ သူဆွဲထားရမည်။

မေငယ်တို့က ဘာမှပြောမည်မဟုတ်သော်လည်း မေလေးကတော့ လုံးဝလက်ခံလိမ့်မည် မဟုတ်ချေ။ ထို့အတွက် သူ ကူးကို စည်းရုံးထားပြီး လက်ထပ်စာချုပ်တစ်ခု ပြုလုပ်ထားရန်လိုသည်။

မေလေးတို့ အမွေဖြတ်လျှင် သူ့မှာ ကူးကို အချမ်းသာကြီး မဟုတ်လျှင်တောင် တော်သင့်ရုံအနေအထားနှင့် စိတ်ချမ်းသာအောင် ထားနိုင်သည်။

ချစ်မှုရေးရာ၌ အစိမ်းသက်သက်ဖြစ်သော ဒီမိန်းကလေးကို တခြားသူလက်ထဲထည့်လိုက်ဖို့ သူ ယောင်လို့မှ မစဉ်းစားခဲ့ချေ။ သူကလွဲလျှင် ကူးကို ဘယ်သူမှ မချစ်ရ။

ငိုင်တွေသလို ထိုင်နေစဉ် လှုပ်ရှားသံတစ်ခုကြောင့် သူ ဖျတ်ခနဲလှည့်ကြည့်တော့ . . .

"ဟင်"

တံခါးဝ၌ရပ်နေသော ကူးက သူ့အကြည့်ကြောင့် ခေါင်းငုံ့သွားသည်။ သူ ပြုံးလိုက်ပြီး ဝရန်တာမှခုန်ဆင်းကာ ကူးအနားသို့ လျှောက်လာပြီး –





"အိပ်ရာက နိုးပြီလား"

ကူးက ခေါင်းညိတ်ပြီး အိမ်ထဲသို့ ပြန်လှည့်ဝင်သွားသဖြင့် သူလည်း ကြောင်၍ရပ်နေမိသည်။ ထို့နောက် နှုတ်မှ အလိုလို ထွက်သွားသည်က –

"သီချင်းဆိုပြမယ် နားထောင်မလား"

ကူး ခြေလှမ်းတွေရပ်သွားပြီး သူ့ကိုလှည့်မကြည့်ဘဲ ခေါင်းညိတ်ပြသည်။ ကူးထိုင်နေသော နှစ်ယောက်ထိုင်ဆိုဖာ၌ ဝင်ထိုင်လိုက်တော့ ကူးက သူ့ကို ခပ်စောင်းစောင်းလှည့်ကြည့်ပြီး –

"ဂစ်တာကော တီးတတ်လို့လား။ မကောင်းရင်တော့ နားမထောင်ဘူးနော်"

"အထင်မသေးပါနဲ့"

စိုင်းထီးဆိုင်ရဲ့ 'မေမြို့မိုး' ဆိုသည့်သီချင်းက ကိုကို့အသံနှင့် လိုက်ဖက်လှသည်။ ကူးအတွက်တော့ ဒီနေ့တစ်နေ့လုံး ထူးခြားမှုတွေ ဆက်တိုက်ကြုံနေရသည်။

နူးညံ့သောကိုကိုရဲ့အသံက ကူးနှလုံးသားကို ပျော့ပျောင်းစေတာလားတော့မသိချေ။ ဒေါသဖြစ်ချင်စိတ်တွေ မရှိတော့တာ သေချာသည်။

ကိုကို့ ပခုံးထက်မှာ ခေါင်းလေးကို မရဲတရဲမှီချရင်း မလင်းတလင်း ဖြစ်နေသော လမင်းကို လှမ်းမြင်ရသည်။ ဘြော် ညနက်လာတာကိုတောင် သတိမထားမိတော့ပါလား။

ခါတိုင်းနေ့တွေဆိုလျှင် တီဗီဇာတ်လမ်း အနည်းငယ်ကြည့်၍ အိပ်ပျော်လိုက်တာ မနက်မိုးလင်းလျှင် တရေးပဲ။ အခုတော့ –

"ကိုကို"

"ဟင်"

ရည်ရွယ်ချက်မဲ့စွာ နူတ်က အလိုလိုခေါ်မိသည်ကို ကိုကိုက ချက်ချင်းထူးသည်။ ကူး ဘာပြောရမှန်းမသိ ဖြစ်နေပြီး လက်ကို အဓိပ္ပာယ်မဲ့စွာ တဖျောက်ဖျောက်မြည်အောင်ချိုးနေပါသည်။

ကိုကိုက ကူးရဲ့ခေါင်းထက်မှ ငုံ့ကြည့်နေသဖြင့် ဝင်သက် ထွက်သက်နွေးနွေးက ကူးမျက်နှာပြင်ကို ရိုက်ခတ်နေသည်။ ကူး မျက်လွှာချပြီး –

"မမခင်သန္တာကို ကိုကိုချစ်ခဲ့သေးတယ် မဟုတ်လား"

"ဘာ"

ဘာဆိုသောအသံက တိုးသော်လည်း ကူးပခုံးကို ဆုပ်ကိုင်ထားသော လက်ကတော့ တင်းခနဲဖြစ်သွားသည်။

"အဲဒီလို ဘာလို့မေးတာလဲ။ ကိုကိုက သန္တာကို ချစ်တဲ့ရုပ် ပေါက်နေလို့လား။ သူ့ကိုချစ်ခဲ့ရင် ကူးကို နိုးပြေးစရာအကြောင်း မရှိဘူး။ ဒါဆို ကိုကိုက ပြန်မေးမယ်။ ကူးကော တိုးပွားအောင်ကို မချစ်ခဲ့ဘူးလား"

ကိုကို့အမေး၌ ဒေါသသံပါနေသဖြင့် ကူး တုန်လှုပ်သွားကာ ကိုကို့လက်ကို ဖယ်ချမိပြီး ဘာမှ ဆက်မပြောရဲတော့ချေ။





လှည့်မကြည့်သောကိုကို့ကို ငေးပြီး ကူး မျက်ရည်ပေါက် ပေါက်ကျလာသည်။

ကိုကို မကြည့်ချင်သလို ကူးကလည်း ကိုကို့နားမှာ နေရတာ ပျော်ဖို့ထက် အမိန့်ရှင်တစ်ယောက်ရဲ့ လက်အောက်ငယ်သား တစ် ယောက်လို အမြဲတမ်း ဆူငေါက်တတ်တဲ့အခြေအနေကို မလိုလားဘူး။

ကူး မတ်တတ်ထရပ်လိုက်စဉ် ကူးလက်တစ်ဖက်ကို ကိုကိုက အရှိန်နှင့်ဆွဲလိုက်ခြင်းကြောင့် ကူး ဖရိုဖရဲနှင့် ကိုကို့ရင်ခွင်ထဲ ရောက်ရှိ သွားခဲ့၏။ ကိုကိုက ဘာစကားမှ မပြောဘဲ ကူး မျက်နှာလေးကို ရင်ဘတ်မှာ ဖိကပ်ကာ ခပ်တင်းတင်းပွေ့ဖက်ထား၏။ ကူး အတင်းရုန်း ရင်း –

"ဟင့်အင်း လွှတ်ပါ၊ ကူးတို့နှစ်ယောက်က ဘယ်တော့မှ မဖြစ်နိုင်လို့ ပြန်စဉ်းစားမှ ဖြစ်မယ်"

"တော်စမ်း ... ဘာမှမပြောနဲ့။ ဘာမှမကြားချင်ဘူး"

ကိုကိုက လေသံမာမာနှင့် အမိန့်ပေးသည်။ ကူး မျက်ရည် တွေ ပိုကျလာကာ ငိုရှိုက်သံများပင် ထိန်း၍ မရတော့ချေ။ ကိုကိုက အခုမှ အသက်ဝင်လာသူတစ်ယောက်လို ကူးကိုထိလျှင် ပဲ့ကြွေမှာ ကြောက်ဟန်နှင့်။

"ဆောရီး ... ဘာလို့စဉ်းစားရမှာလဲ ကူးရယ်။ ကိုကိုက ကူးကို ချစ်တယ်။ ထပ်ခါတလဲလဲ ပြောနေတာကို မယုံဘဲ ဘာလို့ သံသယဖြစ်နေရတာလဲ။ ကူးကို ဝမ်းနည်းစေချင်လို့ မဟုတ်ဘူး။

ကိုကိုပြောမယ် နားထောင်။ ကူးကို စာရွက်တစ်ခုပေါ်မှာ လက်မှတ်ထိုးပြီး မယူသေးသရွေ့ လက်ဖျားနဲ့တောင်မထိဘူး။ ကိုကိုသိပ်ချစ်တဲ့ကလေးကို အဲဒီလို တန်ဖိုးမဲ့လုပ်ရက်ပါ့မလား။ မနက်ဖြန်ဆိုတာ မသေချာဘူး။ မေလေးတို့ရောက်လာခဲ့ရင် ကူးကို ပြန်ခေါ်သွားရင် ကိုကို မခံစားနိုင်ဘူး။ ကိုကိုနဲ့ဝေးရာကို ထွက်မသွားပါနဲ့၊ မသွားပါနဲ့ ကလေးရယ်။ အဲဒီကတိကို ပေးမယ်မဟုတ်လားဟင်၊ ပေးမယ် မဟုတ်လား''

ကိုကိုက ကူးကို ခပ်တင်းတင်းဖက်ထားပြန်သည်။ ကူး ကိုကို့ပခုံးမှာ မေးတင်မိရင်း အခုလို ကိုကိုခံစားနေရတော့လည်း ငိုချင်သွားသည်။ ကိုကို့ခံစားချက်တွေ သက်သာလို သက်သာငြား ကူး ကိုကို့ခါးကို ပြန်ဖက်မိတော့ –

''ဝမ်းသာလိုက်တာ ကလေးရယ်''

❋ ❋ ❋



## အခန်း (၄၅)

တခြားယောကျ်ားတစ်ယောက်နဲ့ လိုက်ပြေးသွားကြည့်၊ အမွှေဖြတ်ပြီးကွယ်ရာမှာ မျက်ရည်ကျနေမယ့်အမေထဲမှာ ငါမပါဘူး။ ငါသေရင်တောင် လာစရာမလိုဘူး။

မေမေသဘောတူရင် ဘယ်လိုမိန်းမ,မဆို ငါလက်ခံနိုင်တယ် ဆိုသော ကိုအောင်ရဲ့အသံကို ပြန်ကြားယောင်မိတော့ ကူး ကြက်သီးထသွားမိသည်။ ထို့ပြင် ဒီကိုလိုက်လာခဲ့ခြင်းအတွက် နောင်တမရမိသလို၊ ကိုကို့ကိုလည်း အပြစ်မတင်ဖြစ်တော့ချေ။ ကိုကိုနှင့်လက်ထပ်ဖြစ်ခဲ့လျှင် ကူးသဘော၊ ကူးအလိုကျဖြစ်စေမှာကိုလည်းသိသည်။

ထမင်းစားခန်းထဲက ထွက်လာသော ကိုကို့ပုံစံကြောင့် ကူး အသာပြုံးရင်း အကြည့်လွှဲမိသည်။

အငွေ့တထောင်းထောင်းဖြစ်နေသော ပန်ကန်လုံးနှစ်လုံးနှင့် ဘာတွေလုပ်လာသလဲတော့မသိချေ။

"ဗိုက်ဆာနေမှာစိုးလို့ ကိုကိုကတော့ ဆာနေပြီ ရော့"

ကူး ကိုကိုကမ်းပေးသော ခေါက်ဆွဲပန်းကန်ကို ယူထားပေမယ့် မစားဖြစ်ချေ။ ကိုကိုစားနေတာကိုသာ ငေးမိတော့ ကိုကိုက မော့ကြည့်သည်။

"စားလေ ဘာလဲ မကြိုက်ဘူးလား"

"ဟင့်အင်း . . . ဗိုက်မဆာဘူး"

"ဟုတ်လို့လား"

ကူး ခေါင်းညိတ်ပြပြီး ခေါက်ဆွဲပန်းကန်ကို စားပွဲပေါ်တွင် တင်တော့ ကိုကိုလည်း ဆက်မစားတော့ချေ။

"စားလေ ဘာဖြစ်လို့လဲ"

"တော်ပြီ . . . ကိုကိုလည်း ဝပြီ"

ကူး သက်ပြင်းချမိတော့ ကိုကိုက ကူးဘေးမှာဝင်ထိုင်သည်။ ကူး ဟိုဘက်အနည်းငယ်တိုးစဉ် မိုးများတဝုန်းဝုန်းနှင့်ရွာသည်။

ကိုကိုက တံခါးတွေသေချာလိုက်ပိတ်သည်။ ပြီးတော့ ခုနက ထိုင်ခဲ့သော ကူးနံဘေးတွင် ဝင်ထိုင်ကာ –

"ကူး စိတ်ထဲမှာ တစ်ခုခုဖြစ်နေလား"

"ဟုတ်တယ် ကိုကို။ ကူးတို့လုပ်ရပ်တွေက သူများတွေကို ထိခိုက်စေတယ်။ ကူးကိုယ်တိုင်လည်း မေမေ့ကို ရင်မဆိုင်ရဲဘူး"





"ကူးရယ်"

ကိုကိုက ကူးလက်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ –

"အဲဒါတွေ မစဉ်းစားပါနဲ့တော့ ကူးရယ်။ ကိုကိုကတော့ ကူးကို ဘယ်လိုမှ လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး။ ဒီနေရာကို မေလေးတို့ မသိနိုင်ပါဘူး။ ဒါနဲ့ ဒီနေ့ ဘာနေ့လဲ"

"စနေနေ့လေ ဘာလို့လဲ"

ရှုံ့မဲ့သွားသော မျက်နှာကို နားမလည်စွာမေးတော့ –

"စနေ တနင်္ဂနွေ (၂) ရက်တောင်ခံနေတာ လက်မှတ်မထိုးရသေးခင် မေလေးတို့ရောက်လာပြီး ကူးကို ပြန်ခေါ်သွားမှာပါ"

ကူးလည်း ကိုကို့ကဲ့သို့ တွေး၍ ပူပန်မိသွားသည်က ကူးတို့ကို မေမေတို့ပြန်တွေ့ပြီး ကိုအောင်နဲ့လက်ထပ်ဖို့ အားခြင်းစုံစမ်းမှာကိုဖြစ်သည်။

"လက်မှတ်မရှိရင်တောင် ကူးဆီက တစ်ခုခုကို အပိုင်ရထားချင်တယ်"

ကိုကို့စကားကြောင့် ကူး လန့်သွားကာ ဆိုဖာဘက်သို့ ပိုတိုးကပ်မိသည်။

"ကိုကိုလိုချင်တာက ကူးရဲ့အချစ်ကို"

"ကူးတို့က မောင်နှမတွေပဲ"

"အိပ်ချင်ယောင်ဆောင်တဲ့သူက အနိုးရခက်တယ်တဲ့"

ကိုကို့စကားကြောင့် ကူး မျက်နှာလွှဲရင်း အပြုံးတကြီး

ရွာနေသော မိုးကို ငေးမိတော့ –

"အို"

ကိုကိုက ကူးပခုံးကိုဆွဲပြီး ဖက်သဖြင့် ကူး ရုန်းဖယ်တော့ ကိုကိုက ကူးကိုမလွှတ်ဘဲ –

"ကိုကိုအသည်းယားအောင် မလုပ်နဲ့နော်"

ခပ်ကြိတ်ကြိတ်ပြောလိုက်သောကြောင့် ကူး မျက်နှာနီရဲသွားကာ –

"ကူးက ဟိုးငယ်ငယ်လေးကတည်းက ကိုကို့ကို ချစ်ခဲ့တာ"

"မဟုတ်ဘူး။ အဲဒီလို မောင်နှမအချစ် မလိုချင်ဘူး"

ကလေးဆိုးတစ်ယောက်လို ပြောသောကိုကို့စကားကြောင့် ကူး အသာခေါင်းကုတ်ကာ –

"ခက်လိုက်တာ"

"ဘာမှခက်စရာအကြောင်း မရှိဘူး"

"တီးတောင်"

တံခါးဘဲလ်တီးသံကြောင့် ကူးကော ကိုကိုပါ အကြည့်ချင်းဆုံသွားသည်။ ကိုကိုက လှုပ်လှုပ်ရှားရှားနှင့် –

"မင်းသူတို့ထင်တယ်"

"မေမေတို့လည်း ဖြစ်နိုင်တာပဲ"

"မဖြစ်နိုင်ဘူး။ ဒါပေမဲ့ . . . မသေချာဘူး။ ကူး ကိုကို့ရဲ့နောက်မှာနေနော်"





ကိုကိုက တံခါးဖွင့်ရန် ထွက်သွားသည်။ ကူးက ကိုကို့နောက်မှ ခပ်ခွာခွာရပ်ရင်း ရင်တထိတ်ထိတ်နှင့်ဖြစ်နေစဉ် ကိုကိုက တံခါးဖွင့်လိုက်သည်။

"မေလေး"

"ဟင်"

"ဖြန်း"

တံခါးဖွင့်လျှင် ဖွင့်ချင်း မေမေက ကိုကို့ရဲ့ပါးကို ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်သည်။ ကူး ဖျတ်ခနဲ အိမ်ထဲလှည့်ပြေးဝင်ခဲ့သည်။ မေမေက ကူးကိုမမြင်လိုက်ချေ။

"ဘယ်မှာလဲ ငါ့သမီး"

"ကူးကို ကျွန်တော် ပြန်မထည့်ပါရစေနဲ့ မေလေး။ ကူးကို ကျွန်တော် မခွဲနိုင်လို့ပါ"

"ဘာ . . . မင်းက"

မေလေးက ဒေါသတကြီး အော်သည်။ မေငယ်နှင့်မေကြီးက ဘာဝင်ပြောရမှန်းမသိသလိုနေသည်။

"မင်းကို ယုံကြည်မိတာ ငါတို့သားအမိရဲ့အမှားပဲ။ ငါ့သမီးရဲ့အညွန့်ကိုချိုးတာ။ မင်းကိုငါ မကျေနပ်ဘူး။ ငါ့ရဲ့သမီးနဲ့ မင်းလိုလူကို ဘယ်တော့မှသဘောမတူဘူး။ မွေးစားထားတဲ့ကျေးဇူးကိုမထောက်"

"မေလေးတို့ ပြောချင်သလိုပြောပါ ကျွန်တော် ကူးကို ပြန်မထည့်နိုင်ဘူး"

"မထည့်လို့ရမလား။ ငါ့သမီးကို ခေါ်ထုတ်ပေး"

"ရင်ရင် … ဖြည်းဖြည်းသက်သာပြောပါအေ"

ကျယ်လောင်စွာအော်လိုက်သော မေလေးအသံကို မေကြီးက ဟန့်တားသည်။

"ဒါဆိုရင် သမီးကိုပြန်ခေါ်ပေးနိုင်းလေ။ မကြီးတို့သားကို ရအောင်ပြောပေး။ ပြီးမှ ရုံးရောက်ဂါတ်ရောက်နဲ့ ရင့်ကို အဆိုးမဆိုပါနဲ့"

"မရဘူးနော် မေကြီး။ သားရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး"

"သားရယ် ပြီးမှ အကောင်းဆုံးနည်းလမ်းကို မေကြီးတို့ စဉ်းစားကြတာပေါ့။ သမီးကို ထည့်ပေးလိုက်ပါ"

"မထည့်ပါရစေနဲ့ မေကြီး။ သားက မေကြီးတို့သဘောမတူလည်း ကူးကိုလက်ထပ်ဖို့ ဆုံးဖြတ်ပြီးသား"

"ခက်တာပဲကွယ်"

"မေလေး"

သူနှင့်မေကြီးတို့ အချီအချပြောနေစဉ် မေလေးက ရုတ်တရက် သူ့ကိုတိုးတိုက်ပြီး အိမ်ထဲသို့ဝင်သွားသည်။ နောက် တစ်ခန်းဝင်တစ်ခန်းထွက်ရှာကာ ပါးစပ်မှလည်း –

"သမီး မေမေတို့နဲ့ပြန်လိုက်ခဲ့။ မေမေ အားလုံးခွင့်လွှတ်တယ်။ ဒါ ငါ့သမီးသဘောမပါဘဲ သွေးဆောင်ဖြားယောင်းတာ မေမေ





သိတယ်။ သမီးကို မေမေ ဘာမှ အပြစ်မတင်ဘူး။ ထွက်ခဲ့သမီး"

တတွတ်တွတ်ပြောရင်း ဝရန်တာဘက်သို့အရောက် –

"သမီး"

မေမေ အိမ်ပြင်သို့ထွက်လာတာမြင်တော့ ကူး ဝရန်တာပေါ်သို့တက်ပြီး မက်တပ်ရပ်လိုက်သည်။

အိမ်က တစ်ထပ်ခွဲတိုက်ပုမို့ ဝရန်တာက မြင့်တယ်ဟု မပြောနိုင်သော်လည်း နိမ့်တော့မနိမ့်ချေ။ လူတစ်ရပ်ခွဲ နှစ်ရပ်နီးပါး ဖြစ်သည်။

"ကူးလေး အဲဒီလိုမလုပ်နဲ့"

ကိုကိုက ကူးကိုတားသည်။ ကူး လက်တစ်ဖက်က နံရံမှာ လှမ်းထိန်းရင်း မေမေကိုပဲစိုက်ကြည့်ကာ –

"ကူး ကိုအောင်ကို လက်မထပ်နိုင်ဘူး။ ကိုကို့ကိုလည်း ရုံးရောက် ဂါတ်ရောက်အရှက်ရအောင် မလုပ်ပါနဲ့ မေမေရယ်"

"ညည်း"

ဒေါ်ရင်ရင် မျက်နှာနီရဲသွားကာ –

"ဩော် … ညည်းက ငါ့ကို ခြိမ်းခြောက်နေတာပေါ့ ဟုတ်လား မိလတန်ရှူး။ အေးပေါ့လေ … အရွယ်လေးရလာတော့ မအေမိဘကို ဒီလိုကျေးဇူးတုံ့ပြန်နေတတ်ပြီပေါ့"

ကူး မျက်ရည်ကိုသုတ်လိုက်စဉ် ဟန်ချက်ပျက်ကာ အောက်သို့ ပက်လက်လန်ကျသွားသည်။

"ကူး"

"ကူးလေး"

"သမီး"

"အမယ်လေး ရင့်သမီးတော့ ကိုယ်ကျိုးနည်းပြီထင်ပါရဲ့ မကြီးရယ်"

"အခုမှတော့ ဘာတတ်နိုင်မှာလဲ ရင်ရင်ရယ်။ ညည်းပဲ ကလေးကို စိတ်ချောက်ချားအောင် အမျိုးမျိုး ခြောက်လန့်ပြီးတော့ ဟိုက ကြောက်တာတောင် နည်းသေးတယ်"

"မဟုတ်ပါဘူး မမတင်ရယ်။ ကျွန်မသမီးလေးကို ကျွန်မက အဲဒီလိုဖြစ်စေချင်ပါ့မလား"

မကြီးနှင့်မလေးတို့က အချင်းချင်း ငိုယို၍ ပြောမဆုံး။ ကူးကတော့ သူ့လက်ထဲတွင် သွေးအလိမ်းလိမ်းနှင့် ဘယ်လိုခေါ်ခေါ် မထူးနိုင်တော့ချေ။

"တော်ပါတော့ . . . အခုမှ မေလေးတို့ရဲ့စကားတွေ ဘာလုပ်ရတော့မှာလဲ"

"အတာ"

မည်သူ့ရဲ့ခေါ်သံကိုမှ ဂရုမစိုက်နိုင်ဘဲ နီးစပ်ရာ ဆေးခန်းသို့ ရောက်အောင် ကားကို မောင်းလာစဉ် မေလေးတို့ ကားကလည်း နောက်မှ လိုက်ပါလာသည်။

ဝီဆေးခန်းတွင် လူရှင်းနေ၍ တော်သေးသည်။





ဆရာဝန်ကလည်း သူ ကူးကိုပွေ့လာတာမြင်တော့ ချက်ချင်းပဲ စစ်ဆေးပေးပါသည်။

"ဘာနဲ့ခိုက်မိတာလဲ"

"အိမ်ဝရန်တာပေါ်က ပြုတ်ကျလို့ပါ ဆရာ"

"တော်သေးတာပေါ့၊ နောက်စေ့တည့်တည့်မထိလို့ သိပ်တော့ စိတ်မပူပါနဲ့။ ဂျိုစောင်းပေါက်သွားတာ ချုပ်ရပါမယ်"

"ဗျာ . . . ချုပ်ရမယ်ဟုတ်လား ဆရာ"

သူ့နှုတ်မှ ထိတ်လန့်တုန်လှုပ်စွာ ထွက်ပေါ်လာသည်။ ကူးကို အနာရွတ်မထင်အောင် သူ ဂရုမစိုက်နိုင်ပါလား။ သူ့ကိုယ်သူ ဒေါသဖြစ်လာသည်။

ဆရာဝန်က ချုပ်ဖို့ပြင်နေစဉ် မေလေးတို့ရောက်လာသည်။ အမေသုံးယောက်စလုံးက အငိုမျက်နှာတွေကိုယ်စီနှင့် ဖြစ်လေသည်။

"သား . . . သမီးလေးကော သက်သာရဲ့လား"

"ချုပ်ရမယ်တဲ့။ ကျန်တာတော့ စိုးရိမ်စရာမရှိပါဘူး"

ကူးက သူ့သွေးသူပြန်မြင်ကာ သတိလစ်သွားခြင်းဖြစ်သည်။ ထုံဆေးနှင့် ချုပ်၍ပဲ တော်တော့သည်။ အပ်ဝင်သွားတိုင်း –

"ကျွတ် ကျွတ်"

"အမယ်လေး လေး"

မေလေးတို့က စုတ်တသတ်သတ်နှင့် မျက်နှာလွှဲသွားသည်။ သူကတော့ ကူးထံမှ အကြည့်မခွာနိုင်ချေ။ ကူးရဲ့လက်ကို တင်းကျပ်စွာ

ဆုပ်ကိုင်ထားရင်း . . .

"ကိုကိုနဲ့ကူးကို မခွဲပါနဲ့"

ဆိုသော အသံလေးကိုကြားယောင်နေမိသည်။ ကူးရေ . . . ကူးကို ဘာမှအဖြစ်မခံနိုင်ပေမယ့် ကိုကို့ကြောင့် ကူး ထိခိုက်ဒဏ်ရာ ရနေရပြီ။

ဒဏ်ရာကတော်တော်များသဖြင့် ငါးချက်ချုပ်လိုက်ရသည်။

"သိပ်စိတ်မပူပါနဲ့။ မကြာခင် လူနာသတိရတော့မှာပါ။ သွေးအားက အရမ်းနည်းနေတယ်။ အနာကျက်ဆေးနဲ့ အားဆေးတွေ ပေးလိုက်မယ်။ အနာကျက်ရင် ချုပ်ရိုးဖြည်ရမယ်။ လူနာသတိရလာအောင် ခဏစောင့်လိုက်ကြဦးပေါ့"

* * *



## အခန်း (၄၆)

"အခုမှပဲ စိတ်အေးရတော့တယ်။ ကော်ဖီလေး, ဘာလေး သွားသောက်ဦးမှပဲ"

မေငယ်က အကြောင်းပြချက်တစ်ခုနှင့် ထွက်သွားတော့ မေလေးကလည်း မေငယ်နောက်သို့ လိုက်သွားသည်။ မေကြီးကတော့ သူတို့ကို ရယ်ပြရင်း . . .

"အင်း . . . လူငယ်တွေကို တို့များကတော့ လိုက်မမီပါဘူး။ ဘုရားရှိခိုးလိုက်ပါဦးမယ်"

အလျှိုလျှို အကြောင်းပြချက်ကိုယ်စီနှင့် ထွက်သွားသော မေလေးတို့ကို ကူးက နားမလည်စွာ ကြည့်နေရှာသည်။

သူကတော့ မေလေးတို့ ရှောင်ထွက်သွားခြင်းကို သိနေသဖြင့်

ရင်တခုန်ခုန်ဖြင့် ကူးကိုလှည့်ကြည့်လိုက်သည်။

ဆေးခန်းကနေ အိမ်ရောက်တဲ့အထိ မေလေးတို့က ကူးကို ဘာစကားမှ မပြောသေးပါ။ သူကသာ မေလေးတို့ရဲ့အကွက်ဆင်မှုကို သိနေသဖြင့် ပျော်နေမိသည်။

တကယ်တော့ မေလေးတို့ကလည်း ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကဖိတ်ဖို့ ဆန္ဒရှိသော်လည်း ကူးရဲ့သဘောထားကို သိ ချင်သေးတာမို့ ဤကဲ့သို့ စမ်းသပ်ခြင်းဖြစ်ရာ အစမ်းသပ်လွန်သဖြင့် ကူးခမျာ သေကံမရောက် သက်မပျောက်ခဲ့ပေ။

အိမ်ရောက်တော့ ကူးကို သူတွဲသည်။ ကူးက မေလေးကို လှမ်းကြည့်ပြီး မျက်လွှာချကာ သူတွဲတာကိုလက်ခံခဲ့ခြင်းဖြစ်သည်။ အရာအားလုံးကို သိနေသည့်သူကတော့ စိုးရွံ့ထိတ်လန့်ခြင်းမရှိတော့ပါ။

အားလုံးထွက်သွားတာကိုကြည့်ပြီး ကူးက သူ့ကို ကျောခိုင်းပြီး တစ်ဖက်သို့လှည့်သွားသည်။ ကူးရဲ့ခေါင်းတွင် ပတ်တီးနှင့်ပတ်ထားသည်။

ငြိမ်သက်လွန်းသောအနေအထားကြောင့် သူ မနေတတ်တော့ဘဲ -

"ကူး"

"ကျေးဇူးပြုပြီး ကိုကိုလည်း သွားပါတော့။ ကူးတစ်ယောက်တည်း နေပါရစေ"





"ဟင်"

ဟိုမှော်ဘီအိမ်မှာတုန်းကလေသံနှင့် ဘာမှမဆိုင်စွာ ကူးရဲ့လေသံက ခပ်စိမ်းစိမ်းထွက်လာသဖြင့် သူ အံ့ဩတုန်လှုပ်သွားကာ-

"ကူး ဘယ်လိုပြောလိုက်တာလဲ၊ ပြန်ပြောစမ်း . . . ခုနက စကားကို"

"ဟုတ်တယ်လေ၊ ဒီလိုအခြေအနေတွေ မဖြစ်နိုင်ပါဘူးလို့ ပြောထားလျက်နဲ့ ကိုကို တစ်ဖွတ်ထိုးဆန်လို့ အခုလိုဖြစ်တာ။ လူကြီးတွေ ငြိုငြင်တာခံရတာ။ ဘာမှမဟုတ်ဘဲနဲ့"

"တော်တော့ ကူး . . . ဘာကို ဘာမှမဟုတ်တာလဲ"

စိမ်းကားအေးစက်သောစကားသံကို မခံနိုင်စွာ ကူးနှင့် မျက်နှာချင်းဆိုင်ဖြစ်ဖို့ တစ်ဖက်သို့ကူးခဲ့သည်။ ကူးကတစ်ဖက်သို့ ပြန်လှည့်ဖို့ကြိုးစားစဉ် သူက ကူးရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ ကူးက မျက်ရည်တွေနှင့်။ သူ့ရဲ့လက်တွေ တဖြည်းဖြည်း လျော့သွားကာ။

"ကောင်းပြီလေ၊ အခုချိန်မှာ ကူးက လူမမာတစ်ယောက်မို့ ကိုကို ဘာမှပြိုင်မပြောချင်ဘူး။ ဒါပေမဲ့ . . . တစ်ခုတော့မှတ်ထားပါ။ ကူးရဲ့စကားကို ချေပဖို့အတွက် ကိုကိုစောင့်နေမယ်"

သူ လှည့်ထွက်ခဲ့သည်အထိ ကူးထံမှ တစ်စုံတစ်ရာမကြားရချေ။

ချုပ်ရိုးကျက်သောအခါ မေမေတို့က မင်္ဂလာပွဲဖြစ်မြောက်ဖို့

အတွက် အစီအစဉ်တွေဆွဲနေကြသည်။

ကူးကတော့ နှစ်ပတ်နီးပါး ငြိမ်ငြိမ်သက်သက် နေခဲ့ရသဖြင့် ပျင်းရိနေရသည်။

မင်္ဂလာပွဲကို စီစဉ်နေသော်လည်း ကိုကိုက ကူးကို ရှောင်နေသည်။ ထို့အတွက်ကို မခံချင်စိတ်ဖြစ်မိသည်။

ကိုကိုဟာ ကူး ရင်းနှီးပတ်သက်ခဲ့ဖူးသောအစ်ကိုတစ်ယောက် မဟုတ်သလိုပါ။ ကိုကိုနှင့်လက်ထပ်လျှင် ကူး သဘောအလိုကျ ပျော်ရမည်ဟုထင်ခဲ့ဖူးသော်လည်း တကယ်တမ်းကျတော့ ကိုကိုက ကူးသဘောထက် သူဖြစ်ချင်တာတွေ လုပ်သွားသည်။

ကူးကို အမြဲတမ်းအလိုလိုက်ခဲ့ဖူးသော ကိုကိုမဟုတ်သလိုပင်။ ကူး သိပါပြီ။ ကိုကိုက ကူးကို ကလေးဆန်တယ်ဆိုပြီး ဘယ်မှာ လူရာသွင်းချင်ပါ့မလဲ။

ကူးက ခံစားတတ်ပါတယ် ကိုကို။ ဟိုနေ့က ကိုကို စိတ်ကို ကူး တမင်စမ်းသပ်ခဲ့တာပါ ကိုကို။ ကိုကို့မှာ ဒေါသကြီးတဲ့စိတ် ရှိတယ်။ ပြီးမှ ပြန်ချော့ချင်ချော့မယ်။ အခုတော့ ပြောချင်တာ ပြောလိုက်ရမှဆိုပြီး ပြောတယ်။

ကူးက နာတတ်တယ်။ အဲဒီလိုလေသံတွေကို မုန်းလို့ ကိုအောင့်လက်ထဲက ရုန်းထွက်ချင်ခဲ့တာ။

ဒီနေ့ဆိုလျှင် ဖိတ်စာအပ်ဖို့အတွက် အားလုံး အလုပ်ရှုပ်နေခဲ့ကြသည်။ ကူးရင်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ရှိနေခဲ့သည်။ ကိုကိုက





ကူးကို ဘယ်တော့မှ အထင်ကြီးမည်မဟုတ်။ ချစ်တာတစ်ခုတည်းနှင့် ဘဝမှာ ဘာမှပြီးသွားမည်မဟုတ်။

သူများနောက်တွင် ဖြည့်ဆည်းပေးရသောဘဝမှာ ကူးရဲ့ ဘဝကို မမြှုပ်နှံနိုင်ချေ။ ဒီတော့ –

''မေမေတို့ကို သမီး ပြောစရာရှိပါတယ်''

ဧည့်ခန်းထဲ၌ မေလေး၊ မေငယ်၊ မေကြီးနှင့်ကိုကိုတို့ရှိနေသည်။

ကူးရောက်လာသဖြင့် ကိုကိုက ဖိတ်စာရေးထားသည့်နမူနာ ကိုကိုင်ပြီး ထသွားဖို့ပြင်သည်။ ကူးရင်ထဲ၌ ဖျင်းခနဲဖြစ်သွားကာ –

''နေပါကိုကို ... ဒီစကားဝိုင်းမှာ ကိုကိုလည်း သက်ဆိုင်ပါတယ်။ ကူးပြောတဲ့စကားကို နားထောင်ပေးပါ''

ကိုကို မေမေ့ဘေးတွင် ထိုင်ချလိုက်သည်။

''ကူးလေး ဘာပြောမှာလဲ''

မေကြီးက လှမ်းမေးသည်။ မေမေကတော့ ကူးရဲ့မျက်နှာပုံစံကိုကြည့်ပြီး တဖြည်းဖြည်း မျက်မှောင်ကုတ်လာသည်။

''အခု မေကြီးတို့ဘာလုပ်နေကြတာလဲ''

''ဖိတ်စာအတွက် စာစီနေတာလေ။ ဘာလဲ သမီးကော ဘာအကြံပေးချင်လို့လဲ''

ဒီရဲ့စကားက ကိုကိုပြောရမယ့်စကားပါ မေကြီးရယ်။ ကိုကိုက ဟင့်အင်း၊ မတွေးချင်ဘူး။

"နေပါဦး ကိုကို့ ဒီမင်္ဂလာပွဲကို လက်ခံဖို့ ဘယ်သူက ခေါင်းညိတ်ခဲ့လို့လဲ။ မေကြီးတို့ကကော ဘာလို့ ကူးကိုအသိမပေးဘဲ ကူးရဲ့သဘောထားကို မမေးဘဲ လုပ်နေကြတာလဲ။ ကူးက အတပ်လက်ခံမှာပဲလို့ ဘာလို့ထင်ရတာလဲ"

"ကူး . . . နင်"

ကိုကို့မျက်လုံးတွေက မယုံနိုင်စွာ။ ကူး ကိုကိုနှင့် အကြည့်ချင်းဆုံသွားပြီးမှ အားလုံးရဲ့ဒေါသအကြည့်ကို ရင်ဆိုင်လိုက်ရသည်။

"မိလတန်နွား . . . ညည်းလုပ်ချင်သလို လုပ်သွားခဲ့တယ်။ အခုတော့တစ်မျိုး။ ညည်း ဘာအချိုးချိုးတာလဲ။ မရိုက်ဘူးလို့ အောက်မေ့မနေနဲ့"

မေမေက မနေ့တစ်နေ့ကမှ ချုပ်ရိုးဖြည်ထားသောကြောင့် ကူးကို သက်ညှာလိုက်သည်ထင်။

"နေပါဦး . . . နေကြပါဦး။ ငါပြောပါရစေဦး ရင်ရင်။ ကူးရယ် ဘယ်လိုဖြစ်ရတာလဲ၊ မေကြီးကို ပြောပါ။ ဘာကိုမကျေနပ်လို့လဲ၊ မေကြီး ဖြေရှင်းပေးမယ်"

ကူး မျက်လွှာချလိုက်သည်။ ကူး အရွဲ့တိုက်တတ်တာ ကိုကို မေ့သွားပုံရသည်။

ကူးအပေါ်မှာ လေးနက်သလိုလိုပုံရိပ်ကို မော်ဘီမှာနေတဲ့ ကာလလေးပဲ တွေ့ရသည်။ ဒီရောက်တော့ ကူးကိုစိတ်ဆိုးပြီး ကိုကို စိတ်ဆိုးလျှင် ပြုနေကျအတိုင်း ကူးကိုလှည့်မကြည့်၊ စကားမပြောချေ။





အဲဒီအခြေအနေကို ကူး ရင်မဆိုင်ရဲဘူးကိုကို။

အိမ်ထောင်တစ်ခုကို နှစ်ယောက်အတူ ထူထောင်တဲ့အခါမှ ကိုကိုက စိတ်ဆိုးတိုင်းစကားမပြောရင် ကူးကပဲ လိုက်ချော့ရမလား။ ဒါမှမဟုတ် ငယ်ငယ်လေးကတည်းက အတူတူနေလာခဲ့လို့ နားလည်ပေးနိုင်မယ်လို့ ယူဆထားသလား။

"ကိုကိုနဲ့ပတ်သက်တဲ့မင်္ဂလာပွဲကို မစီစဉ်ပါနဲ့။ ကူးလက်မခံနိုင်ပါဘူး"

"ညည်း ပတ်ဝန်းကျင်မှာ ခိုးပြေးပြီလို့ နာမည်ထွက်ခဲ့ပြီးမှ အခုလို"

"ကူးတို့ ဘာမှဖြစ်ခဲ့ကြတာမှ မဟုတ်တာ မေမေရယ်။ အဲဒီတော့ နောက်ဆုံးစကားပြောပါရစေ။ ကိုကို့ကို ကူးလက်မထပ်နိုင်ဘူး"

ကိုကို့ကိုမကြည့်မိအောင် အားတင်းပြီး ကူး အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ အိပ်ခန်းထဲသို့ရောက်သောအခါ ထိန်းချုပ်ထားသော မျက်ရည်တွေကို သွန်ချမိတော့သည်။

* * *

## အခန်း (၄၇)

မင်္ဂလာဆောင်ကို ရက်အကန့်အသတ်မရှိ ရွှေ့လိုက်ကြောင်း သတင်းစာတွင် မေကြီးတို့က ထည့်သည်။

ထိုအရာကိုတော့ ကူး မသိချေ။

ကိုကိုက ကူးကို ရှောင်နေသလို ကူးကလည်း ကိုကို့ကို ရှောင်နေရင်း ...

''ကူးကို ခရီးထွက်ခွင့်ပြုပါ မေမေ''

မေမေက ကူးကို ဘာမှမပြောချင်တော့သည့်အလား မဆူ မငေါက်တော့ပေမယ့် မျက်နှာခပ်တည်တည်နှင့် –

''ဘယ်သွားမှာလဲ''

''နွယ်ဝေတို့နဲ့ ပြင်ဦးလွင်လိုက်သွားမလို့ပါ''





တကယ်တော့ ကူး ကိုကို့အနီးက ရှောင်ထွက်လာခြင်းဖြစ်သည်။

ငယ်ငယ်ကတည်းက အတူတကွ နေထိုင်လာသည့်အစ်ကိုပဲ။ ကူးက ကိုကို့ကိုခေါ်ချင်ပြောချင်မိမည်။ ကိုကိုကတော့။

''ညည်းက ညည်းလုပ်ချင်တာတွေပဲ လုပ်နေတာ ငါ ဘာလို့ ကောရမှာလား''

''အဲဒီလိုမပြောပါနဲ့ မေမေရယ်။ ကူးက အဲဒီလို ဥပေက္ခာ တရားတွေကို မခံစားနိုင်လို့ ကိုကို့ကို လက်မခံခဲ့တာ။ ချစ်နေတာကို တစ်သက်လုံး ထိန်းထားရမယ့် သမီးရဲ့သောကကိုလည်း မေမေ စာနာ ပါဦး။ ကိုကို့ကို လက်မထပ်နိုင်တာကလွဲရင် ကိုကို့ကို ချစ်ပါတယ်''

ထိုစကားကို တံခါးအပြင်၌ရပ်နေသူတစ်ဦး ကြားသွားသည် ကို ဘယ်သူမှမသိချေ။

တကယ်တမ်း နွယ်ဝေနှင့် ပြင်ဦးလွင်လိုက်ခဲ့ရတာကို ကူး မပျော်ပါ။ နွယ်ဝေတို့က သွားလည်ချိန် ကူးက တည်းခိုသည့်အိမ်တွင် ကျန်ခဲ့သည်။ အိပ်ရာထဲမှာပဲ တခွေခွေဖြစ်နေသော ကူးကို ကြာလာ တော့ နွယ်ဝေက –

''ဟိတ်ကောင် ... နင့် အဲဒီစိတ်နဲ့ပဲ တဖြည်းဖြည်း လုံးပါးပါး လာတော့မယ်နော်။ ကိုယ့်စိတ်ကိုယ်မနိုင်ရင်လည်း လက်ခံပေါ့ဟာ။ ခံစားရကာမှ ခံစားရကော''

''ဟင့်အင်း ... ကျေးဇူးပြုပြီး အဲဒီအကြောင်းတွေ မပြောပါနဲ့

နှယ်ဝေရယ်။ ငါ မေ့ထားပါရစေ"

ပြင်ဦးလွင်မှာ တစ်ပတ်ခန့်ကြာပြီး ရန်ကုန်ကိုပြန်ရောက်လာသောအခါ အိမ်မပြန်ဘဲ နှယ်ဝေတို့ဆီမှာပဲ နေဖြစ်သည်။

နှယ်ဝေတို့မိဘတွေက ဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားပြီး အစ်မလင်မယားက အိမ်သက်သက်ခွဲနေသဖြင့် ကူးတို့ လွတ်လပ်နေကြသည်။

ကူးကတော့ မအိပ်နိုင် မစားနိုင် အခြေအနေဖြင့် လုံးပါးပါးလာခဲ့သည်။ နှယ်ဝေကတော့ ကူးအပြောကြီးခဲ့လို့ အခုလိုခံစားရတာတဲ့။

"ဟဲ့ကူး ... ငါ ရန်ကုန်ဘက်သွားသေးတယ်။ နင့်အစ်ကိုနဲ့ မခင်သန္တာကို အတူတွေ့တာဟ။ နင် ကြာကြာရှောင်နေဖို့ မလိုတော့ဘူးထင်တယ်"

"ဟင်"

ဒီလိုဖြစ်ဖို့ မျှော်လင့်ခဲ့ပေမယ့် တကယ်ဖြစ်လာသည်ဆိုသောအခါ ကူး ရှော့ရသွားသည်။ ကိုယ့်ကိုယ်ကိုယ် မလဲသွားအောင် ထိန်းချုပ်ရင်း နှယ်ဝေက ကူးကိုလိုက်ပို့ပေးသည်။

တိုက်ဆိုင်စွာ ကိုကိုက မသန္တာကို ကားနှင့်အပို့ ကူးတို့က အဝင်ဖြစ်သည်။ ကိုကိုက ကူးကိုမကြည့်ပါ။ စိတ်နာလိုက်ပါ၊ မုန်းလိုက်ပါ ကိုကိုရယ်။

"ဟဲ့ ကူးလေး ... ကြည့်စမ်း ဘယ်လိုဖြစ်ပြီး"





"သန္တာကလည်း အခုပဲ ပြန်သွားတယ်၊ ဆရာဝန်ခေါ်မှ"

"ရတယ် မေကြီး။ ကူး ခဏအိပ်လိုက်ဦးမယ်။ ဘာမှမဖြစ်ပါဘူး။ နှယ်ဝေ ကျေးဇူးပဲဟာ။ နေအေးမှပြန်လေ"

"ငါ မြို့ထဲဝင်စရာရှိလို့ နောက်မှပဲအေးဆေးလာတော့မယ်လေ"

နှယ်ဝေ ပြန်သွားသည်နှင့် ကူးကို အံ့သြစွာကြည့်နေကြသည့် လူကြီးများကို မကြည့်ဘဲ အိပ်ခန်းထဲသို့ ဝင်ရောက်ခဲ့သည်။ တံခါးကို စေ့ပြီး အိပ်ပျော်ဖို့ ကြိုးစားရသည်။

အိပ်မပျော်ခဲ့သည့်ရက်တွေက မနည်းလှချေ။

အောက်ထပ်မှာ ကားရပ်သံကြားရသည်။ ကိုကို့ကို ရင်မဆိုင်ချင်သည်နှင့် အိပ်ဆေးသောက်ပြီး အိပ်ပျော်ဖို့ ကြိုးစားရန် အိပ်ဆေးပုလင်းထုတ်လိုက်သည်။

"ခွမ်း"

"ဟင်"

ကူးရဲ့လက်ထဲက ပုလင်းတွေ၊ ဆေးလုံးတွေ လွင့်ကျသွားကာ လူကအားနည်းရသည့်အထဲ ယိုင်သွားရုံမက လဲကျသွားသည်။

"ကိုကို"

"ဘာလဲ ... အဲဒါ ပြဿနာကို ဖြေရှင်းတဲ့နည်းပေါ့ ဟုတ်လား။ ဒီလိုဖြေရှင်းရုံနဲ့ ပြဿနာက ပြီးသွားမှာလား"

ကူး အိပ်ရာပေါ်မှာ မျက်နှာမှောက်အပ်ကာ ခေါင်းအုံးနှင့်

နားတွေကို ဖိပိတ်ထားလိုက်သည်။ ခုတင်ပေါ်တွင် အိခနဲဖြစ်သွားမှုနှင့်အတူ ကူး ကိုကို့လက်ထဲပါသွားသည်။

ကိုကို့ရဲ့အကြည့်တွေကို ရင်မဆိုင်ရဲစွာ ကူး မျက်လုံးကို မှိတ်ထားသည်။

"ကိုကို့ကြောင့် ကူး အခုလိုဖြစ်တာ ကိုကိုက ကူးအတွက် အဲဒီလောက်ထိ ကြောက်စရာကောင်းနေပြီလား ကူးရယ်။ ကိုကိုက လည်း ကူးကိုချစ်တယ်၊ ကူးကလည်းကိုကို့ကိုချစ်တယ်။ အဲဒါကို ဘာလို့ အားလုံးသောကရောက်စေချင်ရတာလဲ ကူး"

"ကူးက သတ္တိကြောင်ပါတယ်ကိုကို။ ပြဿနာတစ်ခုကို ရင်ဆိုင်ဖို့ ကူးမှာ သတ္တိမရှိပါဘူး။ နောက် အချစ်ရှိရုံနဲ့မပြီးဘူး။ ဘာလို့လဲဆိုတော့ ကိုကိုက ကူးကိုအထင်မကြီးဘူး။ နောက် ကူးလုပ်သမျှ အရာတွေက ကိုကို အထင်မကြီးချင်စရာတွေပဲ"

ကူး ကိုကိုနှင့်မျက်နှာချင်းဆိုင်၍ ပြောလိုက်သည်။ ကိုကို့ မျက်လုံးထဲတွင် ကြေကွဲရိပ်အထင်းသားနှင့် –

"ကိုကိုက ကူးကို အထင်မကြီးဘူး ဟုတ်လား။ ဘာလို့ အဲဒီလို တွေးရတာလဲ။ ဘာလို့လဲ။ အဲဒီအချက်ကလေးနဲ့ မင်္ဂလာပွဲ တစ်ခုလုံးကို ငြင်းတယ် ဟုတ်လား။ မိုက်လိုက်တာ အားလုံးက ချစ်လို့ အလိုလိုက်တာ၊ ဘာသောကမှ မပေးရက်တာ အဲဒါ ကူးကို အထင်မကြီးလို့ မဟုတ်ဘူး ချစ်လို့"

ကူးရဲ့မျက်ရည်တွေကို သုတ်ပေးဖို့ပြင်နေသော ကိုကို့ရဲ့





လက်တွေကို တွန်းဖယ်လိုက်ကာ . . .

"ကူးကိုမချစ်ပါနဲ့ ကိုကို၊ ကိုကို မသန္တာကိုပဲ လက်ထပ်လိုက်ပါ"

"ကူး"

ကိုကို့ရဲ့အော်သံကို ကူး အံကြိတ်နားထောင်လိုက်သည်။

"ဆောရီး ကူးရယ် . . . ကိုကို ဘယ်လိုသက်သေပြမှ ကိုကို့ အချစ်တွေကို ယုံမှာလဲ။ ချစ်ခြင်းတရားဆိုတာ ဟိုပြောင်း ဒီရွှေ့မှ မရတာ။ ရခဲ့ရင်လည်း ကူးကလွဲရင် ကိုကို ဘယ်သူ့ကိုမှ မချစ်ဘူး။ ကူးမကြိုက်တဲ့အမူအကျင့်တွေ ကိုကိုပြင်မယ်။ အခုကြည့်စမ်း ကူးရဲ့ ဆုံးဖြတ်ချက်ကြောင့် ကူးကော ကိုကိုပါ သောကဖြစ်ရတယ်။ ကူး ဆိုရင်လည်း လူတောင် ယှဲ့ယှဲ့လေးပဲရှိတော့တယ်။ အဲဒါ ဘာလို့ အတင်းငြင်းနေရတာလဲ"

ကိုကိုက ကူးကို ကလေးတစ်ယောက်လို ချော့မော့ပြောနေသည်။

ယေရွှယ်သူတစ်ယောက်ရဲ့ရင်မှာ ပထမဆုံးတွေ့ကြုံရသော အချစ်သည် ပွေလီလှချည်လား။ ကူးက စိတ်ကူးတွေလျှောက်ကွန့်ပြီး ပေါင်းဖက်ဖို့အရေး နှောင့်နှေးအောင်လုပ်နေသူလို ဖြစ်နေပြီလား။

"ကူး"

"ကိုကို"

ကူး ကိုကို့ရဲ့ရင်ခွင်ထဲ တိုးဝင်ကာ ငိုရှိုက်လိုက်မိသည်။

ကိုကိုကျောပြင်ကို တင်းတင်းဖက်မိသလို ကိုကိုကလည်း အငိုတိတ်စေရန် ကူးရဲ့ကျောပြင်ကို အသာပွတ်ကာ –

“တော်ပြီ ကူးရယ် ... ကူး အရမ်းပင်ပန်းနေပြီ”

“ဟော့ ... သင့်မြတ်သွားကြပြီလား။ ဒါဆိုလည်း မင်္ဂလာပွဲအတွက် ခပ်မြန်မြန်စီစဉ်လိုက်မယ်။ နောက်ထပ် အရှုးမလေး စိတ်မပြောင်းခင်”

အသံသုံးသံကို တစ်ပြိုင်နက်တည်း ကြားလိုက်သောအခါ ကူး ရှက်လွန်းလှသည်။

“ကိုကိုက ဒေါသသံနည်းနည်းလေးပြောရင်တောင် မခံစားနိုင်တဲ့လူက ကူးပါ ကိုကိုရယ်။ ကူးကို မဆူငေါက်ပါနဲ့နော်။ ကူး အားကိုးတွယ်တာတဲ့သူက ကူးကို ဆူငေါက်နေရင် ကူး ဘယ်လိုနေရမလဲ”

“စိတ်ချပါ ကူးရယ်”

“ကူးလေ ကိုကို့ကို ဘယ်ချိန်ကတည်းက အရမ်းချစ်မိသွားလဲ မသိဘူး”

ကူးရဲ့စကားကို သူ များစွာကျေနပ်သွားမိပါတော့သည်။

**လှိုင်းကြာဖြူ (လားရှိုး)**



၂၀၁၅ အောက်တိုဘာလတွင်
ထုတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**
အမုန်း၏ နံရံတစ်ဖက်အခြား

**ကြယ်စင်မှူးဝေ**
တိမ်လွှာထက်က အချစ်နတ်သမီး

**မယ်ခိုင်**
မျက်ကွယ်ရာ

**မိုးစက်ပွင့်**
အချစ်ဟောင်းရဲ့ ရင်ခွင်သစ်

**အလင်းသစ်**
မမေ့နိုင်တဲ့ မိုးရာသီ

**လှိုင်းကြာဖြူ (လားရှိုး)**
ချစ်ခြင်းရဲ့ ကွေ့ကောက်မျဉ်း